www.burmeseclassic.com

ပခုက္ကူဦးအုံးဖေစာပေဆုရ

# သက်တံရောင်ဝေ၍ မြူပြင်နမ်းတဲ့ တောင်တန်းမြင့် နတ်ပန်းချီ

ကိုနိုင်း (ချင်းတောင်)



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



၂၀၀၉ ခုနှစ် ပခုက္ကူဦးအုံးဖေစာပေဆု
ဝတ္ထုရှည် ဒုတိယဆုရ

## သက်တံရောင်စဉ် မြေပြင်နမ်းတဲ့ တောင်တန်းဖြင့် နတ်ပန်းချီ

ရေးသူ - ကိုနိုင်း (ချင်းတောင်)

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် လုလောင်းပန်ရွာ၌ ၁၉၅၁ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် မွေးဖွားသည်။ မင်္ဂလာဒုံ တစစ်ဌာနမှ အခြေခံပညာအထက်တန်း (ဝိဇ္ဇာတွဲ) အောင်မြင်ပြီး ရန်ကုန်၊ မန္တလေး စာပေးစာယူ တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ (မြန်မာစာ) ရရှိသည်။

၁၉၇၃ ခုနှစ်တွင် ကန်ပက်လက်မြို့နယ် လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မတီရုံးတွင် စာရေး၊ ပြည်သူ့ကောင်စီကာလ၌ ဒုတိယဦးစီးမှူး၊ ပြည်ထဲရေးဝန်ကြီးဌာနတွင် ဦးစီးအရာရှိ၊ မြို့နယ်ဥက္ကဋ္ဌ တာဝန်များ ထမ်းဆောင်ခဲ့သည်။

၁၉၇၆ ခုနှစ် ဒီဇင်ဘာလထုတ် လုပ်သားဂျာနယ်ပါ "အရပ်ပန်းတစ်ပွင့်" ဝတ္ထုတိုဖြင့် စာပေနယ်သို့ စတင်ရောက်ရှိသည်။ ၂၀၀၆ ခုနှစ် မြဝတီမဂ္ဂဇင်း အကောင်းဆုံးဝတ္ထုတိုဆု၊ ၂၀၀၇ ခုနှစ် ငွေတာရီမဂ္ဂဇင်း အကောင်းဆုံး ဝတ္ထုရှည်ဆုနှင့် ၂၀၀၈ ခုနှစ် ငွေတာရီမဂ္ဂဇင်း အကောင်းဆုံးဝတ္ထုတိုဆုများ ရရှိခဲ့သည်။

ယခုအခါ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန၌ ဦးစီးအရာရှိ တာဝန် ထမ်းဆောင်လျက်ရှိသည်။

အမည်ရင်းမှာ ဦးနိုင်းဘူ ဖြစ်သည်။

နေရပ်လိပ်စာ - အမှတ် (၄)၊ ဝင်္ကပါလမ်း၊ စာပေစိစစ်နှင့်
မှတ်ပုံတင်ဌာနဝင်း (ဝန်ထမ်းအိမ်ရာ)၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

၂၀၀၉ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၁၅၀၀

တန်ဖိုး ( ၅၀၀ ) ကျပ်

ပုံနှိပ်ရေးနှင့်စာအုပ် ထုတ်ဝေရေးလုပ်ငန်း
စာပေစိစစ်ရေးနှင့်မှတ်ပုံတင်ရေးဌာန
မှတ်ပုံတင်အမှတ် ၀၇၄၉၂ ဖြင့် ရိုက်နှိပ်၍
မှတ်ပုံတင်အမှတ် ၀ ၃၉၁၁ ဖြင့် ထုတ်ဝေသည်။

## ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ··· ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး ··· ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ··· ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | အခန်း (၁) | ... | ၁ |
| ၂။ | အခန်း (၂) | ... | ၁၃ |
| ၃။ | အခန်း (၃) | ... | ၂၃ |
| ၄။ | အခန်း (၄) | ... | ၃၃ |
| ၅။ | အခန်း (၅) | ... | ၄၃ |
| ၆။ | အခန်း (၆) | ... | ၅၁ |
| ၇။ | အခန်း (၇) | ... | ၆၁ |
| ၈။ | အခန်း (၈) | ... | ၇၁ |
| ၉။ | အခန်း (၉) | ... | ၈၃ |
| ၁၀။ | အခန်း (၁၀) | ... | ၉၃ |
| ၁၁။ | အခန်း (၁၁) | ... | ၁၀၁ |
| ၁၂။ | အခန်း (၁၂) | ... | ၁၁၁ |
| ၁၃။ | အခန်း (၁၃) | ... | ၁၂၁ |
| ၁၄။ | အခန်း (၁၄) | ... | ၁၃၃ |
| ၁၅။ | အခန်း (၁၅) | ... | ၁၄၃ |
| ၁၆။ | အခန်း (၁၆) | ... | ၁၅၃ |


www.burmeseclassic.com

www.burmeseclassic.com


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၇။ | အခန်း(၁၇) | ... | ၁၆၅ |
| ၁၈။ | အခန်း(၁၈) | ... | ၁၇၇ |
| ၁၉။ | အခန်း(၁၉) | ... | ၁၈၉ |
| ၂၀။ | အခန်း(၂၀) | ... | ၁၉၉ |
| ၂၁။ | အခန်း(၂၁) | ... | ၂၀၇ |
| ၂၂။ | အခန်း(၂၂) | ... | ၂၂၁ |


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

'ကိုချစ်အောင်ကြီးရေ ဟန်ကျတာပဲဗျို့၊ ကျွန်တော် ခင်ဗျားနဲ့ အတွဲကျလာတယ်၊ ကျွန်တော်တို့သွားဖို့ တာဝန်ကျတဲ့ရွာက 'လအိပ်တောင်' ရွာတဲ့ဗျ'။

အစည်းအဝေးခန်းမမှ ထွက်လာသည့် ဆရာကိုသက်မင်းက အားပါးတရ လှမ်းအော်သည်။ ကျွန်တော်၏ ချင်းတိုင်းရင်းသား နာမည် အသံထွက်စစ်စစ်က 'ကိုချစ်အောင်' ဟု ပီပီသသကြီး မထွက်ပါ။ မြန်မာစာဖြင့်ရေးလျှင် ထိုစာလုံးပေါင်းဖြင့် ရေးရန်မှ တစ်ပါး အခြားစာလုံးမရှိပါ။ ဗမာနာမည်သံ ထွက်နေသော်လည်း ချင်းတိုင်းရင်းသား နာမည်အစစ်ဖြစ်ကြောင်း ဆိုလိုရင်းဖြစ်၏။ ကျွန်တော်တို့နှစ်ယောက် သွားရောက် တာဝန်ထမ်းဆောင်ရမည့် လအိပ်တောင်ရွာသည် မြို့နှင့်အဝေးဆုံး မဟုတ်သော်လည်း ခရီး အကြမ်းဆုံး တောင်နံရံ ဖက်တက်ရမည့် လမ်းဖြစ်သည်။

'လအိပ်တောင်ရွာက ကျွန်တော့်ဇာတိ တောင်အောက်ရွာနဲ့ တောင်ပေါ် တောင်အောက်ပေမယ့် သိပ်အထိအတွေ့ မရှိကြဘူးဗျ။ တကယ့် တောင်ထိပ်ချွန်ပေါ်က ရွာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားတို့ချင်း ချင်းစကားချင်းတော့ တူကြတယ် မဟုတ်လား'

ချင်းတိုင်းရင်းသားတို့သည် တောင်တစ်လုံးခြားလျှင် စကားတစ်မျိုး၊ ရေချောင်းတစ်ချောင်းခြားလျှင် ယဉ်ကျေးမှုတစ်ဖုံ ဖြစ်ကြ၏။ ရန်ကုန်သား ကိုသက်မင်းက ကောင်းစွာနားလည်သည်။ သူကား ဤဒေသနှင့် အံဝင်ခွင်ကျနေခဲ့ပြီ။

'စကားအနည်းအကျဉ်းပဲ ကွဲကြပါတယ်။ နားမလည်ရလောက်အောင် မကွဲပြားကြပါဘူး၊ ဒီနယ်သားတွေက ယောဇမာ စကား လူတိုင်းကျွမ်းကျင်တဲ့အတွက် ဆက်သွယ်ရေး အခက်အခဲ မရှိဘူး၊ ကျွန်တော့်ဇာတိ တောင်ဇအောက်ရွာက လအိပ်တောင်ကနေ ထွက်လာတဲ့ ရေချောင်းဘေးမှာရှိလို့ တောင်အောက်ရွာ ခေါ်ကြတာ၊ လအိပ်တောင်ရွာကလည်း လအိပ်တောင်ရဲ့ ထိပ်တည့်တည့်မှာ ရှိလို့ တောင်နာမည်စွဲပြီး ခေါ်ကြတာ၊ ချင်းစကားကို မြန်မာပြန် ရုံးမှတ်တမ်းတင်ရာကနေ အတည်ဖြစ်သွားတာပေါ့'

'လက ဘယ်လိုအိပ်ပါသလဲဗျာ'

'ဒီလိုဗျ၊ ဒီနေရာတစ်ဝိုက်မှာ လအိပ်တောင်ကအမြင့်ဆုံး တောင်ချွန်ကြီးဗျ၊ လသာညတွေမှာ လကသူ့ထက်မြင့်တဲ့ နေရာ သွားဖို့ မရှိတော့ဘူး၊ ဒီတောင်ထိပ်ပေါ်မှာပဲ ဘယ်မှမရွေ့ဘဲ ခိုဝပ်နေတယ်ထင်ရတယ်၊ အဲဒါကိုပဲ **လအိပ်တယ်** ပြောကြတာပါ၊ အဝေးက ကြည့်ရင် လကအဲဒီမှာပဲ ခရီးဆုံးညအိပ်ပြီလို့ ထင်ရမြင်ရတာပေါ့ဗျာ။'

'ဟုတ်မယ်ဗျ၊ တောင်ထိပ်ရွာတွေသွားရင် ဒါမျိုးမြင်ဖူးတယ်။ လအိပ်တောင်ရွာဆိုတာ နတ်မတောင်ထိပ်တစ်ဖက်ခြမ်းက အတက်တစ်လှမ်း မလှမ်းတတ်ရင် ဆယ်လှမ်းနောက်ပြန်လျှော တတ်တယ်ဆိုတဲ့ နာမည်ကြီးလမ်းပေါ့ ဟုတ်လား'

'ဟုတ်ပါ့ဗျာ လအိပ်တောင်ရွာက ရာဇဝင်နဲ့ဗျ၊ လွတ်လပ်ရေး ရသည်အထိ အင်္ဂလိပ်ကို တော်လှန်တိုက်ခိုက်နေတုန်း အင်္ဂလိပ် စစ်ပုလိပ်မြင်ရင် ပစ်ပြေးရှောင်ပုန်းလုပ်နေတာပေါ့။ တောင်မတ်တတ် တက်ရတဲ့လမ်းဆိုတော့ ကျောက်တုံးလှိမ့်ချတဲ့ အန္တရာယ်နဲ့တင် လိုက်ရတာ တယ်မလွယ်လှဘူးတဲ့၊ လအိပ်တောင်ရွာသူတွေက အချောအလှမှာလည်း တကယ့်နာမည်ကြီးတွေပဲတဲ့၊ ဒီလို အဆို စကားတောင်ရှိတယ်'။

**'အပျိုချောကို ထွေးဖက်လို၊ လအိပ်တောင်ကိုတက်။**
**လအိပ်တောင်အတက်လမ်း၊ အလှမ်းမတတ်၊ ဒူးခေါင်း**
**မြတ်' တဲ့။**

အဆိုစကားပေါ်လာပုံကို ဆက်ရှင်းပြလိုက်၏။

'လအိပ်တောင်ရွာသူတွေ ချောလွန်းလို့လှလွန်းလို့ မြင်ချင် ရောက်ချင်ဇောနဲ့ ကမူးရှူးထိုး၊ ဟိုတိုးဒီတိုး တောင်ချွန်ရိုးအတက်လမ်း မလှမ်းတတ်ရင် နောက်ပြန်လျှော၊ မှောက်ခုံလဲ၊ ဒူးခေါင်းစုတ်ပြ တတ်တယ်ဆိုတဲ့သဘော။ ပြီးတော့ လအိပ်တောင်ရွာကိုဖွဲ့တဲ့ နာမည်ကြီး ချင်းရိုးရာသီချင်းလည်း ရှိတယ်ဗျ'။

'ဒါနဲ့ ကိုချစ်ရဲ့ အမျိုးရွာဆို'

'ဒီလိုဗျ ကျွန်တော့်မျိုးနွယ်အစ်ကို တောင်အောက်ရွာသား ကိုကြီးကီးအောင်ဆိုတာ ရှိတယ်။ ကျွန်တော် မူလတန်းကျောင်းသားပဲ

www.burmeseclassic.com

www.burmeseclassic.com



ရှိသေးတယ်၊ အဲဒီတုန်းက ဒီနယ်မှာ **တေးစေတမန်ယဉ်ကျေးမှု** သိပ်ထွန်းကားတာ၊ အခုလည်း တောကျေးလက်တွေမှာ ခေတ်စား တုန်းပါပဲ၊ ကျွန်တော့်အစ်ကိုဝမ်းကွဲ ကိုကြီးကီးအောင်က **တေးစေတမန်တော်အမှုထမ်းရင်း** လအိပ်ဇတောင်ရွာသူနဲ့ရပြီး အဲဒီရွာ ပြောင်းနေတယ်။ အဲဒီနောက်ပိုင်း ကျွန်တော်တို့နဲ့ ဆွေမျိုးရွာ ဖြစ်သွားတယ်'။

ချင်းတိုင်းရင်းသားတို့သည် မျိုးနွယ်စုအလိုက် စုစည်းနေထိုင်ကြသည်။ အသက်အရွယ်နှင့်မဆိုင် မျိုးနွယ်စုဝါစဉ်တူလျှင် ညီအစ်ကို ဖြစ်ကြ၏။ အစ်ကိုအရင်းအဖျား ဝမ်းကွဲဟူ၍ သဘောမထားကြချေ။ ကြီးသူဆိုဆုံးမမှုကို ငယ်သူတို့ နာခံရသည်။ ကိုကြီးကီးအောင်မှာ ကျွန်တော့်ဖခင်နှင့် အသက်မကွာလှ။ မျိုးနွယ်စုဝါစဉ်အရ ညီအစ်ကိုရင်းပင် ဖြစ်ကြ၏။ မျိုးနွယ်စုဝါစဉ်ကို ချင်းစကားဖြင့် '**ဆွန်**' ဟုခေါ်ကြောင်း ရှင်းပြရ၏။

'ကိုသက် သဘောပေါက်အောင် နမူနာပြောပြမယ်။ ဒီရုံးကရုံးအကူ ဦးမောင်လှဟာ ကျွန်တော်နဲ့ တစ်မျိုးတစ်နွယ်တည်း၊ ချင်းစကားနဲ့သူ ကျွန်တော့်ကိုခေါ်တာ 'အဘိုးလေး' တဲ့၊ မျိုးနွယ်စုဝါစဉ်တန်းညှိချက်အရ သူ့အဘိုးနဲ့မှ ကျွန်တော်က ဝါစဉ်လာညီတယ်၊ သူ့အသက်က ကျွန်တော့်အဖေနဲ့မှ အရွယ်တူ၊ ကိုသက် သဘောပေါက်တယ်နော်'

'သဘောပေါက်ပါပြီ၊ ခုနက ကိုချစ်ပြောတဲ့ တေးစေတမန်တော် အမှုထမ်းဆိုတာ ဘယ်လိုအမှုထမ်းမျိုးပါလဲဗျာ'



ချင်းတိုင်းရင်းသားတို့၏ တေးစေတမန်ယဉ်ကျေးမှုကို ရှင်းပြလိုက်၏။ ဤနတ်မတောင်နတ်ဒေသတွင် ငယ်ရွယ်သူချစ်ခင်ရည်ငံလို သူများသည် မေတ္တာဘွဲ့ကို ဖွဲ့နွဲ့သီဆို၍ လူကြုံပါးလေ့ရှိကြ၏။ ကိုယ်တိုင်ကောင်းစွာတတ်ကျွမ်း သီဆိုပါးလိုက်သူလည်းရှိ၏။ ကြားလူငှား၍ ကိုယ်စားတီထွင်သီဆိုပေးရန် စေလွှတ်ရသည်လည်းရှိ၏။ မောင်မယ်နှစ်ဦးအကြား အပြန်ပြန်အလှန်လှန် သီချင်းသီဆို ပို့ဆောင်ပေးသူကို တေးစေတမန်ဟု ခေါ်ကြ၏ တေးသီချင်းအောင်သွယ် ယဉ်ကျေးမှုဖြစ်သည်။ တေးစေတမန် အောင်သွယ်များသည် ရိုးရာတေးသီချင်းသီဆိုမှု၌ ကျွမ်းကျင်လိမ္မာကြသည်။ တီထွင်ဖွဲ့နွဲ့မှု ကောင်းလျှင် အောင်မြင်ပေါက်ရောက်မှုများသည်။

'ဆက်ရရင် ကျွန်တော့်အစ်ကိုဝမ်းကွဲ ကိုကြီးကီးအောင်ဆိုကော ချင်းရိုးရာ တေးသီချင်းသီဆိုရာမှာ ပြိုင်စံရှားကျွမ်းတယ်ဗျ။ သူ့သူငယ်ချင်း ကိုယောင်ထန်းနဲ့ လအိပ်တောင်ရွာသူ မရှင်းလိန်းတို့ကြားမှာ ပါးလက်ဆောင်သီချင်းတွေ အပြန်အလှန် ပို့ဆောင်ပေးတဲ့ တေးစေတမန်အောင်သွယ်တော်ပေါ့။ မရှင်းလိန်းဆီကို ကိုယောင်ထန်းရဲ့ ပါးလက်ဆောင်သီချင်းတွေ သွားဆိုပြရင်းနဲ့ ညားကြလေသတည်းပဲ။ သူ မရှင်းလိန်းကို သွားဆိုပြတဲ့သီချင်းက အခုခေတ်လူငယ်တွေ စံပြုရတဲ့ မေတ္တာဘွဲ့ တေးသီချင်းအဖြစ် လူတိုင်းပါးစပ်ဖျားမှာ ဆိုကြတုန်း၊ ခင်ဗျားသိတဲ့အတိုင်း ချင်းတွေက ကိုယ်ပိုင်စာပေမရှိခဲ့တော့ အတ္တနောမတိတခ်ဏုပ္ပတ္တိဉာဏ်နဲ့ တီထွင်သီဆိုရတာမျိုးဗျ'။

www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်လောက်တယ် ကိုချစ်၊ ဒါမျိုးက မြန်မာစာကဗျာ နယ်ပယ်မှာလည်း အမျှော်စိုက် မယ်ဘွဲ့မောင်ဘွဲ့ စသဖြင့် တွေ့ရတာပဲ၊ စံထားရလောက်အောင်ကောင်းတဲ့ ခင်ဗျားအစ်ကိုရဲ့ မေတ္တာဘွဲ့ သီချင်းကို ခင်ဗျား မြန်မာဘာသာပြန်မထားဘူးလား'

'ကျွန်တော်က ဒီနယ်မြေ ဒီဇာတိလေ၊ မြန်မာစကားတောင် အနိုင်နိုင်ပြောနေရတာ၊ တေးကဗျာလင်္ကာသီချင်းက ပိုပြီးဝေးပြီပေါ့ဗျာ၊ ဒါပေမဲ့ အဲဒီသီချင်းကို ကဗျာဟန်နဲ့မြန်မာလို ပြန်တော့ ပြန်ထားတယ်။ ကျွန်တော်က ကဗျာမရေးတတ်တော့ ပီပီပြင်ပြင်တော့ ဘယ်ဟုတ်နိုင်မလဲ။ အဓိပ္ပာယ်ပေါ်ရုံလောက်တော့ ရှိမလားပဲ'

'လုပ်စမ်းပါဦး ကျွန်တော်က ကဗျာသမားဆိုတော့ ဝါသနာပါတယ်။ ခင်ဗျားဘာသာပြန်လေး နားထောင်ကြည့်ရအောင်'

'ချင်းသီချင်း ဘာသာပြန်ကဗျာကို မရွတ်ပြမီ ဒေသနောက်ခံနဲ့ ဇာတ်လမ်းလေး ပြောပြမှသဘောပေါက်မယ်ဗျ'

ဒေသနောက်ခံကို အကျဉ်းချုပ်ရှင်းပြလိုက်၏။ နယ်ချဲ့လက်အောက်သို့ မြန်မာတစ်ပြည်လုံး ကျရောက်သွားပြီးနောက် ဤဒေသကို **ပခုက္ကူ - ချင်းတောင်တန်းခရိုင်** အဖြစ် အင်္ဂလိပ်က အုပ်ချုပ်သည်။ ၁၈၉၆ ခုနှစ်၊ ချင်းတောင်တန်းများ ဥပဒေပြဋ္ဌာန်းသည်။ ယင်းဥပဒေပုဒ်မ (၁၄) **အရ၊ တောင်တန်းနှင့် ပြည်မမကူးသန်းရ** (ချင်း - ဗမာမတွေ့ရ) တားမြစ်သည်။ အင်္ဂလိပ် ၁၈၉၉ ခုနှစ်၌ ကန်ပက်လက်မြို့ကို အပြီးတည်ဆောက်ပြီး အရေးပိုင်ရုံးစိုက်



အုပ်ချုပ်သည်။ အင်္ဂလိပ်၏ ချင်း - ဗမာ သွေးခွဲရေး ချင်းတောင် ဥပဒေကို ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်သည့် နယ်ချဲ့အင်္ဂလိပ် ဆန့်ကျင်ရေး ဆန္ဒပြပွဲကြီးများ ပြင်းထန်စွာ ဖြစ်ပွားသည်။ ကန်ပက်လက်မြို့သည် ချင်းတိုင်းရင်းသားတို့၏ လွတ်လပ်ရေး တိုက်ပွဲဝင်ရာ ဘူမိနက်သန်မြေအမှန်ဖြစ်သည်။ လွတ်လပ်ရေး တိုက်ပွဲအတွက် အကြံဉာဏ်များရယူရန် ပခုက္ကူမြို့နေ နိုင်ငံရေး သမားကြီး သခင်အုံးကြီးထံ သွားရောက်သူများကို ယင်းဥပဒေပုဒ်မ (၁၄) ဖြင့် အင်္ဂလိပ်က ထောင်သွင်းအကျဉ်းချသည်။ အင်္ဂလိပ်က ချင်း - ဗမာ မည်မျှပင် သွေးခွဲခဲ့သော်လည်း သွေးမကွဲခဲ့။ အင်္ဂလိပ်၏ အရေးပိုင်ရုံးစိုက်ရာ ကန်ပက်လက်မြို့သည် ချင်း - ဗမာ ပူးပေါင်း တိုက်ပွဲဝင်ရာ မြေအောက်စခန်းကြီးသာ ဖြစ်ခဲ့သည်။

လွတ်လပ်ရေးရပြီး (၁၀) နှစ်နီးပါးအထိ ကန်ပက်လက်မြို့၌ပင် ခရိုင်ဝန်ရုံးစိုက်သည်။ ထို (၁၀) နီးပါးကာလအကြား နိုင်ငံရေးပါတီများ၏ အကွဲအပြဲသည် ချင်းတောင်တန်းကို ပြင်းထန်စွာ ရိုက်ခတ်ခဲ့လေသည်။ ကန်ပက်လက်ခရိုင်ဝန်ရုံးကို မင်းတပ်မြို့သို့ ပြောင်းရွှေ့သည်။ ကန်ပက်လက်မြို့သည် မြို့ပျက်ဘဝသို့ လုံးလုံးကျရောက်သွားခဲ့၏။ လူသူမရှိ၊ အိုးအိမ်များ၊ တောကြီးဖုံးလွှမ်း ယိုယွင်းပျက်စီးကာ ရိုးမကျားကြီးများ၏ သားမွေးဖွားရာ ရိပ်မြုံဂေဟာ ဖြစ်ခဲ့၏။ ထိုသို့မြို့ပျက်ဘဝ ကျရောက်ဆဲကာလ တော်လှန်ရေးကောင်စီအစိုးရက နိုင်ငံတော်ကို ပြန်လည်တည့်မတ်

www.burmeseclassic.com

www.burmeseclassic.com

ထိန်းကျောင်းခဲ့ရ၏။ ကန်ပက်လက်မြို့ကို မြို့အဖြစ် ပြန်လည်သတ်မှတ်သည်။ ရုံး၊ ဌာနများ ပြန်လည်တည်ဆောက်သည်။ တည်ဆောက်ရေးလုပ်ငန်းခွင်၌ တောင်အောက်ရွာသား ကိုကြီးကီးအောင်နှင့် သူငယ်ချင်း ကိုယောင်ထန်း၊ လအိပ်တောင်ရွာသူ မရှင်းလိန်းတို့ ဆုံတွေ့ကျွမ်းဝင် ခင်မင်ကြ၏။ ကိုယောင်ထန်းက မရှင်းလိန်းကို ပိုးပန်းသည်။ နတ်မတောင် ဒေသမလေ့အတိုင်း ထိုနှစ်ယောက်ကြား၌ ကိုကြီး ကီးအောင်က ပါးလက်ဆောင်သီချင်း ပို့ဆောင်ပေးရသည့် တေးစေတမန်တော် အမှုထမ်းသည်။ လအိပ်တောင်ရွာသူတို့သည် ထိန်လင်းသည့် လရောင်အောက်၌ ခေါင်းချက်ကြစမြဲ။ လအိပ်တောင်ရွာကို လသာသောညများတွင် တောင်အောက်ရွာမှ သေချာထင်ရှား မြင်ရလေ့ရှိ၏။ အလွယ်တကူသွားရောက်နိုင်သည်တော့ မဟုတ်ချေ။ လသာညများတွင် ကိုယောင်ထန်းက မရှင်းလိန်းထံ ငှက်အသွင် ပျံခဲ့ချင်သော်လည်း တောင်မြင့်ကာဆီး ခရီးဝေး၌ တောင်ပံမရှိ လွမ်းမခိုကြောင်း ဖွဲ့နွဲ့သီဆိုလူကြုံပါး လိုက်ခြင်း ဖြစ်၏။

'သီချင်းနာမည်က လအိပ်တောင်ပါပဲ၊ ကိုယောင်ထန်းပါးလိုက်တဲ့ သီချင်းအဖြစ် ကိုကြီးကီးအောင်က ဖွဲ့နွဲ့သီဆိုပေးထားတာပါ၊ တကယ်တော့ ချစ်မေတ္တာဘွဲ့ပါ၊ သီချင်းဖြစ်နေလို့ ကဗျာဟန်နဲ့ ကျွန်တော် မြန်မာပြန်ထားတာ ရွတ်ပြမယ်။'



'လအိပ်တောင်'

နှမမေခင် ခေါင်းချိုချက်ပါတဲ့
ညနေဝင် တောင်ညိုထက်မှာတော့
အရောင်ပိုလက်ပါတဲ့ လအိပ်တောင်။ ။
ငွေလရောင် တောင်စဉ်နမ်းလေတော့
တောင်တန်းခွင် ငွေမင်အဟပ်မှာလ
ငှက်အသွင် တောင်ပံခတ်ပါလို့
မြတောင်ယံ ကျော်ပျံဖြတ်ချင်ခဲ့
မတတ်သာ တောင်ပံမဲ့သူမို့
ချည့်နဲ့ပူလောင်။ ။
ညမှောင်လျှင် တောင်ယာဘေးမှာလ
လရောင်ရှင် ရောင်ဝါဝေးပါလို့
မြတောင်စဉ် မှောင်ကာအေးလျှင်ဖြင့်
မေလေးခင် ရွှေရင်နွေးရအောင်
လေအေးလျှင် တူယှဉ်ထွေးချင်ခဲ့
အနေဝေးသူမို့ ကျွမ်းလုယောင်
လွမ်းသူ့မှောင်မတော့ ဆွေးစိတ်ကဲ။ ။
တောင်ထိပ်ကို တိမ်ညိုဖုံးလေပေါ့
တောင်းကုန်းတွေ မြူခြေဆိုင်းခါမှ
အုံ့မှိုင်းရီ ရာသီပြောင်းလျှင်ဖြင့်
တောင်စောင်းဆီ နေခြည်ထွေးပြီမို့

www.burmeseclassic.com

www.burmeseclassic.com



မေလေးထံ ရင်လွှာတေးကိုလ
သိကြွေးကာ တဖန်ပါးချင်ရဲ့
နားဆင်ဖို့ပဲ။ ။

'အဲဒါ မြန်မာကဗျာဟန်နဲ့ ဘာသာပြန်ထားတာပါ။ မူရင်းချင်းသံထွက်သီချင်းက အတော်လှတယ်ဗျ၊ မေတ္တာရေးကို နေခြည်နွေးနဲ့ နှိုင်းနှိုင်းထားတာပါ၊ နှလုံးသားအရေး နေခြည်နွေးထွေးဆက်ဆံရေးတည်ဆောက်ကြစို့ဆိုတဲ့ သဘောပေါ့ဗျာ'

'ဟုတ်လောက်တယ် ကိုချစ်၊ အဲဒါယောကျ်ားလေးက မိန်းကလေးကို ပါးလိုက်တဲ့သီချင်းပေါ့နော်၊ မိန်းကလေးက ယောကျ်ားလေးကို ပြန်ပါးလိုက်တဲ့သီချင်းလည်း ရှိမှာပေါ့၊ အဲဒါမျိုး ဘာသာပြန်ထားတာကော မရှိဘူးလား'

လအိပ်တောင်ရွာသူတွေက အချောအလှမှာသာ နာမည်ကြီးတာမဟုတ်ဘူး၊ သီချင်းသီဆို ကျွမ်းကျင်မှုမှာလည်း ထိပ်တန်းကဗျ၊ လအိပ်တောင်ရွာသူ မရှင်းလိန်းက တောင်အောက်ရွာသားကိုယောင်ထန်းကို ပြန်ပါးလိုက်တဲ့သီချင်းတွေထဲက ယဉ်ယဉ်ကျေးကျေးနဲ့ ငြင်းပယ်လိုက်တဲ့ သီချင်းပိုဒ်ကလေး ကျွန်တော်ဘာသာပြန်ထားတယ်။ နားထောင်လိုက်ပါဦး။

လအိပ်တောင် နေခြည်ဝေးလျှင်ဖြင့်
ညအိပ်ဆောင် လေပြည်သွေးပါလို့



တုန်အေးကာ မေခင်လေးမှာတော့
ခြုံထွေးကာ တူယှဉ်နွေးချင်ခဲ့
ဆုံရေးသာ မျှော်ကာ တရှာရ
သော်တာလရယ်က မေ့ကိုလှောင်
တွေ့နိုင်အောင်လို့ ကြံဆောင်ဆဲ။ ။
တွေ့မြင်ချင် ပျိုခင်လေးမှာဖြင့်
နေ့စဉ်ပင် လိုအင်တွေးပါရ
မေ့ပင်ဝင် ငြိုငြင်မပြေးပါနဲ့
မေ့ရင်ခွင် ခိုဝင်နွေးစေဖို့
တွေ့မြင်လျှင် ချိုလွင်အေးစွာနဲ့
မေလေးပျို သံချိုပေးပါလို့
ချစ်တေးဆို နှစ်ကိုယ်ကြားချင်ရဲ့
အားချိန်ကနဲ့ (နည်း)။ ။

'ဒါလည်း စကားလုံးနီးစပ်ရာယူပြီး ကဗျာဟန်နဲ့ မြန်မာပြန်ထားတာ၊ ချင်းစကားမူရင်း မလွတ်ရုံဆိုပါတော့'

'ပါးပါးနပ်နပ် ငြင်းပယ်လိုက်တဲ့သီချင်း ဆိုတဲ့အတိုင်း ငြင်းပယ်ပုံက တကယ့်ပါးပါးလေးပဲ၊ အခု ကျွန်တော်တို့ လအိပ်တောင်ရွာရောက်ရင် သူတို့နဲ့တွေ့ရမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'သူတို့တွေကတော့ အိုကုန်ပြီဆရာ၊ သူတို့ရဲ့အနွယ်အဆက် နွယ်တူတွေနဲ့တော့ သေချာတွေ့ရမယ်၊ ကျွန်တော်လည်း ဒီရွာမှာ အသိအကျွမ်း သိပ်မရှိဘူးဗျ၊ ကိုကြီးကီးအောင်ရယ်၊ ရွာလူကြီး လည်းဖြစ်၊ မျိုးနွယ်စုအကြီးအကဲလည်းဖြစ်တဲ့ ဘကြီးဦးအောင်လောရယ် ဒါပဲရှိပါတယ်၊ ဒီနတ်မတောင်နယ်မှာ မျိုးနွယ်စုအကြီးအကဲက အခရာပဲ၊ ဘကြီးဦးအောင်လောက စကားပြော သိပ်ကောင်းတာ'

'ဒါကြောင့် ခင်ဗျားနဲ့အတွဲလာကျတာ ကျွန်တော်ကံကောင်း တယ်ပြောတာ၊ လူကြီးတွေကတော့ တာဝန်ကျရွာတွေကို ထွက်ခိုင်း နေပြီ၊ ကိုချစ်က ဘယ်ချိန်အသင့်ဖြစ်မလဲ'

'ဘကြီးအောင်လောက ဒီနေ့အရောက် အကြိုလူနှစ်ယောက် လွှတ်ပေးမယ်တဲ့၊ မိုးချုပ်မှရောက်ကြမှာ၊ မနက်ဖြန် အလင်းရောင် လာတာနဲ့ ထွက်ကြတာပေါ့'

---

# အခန်း (၂)

ဒေသခံ ချင်းတိုင်းရင်းသားတို့အပေါ် **'ခေါနူးသုမ်'**၊ ယခင် ကိုလိုနီကာလက **'ဗိတိုရိယ'** တောင်ထိပ်။ ယနေ့သော် ချင်းစကားကို နီးစပ်ရာ မြန်မာပြန်၍ **'နတ်မတောင်'** ဟု ခေါ်ကြ၏။ ချင်း တောင်တန်း၏ အမြင့်ဆုံးတောင်ထွတ်ဖြစ်သည့် အားလျော်စွာ ဝန်းကျင်ဒေသတစ်ခုလုံး တောင်ချွန်များဖြင့်သာ စုရုံးဖွဲ့စည်း ထားသည်။ ပုံသဏ္ဌာန်အမျိုးမျိုးရှိသည့် တောင်ထပ်ချွန်များသည် သူ့ထက်ငါ အမြင့်ချင်းပြိုင် အနိုင်လုတက်နေကြသည်မှာ ကောင်းကင်ပြည့်မျှထင်ရ၏။ မျှော်ကြည့်သည့်နေရာကိုလိုက်၍ အနေအထား၊ ပြောင်းလဲသွားတတ်သည်။ တစ်နေရာမှ အမြင့်ဆုံးဟု မြင်ရသည့်တောင်သည် အခြားတစ်နေရာမှ ပြန်မျှော်ကြည့်လျှင် အနိမ့်ဆုံးဖြစ်နေတတ်ပြန်သည်။ အဆင့်ဆင့်စီထပ်နေသည့် တောင်ကြီးသေလာတို့၏ မဟာမာယာပေတည်း။

ခေါနူးသုမ်တောင်ထိပ်မကြီး၏ ခြေတံလက်တံများစွာသည် တောင်တန်းရှည်ကြီးများအဖြစ် အရပ်မျက်နှာအားလုံးသို့ ဖြာဆင်း

www.burmeseclassic.com

www.burmeseclassic.com

သွားကြသည်။ အရှေ့ဘက်ဖြာဆင်းလာသည့် တောင်ကြောမကြီးမှာ ပို့မို့ကြီးမား၍ ပင်မလက်တံကြီးသဖွယ်ဖြစ်၏။ ယင်းတောင်ကြော ပေါ်ရှိ တောင်မြင့်ချွန်တစ်ခုကား ထီးထီးမားမား သီးခြားမြင့်တက် ထိုးထွက်နေသည်။ ဘယ်နေရာကကြည့်ကြည့် သူ့ထက်ကဲ၍ ခေါင်းတစ်လုံးအမြဲပိုမြင့်၏။ ဤတောင်ချွန်ကို **'လအိပ်တောင်'** ဟု ခေါ်ကြသည်။ တောင်ထိပ်ပေါ်ရှိရွာကလေးမှာလည်း **လအိပ်တောင်** ရွာဟုပင်တွင်သည်။

ကျွန်တော်တို့ ကျေးလက်ဝန်ထမ်း တာဝန်ကျအဖွဲ့သည် လအိပ်တောင်ရွာကလေးသို့ ဦးခေါင်းကိုမော့ ရင်ကိုကော့၍ မလျှော့သောဇွဲဖြင့် အားခဲချီတက်လာကြ၏။ အဖွဲ့အင်အားမများပါ။ မွေး/ကု ဦးစီးဌာနတာဝန်ခံ ကိုသက်မင်းနှင့် သူ့စာရေးကလေး မောင်တင် လအိပ်တောင်ရွာ စာရေးကလေး ကိုထန်လောနှင့် ကျွန်တော် ကူညီသယ်ပိုး ပို့ဆောင်ပေးသည့် ရွာသားနှစ်ယောက်သာ ပါသည်။

"ရှိုး - ဟူး - မောလိုက်တာ၊ ချင်းမောရင် လေပြည်ချွန်၊ ဗမာမောရင် လုံချည်လှန်တဲ့၊ ချင်းစကားပုံရှိတယ်၊ ရှေ့ထပ်မှာ နားကြဦးစို့"

ရှေ့ရောက်နေသူတစ်ဦး၏ အသံကြောင့် လှမ်းမျှော်ကြည့်မိ၏။ အမှန်တကယ်ပင် လေတချွန်ချွန် တက်သွားသည့် ချင်း



ရွာသားနောက်မှ ရန်ကုန်သား ကိုသက်မင်းက လုံချည်တလှန်လှန် လိုက်ပါလျက်ရှိ၏။

မြေနံရံကိုကျောမှီ၍ နားလိုက်ကြသည်နှင့် ကိုသက်မင်းက-

'ကိုချစ်ရေ၊ ခင်ဗျားက ဒီနယ်သားမို့လို့ မေးရဦးမယ်၊ ဘာဖြစ်လို့ တောကြီးမျက်မည်း လူသူမနီးဝေးလံလှတဲ့ တောင်ထိပ်ကြီးပေါ်မှာ လူတွေလာနေကြရတာလဲ၊ လူသူနီးနား သွားလာရေး လွယ်ကူတဲ့နေရာမှာ နေကြရင် မကောင်းဘူးလားဗျာ'

တောင်မတ်တတ်အတက်လမ်းနှင့် ကျွမ်းဝင်ပုံမရသည့် ရန်ကုန်သား ကိုသက်မင်း ညည်းမေး မေးခြင်းသည်လည်း မေးချင်စရာ၊ မှန်ပါ၏။ ကျွန်တော်သည်ပင် ဤဒေသ ဤနယ်ပယ်သားအစစ် တောင်ထိပ်ပေါ်ရှိ လအိပ်တောင်ရွာကလေးသို့ ရောက်လေ့ရောက်ထ မရှိ။ မျိုးနွယ်တူ စကားတူသည့်ရွာဖြစ်၍ ဆွေမျိုးရွာဟု ဆိုနိုင်သည်။ ဝန်ထမ်းဘဝရောက်မှ ဤရွာခရီးကို လာဖူးရခြင်းဖြစ်၏။ ဝန်ထမ်း တာဝန်အရ အဖွဲ့ခေါင်းဆောင်ဆိုသော်လည်း အဓိကပုဂ္ဂိုလ်မဟုတ်၊ လုပ်ငန်းသဘောအရ အဓိကပင်မ အရေးကြီးပုဂ္ဂိုလ်မှာ ဆရာ ကိုသက်မင်းသာ ဖြစ်သည်။

"ကိုသက်မေးတဲ့ ဘာဖြစ်လို့ဝေးလံတဲ့ တောင်ထိပ်ပေါ်မှာ လူတွေလာနေကြရတာလဲဆိုတဲ့ အဖြေကတော့များလွန်းလို့ အုန်နံ အောင်ပြောနိုင်ဖို့ မလွယ်ဘူး။ အခုလာရတဲ့ အကြောင်းတစ်ခုက

www.burmeseclassic.com

www.burmeseclassic.com

နွားနောက်တိုးခဲ့ မွေးမြူရေး စီမံချက်ကိုစွ မဟုတ်လား၊ ချင်းလူမျိုးနဲ့ နွားနောက်မွေးမြူရေးနဲ့ ခွဲခြားလို့မရနိုင်ဘူးဗျာ၊ ငွေကြေးကို စံထား သတ်မှတ်သုံးစွဲကြသလို ချင်းလူမျိုးများရဲ့ လူမှုဘဝအရာအားလုံးကို နွားနောက်တန်ဖိုးနဲ့ တိုင်းတာသတ်မှတ်တယ်။ ဒီဒေသ ရေမြေကလည်း တောင်မြင့်လေ၊ မြက်နုလေ တောင်ပေါ်မြက်ခင်းဒေသမျိုးပေါ့၊ မြက်နုလေ၊ မြက်ခင်းများလေ နွားနောက်ပွားလေပေါ့၊ တောင်မြင့်ရာမြက်နုရာ နေကြရရှာတာပါ'

'ဟုတ်ရတော့မှာပေါ့ဗျာ၊ ရေကြည်ရာမြက်နုရာဆိုတဲ့ စကားလည်း ခင်ဗျားတို့ဆီရောက်မှ တောင်မြင့်ရာမြက်နုရာ ဖြစ်ရတော့တာပေါ့လေ'

အနားယူအမောမျှမဖြေရသေး တောင်အောက်လေပူလုံးသည် ဝုန်းခနဲပြေးတက်လာခဲ့၏။ ရွာစာရေး ကိုထန်လောက အလောတကြီးနှိုးဆော်သည်။ သူကား ဤရွာဇာတိ ဤဒေသသဘာဝကို နားလည်သည်။

'လေမမှန်ဘူးဟေ့၊ ရာသီဥတု ရုတ်တရက် ပြောင်းလဲတတ်တယ်။ အမြန်လေး ပြေးတက်ကြရအောင် ရွာထဲဝင်ဖို့ နီးနေပြီ'

ခြေလှမ်းသွက်သွက် ပြေးတက်ခဲ့ကြ၏။ တောင်စွယ်ကိုကွေ့အဝင် ရွာ၏စပါးကျီသိုက်နှင့် ဘွားခနဲတန်းတိုးသည်။ အမြင်ဆန်းသည့် စပါးကျီရွာတန်းဖြစ်၏။ စပါးကျီကို ချင်းစကားဖြင့် '**ချေ**' ဟုခေါ်သည်။ စပါးကျီများ စုပေါင်းဆောက်လုပ်ထားသည့် နေရာကို '**ချေဆောင်ရှန်**' ဟု ခေါ်ကြသည်။ မီးဘေးလွတ်ရာ၌ တစ်အိမ်ထောင်လျှင် စပါးကျီတစ်လုံး စုစည်းဆောက်လုပ်ထားကြသဖြင့် ရွာကလေးတစ်ရွာသဖွယ်ဖြစ်၍ စပါးကျီသိုက်ဟု ဆိုရခြင်း ဖြစ်ပါ၏။ စပါးကျီမှာ အလုံပိတ်ခြေတံရှည် အိမ်ငယ်ကလေးများ ဖြစ်သည်။ အားလုံး အမြင့်တူ အရွယ်တူ ပုံစံတူများ ဖြစ်သည်။ ကြွက်၊ ရှဉ့်များ တွယ်မတက်နိုင်စေရန် စပါးကျီတိုင်ကို သစ်သားပြားဝိုင်းကြီးများ အဆင့်ဆင့် စွပ်ထား၏။ ကျီနံရံပတ်လည်၌ ရေဖြည့်ထားသည့် ဝါးလုံးဘူးများကို တန်းစီထောင်ကပ်ထားသည်။ ရေ၏ဝိညာဉ်သည် မီး၏ဝိညာဉ်ကို ကြိုတင်ချေမှုန်းနိုင်သည်ဟူသော ရှေးအယူအဆဖြစ်၏။ စပါးကျီ ခေါ်ကြသော်လည်း အရေးကြီးပစ္စည်း သိုမှီးရာလည်း ဖြစ်၏။

'စပါးကျီအိမ်ကလေးတွေက တညီတညာ တရွယ်တစားတည်းနဲ့ တကယ့်သီးခြားရွာကလေးပဲ၊ ကျွန်တော်ဖတ်ဖူးတဲ့ ဂမ္ဘီရဝတ္ထု ထဲက ဘာလိုလို ညာလိုလိုကောင်တွေရဲ့ ရွာထင်ရတယ် အဟုတ်'

'ဘယ်လို ဘာလိုလို ညာလိုလို ကောင်တွေလဲဗျာ'

'ဟိုဒင်းဗျာ၊ စာရေးဆရာ စိတ်ကူးယဉ်ရေးထားတာ၊ ကျုတ်ရွာဆိုလား၊ နတ်ရွာဆိုလားပဲ ဒီတောင်ထိပ်ပေါ်မှာ တောင်ဇောင့်နတ်သမီးတွေရှိနိုင်တော့ နတ်ရွာနဲ့တူတယ်ပေါ့ဗျာ'


www.burmeseclassic.com

 www.burmeseclassic.com

'ခင်ဗျားအဖြေကောင်းလို့ဗျ၊ မဟုတ်ရင် ခေါင်ဝတ်ကိန်း ရှိတယ်၊ ဒီနယ်သားတွေက ကျတ်၊ တန္တေ အယူအဆမရှိကြဘူးဗျ၊ နတ်ဆိုရင်တော့ ဘာပြောကောင်းမလဲဆရာ၊ ခင်ဗျား ဘုတ်အုပ်ကြီးပေါင်းများစွာနဲ့ ရေးမှတ်လို့မကုန်နိုင်တဲ့ တောနတ်တောင်နတ် အမည်ပေါင်းများစွာ ရှိကြတယ်'

ထွေရာလေးပါးပြောနေကြဆဲ။ အချက်မပြ အသံမပေးဘဲ နေပူကျဲကျဲထဲ၌ မိုးသည်းသည်းရွာချလေ၏။ စပါးကျီအောက် အလျင်စလိုပြေးခိုကြ၏။

'ဒီမိုးမျိုး၊ ဒီနယ်စကားနဲ့ခေါ်တာ မြန်မာပြန်ရရင် 'နေပူမိုး' တဲ့။ အောက်မှာတော့ နေရောင်မိုးဆိုလားပဲ'

နေပူကျဲကျဲ မိုးသည်းသည်းထဲ၌ ကလေးတစ်သိုက် ဘာသာဘာဝ အော်ဟစ်ပြေးထွက်လာကြသည်။ ကလေးများအော်သံကို နားစွင့်ရင်း ကိုသက်မင်းက စိတ်ဝင်တစားမေးမြန်း၏။

'ကလေးတွေအော်သံက ကဗျာလိုလို သီချင်းလိုလိုပဲ ကိုချစ် နားလည်မှာပေါ့၊ ဘာသာပြန်ပြစမ်းပါဦး'

'ကလေးတွေအော်တာကို အနီးစပ်ဆုံးမြန်မာလိုပြန်ရရင်-

- နေပူမိုးရွာ၊ တောင်ကြားမှာ၊ သက်တံပေါ်လို့လာ
- သက်တံအောက်က၊ မေခင်လေး၊ ဂျပ်ခုတ်ရက်သံပေး
- ခတ်သံညံတဲ့၊ ဂျပ်ခုတ်စင်၊ သက်တံကွေးအဆင်



- သက်တံကွေးဆင်၊ ဝတ်ရရေး၊ အပြေးပြိုင်စို့လေး။ တဲ့၊ ကလေးတွေကိုယ်တိုင်ဖွဲ့တဲ့ ချင်းရိုးရာ ကလေးကဗျာလို့ ဆိုနိုင်မယ် ထင်ပါတယ် ကိုသက်'

ကျွန်တော်၏ဘာသာပြန်ဆိုချက် မမှန်လှကြောင်း ကိုထန်လောက ချက်ချင်းထောက်ပြ၏။

'ကလေးတွေအော်သွားတာက သက်တံအောက်က မခါးလီ ပါ၊ ကိုကြီးချစ် ဘာသာပြန်တာက၊ သက်တံအောက်က မေခင်လေး ဖြစ်နေတယ်'

'အဟဲဟဲ ဟုတ်ပါတယ်ကိုထန်လောရဲ့၊ ကလေးတွေအော်တာ၊ မခါးလီတို့အသေအချာကြားလိုက်ပါတယ်၊ မြန်မာလိုအသံကိုက်အောင် မေခင်လေးလိုက်ရတာပါ၊ မခါးလီလည်း မေခင်လေးပဲမဟုတ်ဘူးလား၊ ရွာထဲမှာ မခါးလီဆိုတာ တကယ်ရှိလို့လား'

'ရှိတယ်အစ်ကို၊ ကန်ပက်လက်မြို့မှာ (၉) တန်းအထိ ကျောင်းသွားနေဖူးတယ်၊ ရွာထဲကမျိုးနွယ်တူ အပျိုလေးတွေထဲမှာ အငယ်ဆုံးမို့လို့ ခါးလီခေါ်ကြတာ၊ နာမည်ရင်းက လီလီထန်း၊ သူ့အဖေက ဦးထန်းအောင်၊ ဒီနယ်မှာတော့ ရက်ကန်းရက်အတော်ဆုံးပဲ၊ သက်တံနဲ့အဆင်တူတဲ့ချင်းရိုးရာစောင်ကြီးတွေ ရက်ရောင်းတာ၊ အစ်ကိုကြိုက်တဲ့အဆင်မှာလို့ရတယ်'

www.burmeseclassic.com

www.burmeseclassic.com



ချင်းစကား 'ခါး' မှာ အမျိုးသားချင်း၊ အမျိုးသမီးချင်းသာ ကြီးသူက ငယ်သူကိုခေါ်သည့်စကားဖြစ်သည်။ ကျားနှင့်မအတွက် သီးခြားဝေါဟာရရှိသည်။ သည်းသည်းရွာချလိုက်သည့် နေပူမိုးသည်မကြာရှည်ပါ၊ လေပြင်းတစ်ချက်ဝှေ့ယမ်းသွားပြီး၊ ကောင်းကင်မည်းမှောင်သွားခြင်းနှင့်အတူ ကွယ်ပျောက်သွား၏။ စုပြုံနေသည့် တောင်ထိပ်ချွန်များထိပ်သို့ နေကွက်ကြီးတစ်ကွက်သာ ကောင်းကင်မီးမောင်းကြီးထိုးပြသည့်နှယ် အလင်းကွက်ကြီးတစ်တောင်မှ တစ်တောင်သို့ ကူးပြောင်းနေ၏။ နေအလင်းကွက်ကြီး ကူးပြောင်းသွားရာ တောင်ထိပ်ဖျားများကို ဧရာမသက်တံကွေးကြီးက ချိတ်ဆက်ထားသည်။ ရန်ကုန်မြို့သား ဆရာကိုသက်မင်းက တအံ့တသြရေရွတ်လေ၏။

'ဒီလောက်ကြီးမားရှည်လျားတဲ့ သက်တံကွေးကြီးကို အခုမှပဲမြင်ဘူးတော့တယ်၊ သက်တံကြီးကနှစ်ထပ်ဗျ၊ ဧရာမမိုးပျံ့၊ ရောင်စုံနှစ်ထပ်တံတားကြီး၊ အရမ်းကြီးကိုလှတယ်ဗျာ'

'ဟုတ်တယ် ကိုသက်၊ နေပူမိုးရွာချိန်ကြာရင် သက်တံက တစ်ခုနှစ်ခုမကဘူး၊ အများကြီး၊ ဖြစ်နေတတ်တာ၊ ဒီတောင်ထိပ်ရွာတွေမှာတော့ မိုးမရွာလည်း သက်တံက အမြဲတမ်းလိုလိုရှိနေတတ်ပါတယ်၊ တောင်ထိပ်မြင့်မှာ နှင်းရည်တွေအမြဲတမ်းရှိတယ်လေ၊ နှင်းရည်တွေလေနဲ့ဖြန့်ဝဲနေတဲ့အချိန် နေအရောင်ထိုးရင်



သက်တံပေါ်တာပေါ့၊ တောင်ထူထပ်လေ သက်တံပိုများလေပဲ၊ သက်တံဆိုတာတစ်ခုပေါ်ရင် ရောင်ပြောင်းပြန်တစ်ခုထပ်ပေါ်မြဲဗျ၊ နှစ်ထပ်ပေါ်တာပေါ့၊ **သက်တံများစွာရဲ့ အရောင်များစွာရောလိုက်တော့ ရောင်စုံစီတဲ့ နတ်ပန်းချီပေါ့ဗျာ**၊ တောင်မြင့်ကနေတောင်နိမ့်ဘက် သက်တံကိုကြည့်ရင် ကောင်းကင်ပေါ်မှာလို့ မထင်ရဘူး၊ သက်တံက တောင်နံရံကိုပတ်သွားတော့ ရောင်စုံတောင်ပတ်လမ်းမကြီးနဲ့တူတယ်၊ အဲဒါကို ဒီနယ်သားတွေက **သက်တံမြေပြင်နမ်း**တယ်ခေါ်ကြတာပါပဲ၊ ကြုံဦးမှာပါ၊ ဒီချိန်မျိုးမှာ တကယ်ကိုလှတာ'

ကိုသက်မင်းကနေရာရွှေ့မျှော်ကြည့်ရင်း လက်ညှိုးညွှန်လျက် တအံ့တသြရေရွတ်ပြန်၏။

'တကယ်ပဲကိုချစ်ရေ၊ ဟိုဘက်တောင်ထိပ်ကို လှမ်းကြည့်လိုက်ပါဦး၊ တောင်ထိပ်ချွန်ပေါ်မှာ နေကွက်ကြီးထိုးတာ ရွှေသရဖူဆောင်းထားသလိုပဲ၊ တောင်ခြေကိုပတ်သွားတဲ့ သက်တံကွေးကြီးက မြေပြင်ကိုနမ်းထားတဲ့ တကယ့်ရောင်စုံလမ်းမကြီး၊ နတ်ရာဇာလာရာလမ်းလို့ ထင်ရလောက်ပေတယ်၊ **သက်တံရောင်စဉ် မြေပြင်နမ်းတဲ့ တောင်တန်းမြင့်နတ်ပန်းချီပါပဲ**၊ လူပန်းချီဆရာတူအောင်ဘယ်ဆွဲနိုင်မလဲ'

ကလေးဘဝက သက်တံကို လက်ညှိုးထိုးမိ၍ အမေခေါင်းခေါက်ခံခဲ့ရသည်ကို ချက်ချင်းသတိရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့ငယ်ငယ်က သက်တံကို လက်ညှိုးမထိုးရဘူးဗျ၊ ကိုသက် လက်ညှိုးထိုးပြတဲ့သက်တံလမ်းမှာ နတ်ရာဇာတို့ နတ်သူဇာတို့ လာမလာတော့ မသိဘူးဗျာ၊ ကျားဆိုး ဝံရိုင်းတွေကတော့ တကယ်လာတတ်တာ၊ သူတို့ကို ခေါ်သလိုမျိုးဖြစ်မှာစိုးလို့ လူကြီးတွေက သက်တံလက်ညှိုးမထိုးရ တားကြတာ၊ အယူအဆ သက်သက်ပါ။ အခု သက်တံပတ်သွားတဲ့တောင်က 'မဒီး'တောင်ပါ။ လအိပ်တောင်မြင့်ကနေ ငုံ့ကြည့်ရသလိုဖြစ်နေတော့ သက်တံ မြေပြင် ဆင်းဝပ်နေတယ်မြင်ရတာ၊ တကယ်မြေပြင်ဆင်းပြီး မြက်ခင်းပေါ်ဝပ်စင်း နေတဲ့အချိန်မျိုးရှိတတ်တယ်၊ ဒီနယ်သားတွေ ပြောသလိုသက်တံ မြေပြင်နမ်းတယ်ဆိုတာ တကယ်အဟုတ်'

'ဟုတ်တာပေ့ါ။ ဒီရွာကကလေးတွေ နေရောင်မိုးအောက်မှာ အော်ဟစ်ပြေးလွှားသလိုမျိုးပေါ့။ မှတ်မိသလောက် **"နေပူမိုးရွာ၊ သူခိုးလာ၊ လာတဲ့သူခိုး၊ လုံနဲ့ထိုး၊ အရိုးထက်ပိုင်းကျိုး"** ဆိုပြီး ကျွန်တော်လည်း ငယ်ငယ်က အောင်ဟစ်ပြေးလွှားခဲ့ဖူးတာပါပဲ၊ သေချာတာက တို့ပြည်ထောင်စုကြီးထဲမှာ ဘယ်လိုနာမည်နဲ့ပဲ ခေါ်ခေါ် ဘယ်ဒေသမှာပဲနေကြနေကြ တို့အားလုံးဟာ စရိုက်သဘာဝ မကွဲပြားကြပါလားလို့ နားလည်ခံစားရတယ်ဗျာ'

ကိုသက်မင်းစကားမဆုံးမီ ရွာလူကြီး ဘကြီးဦးအောင်လော နှင့်အဖွဲ့ ဝမ်းပန်းတသာကြိုဆိုလက်ဆွဲ ခေါ်ယူသွားကြသည်။

*

## အခန်း (၃)

လအိပ်တောင်ရွာ၏ အနေအထားသည် တောင်ထိပ်ချွန်ပေါ်ရှိ တောင်ပူစာများပေါ်၌ ဟိုတစ်စုသည်တစ်စု၊ စုဖွဲ့ထားသည့် ရွာဖြစ်၏။ ရွာလူကြီး ဘကြီးဦးအောင်လော၏ နေအိမ်က ရွာအထက် ထိပ်တောင်ပူစာငယ်တစ်လုံးပေါ်၌ ရှိ၏။ ချင်းရိုးရာပုံစံ ဧရာမ တန်းလျား ရှည်ကြီးဖြစ်၏။ အိမ်ပေါ်တက်သွားကြချိန် နေလုံးနီနှင့် မျဉ်းတပြေးတည်း ရှိနေသည်။ နေလုံးပြုတ်ကျသွားလျှင် ချက်ချင်း ဆိုသလို မည်းမှောင်အေးစက်သွားတော့မည်။

'ကိုသက်ရေ၊ ရေပြေးချိုးလိုက်ရအောင်၊ နေဝင်သွားရင် ချိုးနိုင်မှာမဟုတ်ဘူး၊ ချွေးနံ့နံနေရင် ညစာကို အားနာပါးနာ စားနေရမယ်'။

နတ်မဒေါင်ဒေသ၌ ဧည့်ခံကျွေးမွေးခြင်းဟူသည် ပျို့ရွယ် မိန်းကလေးများက ခွံ့ကျွေးခြင်းဖြစ်၏။ ပျော်ရွှင်ဖွယ် ဧည့်ခံကျွေးခြင်း ဓလေ့ဖြစ်ပါ၏။ ထမင်းခွံ့ကျွေးသည့် မေပျိုနှုတ်ခမ်း ကိုယ်ချွေးရနံ့ လွင့်ပျံ့နေလျှင် အားနာဖွယ်ဖြစ်ကြောင်း ဆိုလိုရင်းကို ဆရာ ကိုသက်မင်း သဘောပေါက်ဟန် မရှိချေ။

www.burmeseclassic.com

www.burmeseclassic.com



ဒီတို့ကတွေ့တော့ အားမနာဘူးကိုချစ်၊ နိုက်ဝါးကိုက်စားမှာပဲ၊ ဘာပဲဖြစ်ဖြစ်ငါ့ဒီလောက်ချွေးပြန်နေတာ ရေတော့ချိုးလိုက်မှပဲ”

” တောင်အောက် စမ်းချောင်းဆင်း၍ ရေချိုးရခြင်းဖြစ်၏။ သစ်သားမြောင်းရေသွယ်ထံမှ ခုန်ကျလာသည့်စမ်းရေသည် ရေခဲရည်တမျှ အေးစက်လှ၏။ ကမန်းကတန်း ပွတ်သပ်ပြန်တက်ခဲ့ကြသည်။ ဘကြီး၏ ချင်းရိုးရာနေအိမ်ကား နွေးထွေးလှပါဘိ၊ အခင်းအကာ အားလုံး ဝါးဖြင့်တည်ဆောက်ထား၏။ တောင်ပေါ်သက်ရင့် ဝါးလုံးကြီးများကို အသေးစိတ်ခွဲပေါက်ပြီး အပြန့်ကြီးများ ဖြန့်ထားသည်။ ဝါးလုံးဖြန့်အပြားကြီးများကို ကန့်ကူကွက်လက်ယှက် ထိုးထားသည်မှာ လေတိုးပေါက် အနည်းငယ်မျှပင်မရှိ။ သက်တမ်းရင့် ဝါးကြောများ၏ အရောင်က နီညိုဝါလွင် စုံလင်တောက်ပနေ၏။ အိမ် အမိုး မြက်သက်ကယ်ထုံးကြီးများကလည်းထူထဲလှ၏။အတွင်းဘက်၌မီးခိုးဝ၍ နီရဲပြောင်လက်နေပြီး အပြင်ဘက်အမိုး၌ သစ်ပင်ငယ်များ အစိအရီ ခေါင်မိုးပေါ် ပေါက်နေကြသည်မှာ လှပင်လှသေးတော့၏။ ရိုးရာသုံး ထင်းရှူးမီးတုတ်အလင်းရောင်သည် အမိုးနံရံတို့မှ ရောင်ပြန်ဟပ်လျက် ခုန်ပျံပြေးလွှားနေ၏။ အိမ်တန်းလျားရှည်ကြီးဖြစ်၍ မီးဖိုနှစ်ခုရှိ၏။ အိမ်ဦးခန်းမီးဖိုသည် အိမ်ရှင်မီးဖိုခေါ်ပြီး အဓိကချက်ပြုတ်ရာဖြစ်၏။ အိမ်ပေါက်ဝနားမီးဖိုကို ဧည့်သည့်မီးဖိုခေါ် မီးလှုံရန်ဖြစ်သည်။ ဧည့်သည်မီးဖိုဘေး၌ သစ်လုံးတွင်းခုတ်ထိုင်ခုံများချထား၏။ ဦးအောင်လောကိုယ်တိုင် ထိုင်ခုံခွဲ၍ မီးဖိုနား၌ နေရာချထားပေးလေ၏။



တူလေးမောင်ချစ်တို့ အေးအေးဆေးဆေး မီးလှုံကြဦးကွယ်။ မောင်ထန်လော ခေါင်ရည်သွားယူနေတယ်၊ ဘကြီး ဧည့်သည်စာချက်ပြုတ်ခိုင်းထားတာလေး သွားကြည့်လိုက်ဦးမယ်’

ဘကြီးအဆင်း ကိုထန်လော ပြန်တက်လာသည်။ လက်ထဲကိုင်လာသည့် ဘူးခါးသီးခေါင်ရည်ဘူးက နီစွေးနေ၏။ ခေါင်ချိုရနံ့ကလည်း ချိုမွှေးနေ၏။

‘တို့ တောင်ပေါ်သားများရဲ့ အားဆေးက ခေါင်ရည်ပါပဲ၊ တော်တော်လေးချိုတယ် အစ်ကို’

ချင်းရွာနှင့် ခေါင်ရည်ကား သဘာဝက လိုက်ဖက်အောင် တွဲဖက်ပေးထားဖြစ်၍ ခွဲခြား၍မရစကောင်း၊ ကြမ်းတမ်းသောဘဝလမ်းကို လျှောက်လှမ်းရသူများအတွက် ခေါင်ရည်ချိုသည် ပင်ပန်းသမျှ ရှင်လန်းစေသည်အမှန်။ သင့်ရုံမျှမှီဝဲလျှင် အားအင်ကို ဖြစ်ထွန်းစေ၏။ မူးယစ်အမျိုးအစားဖြစ်၍ အလွန်အကျွံကား မသောက်သုံးသင့်။ စာရေး ကိုထန်လောက လက်ကိုင်ပါ ဖန်ခွက်ဝိုင်းကလေး၌ ခေါင်ရည်အပြည့်ဖြည့်သည်။ ဆရာကိုသက်မင်းကို ကမ်းပေးရင်း ကျွန်တော်ကိုမေး၏။

‘ကိုကြီးချစ်၊ ချင်းလိုသောက်မလား၊ ဗမာလိုသောက်မလား’

‘ဟော့လူ၊ ဘယ်လိုသောက်သောက် ဗိုက်ထဲရောက်ဖို့လိုရင်းဟာ ဘာဖြစ်လို့လဲ’

‘ဖန်ခွက်တွေထည့်တဲ့သေတ္တာသော့ ဘကြီးနောက်ပါသွားတယ်၊ ကျွန်တော့် လွယ်ပလိုင်းထဲ ဒီဖန်ခွက်လေးတစ်လုံးတည်းရှိတယ်’

www.burmeseclassic.com

www.burmeseclassic.com



'ရပါတယ်ဟ၊ ရွာမှာ ဘယ်သူမှဖန်ခွက်နဲ့ သောက်တာ မဟုတ်ဘူး၊ ရှိတာနဲ့ထည့်ကွာ'

ကိုထန်လောခွက်ရှာ ထသွားသည်။ လက်ထဲတွင် ခွက်အဖြစ် အထူးပြုပြင်ထားသည့် **နွားနောက်ဦးချိုခေါင်ရည်ခွက်ပါလာသည်။ နွားနောက်ဦးချိုခွက်သည် ချင်းတိုင်းရင်းသားတို့၏ အမြတ်တနိုးခေါင်ရည်ခွက် ဖြစ်သည်။** အသင့်အတင့် နွားနောက်ဦးချိုခေါင်ရည်ခွက်သည် ဘီယာကိုင်းခွက် (၆) လုံးစာမျှဆန့်သည်။ ထုံးဓလေ့အတိုင်းသောက်ရလျှင် တစ်ချီတည်း အကုန်မော့ပစ်ရသည်ဖြစ်၍ ချင်းသောက် သောက်သည်ဆိုသင့်၏။

ချက်ပြုတ်မီးဖိုဌ် အိမ်ရှင်အဒေါ်ကြီးနှင့်ပျို့ရွယ်မိန်းကလေးနှစ်ယောက် အလုပ်ရှုပ်လျက်ရှိ၏။ အဒေါ်ကြီးသည် ဟင်းတစ်အိုးကို အဆက်မပြတ်မွှေနေသည်။ ပြာရည်ဟင်းဖြစ်၏။ ရိုးရာအစဉ်အလာ ပင်မဟင်းခွက်ဖြစ်သည်။ နိုင်အောင်မမွှေနိုင်လျှင် အမြုပ်တစီစီနှင့် မနားမရပ်ဝေကျတတ်သည်။ ပါးအို့နီထွေး မိန်းကလေးသည် လက်တစ်ဖက်က ထင်းရှူးမီးတုတ်ကိုကိုင်လျက် လက်တစ်ဖက်က မြေထမင်းအိုးကြီးကို လှည့်ပေးနေသည်။ မျက်နှာသွယ်လျ မိန်းကလေးက မီးခဲရဲရဲကြီးများကို လက်ချောင်း သွယ်သွယ်ကလေးများဖြင့် အသာအယာ ကောက်ယူရွှေ့ပြောင်းနေ၏။ မီးညှပ်မလို။ ဤနယ်သူတို့၏ ကျွမ်းကျင်လိမ္မာရာပညာတည်း။ မိန်းကလေး နှစ်ယောက်၏ နံရံထင်အရိပ်သည်ပင် ကြည့်ချင်စဖွယ်ဖြစ်နေ၏။



ထိုင်ခုံကိုလှည့်ကာ ချက်ပြုတ်မီးဖိုသို့ အသေအချာ စူးစိုက်ကြည့်သည်။ မိန်းမပျိုလေး နှစ်ယောက်သည် မီးရောင်အောက်တွင် နီထွေးလှပနေကြ၏။ လမ်းတစ်လျှောက်လုံး ပြောဆိုလာကြသည့် ခါးလီအမည်ကို ချက်ချင်းသတိရသည်။

'ဟော့- ကိုထန်လော၊ တို့ဖို့ညစာချက်နေကြတဲ့ မိန်းကလေးနှစ်ယောက်လေ၊ ဘယ်ဟာက ခါးလီလဲ၊ ဟို- မျက်နှာသွယ်သွယ်လေးနဲ့ဟာထင်တယ်'

'ဒီထဲမှာ ခါးလီမပါဘူးအစ်ကို။ ဒီဘက်ကကောင်မလေးက ရွာလူကြီးအဖွဲ့ဝင် ဦးထင်အောင်ရဲ့သမီးမြူလေးထင်၊ မီးတုတ်ကိုင်နေတဲ့ကောင်မလေးက နတ်ဆရာဦးလောရှင်ရဲ့သမီး လီရှင်လောတဲ့၊ ခါးလီကသူတို့လို ဘယ်ဟုတ်မလဲ၊ လှလှပပလေးအစ်ကိုရဲ့၊ အခုသူတို့ချက်ပြုတ်နေတာလည်း အစ်ကိုတို့ကျွေးဖို့ ညှော်သည်စာမဟုတ်ဘူး၊ အစ်ကိုတို့ဖို့ညစာက ခါးလီကိုပဲ ချက်ခိုင်းထားတာ၊ ခါးလီက ဗမာဟင်းကောင်းကောင်း ချက်တတ်တယ်လေ၊ အခုနေချက်ပြုတ်ပြီးရောပေါ့ ပြီးရင် ဒီအိမ်ကိုလာတော့မှာ၊ ကျွန်တော်အခုသွားကြိုလိုက်မယ်'

ကိုထန်လော ပြောဆိုထသွားသည်။ ခါးလီအမည်က ရင်ထဲတွင် စွဲထင်နေသည်။ အာရုံထဲ၌ အကြိမ်ကြိမ်စိတ်ကူးပုံဖော်မိ၏။ ချင်းဓလေ့ ရှေးရိုးရာ ချွေးမရွေးရာ၌ ရက်ကန်းခတ်တတ်ကျွမ်းမှု သာလွန်မှုသာ အမှတ်ပေးဇယားထိပ်ရောက်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဆက်စပ်စိတ်ကူးမိခြင်းလည်းဖြစ်နိုင်၏။ လက်ကိုင်ခွက်ထဲရှိ ခေါင်ရည်မကုန်တတ်သေး။ ဘကြီးဦးအောင်လောသည် ညစာစားမည့် အခြားရွာဧည့်သည်များနှင့်အတူ ပြန်တက်လာသည်။ ညစာအစီအစဉ်ကို ပြောပြ၏။

'တူလေးမောင်ချစ်ရေ မြို့ကလာတဲ့ဆရာသက်တို့အဖွဲ့ကို စားပွဲ၊ ကုလားထိုင် ဇွန်း၊ ခက်ရင်းနဲ့ ကျကျနနကျွေးဖို့ ဘကြီးညီ အိမ်မှာပြင်ထားတယ်၊ နယ်ခံဧည့်သည်တွေကတော့ ချင်းထုံးခလေ့အတိုင်း ဘကြီးအိမ်မှာပဲ ဝိုင်းခွဲ့စားကြမယ်၊ တူလေးက ဗမာဆရာ အဖော်ရအောင် ဗမာထမင်းဝိုင်း သွားစားလိုက်ပါ'

ချင်းထုံမင်းဝိုင်းသည် တစ်ယောက်နှင့်တစ်ယောက် ခွဲ့ကျွေးရခြင်းဖြစ်သည်။ နားနားနေနေ ဝါးနေချိန်မရှိ၊ ပျော်စရာကောင်း၍ ထမင်းများစွာဝင်စေသည်။ အချင်းချင်းကိုလည်း ပိုမိုရင်းနှီးချစ်ခင်စေသည်။ မခါးလီကလေးကို သူများခွဲ့ချိန်မရအောင် ခွဲ့ကျွေးလိုက်မည်။ ဗမာထမင်းဝိုင်း၊ ဟင်းကောင်းမည်မှု ဝိုင်းစေတော့ တွေ့မြင်ချင်သူကလေးနှင့် ထမင်းအတူခွဲ့စားရဖေး လက်လွှတ်မခံနိုင်။

'ဘကြီး ကျွန်တော်က အမျိုးပေမယ့် ငယ်ငယ်က ကျောင်းသွားရ၊ ဝန်ထမ်းလုပ်တော့ မြို့ပေါ်သွားနေရနဲ့ ဒီရွာကိုရောက်ခဲပါတယ်၊ အမျိုးတွေနဲ့တွေ့ရတုန်း ချင်းလိုပဲခွဲ့စားပါ့မယ်၊ ဆရာကိုသက်မင်းတို့ အဖွဲ့ကိုပဲ ဗမာလိုပြင်ကျွေးလိုက်ပါ'



'ကောင်းတာပေါ့ကွယ်၊ အခုရောက်နေတဲ့ ဧည့်သည်တွေက နွားနောက်ချေးငွေတင်ဖို့ လာကြတဲ့ ဒီကျေးရွာအုပ်စုထဲ အမျိုးအရင်းတွေကွယ့်၊ တွေ့တုန်းဆုံတုန်းလေး အတူတူသာခွဲ့စား၊ အခု ညစာစားချိန်လည်း ရောက်နေပါပြီ၊ ဟော့ - သမီးလီရှင်လောနဲ့ မျိုးလေးထင်တို့ ဧည့်သည်တွေ တစ်ခါတည်း ခွဲ့ကျွေးကြတော့၊ မြို့ကဆရာနဲ့ဧည့်သည်တွေကျွေးဖို့ ခါးလီနဲ့အဖွဲ့လည်း အသင့်စောင့်နေတယ်၊ ကဲ ဆရာဦးသက်မင်း သွားစားကြစို့'

'ဘကြီးဦးအောင်လောက ဆရာကိုသက်မင်းလက်ကို ဆွဲလျှက် ဆင်းသွားကြ၏။ အထင်နှင့်တင်ကူး၍ ကြိုတင်ကြံစည်ထားသမျှ အထမမြောက်လိုက်ရ။ ကလေးမနှစ်ယောက်ကား သွက်လက်လှပေ၏။ ဧရာမထမင်း ဒေါင်းလန်းကြီးကို အိမ်အလယ်ခန်းမသို့ မယူလာကြ၏။ အဦးဆုံး ညစာထမင်းလုတ်ကို အိမ်ရှင်အဒေါ်ကြီးက လာခွဲ့သည်။ တစ်ယောက်တစ်လက် ခွဲ့လိုက်ကြသည်မှာ ဒေါင်းလန်းကြီးအပြည့် ထမင်းပုံလည်း ပြိုက်ခနဲကုန်သွား၏။ ထမင်းလုံးအဖိတ်အစဉ်များလည်း ခြေဖဝါးမြုပ်မျှ ကြမ်းပေါ် ဖွေးလှုပ်သွားလေ၏။ ဒေါင်းလန်းခွဲ့ကြီးလည်း ထားနေကစင်ပေါ် ပြန်ရောက်သွား၏။ ဖွေးလှုပ်နေသည့် ထမင်းလုံးအဖိတ်အစဉ်များကို မွေးထူခွေးပုဝိုင်းနှစ်ကောင်က အပြောင်ရှင်းပစ်ကြသည်။ ကြမ်းပြင်ကို မိန်းကလေးတစ်ယောက်က ထုနှက်၍ တစ်ယောက်က လှည်းကျင်းနေသည်။ မူလအရောင်ထက်ပို၍ပင် နီလွင်တောက်ပသွားတော့

www.burmeseclassic.com

www.burmeseclassic.com



ဏ်၏။ ထမင်းစားအဖွဲ့လည်း မီးဖိုနားပြန်လည်စုရုံးမိကြ၏။ လုံးဟောက်ရွာမှ အစည်းအဝေးလာတက်သည့် ရွာသားတစ်ယောက်က ခင်မင်ဖော်ရွေစွာ နှုတ်ဆက်လေ၏။

'ညီလေးမောင်ချစ်ရဲ့အဘိုးက ဒီနယ်မှာတော့ ခိုထန်မောပဲ ညီလေးအတွက် အမွေအများကြီးကျန်ခဲ့မှာ'

ချင်းစကား **ခိုထန်မာ** ၏ အဓိပ္ပာယ်မှာ **ကြွယ်ဝသူ** ဖြစ်၏။

'အဘိုးက ကျွန်တော် သုံးလေးနှစ်သားမှာဆုံးတာ ဝိုးတိုးဝါးတားပဲ မှတ်မိတယ်၊ အဘွားကတော့ တောင်ယာခုတ်စားနိုင်တုန်း၊ ကျွန်တော်က မြေးဦးဖြစ်တော့ အဘွားဆီမှာပဲ အမြဲနေရပါတယ်၊ အဘိုးထားခဲ့တဲ့ ပစ္စည်းတွေလည်း အဖေနဲ့ဘကြီးက လုပ်လို့ ပြောင်ပြီလို့ အဘွားက ခဏခဏပြောပါတယ်'

'ပြောင်တော့မပြောင်နိုင်ပါဘူး၊ ညီလေးမိန်းမယူရင် မိန်းမ**အမဏ်း** ပေးဖို့တော့ အဆင်သင့်ရှိမှာပါ၊ တို့က တောင်ပေါ်တောင်အောက် နှစ်ရွာစလုံး ယောက်ခမမျိုးနွယ်တွေ ရှိကြတယ်လေ၊ ဘယ်နယ်ဘက်ကို လမ်းဖောက်ဖို့ ရည်ရွယ်ထားပါသလဲ၊ တောင်ပေါ်ရွာဘက် စိတ်ကူးရှိခဲ့ရင် အစ်ကိုတို့ကိုသာ လက်တို့လိုက်ပါ၊ လအိပ်တောင်ရွာသူတွေလည်း မဆိုးပါဘူး ညီလေး'

ချင်းစကား **အမဏ်း** ဆိုသည်မှာ သမီးရှင်သို့ **သမက်များ**ကပေးရသည့်ဥစ္စာပစ္စည်းကို ဆိုသည်။ အဓိက ပေးရသည်ပစ္စည်းက **နွားနောက်**ဖြစ်သည်။ ချင်းတိုင်းရင်းသားတို့ မိန်းကလေးတန်ကြေးပေးရသည့်ပစ္စည်းကို ယောသားများက **အတွင်းဘိုး** ဟု ပြောကြသည်။



'ကျွန်တော်ကျောင်းပြီးလို့ အလုပ်ဝင်စပဲရှိပါသေးတယ်၊ မစဉ်းစားရသေးဘူးအစ်ကို'

ကိုကြီးကီးအောင်က ကြားဖြတ်ဝင်လာသည်။ သူကား ဤရွာဇာတိမဟုတ်သော်လည်း ဤရွာ၏ ရွာလူကြီးအဖွဲ့ဝင်ဖြစ်နေ၏။ မျိုးနွယ်စုအကြီးအကဲ ဘကြီးဦးအောင်လောနှင့်အတွဲညီကြသည်။

'ညီလေးမောင်ချစ်ရေ၊ အစ်ကိုကြီးက အစ်ကိုတို့ဘွားဘွားအကြောင်းသိလွန်းလို့ လူကသန်မာသလောက် စိတ်မာတ်ပြင်းထန်တယ်၊ ညီလေးကသာ ဒ်ိမ်ထောင်ရေးမစဉ်းစားရသေးဘူးပြောတာ၊ ဘွားဘွားက အဆင်သင့်အိမ်မှာခေါ်ထားပြီးသားဖြစ်ရင်ဖြစ်နေမှာ အစာပိတ်ခေါင်ရည်လေး သောက်လိုက်ပါဦး'

နတ်မတောင်ဒေသ၌ ပြန်ယူရမည့် မျိုးနွယ်မိန်းကလေးကို အချိန်တန်လျှင် လက်ထပ်ပေးရန် ငယ်စဉ်ကပင် ခေါ်ယူထားမှုမျိုးလည်းရှိတတ်ပါ၏။ ကိုကြီးကီးအောင်က လျှို့ဝှက်သိုသိပ်ထားသည့် ခေါင်ချိုဦးရည်ကို နွားနောက်ဦးချိုခွက်အပြည့်ထည့်၍ လက်ကမ်းပေးလေ၏။ နတ်မတောင်နယ်သားတို့သည် မျိုးဆွေဟောင်း၊ ခင်မင်သူအစရှိသူတို့ကို ခေါင်ချိုရည်လေးတိုက်လိုက်ရမှ ကျေနပ်တတ်ကြ၏။ ငြင်းဆန်ရန်မသင့်၍ မော့ချလိုက်လေ၏။ ချက်ချင်းမူးတက်လာသည်။ အစားများ၍ပြည့်အင့်ခြင်း၊ ခရီးပန်းခြင်း၊ မူးယစ်

www.burmeseclassic.com

www.burmeseclassic.com



ရှိဝေခြင်းတို့ကြောင့် ချက်ချင်းထိုးအိပ်လိုက်ရသည်။ အိပ်မက်ထဲတွင် ခါးလီက ထမင်းလာခွံ့သည်။ ခါးလီသည် ပါးလွှာလှသည့် အဝတ်ရှည်များ လေထဲဝဲပျံနေအောင် ပတ်ခြာလည်လှည့်ကနေသည့် အိန္ဒိယရုပ်ရှင်ကားထဲက မင်းသမီးငယ်နှင့် တူသေးတော့သယောင်ယောင်။ ခါးလီကို ထမင်းခွံ့ရန် ဒေါင်းလန်းကြီးထဲရှိ ထမင်းပုံကိုဆုပ်ယူလိုက်၏။ ခွံ့ရန်လက်အဝေးနှ ထမင်းဆုပ်က ဖုတ်ခနဲပြုတ်ကျသွား၏။ ရုတ်တရက်လန့် နိုးလာသည်။ သိပ်သည်းမည်းပိတ်မှောင်ပိန်းနေ၏။ အဝေးဆီမှ တောကြီးဒိးဒုတ်၏ အော်သံရှည်ကြီး စူးစူးဝါးဝါးကြားရ၏။ ခြုံစောင် ခေါင်းမြီးခြုံလိုက်သည်။

—— ◆ ——

# အခန်း (၄)

ကျွန်တော်အိပ်ရာနိုးလာချိန် ဆရာကိုသက်မင်း၊ စာရေးမောင်တင်၊ စာရေးကိုထန်လောတို့ အိပ်ကောင်းတုန်းပင်ရှိသေး၏။ ချင်းရိုးရာအိမ်များ၌ ညသည်အိပ်ခန်းသည် အိမ်မ ဝင်ပေါက်အနီးသီးခြားအခန်းငယ်ဖြစ်၏။ အိပ်ရန်ခုံ၊ ကုတင်ဟူ၍မရှိဘဲ ရဲရဲနီသောကြိမ်ဖျာချောကြီးများကို ခန်းလုံးပြည့်ခင်းထားသည်။ ခေါင်းရင်း၌ ကြိမ်းပြင်နှင့်ကပ်လျက် တစ်ပေါက်တည်းသော တွန်းရွှေ့ဖွင့်ရသည့် ပြတင်းပေါက်ငယ်ရှိသည်။ ရောင်နီသမ်းမသမ်း စူးစမ်းရန် ပြတင်းတံခါးကိုတွန်းဖွင့်လိုက်သည်။ အေးစက်လွန်းသော လေစိုင်အေးကြီးက ဝုန်းခနဲဆောင့်ဝင်လာ၏။ အလျင်စလိုနှင့်ဒိုင်းခနဲဆောင့်တွန်းပြန်ပိတ်လိုက်ရ၏။ အသံကျယ်ကြောင့် အားလုံးနိုးကုန်ကြတော့၏။

'ကိုကြီးချစ်၊ အစောကြီးထတော့မလို့လား၊ အခုမှ အရုဏ်ဦးအရောင်ရှိသေးတယ်၊ ရောင်နီမလာသေးဘူး၊ တအားအေးတုန်း'

ဆူညံသံကြောင့် နိုးလာသည့်ကိုထန်လောက နှုတ်ဆက်၏။

'ဟော့လူ- မင်း ညက ခါးလီ ဒီမှာ ထမင်းလာခွံ့မယ်ဆို'

www.burmeseclassic.com

www.burmeseclassic.com



'ခါးလီလား၊ ဘကြီးညီအိမ်မှာ ဆရာဦးသက်မင်းတို့ကို ပြင်ဆင်ကျွေးမွေးနေရတယ်လေ၊ ဒီနေ့နံနက်စောစော သူ့အိမ်မှာ ကျွေးမှာ၊ တောင်ယာဆတ်ဆန်မွှေး ကောက်ညှင်းပေါင်းထားမယ်၊ မှိုဖြူလေးဟင်းချိုချက်ထားမယ်တဲ့၊ လယ်ဆန်ကောင်ညှင်းပေါင်းထက် လယ်ဆန်ကောက်ညှင်းပေါင်းက အပုံကြီးပိုကောင်းတယ်ဆရာ'

ဆရာကိုသက်မင်းကလည်း အိပ်ရာထဲကပင် လှမ်းနှုတ်ဆက်၏။

ညက ကျွန်တော်တို့စကားပြောကောင်းနေကြလို့ မခါးလီက အတော်စကားပြောကောင်းသူကလေးပဲ၊ ပြန်ရောက်ကြတော့ ခင်ဗျား အိပ်ပျော်နေပြီ'

'အေးကွာ ထမင်းစားများသွားတယ်ကွ ဒါနဲ့ အစည်းအဝေး ဘယ်ချိန်ချိန်းထားလဲ'

'ရွာလူကြီးပြောတာက တောင်ယာထဲ သွားနေတဲ့လူတွေ ညကမှပြန်မှာရတာတဲ့၊ နေ့ခင်းစာစားချိန်လောက်ပဲ အစောဆုံးပြန်ရောက်နိုင်ကြမယ်၊ စားပြီး တွေ့ကြမယ်ပြောတာပဲ'

'ကောင်းပါတယ်၊ တောင်ပေါ်ရွာတွေက နေ့ခင်းစာစားချိန် စောတတ်ပါတယ်'

'ဘုန်း ဘုန်း ဘုန်း ဒုန်း ဒုန်း'

စောင်ခြုံထဲကမထွက် စကားပြောနေကြစဉ် အိမ်မကြီးထဲမှ ထုရိုက်သံထွက်လာသည်။ ရွာကလေး၏ နံနက်လင်းစ ကြားနေကျ



အသံဖြစ်၏။ ဝါးနှီးတံမြက်စည်းဖြင့် အိမ်ကြမ်းခင်းနံရံတို့ကို ထုရိုက်လှည်းကျင်းသံဖြစ်သည်၊ သို့ကြောင့်လည်း အခင်းအကာ ဝါးကျောများ ထာဝစဉ်တောက်ပြောင်သန့်စင် နီလွင်နေခြင်းဖြစ်၏။ သင်အိပ်စက်နေ၍ အားနာစောင့်ဆိုင်းနေမည်မဟုတ်၊ အလုပ်နှင့်လက် ဖယ်စက်ရသည်ဖြစ်၍ ထုချိန်ရောက်လျှင် ထုမည်သာတည်း။ ဤကား နတ်မတောင် နယ်အထက်ပိုင်းဒေသ၏ မလေ့သဘာဝဖြစ်၏။

'ရွာမှာ ကြမ်းခင်းဖုန်ခါသန့်ရှင်းသံက လူတိုင်းအိပ်ရာထဖို့ အချက်ပေးသံပဲ၊ နာရီနှိုးစက်မလိုဘူး'

ကိုထန်လော၏အဆိုကို ထောက်ခံလိုက်၏။

'မှန်တာပေါ့၊ ဒီချိန် ခါးလီတို့လည်း အိပ်ရာထ ဆတ်မွှေး ကောက်ညှင်းပေါင်းလောက်ပြီ'

'ကိုကြီးချစ်ကလည်း တစ်ချိန်လုံး ခါးလီနေတော့တာပဲ၊ သူတို့က ကြက်အိပ်ကြက်နိုးတွေ၊ ရက်ကန်းတစ်ဖောင်တောင်ပြီးနေလောက်ပြီ။ နံနက်စောစာစားဖို့ သူလာခေါ်မှာ၊ နေရောင်လာမှ စမ်းချောင်းထဲမျက်နှာသစ် သွားကြမယ်၊ ဒီရွာက နေထွက်စောတယ်၊ နေ့လယ်ကျမှ ရေချိုးလို့ရမယ်'

တောင်ထိပ်ဒေသ ရောင်နီသမ်းစ သဘာဝကားလောက အာလုံး ရွှေရည်ဖုံးလျက်ရှိနေ၏။ အထွေထွေအထူးထူးသော တေးဆိုငှက်များ၏ တေးသံသာများ စီစီညံညံကြားရ၏။ နေရောင် အတန်ရင့်မှ ချောင်းထဲဆင်းလာခဲ့ကြ၏။ဝန်းကျင်တခွင်မြေကြည့်

www.burmeseclassic.com

www.burmeseclassic.com

သည်။ အခြားရွာများကို လအိပ်တောင်မှ ငုံ့ကြည့်ရသည့်သဘော ရှိ၏။ တောင်ရိပ်ဖုံး၍ မှောင်နေဆဲရှိ၏။ တောင်ကြားထဲရှိ အအေးလွန်ရွာအချို့သည် လအိပ်တောင်ရွာ နေမွန်းတည့်မှ နေထွက်သည်ဟု ဆိုကြ၏။ လအိပ်တောင်ရွာကလေး၏ အားသာချက်မှာ ရွာသားတို့အဆိုအတိုင်း အမှန်အကန်ပင်ဖြစ်၏။ လအိပ်တောင်ရွာကလေးသည် အခြားရွာများ မိုးမလင်းမီ နေခြည်နွေးနှင့်တွေ့ဖက်ရသည်။ ဝန်းကျင်ရွာများ နေဝင်မိုးချုပ်သွားသော်လည်း ဆည်းဆာနေခြည်နွေးသည် လအိပ်တောင်ရွာကို အချိန်မြင့်ကြာ ဖက်နမ်းနှုတ်ဆက်၊ လင်းလက်နေဆဲရှိနေတတ်၏။ နေထွက်စောသည့် တောင်ထိပ်တောဖြစ်၍ တောတောင်ကျေးသား၊ ကျင်လည်သွားလာဆုံရာစုရပ်ဖြစ်၏။ မဆိုးလုပ်စား လအိပ်တောင်ရွာသားများအတွက် သဘာဝလက်ဆောင်ဟင်းစားမပြတ်။ နေ့ဝင်နောက်ကျ ကြာရှည်အလင်းရ၍ ယာခင်းလုပ်ခွင်တွင်ကျယ်သည်။ လအိပ်တောင်ရွာကလေး၏ အထူးအားသာချက်ကား တောင်ပေါ်မြက်ခင်းပေါ်များ၍ နွားနောက်ထွန်းကားသည်။ အားနည်းချက်မှာ မရှိမဖြစ်သောက်သုံးရေသည်ပင်လျှင် တောင်အောက်မှာသာရှိသည်ဖြစ်၍ အချိန်နှင့်အမျှ လွယ်ပိုးထမ်းတင်နေရသည်။ တောင်အောက်ယာခင်းအဆင်းခက်ခက် အတက်ကြမ်းကြမ်းနှင့် ထာဝစဉ်နပန်းလုံးနေရ၏ ဤကား နိစ္စဓူဝဘဝတည်း။ ဤနတ်မတောင်ဒေသသားတို့သည် ကိုလိုနီကာလ အမှောင်ချခြင်းခံခဲ့ကြရ၍ အရေးအဖတ်တတ်မြောက်သူ မရှိသလောက်ဖြစ်ကြခြင်း၌ကား တူညီကြသည်။ ရေမိုးသန့်စင်ပြီး အိမ်ပေါ်ပြန်တက်သွားကြချိန်၊ ခါးလီအသင့်ရောက်စောင့်နေ၏။

'ကိုကြီးချစ်တို့ ချောင်းထဲဆင်းတာစောလှချည်လား၊ အိမ်မှာမျက်နှာသစ်ဖို့ ကျွန်မရေနွေးစပ်ထားပေးတယ်ရှင့်၊ မျက်နှာသစ် ဆတ်မွေးပေါင်းစားရအောင်လို့ စောစောလာခေါ်တာ၊ ကိုကြီးချစ်က ကျွန်မကိုမသိပေမယ့် ကျွန်မ ကိုကြီးချစ်ကိုသိပါတယ်ရှင့်၊ ကျွန်မ ကန်ပက်လက် အထက်တန်းကျောင်းလာတက်တော့ ကိုကြီးချစ်က ဆောမြို့အထက်တန်းကျောင်းမှာဆယ်တန်းတက်နေပြီလေ'

မျိုးနွယ်စု ထုံးဓလေ့အရ 'ကိုကြီး' တပ်၍ခေါ်ခြင်းဖြစ်၏

'ဟုတ်တယ်ညီမလေးခါးလီ၊ ကိုကြီးက အလယ်တန်းကတည်းက ဆောကျောင်းမှာသွားနေလိုက်တာ၊ ယောနယ်မှာ ပျော်တော့တောင်ပေါ်ရွာကိုလည်းပြန်ခဲ့တယ်၊ ဒါကြောင့် ညီမလေးတို့ ကန်ပက်လက်ကျောင်းလာတက်တာကို မသိလိုက်တာ'

'အခုတော့ သိပြီပေါ့ရှင်'

ခါလီကား သွက်လက်ချက်ချာသူကလေးဖြစ်ကြောင်း ထင်ရှားသည်။ တကယ်မြင်တွေ့တော့လည်း အိပ်မက်ထဲက ပတ်ခြာလည် လှည့်ကနေသည့် အိန္ဒိယရုပ်ရှင်မင်းသမီးငယ်နှင့် မတူရေချေမတူပါ။ နဖူးမမောက်၊ နှာခေါင်းမချွန်၊ ဆေးနီစက်မတို့၊ ချင်းရက်

www.burmeseclassic.com

www.burmeseclassic.com



ထည်သာ ဝတ်ဆင်သည်ဖြစ်၍ ပါးလွှားနေခြင်းမရှိ၊ နတ်မတောင်နယ်သူတို့၏ ပုံမှန်အရပ်အမောင်း၊ မဆူမကြဲ့မနိမ့်မမြင့်၊ ရုတ်တရက်မှတ်မိစေသည့် ထူးခြားချက်ကတော့ အထင်အရှားရှိ၏။ ဘယ်မေးရိုးပေါ်မှ မှည့်နက်ဝိုင်းကလေးသည် ပြုံးရယ်လိုက်တိုင်း ရွေ့လျားလှုပ်ရှားရှိနေသည်ဟု မြင်ရ၏။ မျက်တောင်ကော့ပုံများက အတုတပ်ထားသည့်အလား အဘယ်တောင်ပေါ်သူမှ မျက်တောင်အတုနှင့်မနိုင်။ မျက်တောင်ခတ်လိုက်တိုင်း ဖျတ်ခနဲလင်းလက်သွားသည် ထင်ရ၏။ သူကြည့်ရာသို့ ကိုယ်ပါရောယောင်ကြည့်မိ၏။ လက်မောင်းအိုးနှစ်ဖက်သည် ဖြောင့်စင်းသွယ်လျ ပြည့်တင်းလှ၏။ ရက်ကန်းရက်ခတ်မရပ်မနားလှုပ်ရှားရသည့် ဘဝပေးလေ့ကျင့်ခန်းကြောင့် ထင်၏။

'ကိုကြီးချစ်တို့၊ ဆရာသက်တို့ရှင့်၊ ကျွန်မဦးလေး ဝင်ခေါ်လိုက်ဦးမယ်၊ တစ်ခါတည်းသွားလိုက်ကြစို့ရှင်'

ကျွန်တော် မည်မျှကြာအောင် စူးစိုက်ကြည့်နေမိသည်မသိ အကြည့်စူးရဲကို အလိမ္မာဖြင့်ရှောင်လွှဲရင်း ရှေ့ဆောင်လမ်းပြခေါ်သွားလေ၏။ အိမ်ပေါ်တက်သွားကြလျှင် ခါးလီဖခင် ဦးထန်းအောင်က ပခုံးဖက်လာကြိုသည်။ ဦးထန်းအောင်မှာ အတော်ပင်ချောင်ကျချည့်နဲ့နေ၏။ အိမ်ကတော့ ရှေးရိုးရာအိမ်ကြီးမျိုး ဖြစ်၏။ အပြားကြီးမားလှသည့် အိမ်တိုင်ပြားကြီးများ စိုက်ထူထားသည်။ ဧရာမသစ်မာပင်ကြီးများကို လူတစ်ကိုယ်စာ ပုန်းကွယ်နိုင်အောင် နှစ်ဖက်ရွှေပြီး အဖျားမြေစိုက်တိုင်ထူရသည်။ အိမ်တိုင်ပြားတွင် ချောင်း



ကြည့်ပေါက်၊ မြားတင်စင်၊ လှံထည့်ခွက်တို့ ထွင်းထား၏။ အိမ်တိုင်ပြားလှံထည့်ခွက်၌ လှံတို၊ လှံရှည် ဘေးတစ်ဖက်စီ၌ အသင့်ထည့်မြှုပ်ထားရှိ၏။ စစ်ရေးအမြင်ဖြင့်ဆောက်လုပ်သည့် အိမ်မျိုးဖြစ်သည်။ ဩဇာကြီးမားပြည့်စုံသူများသာ သစ်ဖျားမြေစိုက်၊ တိုင်ပြားအိမ်ကြီးများဆောက်လုပ်နိုင်ကြသည်။ အိမ်ကြီး၏ဝင်ပေါက်ဘက်အပြင်ဘက်နံရံ၌နွားနောက်ဦးခေါင်းခွံများ၊ တောကောင်သတ္တဝါဦးချိုများ အထပ်ထပ်စီကပ်ထားသည်မှာ ပွဲတော်ကျင်းပ၊ အလှူဒါနမည်မျှပြုခဲ့ပြီးကြောင်း သက်သေမှတ်တမ်းဖြစ်၏။

'တူလေးနဲ့ဦးလေးတို့က တောင်ပေါ်တောင်အောက်နေကြပေမယ့်၊ အလွယ်တကူတွေ့ကြရတာမဟုတ်ဘူး၊ တူလေးရဲ့အဘိုး ဘကြီးထွန်း ရှိတုန်းကတော့ ဦးလေးလည်း ငယ်ရွယ်ကျန်းမာကာကလေးကလည်းလိုက်တုန်းဆိုတော့ နွားနောက်မွေးတာတအားဖြစ်ထွန်းခဲ့တာ'

'ဟုတ်ကဲ့ဦးလေး၊ ဒီခေတ်မှာတော့ ဒီနယ်မှာ ဆယ်ရွာသွားလို့ဦးလေးရဲ့ ရှေးအိမ်မျိုးတစ်အိမ်တွေ့ဖို့မလွယ်တော့ဘူး'

ဒါကြောင့်လည်း ဒီလိုအိမ်မျိုးဆောက်ခဲ့တာ၊ အဲဒီတုန်းက ဒီနယ်မှာတူလေးအဘိုးကလည်း ထိတ်ထိတ်ကြဲကြီး ရိုးရာပွဲတော်ကြီးတွေလုပ်ဖို့ ဦးလေးနွားနောက်တွေကိုပဲ အများဆုံးဝယ်ခဲ့တာ၊ မိတ်ဆွေရင်းခြာတွေပေါ့ကွယ်'

'ဟုတ်ကဲ့ဦးလေး၊ အဘိုးက နွားနောက်တွေ ရာချီသည်ပြီးပွဲတော်ကြီးတွေ လုပ်ခဲ့တယ်ပြောကြတာပဲ၊ ကျွန်တော်မမီလိုက်ပါဘူး

www.burmeseclassic.com

www.burmeseclassic.com

နွားနောက်တွေ ချည်သတ်တဲ့ နတ်တိုင်တွေတော့ အများကြီးရှိပါသေးတယ်၊ ဒီလိုပဲ လှည့်ပတ်ဝယ်ပြီး သတ်တာနေမှာ'

'ဝယ်လည်းဝယ်ပေါ့လေ၊ သူပိုင်နွားနောက်ကလည်း အလွန်ပွားများတာ၊ **နွားနောက်ဆိုတာမျိုးက အနှစ်သုံးဆယ်နီးပါး တစ်နှစ်တစ်သားမွေးဖွားနေတော့ စားကျက်မြေအကျယ်ကြီး ရှိတဲ့ သူ့အတွက် ဘယ်နည်းပါးလိမ့်မလဲ၊ အင်္ဂလိပ်အစိုးရကလည်း ဘယ်မှမသွားရ မလာရပိတ်ပင်ထားခဲ့တော့ အရောင်းအဝယ် စီးပွား ရေးလည်း မလုပ်ကြရနဲ့** ဦးလေးကမျိုးဆက်အမွေခံ သားယောကျ်ားလည်း မထွန်းကား၊ နွားနောက်၊ ကျွဲ၊ နွား ပစ္စည်းဥစ္စာဆိုလို့ တစ်ပြားမှ မရှိတော့ပါဘူးကွယ်။ အိမ်ထဲဝင်ကြည့်လိုက်ပါဦး'

အိမ်ထဲဝင်သွားလျှင် ဆတ်မွှေးကောက်ညှင်းပေါင်းရနံ့က သင်းပျံ့နေသည်။ မခါးလီက မြန်မာထမင်းဝိုင်းအတိုင်း ပြင်ဆင်ထား၏။ စားသောက်ရင်း သတိရသည့်အချက်မေးမြန်းရ၏။

'ညီမလေးခါးလီက ကိုးတန်းအထိ ကျောင်းသွားတက်ခဲ့တာပဲ၊ ဘာဖြစ်လို့ ကျောင်းပြီးအောင်မနေရတာလဲ'

'နေချင်တာပေါ့ရှင်၊ ကျွန်မတို့ညီအစ်မနှစ်ယောက်ထဲရှိတာ၊ အဖေက မျိုးဆက်ယောကျ်ားလေးရအောင်ဆိုပြီး ရှိသမျှနွားနောက်ပုံအောပြီး မိန်းမယူတယ်လေ၊ ဘာကလေးမှ မမွေးခဲ့ရဘဲ ဆုံးသွားတယ်၊ ကျွန်မ ကိုးတန်းနှစ်မှာ၊ အဲဒီနှစ်ကစပြီး အဖေ ကျန်းမာရေးမကောင်း နာလန်မထူတော့တာဒီနေ့ထိပါပဲ၊ အစ်မ



မလိုင်ထန်းကလည်း တခြားရွာမှာ အိမ်ထောင်နဲ့ဆိုတော့ ကျွန်မပဲ ပြန်ကြည့်ရတာပေါ့ရှင်'

ချင်းလူမျိုးများသည် သားယောကျ်ားမထွန်းကားလျှင် မျိုးနွယ်ဆက်ပြတ်၍ မျိုးတုံးပြီဟုယူစွဲသည်။ သမီးကိုကား မျိုးနွယ်ဆက်အဖြစ် မသတ်မှတ်၊ အမွေပေးခြင်းလည်း မရှိချေ။ မိဘသည် အိမ်ထောင်ကျပြီးသည့်သမီးအိမ်၌ နေခွင့်၊ သေခွင့်လည်းမရှိကြ။

'ဒါနဲ့ညီမလေး အထည်ရက်တာ ရောင်းကောင်းရဲ့လား'

'သင့်တယ်ဆိုရမှာပေါ့ရှင်၊ ရိုးရာပွဲတွေမှာ အသစ်ဝတ်ရတော့ ဝယ်ကြပါတယ်၊ အများအားဖြင့်တော့ ဆိတ်၊ ဝက်၊ ပြောင်းဖူး စပါး အဲဒါတွေနဲ့လဲလှယ်ရတာပေါ့ရှင်၊ အခုသူများတွေပြောတာလေ နိုင်ငံတော်က နတ်မတောင်သဘာဝထိန်းသိမ်းရေးတွေ လုပ်နေတယ်၊ နိုင်ငံခြားသားတွေ မကြာခဏလာကြမယ်ပြောကြတယ်၊ ရိုးရာမပျက်အောင် အဆင်ဆန်းလေးတွေထည့်ရက်ပြီး နိုင်ငံခြားသားတွေကို ရက်ထည်လေးတွေရောင်းဖို့ ကျွန်မစိတ်ကူးရှိတယ်၊ အဆက်အသွယ်တော့ မရှိသေးဘူးရှင့်'

'ညီမလေးစိတ်ကူး အရမ်းကောင်းတာပဲ၊ နတ်မတောင်ကို နိုင်ငံခြားသားတွေ ပွင့်လင်းရာသီမှာ အဝင်အထွက် စရှိနေပါပြီ၊ နောင်ကို ကမ္ဘာလှည့်ခရီးသွား ဇရိယာဖြစ်လာမှာ၊ အခုကတည်းက ပြင်ဆင်ထားပေတော့'

www.burmeseclassic.com

 www.burmeseclassic.com

'အဲဒါကြောင့် ကျွန်မ ကိုကြီးချစ်ကို အကူအညီတောင်းချင်တာ၊ နိုင်ငံတော်က နွားနောက်မွေးမြူရေးချေးငွေတွေပေးရင် ကျွန်မလည်းရချင်ပါတယ်၊ ချေးငွေရမယ့်စာရင်းထဲ ထည့်ပေးဖို့ ပြောချင်ပါတယ်ရှင်၊ ကျွန်မတကယ်ဖြစ်အောင် မွေးမှာပါရှင်'

တစ်စုံတစ်ရာ ပြန်လည်ပြောဆိုတတ်ခြင်းမရှိပါ။ ချင်းဘာသာစကားဖြင့် ပြောဆိုနေကြခြင်းဖြစ်၍ ဆရာကိုသက်မင်းလည်း သိရှိနိုင်မည်မဟုတ်။ မည်သို့ဆိုစေ၊ နွားနောက်ချေးငွေဖြင့် ပိုးချည်ဝယ်ပြီး အထည်ရက်လုပ်နေ၍တော့ ဖြစ်မည်မဟုတ်။ အတန်ကြာဆွံ့အနေရာမှ သင့်သလိုပြန်ပြောလိုက်ရ၏။

'နေ့လယ်အစည်းအဝေးကို ညီမလေးခါးလီ ကိုယ်တိုင်လာတက်လိုက်နော်၊ အသေးစိတ်အချက်တွေကို ဆရာကိုသက်မင်းရှင်းပြမှာ၊ ပိုက်ဆံထုတ်ချေးမှာလည်း သူတို့ဌာနပဲ'

ဆတ်မွေးကောက်ညှင်းပေါင်း အဝတီးပြီး စကားလှအောင်ဖြီးခဲ့ရလေ၏။ ရင်ထဲမှာတော့ မရေရာသည့် ဝေဒနာတစ်ခု အဖော်ပြုလျက် ပြန်ထွက်လာခဲ့၏။

— ❋ —

## အခန်း (၅)

ရွာသားများ နေ့ခင်းစာစားပြီးမှ အစည်းအဝေးစမည်။ အစောပိုင်းအားလပ်ချိန် မိဘတို့၏ ဆွေမျိုးဟောင်းများ နှုတ်ဆက်ရွာထဲထွက်ခဲ့၏။ ကိုသက်ကလည်း အိမ်ထောင်မိသားစုများ၏ လူမှုစီးပွားဘဝလေ့လာရေး လိုက်ပါလာသည်။ ဘကြီးအိမ်မှထွက်ခဲ့၍ ရွာလယ်သစ်ပင်ကြီးနားအရောက် ကိုသက်က-

'ကိုချစ်၊ ညက မခါးလီကပြောတယ်။ သူ့အဖေက ဟိုတုန်းက နွားနောက်အများကြီး ပိုင်ဖူးတယ်၊ သူက ငယ်ငယ်ကတည်းက နွားနောက်နဲ့ ယဉ်ပါးပြီးသားတဲ့၊ နွားနောက်ကို ကောင်းကောင်းကိုင်တွယ်တတ်တယ်ပြောတယ်။ နွားနောက်ချေးငွေရချင်လို့တဲ့ဗျာ၊ အဲဒါ ဆရာချစ်ကို ပြောပါလို့ ပြောလိုက်ရတယ်'

'ဒါကြောင့်ကိုး မနက်က ကောက်ညှင်းပေါင်းစားနေတုန်းသူ ကျွန်တော့်ကိုပြောနေတာ တစ်ခုတော့ရှိတယ်၊ ဒီနယ်မှာက အစဉ်အဆက်ကတည်းက မိန်းမပျိုတွေ ကိုယ်ပိုင်နွားနောက်မွေးတဲ့ အစဉ်အလာမရှိဘူး'

www.burmeseclassic.com

www.burmeseclassic.com



ရှေးအခါက နတ်မတောင်နယ် ချင်းတိုင်းရင်းသားတို့တွင် လူလွတ်မိန်းကလေးများ ကိုယ်ပိုင်နွားနောက် မွေးမြူနိုင်ခွင့်မရှိခဲ့ပါ။ နွားနောက်သည် ခွန်အားကြီးသည့် သတ္တဝါဖြစ်၍ ထိန်းသိမ်းရန် ခက်ခဲခြင်း၊ တောတောင်အနှံ့လှည့်လည်၍ စိုင်၊ ပြောင်တို့နှင့် မျိုးစပ်သဖြင့် လိုက်လံထိန်းသိမ်းရန် မိန်းကလေးများအတွက် မဖြစ်နိုင်ခြင်း၊ စိုင်၊ ပြောင်တို့နှင့် မျိုးစပ်ရအပ်သော နွားနောက်သားငယ်များသည် ခွဲမရအောင် ဆင်တူကြသဖြင့် သူပိုင်ကိုယ်ပိုင် အငြင်းပွားလေ့ရှိခြင်း၊ မရှင်းနိုင်သည့် အငြင်းပွားမှုများတွင် စိုင်၊ ပြောင် လိုက်လံသတ်ဖြတ်နိုင်သူ ပိုင်စေဟူသော စီရင်ထုံးများရှိခဲ့ခြင်းကြောင့် မိန်းကလေးများ ကိုယ်ပိုင်နွားနောက်မွေးမြူရန် အခွင့်မရှိခဲ့ကြောင်း ရှင်းပြရ၏။

'ဒါကတော့ ရှေးတုန်းက အယူအစွဲ အခြေအနေတွေပေါ့ဗျာ လွှတ်ကျောင်းမွေးမြူရေးစနစ်ကိုး၊ အခုချိန်မှာလည်း လွှတ်ကျောင်းစနစ်ပဲရှိနေသေးတယ်၊ ခြံလှောင်စနစ်တွေ ထူထောင်လာနိုင်မယ်ဆိုရင် ဒီခေတ်ကြီးထဲမှာတော့ မိန်းကလေးတွေ မစွမ်းဆောင်နိုင်တဲ့အရာမရှိပါဘူး'

'အဲဒီတော့ ကိုချစ်က မခါးလီကို နွားနောက်ချေးငွေစာရင်းတင်တဲ့အထဲပါစေချင်တယ်ပေါ့၊ ဒီလိုလား'

'ဒီလိုလည်း မဟုတ်သေးပါဘူး၊ ချမှတ်ပေးတဲ့စည်းကမ်းချက်နဲ့လည်း ညီညွတ်ဦးမှကိုးဗျ၊ ဘာကိုကြိုတွေးထားရမလဲဆိုတော့ နွားနေဒက်ချေးငွေချေးမယ်၊ အမြတ်ရလွယ်တဲ့ စီးပွားရေး



လုပ်ငန်းလုပ်မယ်၊ ချေးငွေကို အေးဆေးဆပ်သွားမယ်၊ နွားနောက်ပြပါဆိုတော့ ဆွေမျိုးနွားနောက်ကို အလွယ်တကူလက်ညှိုးထိုးပြမယ်၊ ဒီလိုစည်းဝါးရိုက်ထားတာမျိုးတွေ မဖြစ်ဖို့ပေါ့ဗျာ။ မူလရည်ရွယ်ချက်က နွားနောက်ကောင်ရေ အမှန်တကယ်တိုးပွားများပြားလာရေးပဲလေ'

'ဟုတ်တယ်ကိုချစ်၊ မူလရည်ရွယ်ချက်ကနေ လမ်းချော်သွားနိုင်မယ့်ဟာမျိုးတော့ ကြိုတင်တားဆီးကြမှဖြစ်မယ်'

စကားပြောရင်း တစ်အိမ်တက်ဆင်း လိုက်လံမိတ်ဆက်နှုတ်ဆက်စကားပြောသည်။ ကျွန်တော့်အဘိုးကို သတိတရပြောဆိုမေးမြန်းကြခြင်း၊ ပြန်လည်ပြောပြကြခြင်းများသာရှိပြီး အဖေကိုတော့ ကောင်းစွာသိရှိရင်းနှီးသူပင် မရှိလှချေ။ ဤကားနွားနောက်အမြောက်အမြား ပိုင်ဆိုင်သတ်ဖြတ်ခဲ့ခြင်း၏ ဩဇာသက်ရောက်မှုဖြစ်သည်။ သုံးအိမ်မျှသာနှုတ်ဆက်ရသေးသည်။ အစည်းအဝေးချိန်းဆိုချိန်ရောက်သဖြင့် စကားဖြတ်ခဲ့ရ၏။

ဘကြီးဦးအောင်လော၏နေအိမ်အစည်းအဝေးသို့ အထူးအဆန်းသဖွယ်လာရောက်သူ ကလေးလူကြီး အပြည့်အကျပ်။ ဤနယ်အတွက် ထူးခြားသော သတင်းစကားဖြစ်၍ စိတ်ဝင်တစားလာရောက်နားထောင်ကြခြင်းဖြစ်၏။ လူတိုင်း၏မျက်နှာပြင်၌ လန်းရွှင်သည့်အပြုံးရိပ်ဆင်ထားသည်။ မျက်လုံးများလည်းလင်းလက်တောက်ပနေကြ၏။ နိုင်ငံတော်က နွားနောက်တိုးချဲ့မွေးမြူရေး

www.burmeseclassic.com

www.burmeseclassic.com

ချေးငွေထုတ်ချေးမည်ဆိုသည့် သတင်းကြောင့် နွားနောက်အဓိက လူမှုဘဝကျင်လည်ရသည့် လအိပ်တောင်ရွာသားများသည် မျက်နှာရွှင်ပြုံး နှလုံးချမ်းမြေ့ရေတွေ့ကြာနှယ်ရှိကြ၏။ အစည်းအဝေးထုံးစံအတိုင်း ပဏာမမိတ်ဆက်စကားပြောရ၏။

'ကျွန်တော်တို့ ချင်းလူမျိုးများဟာ နွားနောက်ကို အလွန်တန်ဖိုးထား ချစ်ခင်မြတ်နိုးသူများ ဖြစ်တယ်။ လူမှုဘဝကိစ္စကြီးငယ်မှန်သမျှ နွားနောက်နဲ့ပဲ တိုင်းတာသတ်မှတ် ဆုံးဖြတ်ကြတယ်။ နွားနောက်အဓိက လူမှုဘဝကျင်လည်ကြတဲ့လူမျိုး ဖြစ်ကြတယ်။ ကျွန်တော်တို့နေတဲ့ ဒေသကလည်း နွားနောက်မွေးမြူဖို့ အကောင်းဆုံးတောတောင်ရေမြေ ဖြစ်တယ်။ ဖြစ်သလို လွှတ်ကျောင်းမွေးခဲ့ကြလို့ အကျိုးဖြစ်ထွန်းသင့်သလောက် မဖြစ်ထွန်းကြတဲ့အပြင် ပြဿနာဆိုးကျိုးအမျိုးမျိုး ကြုံတွေ့ကြရတာလည်းရှိတယ်၊ သိပ္ပံနည်းကျ စနစ်တကျ တိုးချဲ့မွေးမြူကြရင် အချိန်အနည်းငယ်အတွင်းမှာပဲ နွားနောက်တိုးပွားလာမှာ ဖြစ်တယ်၊ တို့ချင်းလူမျိုးများရဲ့ ရှေးအယူအစွဲကိုက နွားနောက် တိုးပွားလာတာဟာ ကံဇာတာတိုးတက်လာတယ်လို့ ယူစွဲခဲ့ကြတယ်။ ကံတက်လာတယ်ဆိုတာ စီးပွားဥစ္စာ ဖွံ့ဖြိုးတိုးတက်တာကို ခေါ်တာပဲ၊ အခု ကျွန်တော်တို့ ချင်းလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က တစ်ဖက်တစ်လမ်းက ထောက်ပံ့တဲ့အနေနဲ့ နွားနောက်ချေးငွေ ချေးပေးတာ ဖြစ်တယ်၊ ချေးငွေရသူက တကယ်ဖြစ်မြောက်တိုးပွားအောင် မွေးရမယ်၊ အခု အစည်းအဝေးဟာ နွားနောက်အတိုးပွားဆုံး မွေးမြူနိုင်မယ့်သူကို အားလုံးတိုင်ပင်ညီညွတ်ရွေးချယ်ကြတဲ့ပွဲပဲ၊ ကျွန်တော်က ပေါင်းစပ်ညှိနှိုင်းပေးသူသာဖြစ်ပါတယ်၊ မွေး/ကု တာဝန်ခံ ဆရာကိုသက်မင်းက တကယ်အလုပ်လုပ်ပေးမယ့်သူဖြစ်လို့ သိချင်တာ အသေးစိတ်မေးကြပါ၊ သူမေးသမျှကိုလည်း တိကျမှန်ကန်အောင် ဖြေပေးကြပါ'

အစည်းအဝေးကို အစဖျိုးပေးလိုက်သည်။ ဆရာကိုသက်မင်းနှင့် ရွာသားများ၏ ဆွေးနွေးပွဲကား အားတက်သရော ရှိလှ၏။ အခြေအနေအရပ်ရပ် သိရှိပြီးသည့် ဆရာသက်က အရေးကြီးအချက်များကိုသာ ထုတ်နုတ်ဆွေးနွေးသည်။

'မွေးမြူရေးဆိုတာ ကျွေးမွေးဖို့အဆင်ပြေပြီး ကုသရေးလွယ်ကူဖို့လိုပါတယ်၊ ဟိုတုန်းက ကိုယ်နေတဲ့နေအိမ်အောက်မှာ ခြံလှောင်မွေးကြတယ်လို့ သိရတယ်၊ အခန်းကျဉ်းထဲ လှောင်မွေးစနစ်က စီးပွားမဖြစ်နိုင်ပါဘူး၊ တတ်နိုင်သူတစ်ဦးချင်းကဖြစ်စေ၊ စုပေါင်းဖြစ်စေ ထောင်ချီတဲ့ မြေဧကအကျယ်ကြီးတွေမှာ ခြံလှောင်မွေးကြရင် တကယ်ထိရောက်အကျိုးများ စီးပွားဖြစ်ကြမှာ ဖြစ်ပါတယ်'

'အမလေးဆရာရယ်၊ ကျွန်တော်တို့ ချင်းတောင်မြေကြီးက တောင်တစ်တောင်ကို ရေချောင်းကြီးတစ်ချောင်း၊ ကမ်းပါးပြတ်ပေါင်းများစွာနဲ့ အပိုင်းပိုင်း အပြတ်ပြတ် ပိုင်းဖြတ်ထားတာ တစ်ဆက်တစ်စပ်တည်း မြေဧကအကျယ်ကြီး မရှိပါဘူး၊ ဟိုရွာပိုင်မြေ၊ ဒီရွာပိုင်မြေဆိုပြီး ကိုယ့်အပိုင်မြေနဲ့ ကိုယ်နေကြတာ၊ ကိုယ့်မျိုးနွယ် ကိုယ့်ရွာ

www.burmeseclassic.com

www.burmeseclassic.com

ပိုင်မြေပေါ်မျာပဲ မွေးကြရတာ တခြားရွာနယ်မြေ သွားကျူးလို့ မရဘူး'

လအိပ်တောင်ရွာလူကြီးအဖွဲ့ဝင် ကိုကြီးကီးအောင်၏ ရှင်းလင်းချက်ကို ငြင်းဆိုရန်မရှိပါ။ ဆရာသက်က သူ့စကား သူဆက်သည်။

'တစ်ဆက်တစ်စပ်တည်း မြေကွေအကျယ်ကြီး မရှိနိုင်တာက မှန်ပါတယ်၊ ဒါပေမဲ့ နွားနောက်ကို ပံရမ်းပတာလွှတ်ထားလို့တော့ ဈေးငွေနဲ့မွေးမြူရေးစီမံချက်နဲ့ မအပ်စပ်ပါဘူး၊ **ဘယ်စားကျက်က ဘယ်လောက်ကျယ်ကျယ်၊ ဘယ်နှစ်ကောင်ကျက်စားစေမယ်၊ အဲဒီလို နေရာအကွက်အကွင်းတွေရှာ၊ မြေကွက်အလိုက်စည်းရိုးကာ၊ ဘယ် အကွက်မှာတော့ဖြင့် ဘယ်သူတွေရဲ့အကောင် ထည့်မယ်၊ ဒီလို စာရင်းနဲ့ ရတာတ်သန္တေနေရာတွေမှာ အစုအဖွဲ့အလိုက် ထိန်းကျောင်း စနစ်ရှိမှ ဖြစ်မယ်၊** ဒါမှလည်း ကာကွယ်ဆေးထိုးကုသဖို့ အဆင် ပြေမယ်၊ ခြံနဲ့ဆိုရင် ကောင်းကောင်းလေ့ကျင့်ပေးလို့ရတယ်၊ အသား စားဖို့တင်မကဘဲ၊ တုံးဆွဲလယ်လုပ် အဟုတ်ကို ခိုင်းစားလို့ရတယ်၊ မယုံမရှိကြပါနဲ့၊ ကျွန်တော်တို့က ခိုင်းစားနိုင်တဲ့အဆင့်ကို ရည်မှန်း ပါတယ်'

'ခိုင်းစားနိုင်လို့ကတော့ တအားပေါ့ကွာ၊ တောင်ထိပ်ဘက် မှာသာ လယ်ထွန်ရလောက်အောင်ပြင်ပြန့် မရှိကြတာ၊ ရေချောင်း ဘေးနားခုံလေးတွေ မနည်းအရှိသား၊ လယ်မထွန်ခိုင်းနိုင်တောင်



အိမ်တိုင်ဆွဲခိုင်းရ နည်းတဲ့ကျေးဇူးလား၊ နွားနောက်ဆိုတာ ကျွဲနွားထက် ခွန်အားဆယ်ဆမကရှိတာ'

တစ်ယောက်တစ်ပေါက် ထောက်ခံကြသည်။ ခါးလီအဖေ ဦးထန်းအောင်ကလည်း နွားနောက်မွေး အတွေ့အကြုံကို ရှင်းပြ၏။

'ဆရာပြောတာက နွားနောက်တွေကို တောတစ်နေရာမှာ ပိတ်လှောင်ထားရမယ့်သဘော၊ ဒါဟာ ဖြစ်နိုင်ပါတယ်၊ ကောင်းပါ တယ်။ ဒါပေမဲ့ နွားနောက်ရဲ့ သဘောသဘာဝက လူကကိုယ့် နွားနောက်ကိုယ်မှတ်မိတာ မဟုတ်ဘူး။ နွားနောက်ကသာ ကိုယ့် သခင်ကိုယ်မှတ်မိပြီး သခင်ဆီ မှန်မှန်ပြန်လာတာ၊ နွားနောက်ဆို တာမျိုးက မွေးလာကတည်းက ကိုယ့်သားသမီးလို ဗေဒင်အသေ အချာတွက်ပြီး နာမည်မှည့်၊ ကိုယ့်တံတွေးနဲ့ ဆားရောပြီး ဆားခွံ့ ကင်ပွန်းတပ်ရတယ်၊ အဲဒါမှ သူ့နာမည်လည်း သူသိ၊ သခင်ကိုလည်း မှတ်မိတာ၊ အိမ်ပြန်မလာနိုင်အောင် တောမှာသွားလှောင်ထားရင် အဲဒါအခက်အခဲရှိတယ်

**အမှန်တော့ နွားနောက်များသည် ဆားကိုမက်မက်စက်စက် ကြိုက်နှစ်သက်ကြသဖြင့် ဆား မပြတ်ကျွေးသူထံ ခိုကပ်နေကြခြင်း ဖြစ်၏။** လအိပ်တောင်ရွာသို့ အစည်းအဝေးတက်လာသည့် လုံကောက်ရွာသားတစ်ယောက်က ထောက်ခံသည်။

'ဟုတ်ပါတယ်၊ ဒီနတ်မတောင်နယ်မှာက နွားနောက် အရောင်အသွေး သုံးမျိုးသုံးစားပဲရှိတယ်၊ အဖြူရောင်၊ အနက်ရောင်

www.burmeseclassic.com

www.burmeseclassic.com

နဲ့ ဖြူနက်ပြောက်ကျား ဒီသုံးစားပါပဲ၊ သူ့အရောင်နဲ့သူ အရောင် တူတာတွေဟာ ရုပ်ရည်တူကြပါတယ်။ တောတစ်နေရာမှာ သူ့ဟာ ကိုယ့်ဟာ စုပြုံသွားထားကြရင် မွေးလာတဲ့နွားနောက်ကလေး သူ့ဟာ ကိုယ့်ဟာခွဲဖို့ မလွယ်ဘူး'

သည်တစ်ခါတော့ ဘကြီး ဦးအောင်လောကိုယ်တိုင် ခပ်မာမာပင် ထပြော၏။

'ဟုတ်တော့ဟုတ်နိုင်တာပေါ့၊ ပိုင်ရှင်ပေါ်မှာပဲ မူတည်တယ်၊ ဒီအတိုင်း တောထဲသွားထားကြဖို့ မဟုတ်ဘူး၊ ချေးငွေချေးပြီး နွားနောက်မွေးတဲ့လူက ကိုယ့်နွားနောက်ကို မျက်စိအောက်က အပျောက်မခံကြည့်နေရမှာပဲ၊ နွားနောက်ဟာ သခင်ရဲ့အသံ၊ အနံ့ မှတ်မိတယ်၊ ခွေးများလိုပေါ့၊ တောလှောင်ခြံထဲမှာလည်း ကိုယ်ပိုင် တင်းကုပ် ရှိကြရမှာပဲ၊ အသံမှတ်မိအောင် အမြဲခေါ်နေရမယ်၊ အနံ့ မှတ်မိအောင် ဆားမပြတ်ခွံ့ကြရမှာပဲ၊ ကိုယ့်သခင်အိမ်ဖြစ်တဲ့ ကိုယ့် တင်းကုပ်ကို ပြန်လာကြမှာကြောင့် အမှားအယွင်းမရှိနိုင်ဘူး၊ အရင် တုန်းက ဦးထန်းအောင်ရဲ့ နွားနောက်ထီးလေး **"တိုးအောင်"** ကို မှတ်မိကြမှာပေါ့၊ သူများခေါ်ရင်မလာဘူး၊ ဦးထန်းအောင်က **"တိုးအောင်ရေ"** တစ်ချက်အော်လိုက်ရင် တန်းပြေးလာတာပဲ'

အားလုံးငြိမ်ကျသွားသည်။ ခေါင်းတညိတ်ညိတ်လည်း ရှိကြ၏။ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြလျှင် အချိန် ရှိတော့မည်မဟုတ်။ စီမံချက်ကိုသာ ချပြရှင်းလင်းရန် ဆရာသက်ကို လက်တို့ လိုက်ရ၏။

* 

## အခန်း (၆)

ကျေးရွာကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် သီးသန့်ထိုင် ခေါင်းချင်း ဆိုင်ကြသည်။ ယခုမှ လုပ်ငန်းစဉ်စပြီ ဆိုရမည်။ ဆရာကိုသက်က အသေးစိတ် ရှင်းပြ၏။

'ချေးငွေထုတ်ယူပြီးရင် အမှန်တကယ် တိုးပွားအောင် မွေးမြူနိုင်စွမ်းရှိတယ်လို့ အများက အာမခံနိုင်ချက်ရယ်၊ နဂိုသူ့ လက်ထဲမှာ မွေးမြူလက်စ အထီးအမ အကြီးအသေး အသက် အရွယ်လိုက် စာရင်းရယ် အတိအကျပြုစုကြမယ်၊ ဝိုင်းကြီးချုပ်စနစ်နဲ့ ချေးငှားမှာဖြစ်တဲ့အတွက် တစ်ယောက်နဲ့တစ်ယောက် အမှန်တကယ် အာမခံနိုင်သူများနဲ့ ဝိုင်းကြီးချုပ်ကြဖို့ ဒီစာရင်းကို အောက်ခြေ အဆင့်ဆင့်က အသေအချာ စိစစ်အတည်ပြုပြီး အထက်အဆင့်ဆင့် ကို တင်ပြရမှာ ဖြစ်ပါတယ်။ လအိပ်တောင်ရွာအနေနဲ့ ဆန်ခါတင် ရွေးချယ်ထားသူများ စာရင်းရပြီးရင် သူတို့ရဲ့လက်ရှိနွားနောက် အခြေအနေကို ဒီနေ့ညနေမှာပဲ ကျွန်တော်တို့ မျက်မြင်ကိုယ်တွေ့ လိုက်ကြည့်ကြမယ်'

ရွာလူကြီးအချင်းချင်း တီးတိုးတိုင်းပင်ကြသည်မှာ အချိန် များစွာကြာသည်။ စာရေးကိုထန်လောက တကုပ်ကုပ်ရေးမှတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ရှိ နွားနောက်မွေး တောင်သူများ၏ မွေးမြူပိုင်ဆိုင်မှု အရေအတွက်သည် မကွာခြားလှ။ ရွာ၏အိမ်ခြေဦးရေအရ အပိုင်နွားနောက်ရှိသူဦးရေက နည်းပါးသည်။ စာရင်းပြုစုပြီးချိန်၌ကား နေဝင်နီးခဲ့ပြီ။ ရွာလူကြီး ဘကြီးဦးအောင်လောက သူ့အဖွဲ့ဝင်များကို မှာကြား၏။

လအိပ်တောင်ရွာရဲ့နွားနောက်ကောင်ရေ စုစုပေါင်းက (၁၂၆) ကောင်ပဲရှိတယ်။ ကိုယ်ပိုင်နွားနောက်တိုးပွားဖို့ ချေးငွေတင်ကြတာ ဖြစ်ပေမယ့် ချေးငွေနဲ့နွားနောက် ဝယ်ကြပြီဆိုရင် ကိုယ့်ရွာသားအချင်းချင်း ရွာထဲက လှည့်ဝယ်တာကို ဘကြီးလက်မခံဘူး။ ရွာရဲ့နွားနောက် စုပေါင်းချုပ်စာရင်း တိုးတက်လာအောင် အခြားရွာကနွားနောက်ပဲ သွားဝယ်ကြရမယ်၊ နေပူပိုင်းရွာက နွားနောက်ဝယ်ရင်တော့ သေချာစစ်ဆေးကြဟေ့၊ ဒိတ်သမ်း ပါလာတတ်တယ်'

နေပူသည့်တောင်အောက် စမ်းရေများတွင် ဒိတ်ကောင်များ ရှိတတ်သည်။ စမ်းရေသောက်နွားနောက်များ၏ နှာခေါင်းထဲသို့ ဒိတ်ကောင်ဝင်သွားလျှင် အလွယ်တကူ ထွက်မလာတော့။ **နွားနောက်နှာခေါင်းထဲ ဒိတ်ကောင်ဝင်နေခြင်းကို ဒိတ်သမ်း သည်ဟု ခေါ်ကြ၏။** အခန့်မသင့်လျှင် လူပါဒိတ်သမ်းတတ်သည်။ တောင်တန်းပေါ်ရှိ စမ်းရေအိုင်များကို ပါးစပ်နှင့်ဟပ်၍ မသောက်ရန် ကလေးများကို သတိပေးလေ့ရှိကြ၏။ ဒိတ်သမ်းနွားနောက်သည် အဆက်မပြတ်နှာချေခြင်း၊ နှာရည်မျက်ရည်ယိုခြင်းကြောင့်



အစာစားရာ၌ များစွာ အနှောင့်အယှက်ဖြစ်သည်။ ဒိတ်သမ်းနွားနောက်ကို ဝိုင်းဝန်းချုပ်နှောင် နှာသီးဖျားကို ရေအေးပုံးထဲ နှစ်ထားနိုင်မှ ဒိတ်ကောင်များ ထွက်သွားတတ်သည်။ နွားနောက်များ ဒိတ်သမ်းချိန်တွင် အကိုင်အတွယ် မခံလိုကြ။ ဒိတ်သမ်းမည်ကို ပိုင်ရှင်များ အထူးစိုးရွံ့သည်။

'ဒါကြောင့် **"ဖြစ်ထွန်းမည့်နွားနောက် ဒိတ်မသမ်း၊ ကြီးပွားမည့်လူ စိတ်မရမ်းလို့ ချင်းစကားပုံ ရှိတာပေါ့"** ဘကြီး၊ ဒါနဲ့ဘကြီးတကယ်လို့ ချေးငွေလေးဘာလေးရရင် လုံကောက်ရွာဘက်မှာ အထီးလေးတစ်ကောင် သွားဝယ်ချင်ပါတယ်၊ ကျွန်တော့ဆီမှာ အမလေးတွေများပါတယ်၊ အထီးလေးပြတ်သွားလို့' ကိုကြီးကီးအောင် ပြောမဆုံးမီပင် ဘကြီးက အော်ငေါက်လေ၏။

'မင်းနွားနောက်အထီးက ဘယ်လိုကလေးမွေးမလဲ၊ ဖိုးတင်အရွယ် နွားနောက်မလေးတွေပဲ ဝယ်မွေးကြဖို့ ငါကပြောနေတာ'

'နွားနောက်မိသားတစ်စုမှာ အထီးလည်းရှိမှ ဘကြီးရဲ့အထီးတစ်ကောင်ဆို အမနှစ်ကောင်လောက် တန်ဖိုးရှိနေတာ'

ကိုကြီးကီးအောင်စကားမှန်သည်။ နွားနောက်များသည် နေဝင်မိုးချုပ်လျှင် သခင်အိမ်သို့ စုစုစည်းစည်း ပြန်လာကြသည်။ မိသားတစ်စုသဖွယ်ဖြစ်၏။ ထိုအုပ်ကို ဦးစီးမည့် နွားနောက်ထီးလည်း အမှန်တကယ် လိုအပ်သည်။ နတ်မတောင်နယ်သားတို့၏ လဲလှယ်ငွေနှုန်းအရ နွားနောက်ထီးတစ်ကောင်သည် အမအငယ်နှစ်ကောင်နှင့် ညီသည်။

www.burmeseclassic.com

 www.burmeseclassic.com

'မင်း ချေးငွေရမှ ရစမ်းပါစေဦးကွာ၊ တခြားရွာက နွား နောက်ထီးဆိုတာ ကိုယ့်ရွာဇာတိ ချက်ချင်းသွင်းနိုင်မှ'

အခြားရွာမှ နွားနောက်ရောက်လာလျှင် ဦးစွာရွာဇာတ်သွင်း ရသည်။ ရွာနွားနောက်များနှင့်အတူ ယှဉ်တွဲခေါင်းချင်းဆိုင်စေလျက် တစ်လှည့်စီ ဆားခွဲကျွေးရသည်။ တစ်ကောင်၏လျှာရည်ဖြင့် အခြား တစ်ကောင်၏နှာခေါင်းကို ပွတ်ပေးရသည်။ နွားနောက်ချင်းကို နှာခေါင်းချင်းတေ့ နှုတ်ဆက်အနမ်းဖြင့် ကျွမ်းဝင်ခင်မင်စေရသည်။ ဤသည်ကို ရွာဇာတ်သွင်းသည် ခေါ်ကြ၏။ နွားနောက်များတွင် လည်း သူ့ရွာ၊ ကိုယ့်ရွာ အထာရှိကြသည်။ ရွာနယ်နိမိတ်စည်းရိုး ကျော်၍ အခြားရွာ နွားနောက်ဝင်လာမိလျှင် အပြင်းအထန် လိုက်လံပြေးဝှေ့ တိုက်ခိုက်တတ်ကြသည်။ အချင်းချင်းမူ စည်းလုံးမှု ရှိသည်။

'ဘကြီးပြောတာ ကောင်းပါတယ်၊ တခြားရွာက နွားနောက် ဝယ်ထည့်တော့ ရွာပေါင်းချုပ်စာရင်း တက်တာပေါ့၊ ဒါပေမဲ့ ဗိုလ်လု ပွဲ မဖြစ်အောင်တော့ အထူးကြပ်မတ်မှ ကိုယ့်ရွာနဲ့ကိုယ်တောင် ဗိုလ်လုပွဲ ဖြစ်တတ်သေးတာ'

'နွားနောက်ထီးကြီးတွေ ဗိုလ်လုကြပြီဆိုရင် အင်မတန် အန္တရာယ်များတာကလား၊ လူက သတိကြီးကြီးထားနိုင်မှ၊ ဖြစ်အောင် ခွဲနိုင်မှဖြစ်တာ၊ မဟုတ်ရင် ရှုံးတဲ့ကောင်အသေပဲ၊ ကိုယ့်ရွာနဲ့ကိုယ် ဗိုလ်လုတာက နည်းပါတယ်၊ ပေါက်စတွေ ရည်းစားစောင်ချိန်ပဲ အရေးကြီးတာ၊ ဝှေ့လိုက်ခတ်လိုက်ကြတာ မြေပြိုမတတ်၊ အနာ တရ ဒုက္ခိတ ဖြစ်သွားကြတာတွေ မနည်းဘူး ကြပ်ကြပ် ဂရုစိုက်မှ'



ဘကြီးစကား ထူးခြားသဖြင့် မေးမြန်းရ၏။

'ဘကြီး နွားနောက်တွေ ရည်းစားထားကြလို့လား၊ ဘယ်လို ရည်းစားစောင်ကြပါသလဲဗျာ၊ ကျွန်တော် မသိလို့ပါ'

'အဟီး ဟီး - ငါ့တူက ရည်းစားလေးဘာလေး မရှိသေးဘူး နဲ့တူတယ်။ ဒီလိုကွယ့် နွားနောက်မဒန်းတွေ မြိုင်ပေါ်ချိန်များမှာ မဒန်းချောချောလှလှလေးဆိုရင် အထီးလေးတွေက သူဦးကိုယ်ဦး ဝိုင်းကပ်ချင်ကြတာ၊ အဲဒါနဲ့ ဝှေ့ကြခတ်ကြနာကြနဲ့ ဒီလအိပ်တောင် ရွာ ကာလသားတွေအတိုင်းပဲ၊ အပျိုချောလေးမြင်ရင် သူဦးကိုယ်ဦး လှစ်ခနဲထသွားကြတာ ပြီးတော့ ရန်တစောင်စောင်နဲ့'

'အဟား ဟား ဟား အဟီး ဟီး'

လအိပ်တောင်ရွာကာလသားများ ဟီးခနဲရယ်ချကြ၏။ ဘကြီးက သူ့စကားသူဆက်သည်။

'ဒီချိန်မှာပိုင်ရှင်က ဂရုစိုက်နိုင်မှ အကောင်ငယ်အချင်းချင်း ဂရုစိုက်ရတဲ့အပြင် ဟော - ကီးအောင်လိုလူကြီးမျိုး နွားနောက်ထီးကြီး တွေကလည်းရှိသေး၊ မဒန်းနားကပ်တဲ့ အငယ်ကောင်ကို မျက်စောင်း တခဲခဲနဲ့။ အကြီးကောင်တွေခတ်မိရင် အငယ်ကောင်သေပေရော၊ ဒီချိန်မှာ နွားနောက်မကို သင့်ရာတစ်ကောင်နဲ့ လျှိုထဲမောင်းသွင်း၊ အခြားကောင်တွေကပ်လာရင် မအားသေးဘူး မလာနဲ့ဦးဆိုပြီး မောင်းလွှတ်ရတယ်၊ နွား နောက်ထီးလေးတွေက ဒီရွာကာလသား တွေလို ပြောမကောင်းဆိုမကောင်း မဟုတ်ဘူး'

ဘကြီးစကားကို ခပ်အုပ်အုပ်ရယ်မောကြသည်။ သူ့ရွာ အထာနှင့်သူ ဖြစ်ပေလိမ့်မည်။ ဘကြီးကား ဟာသဉာဏ်ရှိ၍ စိမ်

www.burmeseclassic.com

www.burmeseclassic.com



ခန့်ခွဲကောင်းသဖြင့်လည်း ဩဇာညောင်း၍ ချစ်ခင်ကြကြောင်း တွေ့ရသည်။ သည်တစ်ကြိမ် ပြန်ပက်သူက ကိုကြီးကီးအောင်ဖြစ်သည်။

'ဘကြီးပဲပြောနေ၊ "**စကားမှား နွားနောက်လျော်ရ**" ချင်း **စကားပုံရှိတယ်** နော် ဘကြီး၊ ဆောင်းတွင်းက ဘကြီးနွားနောက်လေးပဲ မြီးဖြူမလေးနောက်ကိုလိုက်တာ ဒီဘက်ကမောင်းချရင် ဟိုဘက်ကပြန်တက်ပြေးလိုက်၊ ဟိုဘက်ကပြန်မောင်းရင် ဒီဘက်ပြေးဆင်းလိုက်နဲ့ ဘာမှလုပ်လို့မရဘူး၊ ဘကြီး ငယ်ငယ်တုန်းက အတိုင်းပဲလို့ ပြောကြတယ်'

ပျော်ရွှင်ဖွယ် ဆွေးနွေးပွဲဖြစ်၏။ ရွာမွေးနွားနောက်များ ပရမ်းပတာဖြစ်နေရခြင်းသည် လွတ်ကျောင်းစနစ်ကြောင့်သာ ဖြစ်သည်။ စနစ်တကျစုစည်း ထိန်းသိမ်းနိုင်မည့် ခြံလှောင်မွေးမြူရေးစနစ် ဖြစ်တည်လာရေးသာအဓိက။ လအိပ်တောင်ရွာ တောတောင်အနှံ့ နွားနောက်ချေးပုံများ အများအပြား တွေ့ရတတ်သော်လည်း တစ်စုံတစ်ရာအကျိုးများအောင် မသုံးစားတတ်ကြချေ။ ခြံလှောင်မွေးမြူနိုင်က နွားနောက်ချေးများ အလွယ်တကူစုယူနိုင်ပြီး မြေဩဇာ မြှုပြင်ရေး၊ လျှပ်စစ်မီးလင်းရေးအထိ အကျိုးရှိစွာ အလွယ်တကူ အသုံးပြုနိုင်ကြကြောင်း ပြောပြရလေ၏။

'**နွားနောက်တွေ** လွှတ်ကျောင်းမွေးကြလို့ ဝရုန်းသုန်းကား **ဖြစ်နေကြ**ရတာ ခြံလှောင်သာမွေးကြရင် **အဆတွေအများကြီး** တိုးပွားလာဖို့ အခွင့်အလမ်းက တကယ့်အသေအချာပဲဘကြီး၊ အခု မြေပြန့်ဆက် **နွားမွေး**တဲ့နယ်တွေမှာ **နွားချေး**နဲ့လျှပ်စစ်မီး လင်းနေကြပြီ၊ **နွားနောက်**က အကောင်ကြီးတဲ့အတွက် ချေးပုံပိုကြီးတယ်၊



**နွားနောက်ချေး**နဲ့ လျှပ်စစ်မီးလင်းဖို့ ကျွန်တော်တို့က အခွင့်အလမ်းပိုသာတယ်၊ **နွားနောက်ချေး**နဲ့မီးလင်းပြီး စီးပွားရေးလုပ်ငန်း တိုးတက်လုပ်ကိုင်နိုင်ကြပြီပေါ့ဗျာ၊ ခြံကျယ်ကြီးတွေမှာ **အများကြီး**လှောင်မွေးကြရင် ဒါဟာ**အသေအချာ**ပဲ ဒီထက်**အများကြီး** တိုးပွားများပြားလာရင် **အသားဘူးစက်ရုံကြီးတွေ** ထူထောင်၊ ပြည်တွင်းပြည်ပ **ရောင်းစား**ကြရင် **တောင်ထိပ်ပေါ်က သူဌေးကြီးများ** ဖြစ်သွားကြမှာပဲ'

'ရှေ့ကိုမျှော်ရင်တော့ မောင်ပြောတာ ဖြစ်နိုင်ချေ အသေအချာ ပါပဲ၊ အခုလောလောဆယ်တော့ နွားနောက်တွေ ရွာပြန်ဝင်လာချိန်နီးပြီ၊ မှောင်စစဆိုရင် ပြန်စုံလာတတ်တယ်၊ မောင်ကီးအောင်က ကုန်းပေါ်တက်ပြီး ပေသံလေး သွားပေးလိုက်ပါဦး'

'**ပေသံ** ဆိုတာ ဘယ်လိုဟာမျိုးလဲ ဘကြီး'

'နွားနောက်အထီးအမတွေ ချစ်သူချင်းဖိုမခေါ်သံပေးရင် အသံသေးသေးချိုချို ဖူးဖူးလေးအော်တတ်ကြတယ်၊ အဲဒါ **နွားနောက်ပေသံ** ခေါ်တာပေါ့၊ ပုံမှန်သွားလာ အဖော်ခေါ်သံမျိုးက မတိုးမကျယ် အသံရှည်ထွက်တယ်၊ ခပ်ဝေးဝေးကဆိုရင် လူ့အူသံနဲ့ခွဲလို့တောင်မရဘူး၊ အဲဒါ **နွားနောက်အူသံ** ခေါ်တယ် အချင်းချင်း ရန်လိုကြိမ်းမောင်းပြီးအော်ကြသံက မြေကြီးတောင် တုန်ခါသွားတာပဲ၊ **နွားနောက်ဟိန်းသံ** ပေါ့ အဟဲဟဲဟဲ - မဒန်းမလေးများက နွားနောက်ထီးလေးတွေကို မူယာမာယာ ပေးပြီး ရှက်သံလေးနဲ့ခေါ်တာကို '**တစ် သံ**' လို့ခေါ်တယ်ကွယ့်'

www.burmeseclassic.com

www.burmeseclassic.com

'နွားနောက်မလေးတွေက ရှက်တယ်လို့ရှိပါ့မလား ဘကြီး ရယ်၊ ရှက်ကြမှန်း ဘယ်လိုလုပ်သိမလဲ'

မယုံချင်သလိုအမေးကို ဘကြီးက ရယ်ရယ်မောမော ရှင်းပြလေ၏။

'အဟဲဟဲ - ဒီလအိပ်တောင်ရွာသူတွေသာ ရည်းစားချိန်း တွေ့ဖို့ဆိုရင် အရှက်ဘယ်နေမှန်း မသိကြတာ၊ နွားနောက် မဒန်း လေးတွေက ရှက်တတ်တယ်မောင်၊ ရှက်တတ်မှန်း အသံပြုပုံ၊ အမူ အရာပြပုံနဲ့ သိရတာပေါ့၊ မဒန်းမလေးတွေ မြိုင်ပေါ်ခါစမှာ အသံ ချိုချို သေး သေးစူးစူးလေးနဲ့ တစ်ချက်တည်းလွတ်ခနဲ အော်လိုက် တယ်၊ နွားနောက်ထီးလေးတွေကို အမြီးလှန်ထောင်ပြပြီး ဘေးတိုက် ခုန်ထွက်ပြလိုက်တာ၊ 'တစ်သံ' တစ်ချက်ပေး အမြီးထောင်ပြလိုက် ကတည်းက သူတို့အချင်းချင်း နားလည်ပြီးသား'

'အဟား ဟား ဟား'

ရွာသားတို့က သဘောကျရယ်မောကြလေ၏။ ကျွန်တော် လည်း နွားနောက်တောထဲ ကြီးပြင်းလာခဲ့သူသာ ဖြစ်သည်။ ဘကြီး ပြောသကဲ့သို့ ခွဲခြားနားလည်ခြင်း မရှိချေ။

'ကျွန်တော် နေ့တိုင်း နွားနောက်သံ အမြဲကြားနေတာပါပဲ ဘကြီး၊ ဘကြီးပြောသလို အဖော်ညှိသံ၊ ချစ်သူခေါ်သံမှန်းတော့ ခွဲခြားမသိဘူးဗျ၊ ရန်ဖြစ်သံလောက်ပဲ သိတာ'

'ဘကြီးတို့ချင်း တောင်ပေါ်သားတွေက နွားနောက်နဲ့ ကင်းလို့မရဘူးလေ၊ အချိန်တိုင်းမှာ နွားနောက်သံ နားစွင့်နေရတယ်၊ နွားနောက်အမတွေ 'တစ်သံ'ပေးရင် ရည်းစားလုပွဲ မဖြစ်ရအောင်၊



ဟိန်းသံကြားရင် ရန်ပွဲမဖြစ်ရအောင် အချိန်မဆိုင်း ချက်ချင်းပြေး ထိန်းရတာပေါ့'

ဘကြီးစကား နားထောင်ကောင်းလှရာ ထပ်ချူရလေ၏။

'ဒါနဲ့ဘကြီး၊ နွားနောက်တွေက အသံအနံ့ မှတ်မိတယ်ဆို တော့ ကိုယ့်ရည်းစားနဲ့ကိုယ်ပုံသေ သတ်သတ်မှတ်မှတ် မရှိကြ ဘူးလား၊ ကိုယ့်အတွဲနဲ့ကိုယ်တောအုပ် တစ်နေရာသွား ချောင်ခို နေလို့ရတာပေါ့၊ တခြားကောင်တွေက အနှောင့်အယှက် မပေးကြ တော့ဘူးလေ'

'အသံမှတ်မိတယ်ဆိုတာ သူတို့ကိုခေါ်နေကျ၊ ပေးထားတဲ့ နာမည်မှတ်မိတာကို ပြောတာပါ၊ အသံဆိုလို့ ပြောရဦးမယ်၊ ဘကြီး ခပ်ငယ်ငယ်ကပဲ တစ်နှစ်မှာဝံပုလွေအုပ်က နွားနောက်သားငယ်တွေ ဝိုင်းဆွဲစားကြလွန်းလို့ ဘကြီးနွားနောက်ကလေးကို ဝံပုလွေတွေ ကြောက်ရအောင်ဆိုပြီး ခလောက်အကြီးကြီး ဆွဲပေးထားတာ နွားနောက်ကလေးက ခလောက်မဆွဲဖူးတော့ ခလောက်သံကြား တာနဲ့ ကြောက်ပြီးပြေး၊ ပြေးလေ ခလောက်သံထွက်လေနဲ့ ခလောက်သံ ထွက်လေ ပြေးလေနဲ့ ဝိုင်းဖမ်းမရဘဲ ချောက်ထဲကျ သေပါရောလား'

ဟုတ်ပေလိမ့်မည်။ ဤနယ်တွင် ခလောက်၊ ခြူ စသည် နွားနောက်ကိုဆွဲပေးသည့် အလေ့အထမရှိကြသည်ကို တွေ့ရသည်။

'ဒါကြောင့် ဒီနယ်မှာ နွားနောက်ကို ခလောက်မဆွဲကြ တာလား'

'အရင်ဆုံး အသံယဉ်ဖို့ လိုတာပေါ့လေ၊ ခလောက်နဲ့ နွားနောက်အသံယဉ်အောင် ကျင့်ချိန်ကလည်း မရှိကြဘူး၊

www.burmeseclassic.com

www.burmeseclassic.com

တောင်ပေါ် ခလောက်သံတွေကလည်း အသံသာယာမှုမရှိလှဘူး ကွယ့်၊ နွားနောက်ဆိုတာ လူလိုပဲမောင်၊ ချိုချိုသာသာပြောမှကြိုက်တာ ခွေးကို အို့ အို့၊ နွားကို ယို့ ယို့ လို့ ခေါ်ရသလို နွားနောက်ကို ဟေး ဟေ ဆိုတဲ့ အသံချိုလေးနဲ့ခေါ်မှ၊ တချို့ မဒန်းမလေးများက ဒီလအိပ်တောင်ရွာသူတွေလို မာနလေးတစ်ခွဲသားနဲ့ စကားကြမ်းရင် လှည့်ကြည့်တာ မဟုတ်ဘူး၊ ဟိုတုန်းက မောင့်အစ်ကိုကြီး ကီးအောင်လိုပေါ့၊ အသံချိုချိုသီချင်းလေးဆိုပြီး အပျိုလေးတွေနားကပ်သွားရင် မာနတစ်ခွဲသားနဲ့ ကောင်မလေးတွေ ပြုံးဖြီးဖြီး ဖြစ်သွားကြတော့ တာပဲ၊ ဒီလိုပါပဲ နားရှိတဲ့သတ္တဝါမှန်သမျှ ချိုသာစကားကိုပဲ ကြိုက်တာ'

'အဟီး ဟီး ခစ် ခစ် ခစ်'

လအိပ်တောင်ရွာသူများ၏ တဟီးဟီး တခစ်ခစ်ရယ်သံများ ဆူညံသွားလေ၏။

ကိုကြီးကီးအောင်က ရယ်ကျဲကျဲပြန်ပြော၏။

'ဘကြီးကတော့လေ ပြောစရာမရှိ၊ စကားကိုရှာကြံပြော တာပဲ၊ ကျွန်တော်ရွာဘေးနားက နွားနောက်တွေ ပေသံ သွားပေး လိုက်အုံးမယ်၊ နွားနောက်တွေ ရွာပြန်ဝင်ခါနီးပါပြီ၊ ရွာထဲသာ လိုက်လာခဲ့ကြပါ'

'ဟုတ်တယ် အခု နေဝင်ခါနီးပြီ၊ မိုးချုပ်စဆိုရင် ပြန်စုံ လာကြ တော့မှာ ရွာထဲသွားစို့'

ညှိနှိုင်းပွဲပြီးဆုံးသွားသည်။ အားလုံးအိမ်ပြင်ထွက်ခဲ့ကြ၏။ ဝင်လုလုနေလုံးနီသည် လအိပ်တောင်ရွာကလေးကို ပြုံးရယ် နှုတ်ဆက် နေခဲ့သေးတော့သယောင်။

* 

## အခန်း (၇)

တောင်ပေါ်တန်း၏ မှောင်ရီသမ်းစအချိန်သည် နွားနောက် များ အိမ်ပြန်လာချိန်ဖြစ်၏။ ကိုယ့်သခင်အိမ် ကိုယ်အသီးသီး ပြန်လည်အနားယူ အိပ်စက်ကြသည်။ လအိပ်တောင်ရွာသားများ သည် မိမိနွားနောက်အတွက် တင်းကုပ်၊ အမိုး စသည် သီးခြားသေချာ လုပ်ပေးထားခြင်း မရှိတတ်ကြချေ။ နွားနောက်များမှာ သခင်အိမ်နား ကပ်၍ ဖြစ်သလို ကွေးဝပ်ကြရှာသည်။ သခင်က ဆားမကျွေးမချင်း အိမ်ပေါက်ဝသို့လည်မော့ မျှော်နေတတ်ကြ၏။ အိမ်ပြန်နောက်ကျ နွားနောက်များကိုမူ သခင်များက နာမည်တကြော်ကြော် အော်ဟစ် ခေါ်ကာ လက်ဝါးကိုဖြန့် လက်ဆန့်ကြိုဆိုတတ်ကြသည်။ လက်ဝါး ပေါ်ရှိဆားမှာလည်း ပါလေရုံမျှဖြစ်၏။ ရွာသားတို့ နွားနောက် ဆားကျွေးပုံကို ဆရာကိုသက်မင်းက တအံ့တသြ။

'ကိုချစ်ရေ ကြည့်ပါအုံး၊ နွားနောက်ကို ဆားကျွေးကြတာ ကလည်း ပါလေရုံမျှစတိလောက်ပဲ၊ ဒါလေးကိုပဲ နွားနောက်တွေက အငမ်းမရလျက်နေကြရှာတာ'

www.burmeseclassic.com

www.burmeseclassic.com

'တောင်ထိပ်ရွာတွေမှာ အိမ်သုံးဆားက လူစားဖို့တောင် အနိုင်နိုင်ဗျ။ နွားနောက်တွေက ဆားကိုမက်မက်စက်စက် ကြိုက်တော့ အငန်ဓာတ်လေးတော့ ရမှာပေါ့ဗျာ'

**'ကျွန်တော်ပြောတဲ့ အချိုးအတိုင်း ကျွေးခိုင်းဗျာ၊ ဆားလည်း သက်သာ၊ ဓာတ်သဘာဝလည်းမျှတ၊ နွားနောက်ကိုယ်ခံအားလည်း ကောင်းစေတယ်၊ အိမ်သုံးဆား ၆၅%၊ ယူရီးယား ၁၀%၊ ဆိုဒီယမ် ဖော့စ်ဖိတ် ၃%၊ သကာရည် ၂၀% ရောကျွေးရင် အထိရောက်ဆုံးပဲ'**

'ဟုတ်တယ်ကိုသက်၊ ဒီလိုကျွေးမွေးတတ်လာအောင် နည်းပေးလမ်းပြ လုပ်ရဦးမယ့်အဆင့်မှာပဲ ရှိသေးတယ်၊ အကျိုးမြင် နားလည်ရင် လုပ်လာကြမှာပါ၊ ပစ္စည်းက ဒီမှာမရှားဘူး'

အိမ်တစ်အိမ်၏ နွားနောက်အခြေအနေကို ကြည့်ရှုပြီး နောက်တစ်အိမ် ကူးခဲ့ကြသည်။ ကျွန်တော်တို့ သွားလေရာဆားပါ မည်အထင်နှင့် နွားနောက်အုပ်စုက စုပြုံလိုက်လာကြ၏။ အများစု သော နွားနောက်များ၏နားရွက်ကို ဒေါင်လိုက်၊ ကန့်လန့်၊ ထိပ်ချွန်၊ တစောင်း၊ တွဲလောင်း ပုံစံအမျိုးမျိုး လှီးဖြတ်ထားသည်ကို တွေ့ရ၏။ ကိုသက်မင်းက စိတ်ဝင်တစားမေးမြန်း၏။

'ဦးလေးဦးအောင်လော၊ နွားနောက်နားရွက်တွေ ဘာလို့ လှီးဖြတ်ထားရတာလဲ'

'ဒီလိုကွယ့်၊ နွားနောက်မတွေက တောထဲမှာကလေးမွေး အရွယ်ကြီးမှ ရွာထဲပြန်ပါလာတော့ ဘယ်သူ့နွားနောက်မက မွေးမှန်း မသိရဘူး၊ တချို့အကောင်တွေလည်း အမြွာပူးလို ရုပ်ချင်းဆင်တူ



နေတတ်ကြတာ၊ သူ့နွားနောက်၊ ကိုယ့်နွားနောက် အငြင်းမပွား ရအောင်၊ နွားနောက်ကလေး နို့စို့ချိန်ကြည့်ပြီး အမိအရ အမှတ် အသား လှီးဖြတ်ရတာ'

'ဟာ- ဦးအောင်လော၊ နောက်ကို **နွားနောက်နားရွက် လှီးဖြတ်တာမျိုး လုံးဝမလုပ်စေနဲ့တော့ဗျာ၊ ဓားလှီးအနာကနေ ရောဂါပိုးအမျိုးမျိုးဝင်ပြီး သေကျေပျက်စီးနိုင်တယ်၊ နွားနောက်မှာ လည်း ဘေးဒုက္ခဒဏ်ရာ အနာတရ ဖြစ်တာပေါ့ဗျာ'**

'ဒီနယ်မှာတော့ ဒီလိုအမှတ်အသား လုပ်ရတာထုံးစံပဲ၊ မဟုတ်ရင် အငြင်းပွားကုန်ကြမှာ၊ နွားနောက်သားငယ်လေး ပေးကမ်းသုံးရတဲ့ ကိစ္စမျိုးလည်း ရှိကြတယ်ဗျ၊ နားရွက်နာလို့သေရတဲ့ နွားနောက်မရှိဖူးသေးပါဘူးဆရာ'

အရေးအဖတ်မတတ်ရှာသည့် နွားနောက်များပိုင်ရှင်နှင့် မွေးမြူရေးပညာရှင်တို့ တွေ့ကြလေပြီ။ ဆက်လက်ထွက်ပေါ်လာမည့် ဆွေးနွေးသံများကို ငြိမ်သက်စွာ နားစွင့်နေမိ၏။

'ဒါဆိုရင် ကျွန်တော်မေးမယ်၊ ဒီရွာမှာပဲဖြစ်ဖြစ် တခြား ရွာပဲဖြစ်ဖြစ် ရှေးတုန်းက ဖြစ်စေပေါ့ဗျာ၊ နွားနောက်ဖျားနာပြီး သေတာ ဦးအောင်လောမကြားဖူး၊ မမြင်ဖူးဘူးလား'

'ဖျားမှန်းနာမှန်းတော့ မသိဘူးဗျ၊ သူ့အလိုလိုသေတာ တော့တော့တွေ့ဖူးတယ်၊ နှစ်ပေါင်းမနည်းကြာလှပေါ့၊ ဒီရွာမှာတော့ မဟုတ်ဘူး၊ လုံလောက်ရွာမှာ၊ နွားနောက်ငယ်တွေ တော့နဲ့တော့နဲ့ ပြန်လာပြီးသေကုန်တယ်ဗျ၊ လုံလောက်ရွာက နေတော်တော်ပူတဲ့ရွာ

www.burmeseclassic.com



အဲဒီနှစ်မိုးကလည်းခေါင်၊ နေကလည်းပူပြင်းလွန်းတော့ အပူဒဏ်ကြောင့် သေကုန်ကြတာပဲ၊ အဲဒီတုန်းက နွားနောက်သားခြောက်များ ဖောချင်းသောချင်း စားလို့တောင်မနိုင်ဘူး'

ဆရာကိုသက်က လက်ဖျောက်ဖျတ်ခနဲ တီးလိုက်၏။

'အဲဒါ ပေါင်ပုပ်လက်ပုပ်ရောဂါဖြစ်ပြီး သေတာဗျ၊ နေပူဒဏ်ကြောင့်မဟုတ်ဘူး၊ ဘက်တီးရီးယားပိုးက နားရွက်လှီးတဲ့ဒဏ်ရာကဖြစ်စေ၊ တခြားအနာကဖြစ်စေ ပိုးဝင်ပြီးရောဂါဖြစ်သေတာ၊ ပေါင်ပုပ်လက်ပုပ် ရောဂါဖြစ်ရင် တစ်ရက်အတွင်းလောက်မှာ တုံးခနဲလဲသေတတ်တယ်၊ တစ်ကောင်ဖြစ်လိုက်ရင် ကျန်တဲ့ကောင်တွေ အကုန်ကူးပြီး ဖြုတ်ဖြုတ်ဖြုန်းသွားနိုင်တယ်'

သည်တစ်ခါ အံ့ဩရေရွတ်သူက ဘကြီးဦးအောင်လော ဖြစ်သည်။

'ဟာ - လန့်စရာကြီးပါလား၊ ချင်းဆိုတာ နွားနောက်မရှိလို့ ဖြစ်တာမဟုတ်ဘူး၊ အခု ဆရာပြောတဲ့ ပေါင်ပုပ်လက်ပုပ်ရောဂါ ဖြစ်နေမှန်း ဘယ်လိုလုပ်သိနိုင်မလဲ၊ ဘယ်လိုဆေးဝါးမျိုး ခွံ့ကျွေးရပါ့မလဲ'

'မှတ်မိလွယ်အောင် အလွယ်တကူပြောပြမယ်၊ နွားနောက်ခြေထောက်ဆူးမစူးဘဲ ထော့နဲ့ထော့နဲ့ဖြစ်လာရင် သံသယဖြစ်တော့ နွားနောက်ရဲ့တင်ပါး၊ လက်ပြင်၊ ရင်အုပ်၊ နောက်ကျော၊ လည်အုံလို အသားပေါ်တဲ့နေရာကို လက်နဲ့ဖိစမ်းကြည့်၊ အသံမြည်တတ်တယ် အဲဒါ ပေါင်ပုပ်လက်ပုပ်ရောဂါပဲ၊ လူကဦးအောင် ပင်နီစလင် စထရက်တိုမိုင်စင် ထိုးဆေးထိုးပြီး ကုသနိုင်ပေမယ့် ရောဂါမဖြစ်အောင် ကာကွယ်ဆေးထိုးထားတာသာ စိတ်အချရဆုံး၊ နွားနောက်ကလေး အသက်သုံးလကစပြီး တစ်နှစ်မှာနှစ်ကြိမ်နဲ့ ခြောက်လတစ်ကြိမ် ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေးထိုးရမယ်၊ မည်သည့်ရောဂါမဆို ကုသခြင်းထက် ကြိုတင်ကာကွယ်ခြင်းကသာ အကောင်းဆုံးဖြစ်ပါတယ်'

ရွာသားတစ်ယောက်ကလည်း သူ့အတွေ့အကြုံကို ပြောပြသည်။

'ကျွန်တော်လည်း တွီလောင်းရွာသွားတုန်းက နွားနောက်ကလေးတစ်ကောင် ထူးထူးဆန်းဆန်းသေတာ တွေ့ဖူးတယ်၊ ပါးစပ်မှာ ဖူးလောင်းပေါက် သေတာဗျ၊ တွီလောင်းရွာကလည်း နေပူတဲ့ရွာဆိုတော့ အခန့်မသင့်လို့ အပူမိတယ်ပြောကြတာပဲ'

ရွာသားနားသို့ ကိုသက်မင်း တိုးကပ်သွားပြန်၏။

'နွားနောက်ကလေးပါးစပ်မှာ အနာဖုပေါက်ပြီးသေတာ ခင်ဗျားမြင်ခဲ့ရရင် ခွာကြားတို့ ခြေဖဝါးတို့မှာ အနာဖုပေါက်တာ မတွေ့ရဘူးလား'

'သေတာနဲ့ မီးဖုတ်စားလိုက်ကြတာပဲ၊ မကြည့်မိဘူးဗျ'

'အဲဒါ ခွာနာလျှာနာ ရောဂါလို့ခေါ်တယ်ဗျာ၊ နွားနောက်ရဲ့ပါးစပ်တို့ ခွာကွဲကြောင်းတို့ ခြေဖဝါး၊ လျှာတို့မှာ အနာဖုပေါက်မယ်၊ အဲဒါ ဗိုင်းရပ်စ်ရောဂါပိုးဝင်တာ၊ လျှာရည်ယိုမယ်၊ မှိန်မယ်၊ ကြာတော့ အစာမစားနိုင်လို့သေတာ၊ ကိုယ့်နွားနောက်ကို အမြဲ

www.burmeseclassic.com

www.burmeseclassic.com



သတိနဲ့ ကြည့်နေရမယ်ဗျ၊ အနာဖုလေး တွေ့လိုက်တာနဲ့ကျောက်ချဉ်နှစ်ကျပ်သားကို ရေငှက်ပျောဖူးတစ်ပုလင်းနဲ့ဖျော်ပြီး တစ်နေ့ (၄) ကြိမ်လိမ်းပေးရမယ်၊ သေချာ သုတ်လိမ်းဆေးကြောပြီးရင် ရေနံချေးနဲ့ပွတ်၊ ဆေးကတ္တရာကို အနာထဲရောက်အောင်ထည့်ပေး၊ နာတဲ့ အကောင်ကို သီးသန့်ခွဲထား၊ လူတစ်ယောက်တည်းကပဲ ပြုစုပြီး ဆပ်ပြာနဲ့သေချာတိုက်ချွတ် ရေပြန်ချိုး လျှော်ဖွပ်ရမယ်၊ အနာပျောက်သွားရင် မသေနိုင်တော့ပါဘူး၊ ဒါပေမဲ့ ခွာနာလျှာနာရောဂါဖြစ်ပြီး ပျောက်ကင်းခဲ့ရင်တောင် နွားနောက်အမောမလုံတာ၊ သားလျှော့တာ၊ နို့မထွက်တာ၊ မြုံတာတွေဖြစ်နိုင်တယ်၊ အကောင်းဆုံးက ဒီလိုမဖြစ်အောင် ကြိုတင်ကာကွယ်ဆေးထိုးရမယ်၊ ပထမအကြိမ်ထိုးပြီးရင် နှစ်ပတ်မှ လေးပတ်အတွင်း ဒုတိယအကြိမ်ထပ်ထိုး၊ နောက်ပိုင်း ခြောက်လတစ်ကြိမ် ပုံမှန်ဆေးထိုးသွားရမယ်၊ အကြောင်းရှိရင် ကျွန်တော်တို့ ဌာနကို ချက်ချင်းအပြေးလာဖို့လိုပါတယ်'

စိတ်ဝင်တစားပင် ပြန်လည်မေးမြန်းကြ၏။

'ဟုတ်ကဲ့ဆရာ၊ အဲဒီနွားနောက်ကလေးသေတုန်းက သူ့တစ်ကောင်ထဲသေတာဗျ၊ ဒီရောဂါက မကူးစက်တဲ့ရောဂါမျိုးလား'

'မဟုတ်ဘူးဗျ၊ တိရစ္ဆာန်မှာဖြစ်တဲ့ရောဂါမှန်သမျှ အလျှင်အမြန်ကူးစက်တတ်တယ်လို့ မှတ်ထားပါ၊ ရောဂါလက္ခဏာပြတဲ့အကောင်တွေ့ရင် ချက်ချင်းခွဲပြီး သီးသန့်ထားရမယ်၊ သေသွားခဲ့ရင် ဒီကောင်ရဲ့ အညစ်အကြေး၊ အစာကျန်၊ အသုံးအဆောင်တွေ



ချက်ချင်းမီးရှို့ပစ်ရမယ်၊ နွားနောက်က အကောင်ကြီးမျိုးဖြစ်တဲ့အတွက် တွင်းနက်နက်သာတူးပြီးမြှုပ်လိုက်ကြပါ၊ ခြံတို့၊ တင်းကုပ်တို့ကိုလည်း ချက်ချင်း ပိုးသတ်ဆေးဖျန်းရမယ်၊ တိရစ္ဆာန်ရောဂါပိုးက လူကိုကူးစက်နိုင်တဲ့အတွက် အသေကောင်သားကို လုံးဝမစားတာ အကောင်းဆုံးပါပဲ'

ကျွန်တော်လည်း အခွင့်ရသခိုက် လေသံကွန့်၍ အထွန့်တက်လိုက်ရလေ၏။

'တိရစ္ဆာန်မွေးမြူရေးပညာရှင် ဆရာကိုသက်မင်းပြောတာအားလုံးကြားကြတယ်နော်၊ နောက်ကို နွားနောက်နားရွက်ကိုလည်း မလှီးဖြတ်ကြနဲ့တော့ဗျာ၊ အခုပြောသွားတာတွေ အားလုံးလိုက်နာပါမယ်လို့ ခံဝန်ကတိပေးတဲ့လူပဲ နွားနောက်ချေးငွေလျှောက်လွှာစာရင်းထဲပါမယ်'

'လုံးဝဥဿုံ အကုန်ကတိပေးတယ် ကိုမောင်ချစ်ရေ၊ အရင်က မသိလို့ဖြစ်တာ အခုသိနေပြီပဲ၊ လက်မှတ်ထိုးဆိုရင်လည်း ထိုးပါ့မယ်'

ရွာသားများ၏ပြိုင်တူအသံကြောင့် ကျေနပ်အားရဖြစ်ရ၏ ဘကြီးဦးအောင်လောက-

'ကဲ- ရွာအထက်ပိုင်းအိမ်က နွားနောက်များက ဒီလောက်ပါပဲ၊ ရွာအောက်ပိုင်းအိမ်တွေ လှည့်ကြည့်ကြရအောင်၊ မခါးလီကို ညစာပြင်ခိုင်းထားတယ်၊ ဒီရွာမှာလည်း သူ့တစ်ယောက်ပဲ သွက်လက်ချက်ချာအားကိုးစရာရှိတာ၊ သူ့အိမ်ကိုနောက်ဆုံးမှ ဝင်ကြမယ်၊ တစ်ခါတည်း ညစာတန်းစားကြမယ်'

www.burmeseclassic.com

www.burmeseclassic.com



တစ်အိမ်မှတစ်အိမ်အကူး အချို့နွားနောက်များက တကောက်ကောက် လိုက်လာကြသည်။ အချို့က လူစိမ်းအကပ်မခံ အမြီးထောင်လျက် ခုန်ထွက်သွား၏။ ခါးလီတို့အိမ်အရောက်၊ ခါးလီသည် ဦးချိုလက်တစ်ဆစ်သာ ပေါက်ရသေးသည့် နွားနောက်ပြောက်ကြားထီးကလေးနှင့် လည်ပင်းဖက်လျက် စောင့်နေ၏။

'သားနာမည်က '**ခိုယုန်းဟုန်**' လို့ ခေါ်ပါတယ်ရှင်၊ သားရေစည့်သည်တွေ ဝပ်ပြလိုက်ပါဦး'

ခါးလီက နွားနောက်ကလေးကိုပြောဆိုရင်း ဆားထည့်ထားသည့် လက်ဖဝါးကို မြေကြီးပေါ်ကပ်ပြလိုက်သည်။ နွားနောက်ကလေးလည်း အလိုက်သင့်ဝပ်၍ ဆားလျက်နေ၏။ **ခိုယုန်းဟုန်**၏ မြန်မာပြန်မှာ **တောင်စောင့်မင်း** ဖြစ်သည်။ တချို့က နှစ်သက်ရာမှည့်၍ တချို့က ရိုးရာဗေဒင်တွက် မှည့်လေ့ရှိ၏။ ခါးလီ စိတ်တိုင်းကျမှည့်ထားပုံရသည်။

'ခိုယုန်းဟုန်က ခါးလီနွားနောက်ကလေးလား၊ စောစောကဘကြီးပေးတဲ့ နွားနောက်ပိုင်ရှင်တွေစာရင်းထဲမှာ ခါးလီနာမည် မတွေ့မိပါဘူး'

'ကျွန်မတစ်နှစ်ပတ်လုံး စောင်ရက်ပြီးစုတာ ဝက်တောင်းကြီးနှစ်ကောင်ရတယ်ရှင့်၊ ဒီမှာက ဝက်တောင်းကြီးနှစ်ကောင်ကို နွားနောက်ငယ်နဲ့တန်ဖိုးညီ သတ်မှတ်တယ်၊ နွားနောက်နဲ့ဝက်နဲ့လဲပေးမယ့်သူကလည်း အထီကလေးပဲရှိလို့ ကျွန်မ အထီးလေးပဲ ယူလိုက်ရတာ၊ နွားနောက်ကလေးက အဖေ့နာမည်နဲ့ထားတာလေ၊



ကျွန်မ ချေးငွေလေးများ ရနိုင်ရင်တော့ သူ့အတွက် အဖော်ဝယ်ပေးနိုင်မှာ'

ခါးလီမှာ အမှန်တကယ် နွားနောက်မွေးမြူရန် ချေးငွေရလိုသူဖြစ်ကြောင်း သိလိုက်ရသည်။ စိတ်မကောင်းခြင်း ကြီးစွာဖြစ်မိပါ၏။ စကားလမ်းကြောင်းလွှဲရ၏။

'ဘာလို့ ကိုယ့်နာမည်နဲ့မထားတာလဲ၊ ဟိုတုန်းက မိန်းကလေး နွားနောက်မမွေးရတဲ့ အစဉ်အလာကို လိုက်နာတာလား၊ ခါးလီက ပညာတတ်ပဲဟာ'

'မဟုတ်ပါဘူးရှင့်၊ အဖေက နွားနောက်မွေး ကံကောင်းခဲ့ဖူးလို့ အဖေ့နာမည်နဲ့ထားတာပါ၊ တစ်ရွာလုံးက ခါးလီနွားနောက်ကလေးလို့ပဲ ပြောနေကြတာ၊ ခေတ်ပြောင်းသွားခဲ့ပါပြီရှင်'

'ကောင်းလိုက်တာ ခါးလီရယ်၊ ကိုကြီးချစ်က တကယ်ပဲဂုဏ်ယူဝမ်းသာပါတယ်'

ညစာကို ဗမာထမင်းဝိုင်းပုံစံ ပြင်ထားသည်။ ဝေးလံသည့် တောင်ထိပ်ကျေးရွာ ဖြစ်သော်လည်း ခါးလီက ခေတ်အမြင်ခေတ်ပုံစံအပြည့် ရှိသည်ဟု ဆိုရမည်။ အထူးဧည့်သည် ဧည့်ခံပွဲအပြင်အဆင်ထက်အဆင့်မနိမ့်ကြောင်း တွေ့ရ၏။ စားပွဲခင်းအဖြူပေါ်၌ အနီစများပါ ထပ်ပိုးခင်းထားလိုက်သေး၏။ ဇွန်းခရင်းအပြင် ဇုတစ်စုံစီပါ ချထားလိုက်သေး၏။ တူက ဒေသဖြစ်မဟုတ်ဘဲ ရောင်စုံပလတ်စတစ်တူများ ဖြစ်၏။ ချင်းဓလေ့အတိုင်း ထမင်းပွဲအဝင် နှုတ်ဆက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



'ညီမလေးခါးလီ ထမင်းပွဲပြင်ထားတာကလည်း တကယ့် အထူးဧည့်သည်ပွဲကြနေတာပဲ၊ ကိုကြီးချစ်က ဒီတောင်ပေါ်သား ဆိုတော့ ထုံးစဉ်လာအတိုင်း ညီမလေးခါးလီနဲ့ ကိုကြီးချစ်တို့ ဝိုင်းခွဲစားကြမယ်လေ'

'ကိုကြီးချစ်ရယ်၊ ကျွန်မ ကိုယ့်မလေ့ကိုတော့ ကိုယ်မြတ်နိုးပါတယ်၊ ဒါပေမဲ့ လူအများကြီး ဝရုန်းသုန်းကား ပြေးပြေးလွှားလွှားကြီး ထမင်းခွဲစားကြတာ အားမပေးပါဘူးရှင်၊ တကယ်တော့ ကျန်းမာရေးနဲ့လည်း မညီညွတ်လှပါဘူး၊ ခွဲမယ်ခွဲတော့လည်း အများနဲ့ဆိုတော့ ပါးစပ်ထဲမဆံ့မပြဲ အတင်းထိုးထည့်၊ ပါးစပ်ထဲထမင်းမရှိလည်း ခွဲ့တဲ့လက်ကရောက်မလာနဲ့ ဟန်မကျပါဘူး၊ ပြီးတော့ တစ်ယောက်ကိုက်ဖြတ်ဝါးလို့ကျန်တဲ့ ထမင်းလုတ်ကို တစ်ယောက်ကဆက်ကိုက်နဲ့ ကျွန်မရွံတတ်လို့တော့ မဟုတ်ပါဘူးရှင့်'

တောင်ပေါ်ဒေသ ထမင်းခွဲကျွေးခြင်းသည် ခါးလီ၏ အဆိုအတိုင်းသာ အတိအကျဖြစ်သည်။ ထမင်းပွဲအပြင်အဆင်ကိုကြည့်ပြီး ကိုသက်မင်းပင်လျှင် တအံ့တသြ။ ညစာစားပြီး ရောက်တတ်ရာရာ ပြောဆိုနေကြသည်မှာ သန်းခေါင်ယံကြက်တွန်တော့မှ ဘကြီးအိမ်သို့ ပြန်ကူးခဲ့ကြ၏။

---

# အခန်း (၈)

ယနေ့နွားနောက်များ ခြံလှောင်မွေးမြူနိုင်မည့် မြေအနေအထား လေ့လာကွင်းဆင်း မြေနင်းကြမည်။ နွားနောက်မွေးမြူရေးလုပ်ငန်းအတွက် ခြံလှောင်မြေရရှိနိုင်ရေးသည် အခရာအကျဆုံးလုပ်ငန်းစဉ်ကြီးလည်းဖြစ်၏။ လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူသည့်ဤဒေသတွင် နွားနောက်များ သီးနှံဖျက်ဆီးသည့်ပြဿနာ၊ စိုက်ပျိုးမြေနင်းခြေဖျက်ဆီးသည့် ဆုံးရှုံးမှုများကို ကာကွယ်ပြီးဖြစ်သည်။ နွားနောက်ချင်း မှားယွင်းအငြင်းပွားခြင်း၊ သီးနှံဖျက်ဆီးစားသောက်ခြင်း၊ နွားနောက်ပစ်ခတ်ရိုက်နှက်ခံရခြင်းများ တားဆီးပြီးဖြစ်မည့်အပြင် သိပ္ပံနည်းကျ မွေးမြူရေးလမ်းကြောင်းပေါ် ခြေလှမ်းနိုင်ရေးလမ်းစလည်း ဖြစ်၏။

'ဘကြီးတို့ ခြံခတ်ဖို့ရွေးထားတဲ့ မြေကွက်နေရာတွေကို စေ့စေ့စီးစီး သွားနင်းကြရအောင်၊ ဘယ်နေရာ ပိုသင့်လျော်မလဲဆိုတာ ဆရာကိုသက်မင်းက အကြံဉာဏ်ပေးပါလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com

ဤဒေသရေမြေတောတောင် နင်းရခြင်းသည် လွယ်လင့်တကူမဟုတ်၊ ကြိုတင်နိုးဆော်ရ၏။

'ခြံခတ်ဖို့စဉ်းစားလို့ရတာ နှစ်နေရာပဲရှိပါတယ်၊ ရွာအောက်ချောက်ရိုးနှစ်ခုကြားက မြေကွက်လပ်နဲ့ ရွာရဲ့အနောက်တောင်တန်းပေါ်က မြက်ထုံးတောင်၊ ဒီနေရာကလွဲလို့ တခြားမြေနေရာ မရှိပါဘူး၊ ကျန်တာက လုပ်စားမြေတွေ'

ဆရာကိုသက် အားတက်သရော မေးမြန်း၏။

'ရွာအောက်မြေနဲ့ မြက်ထုံးတောင်က ဘယ်နှဧကစီလောက်ကျယ်မလဲ'

'ဧကအကျယ်ကိုတော့ ဘကြီးမသိပါဘူးကွယ်၊ ရွာအောက်မြေက အလံတစ်ရာပတ်လည်နီးပါးရှိမယ်၊ မြက်ထုံးတောင်ကတော့ အကျယ်ပြောကြီးပါ၊ ခြံကာဖို့မဖြစ်နိုင်ဘူး'

'ဦးလေး အကြမ်းဖျင်းမှတ်ထားလိုက်၊ အလံသုံးဆယ်ပတ်လည်က တစ်ဧကဝန်းကျင်လောက်ရှိမယ်၊ ရွာအောက်မြေက လေးဧကလောက်ရှိမှာပါ၊ အနည်းအကျဉ်း လွတ်ကျောင်းလှောင်ခြံလောက်တော့ ရနိုင်မှာပါ၊ ဒီလိုပဲ အစုအဖွဲ့ခွဲပြီး လှောင်မွေးကြရမှာပဲ'

'ဒါပေမဲ့ဆရာရယ်၊ ရွာအောက်မြေက မြက်မပေါက်ဘူးဗျ၊ နွားနောက်စားစရာမရှိဘူး၊ နွားနောက်တွေကသာ ကိုယ့်ဝမ်းစာကိုယ်ဝအောင် ကျောင်းနိုင်ကြသေးတယ်၊ ကျုပ်တို့ရွာသားတွေက ကိုယ့်ဝမ်းစာတောင် ကျောင်းနိုင်ကြတာ မဟုတ်ဘူး၊ ဘယ်လိုလုပ်အစာကျွေးမလဲ'

ရွာလူကြီးနှင့် ဆရာကိုသက်မင်းတို့ ဆွေးနွေးပွဲအဆီအငေါ်တည့်မည့်ပုံမပေါ်၊ ကြားဖြတ်ဝင်လိုက်ရ၏။

'မွေးမြူရေးဆိုတာ အစာကျွေးမှ မွေးမြူတယ်လို့ ခေါ်ရတာ မဟုတ်ဘူးလား ဘကြီး'

'မဟုတ်ဘူးလို့ ဘကြီးမပြောပါဘူး၊ လမ်းရှင်းတောခုတ်မယ့် ကလေးတွေလာပြီ သွားကြစို့'

တံစဉ်ကောက်ကိုင်လူငယ်များ တက်အလာ ဘကြီးလည်း ကောဖြတ်လေ၏။ ကလေးများက ခရီးစဉ်မေးမြန်းကြ၏။

'ဘကြီး မြက်ထုံးတောင်ကို နေထွက်ဘက်တည့်တည့် အရင်တက်မလား၊ နေဝင်ဘက်က ပတ်သွားကြမလား'

'နေထွက်ဘက်က ကျောက်နံရံဖက်တက်ရတာ ရှိတယ်၊ မြို့ကဆရာတွေနဲ့ ခရီးတွင်မှာမဟုတ်ဘူး၊ ရွာအောက်ဆင်းပြီး နေဝင်ဘက်ပတ်တက် နေထွက်ဘက်ပြန်ဆင်းမယ်'

နွားနောက်ပိုင်ရှင်အားလုံးလိုလို လိုက်ခဲ့ကြသည်ဖြစ်၍ သူ့အင်အားမသေးလှပါ။ ရွာအောက်အဆင်းလမ်းသည် ခါးလီတို့အိမ်ရှေ့ဖြတ်သွား၏။ ခါးလီတို့အိမ်ကြမ်းပြင်တိုင်၌ ခါးလီ၏နွားနောက်ခြံယုန်းဟုန်ကလေး ကြိုးချည်ထားလျက်ရှိ၏။ ရွာလူကြီးအဖွဲ့ဝင် ဦးကြီးကီးအောင်က အော်ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဦးလေးထန်းအောင်၊ ခါးလီတို့ရေ ဘာဖြစ်လို့ နွားနောက်ကလေးကြိုးချည်ထားရတာလဲဟ၊ အနားမှာ လူလည်းမတွေ့ဘူး၊ မလုပ်ကောင်းဘူးလေ'

အော်သံကျယ်ကြောင့် ခါးလီပြေးထွက်လာသည်။

'ကျွန်မ ခဏလေးချည်ထားတာပါ ကိုကြီးကီးအောင်၊ နွားနောက်ကလေး ဆားလာတောင်းတာ ကျွန်မ ဆားကုန်နေလို့ အာသာပြေလေးဖြစ်ဖြစ် ကျွေးရအောင် သစ်ဖြူပင်ရိုးတွေ ပြာချ နေတာ'

ဤဒေသကား အိမ်သုံးဆားခက်ခဲပါဘိ၊ မဝယ်နိုင်၍လည်း ပြတ်ရ၏။ မသယ်နိုင်၍လည်း ပြတ်ရသည်။ နွားနောက်ကြိုးချည်သည့်ကိစ္စကို နားမလည်၍ မေးရ၏။

'ကိုကြီးကီးအောင် စောစောကပြောတာလေနွားနောက်ကလေးကို ကြိုးချည်မထားကောင်းဘူးဆိုတာ ဘယ်လိုသဘောလဲ ကျွန်တော်ကတော့ ကြိုးမချည်ဘဲ နွားနောက်မကိုင်ဘူးဗျ'

'ကြိုးချည်မထားကောင်းဘူးလို့ပြောတာ မဟုတ်ဘူးဗျ၊ လူစောင့်မရှိဘဲ နွားနောက်ကို ကြိုးချည်ထားတာမျိုး မလုပ်နဲ့လို့ ပြောတာပါ၊ လူစောင့်မရှိတဲ့နေရာမှာ နွားနောက်ကို ကြိုးချည်ထားရင် ကျန်တဲ့နွားနောက်တွေက ကူညီကြိုးဖြေပေးဖို့ ကြိုးစားကြတော့တာပဲ၊ သူတို့ ကူညီကြိုးဖြေပေးတာက ကြိုးချည်ထားတဲ့ လည်ပင်းနေရာတည့်တည့်ကို အသားကုန်ဝိုင်းခတ်ကြတာ၊ ချည်ထားတဲ့



နွားနောက် ချက်ကောင်းတစ်ချက်မိရင် တန်းသေတာပဲ၊ ဒီရွာမှာတင်ပဲ ကြိုးချည်နွားနောက်ကို ကျန်နွားနောက်တွေ အကူအညီပေးလို့ သေပေါင်းများပြီ၊ သတိလစ်လို့မရဘူး၊ အဲဒါကြောင့် **'နွားနောက်တူ မကူနဲ့'** လို့ ချင်းစကားပုံရှိတာ'

ရွာအောက်ရေခပ်ချောင်းကိုဖြတ်၍ ပြန်တက်ခဲ့ကြ၏။ ကျောက်တုံးကြီးအကွယ်၌ ပုန်းဝပ်နေသည့် နွားနောက်တစ်ကောင်ကို ရွာသားတစ်ယောက်က လှမ်းအော်ပြန်၏။

'ပုန်းမနေနဲ့ဟေ့၊ သွားစရာရှိတာသွား၊ ဒီလူအုပ်ထဲမှာ မင်း ပေါ်ဘူးဟ'

**'ယောက္ခမလာတုန်း - နွားနောက်ပုန်း'** လို့ ချင်းစကားပုံ ရှိတယ်ဗျ၊ နွားနောက်တွေကသိတယ်၊ ဆရာတို့ကို သူ့သခင်ထင်ပြီး ပုန်းတာနေမှာ'

ယောက္ခမများ သားမက်ထံရောက်လာလျှင် အပြန်၌ သမီးတန်ကြေးအတွက် သားမက်နွားနောက်ကို ဆွဲယူသွားတတ်သဖြင့် နွားနောက်များ ပုန်းတတ်သည်ဆို၏။ အမှန်တော့ နွားနောက်များသည် လူစိမ်းနှင့် ရွာခံ၊ သခင်နှင့် အခြားသူကို ကောင်းစွာခွဲခြားတတ်ခြင်းဖြစ်၏။ ခရီးဆက်ကြရင်း မျောပင်ငယ်တောအရောက် ရွာသားတစ်ယောက်က အော်ပြန်သည်။

'ဟေ့ - မောင်လွှေလော၊ သစ်ဖြူပင်လေး မခုတ်ကောင်းဘူးနော်'

www.burmeseclassic.com



ရွာသားစကားအရ ကြားဖူးမိသမျှ ဘကြီး ဦးအောင်လောကို မေးရ၏။

'ဘကြီး၊ ဘကြီးတို့ လအိပ်တောင်နယ်ဘက်မှာ မခုတ်ထစ်ရမယ့်သစ်ပင် မကိုင်တွယ်ရမယ့်ပန်းပင်မျိုးပေါ့။ အဲဒါမျိုးရှိတယ် ကြားဖူးလို့ ဧည့်သည်က ဘယ်လိုလုပ်သိမလဲ၊ မသိလို့ခုတ်ထစ်မိရင် ဘာဖြစ်မလဲ'

'ဒီလိုကွယ့် ဘကြီးတို့ ချင်းလူမျိုးဆိုတာ တောတောင်နဲ့ သစ်ပင်ကို ချစ်ခင်တဲ့လူမျိုးဗျ'

ဘကြီးက အသေးစိတ်ရှင်းပြသည်။ သူတို့သည် သစ်ပင်ခုတ် တောင်ယာ လုပ်စားကြရသူများဖြစ်၍ သစ်ပင်ကို အသက်သခင် ကျေးဇူးရှင်ဟု မှတ်ယူကြကြောင်း၊ ဝမ်းစာအလို့ငှာမဟုတ်ဘဲ သစ်ပင် ခုတ်ထစ်ခြင်းသည် သစ်ပင်ကိုကျေးဇူးကန်းရာကြကြောင်း၊ မည်သူမျှ မခုတ်ထစ်ရသည့်သစ်ပင်များ အမှန်တကယ်ရှိပါကြောင်း၊ 'ထိန်ကုန်း အား' ခေါ် ရက္ခစိုးနတ်ကိုးကွယ်သည့် ကိုယ်ပိုင်သစ်ပင် တစ်အိမ် ထောင်လျှင် တစ်ပင်စီ ကိုယ်စီရှိကြကြောင်း၊ ထိုအပင်များကို မခုတ်ထစ် ရပါကြောင်း၊ ရွာလယ်နတ်စင်၌တင်ထားသည့် နတ်စာ၊ ပန်းခက် များကို ကိုင်တွယ်ရွှေ့ပြောင်းခြင်း မပြုရပါကြောင်း ရှင်းပြသည်။

'တကယ်လို့ ရပ်ဝေးဧည့်သည်က မသိလို့ခုတ်ထစ်ရင် ဘယ်လိုလုပ်မလဲ ဘာဖြစ်မလဲ'



'ဒါနဲ့တော့ ဘာယ်သူမှရန်မရှာပါဘူးကွယ်၊ ရက္ခစိုးပြန်ကိုးရ တာပေါ့၊ ပြန်ကိုးဖို့ ကြက်ဝက်အဆင်သင့်မရှိရင် အခက်အခဲတွေ့ တာပေါ့'

တောင်ထိပ်ရွာသားများ သစ်ပင်မခုတ်ထစ်ရခြင်း ဓလေ့သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကောင်းမြတ်သည့်ဓလေ့ဖြစ်၍ အသေအချာ ဆက်လက်ထိန်းသိမ်းရန် အားပေးရ၏။

'ကောင်းတယ်ဘကြီး၊ သစ်ပင်ဆိုတာ ရာသီသဘာဝ မှန်ကန် မျှတစေတယ်၊ တောင်မပြိုမြေမပျက် မြေဆီမခန်းအောင် ထိန်းသိမ်း ပေးတယ်၊ လူတွေအသက်ရှင်ဖို့ ရှူရတဲ့လေထဲက အောက်ဆီဂျင်ကို သစ်ပင်တွေက ထုတ်ပေးတာ၊ လူတွေ အဆိပ်သင့်တဲ့ ကာဗွန်ဒိုင် အောက်ဆိုဒ်ဓာတ်ကိုလည်း သစ်ပင်တွေကပဲ စုပ်ယူထားပေးကြလို့ လူတွေသက်သာနေတာ၊ ဝမ်းစာစိုက်ဖို့လည်း သစ်ပင်အလွန်အကျွံ မခုတ်သင့်ဘူး၊ တွေ့တဲ့မြေလွတ်မှာ ရှင်လွယ်တဲ့အပင်မှန်သမျှ အလုပ်သွားလာရင်း စိုက်ပျိုးသွားသင့်တယ်၊ မလွှဲမရှောင်သာ သုံးစားဖို့ ခုတ်ရလည်း တစ်နေရာတည်းမှာကွင်းပြောင်အောင်မခုတ်သင့်ဘူး၊ ဒါပေမဲ့ဘကြီး ရက္ခစိုးကိုးတာကိုတော့ လျှော့ချလိုက်ပါ၊ စတိပေါ့'

'ရက္ခစိုးကို နွားနောက်နဲ့ကိုးတာ ရှားပါတယ်။ ခက်တာက မိုးရာပွဲတော်လုပ်ရင် နွားနောက်နဲ့ပဲလုပ်ကြရတာ နွားနောက် ဦးခေါင်းခွံတွေ အိမ်နံရံကပ်ထားကြရတာသာကြည့်၊ ဘယ်နှစ်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီးလို့ ဘယ်နှစ်ကြိမ်လှူခဲ့ပြီးပြီဆိုတဲ့ မှတ်တမ်းပဲ၊ ရိုးရာပွဲကို ဘကြီးလည်း ပိတ်လို့မရနိုင်ပါဘူး'

'ပိတ်ဖို့မဟုတ်ပါဘူးဘကြီး၊ ပွဲလုပ်တယ်ဆိုပြီး နွားနောက်သတ်မစားဖို့ပြောတာ၊ ပွဲဆိုတာ ကြက်သားဝက်သား အဝစားပြီး လုပ်ရင်လည်း ရပါတယ်ဘကြီး'

'ဘယ်ဟုတ်မလဲမောင်၊ **နွားနောက်နဲ့လုပ်လို့ပဲ ပွဲလို့ခေါ်ရတာ** မောင်'

'လူငယ်တွေခေတ်မှာ နွားနောက်သတ်ပွဲ လုပ် တာမှ မဟုတ်ဘဲ၊ ဘကြီးတို့ခေတ် မလွဲမရှောင်သာလုပ်ရရင်လည်း စတိပေါ့ **နွားနောက်ပွဲလုပ်တာကို ၉၉. ၉၉ ရာခိုင်နှုန်း လျှော့ချလိုက်ပါ'**

ရယ်မောပြောဆိုရင်း မြက်ထုံးတောင်ပေါ် ရောက်လာကြသည်။ ထင်းရှူးပင်တန်းများအောက်က မျှော်မဆုံးနိုင်သည့် မြက်ခင်းပြင် တောင်ကုန်းမြင့်ကြီးများသာ ဖြစ်သည်။ ဘကြီးက လက်ညှိုးညွှန်လျက် ရှင်းပြ၏။

'ဒီတောင်ရဲ့မြောက်ဘက် တောင်ကြောအဆုံးက **"တွိုလောင်း" ချောင်း**၊ ဒီရွာနယ်နိမိတ်အဆုံးပဲ၊ နွားနောက်တွေ ဟိုဘက်ကမ်းသွားခဲ့ပါတယ်၊ အနောက်က **နတ်မတောင်ထိပ်ကြီး**၊ စားစရာမရှိလို့ တောင်မတ်တတ်ကို အပင်ပန်းခံပြီး နွားနောက်တွေ မတက်ကြပါဘူး၊ တောင်ဘက်က တောင်တန်းရှည်ကြီးက '**ကွိုလဲတောင်တန်း**'ခေါ်တယ်



နတ်မတောင်ထိပ်ကနေ ချောင်းဆုံးအထိ ရေမြေတဆုံးပဲ၊ ကွိုလဲတောင်တန်းပေါ် တောကြက်သွန်ပွင့်ချိန် နွားနောက်တွေ ပြန်မောင်းချလို့တောင် မရနိုင်ဘူး၊ အပျောက်အရှကလည်း သိပ်များတယ်၊ ဟိုတုန်းကကျားတောကြီးပေါ့၊ အခုတော့ တောခွေးရိုင်းနဲ့ဝံပုလွေလောက် များများရှိတော့တာပါ၊ ကွိုလဲတောင်တန်းရှည်ကြီးကို ပိတ်ဆို့ ထားနိုင်ရင်တော့ နွားနောက်တွေ မြေကြောတစ်နေရာတည်းမှာ ထိန်းချုပ်နိုင်တာပေါ့၊ ကမ္ဘာမြေဆုံးအောင် ဘယ်လိုလုပ်ခြံကာမလဲ'

တောင်တန်းရှည်ကြီးကို ရွာအင်အားဖြင့် အလွယ်တကူ ပိတ်ဆို့နိုင်မည် မဟုတ်သည်ကတော့ သေချာ၏။ ဘကြီးကို အဖြေပြန်ပေးရန် စဉ်းစားဆဲ ဆရာကိုသက်မင်း ရောက်လာ၏။

'ဦးလေး၊ ဒီလောက်မြက်ခင်းများတာ နွားမမွေးကြဘူးလား၊ နွားနောက်နဲ့နွားတည့်ပါတယ်'

'မွေးဖူးတယ်ကွာပြီ၊ ခါးလီအဖေဦးထန်းအောင်ပေါ့၊ ယောနယ်က ဗမာနွားတွေဝယ်ဆွဲလာတာ၊ ချောချောလှလှ နွားထီးကြီးတစ်ကောင် ပါလာတယ်၊ ရောက်လာတဲ့နေ့ပဲ ရွာဦးစီးနွားနောက်ထီးကြီးက အသေခတ်မလို့ ပြင်တာပေါ့လေ၊ နွားနောက်ဆိုတာ သစ်ပင်ကြီးပြိုလဲသွားအောင် ဝှေ့နိုင်ပေမယ့် အားယူစောင်နေရတာက အကြာကြီး၊ ချိုတထောင်ထောင်နဲ့ စောင်နေတုန်း နွားက

www.burmeseclassic.com

www.burmeseclassic.com



ဆယ်ချက်လောက် ဝင်တီးပြီးမြို၊ အားတော့မသန်လှဘူးပေါ့၊ နွား များက ရန်ဖြစ်ကျွမ်းကျင်တယ်၊ အခုန်အပျံ၊ အလှည့်ပြောင်းမြန် တယ်၊ နွားနောက်က ဖင်ကြီးကြီးနေလို့ တစ်ခါလှည့်ဖို့အရေး တမေ့ တမြော၊ လှည့်နေတုန်းတင် နွားကဆယ်ခါလောက် ဝင်တီးပြန်ပြီးမြို၊ နွားသိုင်းသမားကို အားကောင်းတဲ့နွားနောက်ကြောက်ပြေး ပြေးရ တော့တာပဲ၊ နောက်တော့လည်း တည့်ကြလွန်းလို့ နွား၊ နွားနောက် ဗန္ဓတ်သားမြေးမြစ်တွေ ဖြစ်ထွန်းလာလိုက်ကြတာ လူတွေပါ ဒုက္ခ များကုန်ရော'

တိရစ္ဆာန်ကပြားကို ချင်းစကားဖြင့် ဗန္ဓတ် ခေါ်သည်၊ လူကိုကား ထိုသို့မခေါ်ချေ။

'ဘယ်လိုဖြစ်လို့လဲ ဘကြီး၊ ဆက်ပြောပါဦး'

'ပြောရတာပေ့ါ၊ အဲဒီဗမာနွားထီးနဲ့ ချင်းနွားနောက်မနဲ့စပ်ပြီး မွေးလာတဲ့ ဗန္ဓတ်ထီးလေးတွေကလှလည်းအလွန်လှ၊ သန်လည်း အလွန်သန်၊ လယ်ထွန်တုံးဆွဲကောင်းလွန်းလို့ ယောနယ်က လာဝယ်လွန်းလို့ပဲ၊ အဲဒါနဲ့ ဦးထန်းအောင်က အချောအလှဆုံး နွားနောက်ဗန္ဓတ်ထီးလေးကိုမျိုးအတွက်လက်သပ်မွေး၊ သူ့နွားနော မလေးတွေနဲ့ အတူထားလိုက်၊ နွားနောက်မလေးတွေက မမွေးတော့ မြုံတယ်ဆိုပြီး သတ်စားလိုက်၊ ရောင်းစားလိုက်နဲ့ အတော်ကုန်တာ အဲ - တစ်နှစ်မှာတော့ မြုံတယ်ဆိုပြီး တခြားရွာရောင်းစားလိုက်



နွားနောက်မက နောက်တစ်နှစ်မှာ ကလေးမွေးပါလေရော အဲဒီ တော့မှ နွား - နွားနောက်ဗန္ဓတ်ထီးက မြုံမှန်းသိကြတော့တာ'

ထိုကိစ္စဖြစ်နိုင်၊ မဖြစ်နိုင် ဆရာကိုသက်မင်းကို မေးကြည့် သည်။ မြန်မာနွားသိုးနှင့် နွားနောက်မှရသည့် ကပြားထီးသည် အမှန်ပင်မြုံတတ်ကြောင်း မှတ်တမ်းများစွာရှိသည်ဟု ပြောပြသည်။ နွား - နွားနောက်ကပြားထီးကို မျိုးအဖြစ်မမွေးမိရန် ဖြစ်ကြောင်း ဘကြီးနှင့်ရွာသားများကိုလည်း သေချာပြန်ရှင်းပြလိုက်ရ၏။

'ဒါနဲ့ပဲ နွား မမွေးကြတော့ဘူးလား ဘကြီး'

'ဘယ်ဟုတ်မလဲ မောင်၊ နွားတွေမွေးလို့အများကြီး ကြီးပွား လာလိုက်တာ၊ တစ်တောလုံးနီလို့၊ နွားနောက်က အတားအဆီး ခြံ)န်းလုံးတစ်လုံးမြင်ရင် ကျော်ခွဖို့စိတ်ကူးမရှိဘူး၊ နောက်ပြန်လှည့် သွားတာ၊ နွားကတော့ဗျာ၊ လူတစ်ရပ်လောက် ခြံကာထားတာကို ခုန်ပျံကျော်ဝင်တာပဲ၊ တစ်နှစ်မှာ ဝမ်းစာပြောင်းဖူးခင်းအားလုံး ပြောင်အောင် ဝင်စားကြပါလေရောလား၊ အဲဒီနှစ်လူတွေလည်း ငြိုသနာတွေဖြစ် တစ်နှစ်စာဝမ်းစာငတ်၊ ဒုက္ခရောက်လိုက်ကြတာ အဲဒီနှစ်ကစ ဖြတ်လိုက်ကြတာပဲ'

အမှန်တော့ ခြံမလှောင်ဘဲ လွှတ်ကျောင်းမွေးမြူခြင်း၏ အကျိုးဆက်သာဖြစ်သည်။ တောင်ထိပ်ပေါ်မှ ပြန်အဆင်းတွင်မူ ကျက်ရောက် နွားနောက်များက ဆားတောင်းရင်း ပြန်လိုက်လာ

www.burmeseclassic.com

www.burmeseclassic.com

ကြသည်။ နွားနောက်အုပ်ထဲက ဖြူနက်ပြောက်ကျား နွားနောက်ထီးငယ် တစ်ကောင်သည် မလာဝံ့ လာဝံ့ တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေ သည်ကို ကိုကြီးကီးအောင်က လှမ်းအော်ခေါ်၏။

'ပြောက်ကျားထွန်း၊ လာလေကွာ၊ တစ်ကောင်တည်း ကျန်ခဲ့လို့ လမ်းမှားလာဦးမယ်၊ ဒီကောင်လေးက ဦးလေးထွန်းရဲ့ နွားနောက် ပြောက်ကြားထီးကြီးနဲ့ ရတဲ့ကလေးဗျ၊ **'နွားနောက် မှန်ငြား၊ ဖအေ ချိုကား - သားချိုကား၊ ဖအေပြောက်ကြား သားပြောက်ကျား'** ဆိုတဲ့ ချင်းစကားပုံ အမှန်အကန်ပဲဗျို့'

ရွာသားတစ်ယောက်က ထောက်ခံသည်။

'မှန်တဲ့အခါလည်း မှန်တတ်တာပေါ့လေ၊ အခါတိုင်းတော့ လည်း မမှန်ပါဘူး'

ချင်းစကားပုံ၏ဆိုလိုရင်းမှာ သားသမီးသည် မိဘစရိုက် အတိုင်း ဖြစ်တည်လာတတ်သည်။ ဘမျိုးဘိုးတူဟု ဆိုလို၏။ မိဘ ကောင်းမှ သားသမီးကောင်းမည်ဟု ဆိုလိုရင်းဖြစ်၏။ နွားနောက် များနှင့်အတူ ရောနှောပြန်ဆင်းလာကြ၏။ တောင်တန်းသားများ အတွက် တောင်တန်းပျော် နွားနောက်များနှင့် ယှဉ်တွဲသွားလာရခြင်း သည် ဘဝ၏ပုံရိပ်ဖြစ်၍ ပျော်မွေ့ဖွယ်အတိဖြစ်၏။

---

# အခန်း (၉)

ယနေ့ကိစ္စ အပြတ်ဖြတ်ရမည်။ ညနံနက်အရုဏ်မလာမီ ထွက်ခွာနိုင်မှ မိုးကြီးမချုပ်မီ ကန်ပက်လက်မြို့ ရောက်နိုင်ကြမည်။ ကွင်းဆင်းမြေနင်းကြကတည်းက မြက်ထုံးတောင်ကိုသာ ခြံလျှောင် မြေအဖြစ် တညီတညွတ်တည်း အတည်ပြုခဲ့ကြပြီးဖြစ်သည်။ ပြတ်ရန်လုပ်ငန်းစဉ်များ ကျန်ရှိနေသေး၏။ ပင်မစုပေါင်းခြံလျှောင် မြေထဲတွင် တစ်ဦးချင်းခွဲစိတ်ဝေခြမ်းပေးမှု မှတ်တမ်းပြုစုရေး၊ ပင်မ ကြီးကို အပြီးသတ်ကာရံနိုင်မည့်ကာလ ညှိနှိုင်းသတ်မှတ်ရေးတို့ ကျန်ရှိနေသေး၏။ ကိုသက်က စာရင်းအင်းများနှင့် အလုပ်ရှုပ်နေ၏။ ကျွန်တော်က နွားနောက်ပိုင်ရှင်များနှင့် စကားကောင်းနေဆဲ။

'ကိုချစ်ရေ ဂဏာန်းပေါင်းစက် မယူခဲ့မိဘူးဗျာ၊ ချတွက် နေရတော့ ကြာတာပေါ့'

'ဘာတွေ ချတွက်နေတာလဲဗျာ'

'စာရင်းက ဒီရွာမှာရှိပြီး နွားနောက်ကောင်ရေ ဝယ်ထည့် င်ဘဲ့မျှော်မှန်းချက်၊ နှစ်ရပ်ပေါင်းရဲ့ နောက်နှစ်တိုးပွားလာမယ့်

www.burmeseclassic.com

www.burmeseclassic.com



ခန့်မှန်း၊ တစ်ကောင်ချင်းရဲ့ ကျင်လည်ကျက်စားသင့်တဲ့ ဧရိယာကေ
လက်ရှိဧက အဲဒါတွေ စာရင်းထုတ်နေတာပါ။ လူကလည်း ကျွေးမွေ
ပေး၊ တိရစ္ဆာန်ကလည်း ရှာကြံစားသောက်ဆိုရင် ဒီနယ်မြေက
အကောင်းဆုံး အနေအထားမှာရှိတယ်’

ကိုသက်က တွက်ချက်ရေးသားနေဆဲမှာပင် ကျွန်တော်
ကလည်း ကွဲလဲတောင်တန်းရှည်ကြီး ခြုံကာရံနိုင်ရေး၊ လုပ်ဆော
ရမည့်နည်းနာနှင့် အချိန်ကာလအမီ ပြီးစီးရေးတို့ကို တိုင်ပင်ရ
ရွာသားတစ်ဦးချင်းစကားကို ဦးစွာနားထောင်သည်။ တောင်တန်
ရှည်ကြီး ကာရံနိုင်ရေးအတွက် အများစုကတော့ တစ်စုံတစ်ရာပံ့ပို
ကူညီမှုရလိုသည်။ အချို့က စာရင်းမှတ်ချေးငှား ကူညီစေလိုသည်
အနည်းငယ်သောသူများ၏ အပြောကမူ နွားနောက်ကောင်းတွ
မွေးမြူစေလိုလျှင် စရိတ်ငြိမ်းအပြီးလာရောက် တည်ဆော
ပေးထားရမည့် သဘောဖြစ်နေ၏။ လူဟူသည်ကား ရလေလိုဝေ
သဘာဝ။ တစ်ခွန်းချင်း ပြန်လည်ရှင်းပြရ၏။

‘ကြက်မွေးချင်တဲ့လူ ကြက်ခြံဆောက်ပြီးမှ ကြက်ထည့်မွေ
တယ် မဟုတ်ဘူးလား၊ နွားနောက်လည်း ဒီလိုပဲပေါ့၊ ခြံလှောင်မွေ
ခြင်းရဲ့ အကျိုးကျေးဇူးများကိုလည်း ဆရာကိုသက်မင်းက ရှင်းပြ
ပြီပဲ၊ တောင်တန်းရှည်ကြီးကို အခုချက်ချင်းထ မပိတ်နိုင်ကြ
ဆိုတာ မှန်ပါတယ်၊ ဟိုဘက်တွဲလောင်းချောင်းဘက်ကလည
နွားနောက်တွေ ဖြတ်ကျော်လေ့မရှိပေမယ့် ကြံဖန်သွားနိုင်

အပေါက်မျိုး ရှာပိတ်ကြရမှာ၊ အလားတူ နတ်မတောင်ထိပ်ဘက်ကို မတက်ကြဘူးဆိုပေမယ့် တက်သွားနိုင်တဲ့နေရာမျိုး ရှာဖွေပိတ်ကြရမှာပဲ၊ အဓိကက ကွဲလဲတောင်တန်းရှည်ကြီး ပိတ်ကာနိုင်ကြဖို့ကသာ လိုရင်း၊ တစ်လကို ဘယ်နှစ်လံပိတ်မလဲ၊ တစ်နှစ်ကြာရင် ဘယ်လောက်ရောက်မလဲ၊ ဒီတောင်တန်းကြီးကိုပိတ်တာ **တစ်နေ့ တစ်လံပုဂံဘယ်ပြေးမလဲစိတ်ဓာတ်နဲ့ အဆက်မပြတ် လုပ်သွားကြရင် (နှစ်)** နှစ် အချိန်မယူရဘူးလို့ ခန့်မှန်းပါတယ်၊ ကိုယ့်ဒေသထွက် မျှောလုံးရှည်နဲ့ ပိတ်ကာကြမှာပဲ’

ရွာသားတစ်ယောက်က ထောက်ခံသည်။

‘ဟုတ်ပါတယ် ကိုမောင်ချစ်၊ ပုံမှန်ဆက်တိုက်လုပ်သွားကြရင် (နှစ်) နှစ်တောင် အချိန်မယူရပါဘူး၊ တချို့က ယာထဲဆင်း၊ တချို့က အမဲလိုက်နဲ့ဆိုတော့ ညီဖို့တော့လိုတာပေါ့လေ’

အားတက်သရော အားပါးတရ ပြန်ပြောလိုက်ရ၏။

‘ညီရမယ်လေ၊ ဒီလုပ်ငန်းက စည်းလုံးညီညွတ်မှုဖြစ်မယ့် ကိစ္စမျိုး၊ ညီညွတ်ခြင်းသည် အောင်မြင်ခြင်းတဲ့၊ တကယ်ညီညီ ညွတ်ညွတ်လုပ်ကြရင် တစ်နှစ်တည်းနဲ့ တောင်ကြောဆုံးအောင် ကာသွားနိုင်မှာပါ၊ ဒီတောင်ကြောကို ပိတ်ကာပြီးရင် ခြံလှောင်စနစ် ခနိုင်ကြပြီပေါ့၊ တို့နတ်မတောင်နယ်မှာ တစ်သက်လုံး နွားနောက် သွတ်ကျောင်း မွေးလာကြတာ တစ်နှစ်တည်းနဲ့ ခြံလှောင်မွေးလိုက်နိုင်

www.burmeseclassic.com

www.burmeseclassic.com



ကြရင် အဲဒါလအိပ်တောင်ရွာရဲ့ အောင်မြင်မှုသာမက နတ်မတောင်နယ်ရဲ့ မဟာအောင်မြင်မှုကြီးပဲ'

'ဟုတ်တာပေါ့ဗျာ၊ ဒီဆောင်းတွင်းကစပြီး မျောခုတ်၊ ခုတ်ရင်းတင်ရင်းကာသွားရင် တစ်နှစ်နဲ့ပြီးနိုင်ပါတယ်၊ မျောလုံးက ဆောင်းတွင်းမှာခုတ်မှ၊ တခြားရာသီခုတ်ရင် ပိုးထိုးတယ်၊ ပြီးတော့ ခြံကြီးထဲမှာလည်း ကိုယ့်ခြံလေးတွေ တင်းကုပ်တွေလုပ်ကြရအုံးမှာ ဆိုတော့ အလုပ်စချိန်တောင် ရောက်နေပြီ'

ရွာသားများ၏ လက်ခံအသံကြောင့် အပြတ်အပိုင်ချည် လိုက်ရလေ၏။

'ကဲ ဒါဆိုရင် အားလုံးပြီးပြီ၊ အခုဆုံးဖြတ်ချက်ကို လက်မှတ် ထိုးလိုက်ကြပါ၊ ကျွန်တော်လည်း သွားစရာလေးရှိနေလို့'

မနက်ဖြန်နံနက် ပြန်ရတော့မည်ဖြစ်၍ မခါးလီတို့မိသားစုကို အချိန်ယူသွားရောက် နှုတ်ဆက်လိုသဖြင့် စကားအဆက်မခံဘဲ ဖြတ်လိုက်ရ၏။ စာရေးကိုထန်လော ရေးမှတ်သည့် ကတ်ထူစာအုပ် ကြီးတွင် လက်မှတ်ရေးထိုးခိုင်းလိုက်သည်။ ချက်ချင်းပင် ခါးလီတို့ အိမ်သို့ တစ်ယောက်တည်း လစ်ထွက်ခဲ့၏။ အိမ်ပေါ်တက်သွားချိန် ခါးလီတို့မိသားစုလည်း ပခြုပ်ကြီးတစ်လုံး အလယ်ထား၍ တီးတိုး တိုင်ပင်နေကြ၏။

'ဟော - တူလေးမောင်ချစ် လာထိုင်ဟေ့၊ အခုပဲ ဘကြီး အိမ်လိုက်လာပြီး တူလေးတို့ကို လာနှုတ်ဆက်ကြမလို့၊ တူလေး တက်လာတာနဲ့ အတော်ပဲပေါ့ကွယ်'



ခါးလီအဖေက ပျာပျာသလဲနှုတ်ဆက်သည်။ ကိစ္စတစ်ခု အောင်မြင်ခဲ့ပြီဖြစ်၍ လူကလည်း ပေါ့ပါးနေ၏။ ပြန်လည်ပြောပြ လိုက်၏။

'အခုပဲ နွားနောက်ခြံလှောင်မြေကိစ္စနဲ့ ခြံကာဖို့ပြောဆိုပြီးပြတ် ကြတယ်ဦးလေး၊ နံနက်စောစော ပြန်ထွက်ကြမှာ ညနေကြရင် အချိန်မရမှာစိုးလို့ အခုလာနှုတ်ဆက်တာ'

'အတော်ပဲတူလေးရေ၊ တူလေးကို ချင်းရိုးရာအမျိုးသားဝတ် စောင်လေးတစ်ထည် ကြိုက်ရာအဆင်ရွေးပြီး လက်ဆောင်ပေးလိုက် ပါလို့ တူလေးညီမ ခါးလီပြောတာနဲ့ အခုပဲ ပခြုပ်ထဲကအထည် ထုတ်ကြည့်နေကြတာ၊ တူလေးညီမ ခါးလီလက်ရာတွေပေါ့ကွယ်'

ချင်းရိုးရာအမျိုးသားအဆင် အဝတ်ထည်များတွင် ချင်း အခေါ် '**ချိုင်သယီ**' '**ဆွိုးယီ**' '**ခန်းယီ**' '**ဝိယီ**' ဟူ၍ အဆင်လေးမျိုး ရှိသည်။ ချိုင်သယီမှာ မင်းကြီးဆင်ဟု အဓိပ္ပာယ်ထွက်၏။ အခမ်းနား သုံးဖြစ်၏။ **ဆွိုးယီ** က ကိုယ်သိုင်းအဝတ်၊ **ခန်းယီ** က ပခုံးတင်စောင်၊ **ဝိယီ** မှာခြုံစောင် အမျိုးအစားဖြစ်သည်။ ပိုးချည်ဖောက်ရက်လျှင် အချိန်များစွာကြာသည်။ သာမန်ရိုးရိုး ချည်ရက်လုပ်ချိန်သည်ပင် ကြာရှည်၍ တန်ဖိုးမြင့်သည်။ ရင်ထဲကအရှိအတိုင်း ပြောလိုက်ရ၏။

'ချင်းရိုးရာရက်ထည်တွေက တန်ဖိုးကြီးပါတယ် ဦးလေးရယ်၊ ကျွန်တော်တို့လည်း နေ့စဉ်ရုံးတက်နေရတော့ အသုံးပြုချိန်မရှိပါဘူး၊ တန်ရာတန်ကြေးရောင်းချတာကသာ တပင်တပန်း ရက်လုပ်ရတာ

www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပာယ်ရှိမှာ၊ ညီမလေးခါးလီ၊ ဒီလိုလုပ်ပါလား၊ အမှတ်တရ လွယ်အိတ် ခေါင်းပေါင်း အဲဒါမျိုးပေးလိုက်ပါလား'

'အို မဟုတ်တာ ကိုကြီးချစ်ကလည်း၊ ကျွန်မလွယ်အိတ် ခေါင်းပေါင်းလို အသေးစားလေးတွေ မရက်ဘူးရှင့်၊ ကျွန်မပေးတာ မဟုတ်ဘူး၊ အဖေပေးတာရှင့်'

ခါးလီထံမှ အမှတ်တရတစ်ခုတော့ ရချင်ပါ၏။ ဝေလေ့သုံး တန်ဖိုးရှိပစ္စည်းမျိုးတော့ မယူလို။

'ခါးလီ၊ ဒီရိုးရာစောင်တွေစုလိုက်ရင် တစ်ချိန်ချိန်မှာ ညီမလေး လိုချင်တဲ့နွားနောက်မလေး ဝယ်သွားနိုင်မှာပဲ၊ နောက်နှစ်နွားနောက် လက်ဝယ်ရှိထားတော့ ချေးငွေလည်း ရသွားနိုင်ပါတယ်၊ ချင်းရိုးရာ အထည်အစား တစ်ခုခုပေးလိုက်နော်'

'ကိုကြီးချစ်ရယ်၊ ချေးငွေလိုချင်လို့ပေးတာ မဟုတ်ပါဘူးရှင့်၊ တစ်ခုခုအခွင့်အရေး ပြန်ပြောချင်လို့မျှော်ပြီး ပေးတာလည်း မဟုတ် ရပါဘူးရှင်၊ ရိုးရာအထည်ကိုပေးတယ်ဆိုတာ ကိုယ့်ရိုးရာအဝတ် အဆင်ကို အမြဲအမှတ်တရ ရှိစေချင်လို့ပါ၊ ကျွန်မပေးတာလည်း မဟုတ်ပါဘူး၊ အဖေပေးတာပါ၊ အဖေရေ၊ ဒီအထပ်ထဲက အဖေ ကြိုက်တဲ့အဆင်ပေးလိုက်ပါ'

ခါးလီက အဝတ်ထည့်ပခြုပ်ကို တွန်းရွှေ့ပေးလိုက်သည်။ ပြန်ပြောရန်စကားလုံးမရှိပါ။ ခါးလီအဖေ ဦးလေးထန်းအောင်က ပခြုပ်ကိုဆွဲဖွင့်သည်။

'ဒီလိုလုပ်ရအောင်၊ ချိုင်သယီထဲက တူလေးကြိုက်တဲ့အဆင် ရွေးလိုက်ပါ။ ထုံးစံအတိုင်း ဦးလေးခြုံပေးလိုက်မယ်၊ ညအိပ်တော့မှ ခေါက်ထည့်သိမ်းတာပေါ့'

လက်ခံရန်သာရှိတော့၏။ စိတ်ကူးကောင်းလည်း ရလိုက် သည်။

'ညီမလေးခါးလီရဲ့လုပ်အားနဲ့ အရင်းအနှီးကို ကျွန်တော် အလကားယူသွားသလို ဖြစ်နေတယ် ဦးလေးရယ်၊ ခါးလီလက်ရာ ဆိုတော့ ခါးလီရွေးပေးလိုက်တဲ့ အဆင်ကိုပဲ ယူသွားလိုက်ပါ့မယ် ဦးလေး'

'ကောင်းတာပေါ့ကွယ်၊ သမီးရေ ဒီထဲကပဲ ရွေးမလား'

ခါးလီ၏ မျက်တောင်ကော့ကလေးများကြားမှ တောက်ပ သောရောင်ခြည်များ လင်းလက်သွားကြသည်။ အခန်းထဲဝင် ပခြုပ်ငယ် တစ်လုံးဆွဲခဲ့သည်။ ဆွဲထုတ်လိုက်သည့်အဆင်မှာ အစဉ်အလာ အရောင်ဆင်များကြားတွင် အရောင်ရောများ တီထွင်ထည့်သွင်း ထားသဖြင့် တကယ့်သက်တံရောင်စဉ်အဆင်။ ဦးလေးဦးထန်းအောင် က ကောင်းရာမွန်ရာပြောဆိုပြီး ခြုံလွှမ်းပေးလိုက်၏။ နေပူမိုး အောက်က ထိုရွာကလေးငယ်များ အော်ဟစ်သကဲ့သို့ အပြေးပြိုင် အနိုင်မလုရပါဘဲ မခါးလီ၏ဂျပ်ခုတ်စင်မှ သက်တံကွေးဆင် ဝတ်ရ လေပြီတကား။ ကြည်နူးပီတိများစွာနှင့်အတူ ရင်နင့်လိုက်မေကြီးစွာ ဖြစ်ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



'နံနက်အလင်းရောင်လာတာနဲ့ ထွက်ကြရင် မြို့ကို မိုးကြီးမချုပ်မီတော့ ပြန်ရောက်သွားကြမှာပါ၊ ညီမလေးခါးလီဘာများမှာချင်တာ ရှိပါမလဲ'

'အထူးအထွေတော့မရှိပါဘူး ကိုကြီးချစ်၊ ကိုကြီးချစ်တို့ကိုမောင်လွေလောနဲ့ မောင်လောတမ်တို့နဲ့ ပြန်လိုက်ပို့ခိုင်းမယ်ပြောတယ်၊ သူတို့ထဲက တစ်ယောက်ယောက်နဲ့ ဆားလေးတစ်ပိဿာလောက်'

စကားမဆုံးမီ အလျင်အမြန် အာမဘာန္တေခံလိုက်၏။

'စိတ်ချပါ၊ တစ်ပိဿာမကပါဘူး၊ အများကြီးထည့်ပေးလိုက်မယ်'

'ကိုကြီးချစ် အများကြီးထည့်ပေးလိုက်နိုင်တာကတော့မှန်ပါတယ်၊ သူတို့လည်း ဈေးဝယ်အပြန်လေ၊ တောင်မတ်တတ်အတက်လမ်းကြီးဖြစ်နေလို့ လူကြုံပါးပစ္စည်းကို တစ်ပိဿာလောက်ပဲမသယ်မနေရ သယ်ပေးကြရပါတယ်၊ အများကြီးလည်း မလိုပါဘူးရှင်၊ ကျွန်မလည်း သုံးလတစ်ခေါက်လောက်တော့ မြို့ပေါ်ကို ချည်ဝယ်လာတတ်ပါတယ်ရှင်'

သူ့ဒေသနှင့် သူ့အထာပေကိုး။ တစ်ပိဿာလောက်အလေးကိုတော့ ကိုယ့်ရပ်ရွာသားအတွက် မသယ်မနေရမေတ္တာကြေးဖြင့်သယ်ပေးကြသည့်ဓလေ့။

'ညီမလေးခါးလီ မြို့ကိုဈေးဝယ်လာရင် ကိုကြီးချစ်ကိုဆက်ဆက်ဝင်တွေ့နော်၊ ကိုကြီးချစ်က ဆိုင်တွေအားလုံးနဲ့ရင်းနှီးတယ်'



'ဟုတ်ကဲ့ပါရှင်၊ ကျွန်မ ဆက်ဆက်လာခဲ့ပါ့မယ်'

စကားပြောကောင်းနေကြဆဲ၊ ရွာထဲက ကလေးငယ်တစ်ယောက် ပြေးတက်လာသည်။

'ဆရာနဲ့ ဦးလေးတို့အိမ်သားအားလုံး ဘကြီးအိမ်ကို အကုန်လာခဲ့ပါတဲ့၊ မြို့ပေါ်ကလာတဲ့လူကြီးတွေ နံနက်ပြန်မှာမို့လို့ ဒီညနှုတ်ဆက်ပွဲလုပ်မယ်၊ အားလုံး အဲဒီမှာ စားရမယ်တဲ့'

ရပ်ရွာကိစ္စဝန်ထမ်းလာရောက်၍ ပြန်တော့မည်ဆိုလျှင်နှုတ်ဆက်သည့် ရွာဓလေ့ဖြစ်၏။ ရွာထဲကတတ်စွမ်းသရွေ့ ယူခဲ့သည်။ အထူးသဖြင့် ရွာလူကြီးအဖွဲ့ဝင်များ ဦးစီးသည်။ ရတတ်သရွေ့ စုပေါင်းချက်ပြုတ်သည်။ ပြန်မည့်ဧည့်သည်နှင့်အတူတပျော်တပါး ဝိုင်းစားမည်။ နောက်နေ့ ဧည့်သည်ပြန်အထွက်လိုက်မပို့နိုင်သူက ထိုညတွင် အပြီးနှုတ်ဆက်ခဲ့မည်။

"အေးဟော့၊ လာပြီမောင်လေး၊ ခါးလီလည်း အလုပ်ကူရဦးမှာ၊ သွားကြစို့ရှင်"

ရွာလူကြီး ဘကြီးအိမ်သို့ ပြန်ထွက်လာကြသည်။ နွားနောက်မွေး ရွာသားများကား နွားနောက်ကိစ္စမှ အလွန်တက်ကြွကြသည်တကား။ ဘကြီး၏အိမ် ကျယ်ကြီး၌လူအပြည့်။ ရိုးရာပွဲအလား ပျော်ရွှင်ဖွယ်ရာ စားသောက်ပွဲကြီးဖြစ်၏။ စားသောက်ပွဲပြီးလျှင် ရွာသားများလည်း လက်ဆွဲနှုတ်ဆက် အလျှိုလျှိုပြန်ဆင်းသွားကြသည်။ မခါးလီကလေးလည်း သက်တံဆင် ချင်းဝတ်ထည်ကိုသေချာခေါက်ကာ ကျောပိုးအိတ်ထဲ ထည့်သွင်းပေးခဲ့၏။ ရွာအထွက်အထိ လိုက်ပို့မည့်အကြောင်း ပြောဆို ပြန်ဆင်းသွားချိန် ညနက်ခဲ့ပြီ။

 www.burmeseclassic.com

ခါးလီဆင်းသွားပြီးပြီးချင်း အိမ်ရာထဲဝင် ခေါင်းမြီးခြုံလိုက်၏။ အိပ်မက်ထဲတွင် ခါးလီသည် တောင်ပေါ်ခရီးသွားပလိုင်းကို တစောင်းလွယ်ကာ တောင်ဆင်းလမ်းအတိုင်း ဆင်းနေသည်။ နောက်ကကပ်၍ ဖဝါးချင်းထပ်လိုက်ခဲ့၏။ အုန်းခနဲထရိုက်သံကြောင့် လန့်နိုးလာသည်။ မိုးလင်းခဲ့ပြီ။ ပို့ဆောင်နှုတ်ဆက်မည့်သူများ အသင့်ရောက်နေပြီ။ ရွာမှထွက်ခဲ့၍ စပါးကျီသိုက်တောင်တန်းအရောက် ခေတ္တနားနေနှုတ်ဆက်ကြ၏။

'ညီမလေးခါးလီရေ၊ ကိုကြီးချစ်တို့ သွားဦးမယ်နော်၊ အားလုံးကို ကျေးဇူးတင်ပါတယ်'

'တမောတခေါ ပြန်ဆင်းကြပေဦးတော့ ကိုကြီးချစ်တို့ရေ၊ ကိုကြီးချစ်တို့ လအိပ်တောင်ရွာကို နောက်တစ်ခေါက်လာဖို့ ဘယ်တော့အလှည့်ကြုံပါဦးမလဲရှင်၊ လာခဲ့ကြပါဦးရှင့်'

'မကြာမကြာရောက်ချင်ပါတယ် ညီမလေးခါးလီ'

ဆရာကိုသက်မင်းနှင့် ရွာလူကြီးများလည်း ပြောဆိုနှုတ်ဆက်ပြီး သွားကြပြီ။ မခါးလီ၏ လက်ဖဝါးနုထွေးလေးကို နှုတ်ဆက်ဆုပ်ကိုင်ထားခြင်းမှ မလွှတ်ချင်ပါလျက် ဖြေလွှတ်ခဲ့ရ၏။ အိပ်မက်ထဲတွင်ကား ခါးလီနောက်က ဖဝါးချင်းထပ်လိုက်ခဲ့သည်။ လက်တွေ့၌မူ ဘယ်ခြေရာ ညာခြေချကာ ချော်မကျအောင် ကိုယ့်ဖဝါးကိုယ်ထပ် တောင်မတ်တတ်ကို ပြန်လည်ကျော်ဖြတ်ခဲ့ရ၏။

* 

## အခန်း (၁၀)

လအိပ်တောင်ရွာကလေးမှ ပြန်ရောက်လာလာချင်း အိုင်အိုဒင်းဆား သုံးထုပ်ဝယ်ထားလိုက်သည်။ ဆားထုပ်နှင့်တွဲ၍ ခါးလီထံစာပါပေးလိုက်မည်။ ရွာရောက်စဉ်က ချက်ပြုတ်ကျွေးခြင်း၊ ချင်းဝတ်ထည် လက်ဆောင်ပေးခြင်းများအတွက် ကျေးဇူးတင်ဝမ်းသာနေကြောင်း၊ မြို့ရောက်လျှင် ဆက်ဆက်ဝင်တွေ့ စေလိုကြောင်းများရေးသည်။ ပြန်လိုက်ပို့သည့် လောလွေ့တို့ နောက်နေ့မှ ပြန်မည်ဖြစ်၍ ညနေသွားပါးမည်။ ကိုယ့်စာကိုယ် အကြိမ်ကြိမ်ဖတ်နေဆဲ ရုံးအကူ ဦးမောင်လှ တက်လာ၏။

'အဘိုးလေး၊ ဦးစီးက အခုလာခဲ့ပါတဲ့၊ ဘာအရေးကြီးမှန်း မသိဘူး'

ရုံးချိန်အစောကြီးရှိသေး၏။ အထက်အရာရှိကိုယ်တိုင် ရုံးပေါ်ရောက်နေလျှင် အရေးပေါ်ကိစ္စရှိပေလိမ့်မည်။ မမျှော်လင့်သည့်အချိန်တွင် မမျှော်လင့်သည့်အကြောင်းက ဒိုင်းခနဲဝင်လာတတ်သည်။ ချက်ချင်းထလိုက်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

'ညီလေးချစ်အောင်ရေ၊ မနေ့က မင်းတပ်ခရိုင်မှူး ဖုန်းလှမ်းဆက်တယ်၊ နယ်ဆင်းအဖွဲ့တွေ ဘယ်နေ့ပြန်ရောက်မလဲမေးတော့ ဒီညပြန်ဝင်မယ် ပြောလိုက်တယ်၊ မနက်ဖြန်အစောကြီး ထွက်လာခဲ့ကြကွာတဲ့၊ ခရိုင်ချုပ်ပို့ဖို့ အရေးတကြီးဖြစ်နေပြီ၊ **ဘတ်ဂျက်ဆိုတာ ကာလသတ်မှတ်ချက်နဲ့ ကိုယ့်ဘက်က နောက်ကျလို့ ကိုယ့်နယ်သားတွေ နာသွားတာမျိုး မဖြစ်ရလေအောင် စေတနာလေးနဲ့ အားထည့်ကြတာပေါ့ကွာ** တဲ့၊ ဟုတ်ကဲ့ပါခင်ဗျာ၊ မနက်ထွက်ခဲ့မယ်လို့ ပြောလိုက်ရတယ်၊ ကိုသက်မင်းရောက်လာရင် စာရင်းတွေ လက်မှတ်ထိုးဖို့ လက်နှိပ်စက်ရိုက်ပြီးပြီးချင်း ထွက်ကြမယ်၊ ကိုးနာရီအတိပေါ့'

ပြောဆိုနေကြဆဲ ကိုသက်မင်း စာရွက်ထပ်ကြီးပိုက်လျက် တက်လာသည်။

'ကိုချစ်၊ စာရင်းတွေ စက်တင်အချောရိုက်ဖို့ တစ်ချက်ပြန်ညှိရအောင်၊ နာမည်ဆင်တူ အမှားအယွင်းမရှိရအောင်'

ချင်းနာမည်များက ရှေ့နောက်ပြောင်းပြန် ဆင်တင်တင်များအပြင် တိုင်းရင်းသားအသံအရ အသံထွက် ကွဲလွဲကြသော်လည်း မြန်မာစာဖြင့်ရေးလျှင် စာလုံးအက္ခရာ သွားတူနေသည်များလည်း ရှိသည်။ ကိုယ်ကိုယ်တိုင်ပင် လက်နှိပ်စက်စာရေးကို စာခေါ်ပေးလိုက်ရ၏။ စက်ရိုက်ပြီးစီးချိန်၌ကား ကိုးနာရီစွန်းခဲ့ပြီ။ အနွေးထည်နှင့် သွားပွတ်တံမျှသာ ကမန်းကတန်းဆွဲယူခဲ့ရ၏။ ရုံးမာဇဒါဂျစ်ကား ခေတမြို့အဝင် ကျောက်ထုလမ်းခွဲ ချိုးကွေ့လိုက်၏။ လူပါစောင်းငိုက်



သွားပြီး နေအိမ်စားပွဲပေါ်၌ ဆားထုပ်နှင့် စာအိတ်တို့ တင်ကျန်ရစ်ခဲ့ကြောင်း သတိရလေ၏။ နှုတ်ကလည်း ယောင်ယမ်းအော်ဟစ်၏။

'ဟိုက် သွားပြီ . . . ဆားထုပ်'

'ဘာလဲ ဘာလဲဟ၊ ကိုယ့်ညီ အလန့်တကြားနဲ့ ဘာဆားထုပ်လဲကွ လမ်းကွေ့ကောက်ရတဲ့အထဲ'

'မေ့လို့ အစ်ကိုကြီးရေ၊ ခါးလီတို့ လအိပ်တောင်ရွာကို ဆားထုပ်ကလေး ပြန်ပါးလိုက်မလို့ဟာ ကမန်းကတန်းထွက်လာရတာနဲ့ မေ့သွားတယ်'

'ဒါများကွာ အလန့်တကြား ပြူတ်များကျပြီလားလို့'

ရပ်နားနေကျ မြို့ရွာများကို တောက်လျှောက်ဖြတ်ကျော်မောင်းနှင်ခဲ့ကြ၏။ မင်းတပ်ခရိုင်ရုံးထဲ အချိန်မီ ဝင်ရောက်သွားကြသည်။ ရောက်ရောက်ချင်း ခရိုင်ရုံး၊ ရုံးအုပ်ကြီး ဦးသန်းက ဆီးကြိုပြောသည်။

'မောင်ချစ်အောင်ရေ၊ ဒီအပတ် မောင်ချစ်အောင် မွမ်းမံသင်တန်းပါတယ်၊ စောစောကပဲ ပြည်နယ်ရုံးက ကြေးနန်းဝင်လာတာ (၁၅) ရက်ထက်မစော၊ (၁၇) ရက်ထက် နောက်မကျရတဲ့'

'ဘယ်သူတွေပါသေးလဲ ရုံးအုပ်ကြီး'

'မင်းတပ်မြို့နယ်ရုံးက မောင်ယောပါတယ်၊ အခုပဲ ပြန်ဆင်းသွားတယ်'

ကြာရှည်စကားပြောချိန်မရပါ။ အစည်းအဝေးခန်းထဲ တန်းဝင်သွားရသည်။ အစည်းအဝေးက ထိုနေ့ညဉ့်မနက်မှ ပြီးဆုံး

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ကန်ပက်လက်မြို့ ပြန်ရောက်ပြီး ပြင်ဆင်ချိန်နှစ်ရက်သာ ရသည်။ ရေးကြီးသုတ်ပျာပင် ထွက်ခွာလာခဲ့ရပြန်၏။

ဗဟိုဝန်ထမ်းတက္ကသိုလ် မွမ်းမံသင်တန်းသည် ယခင် အလုပ်ဝင်သင်တန်းနှင့် နှိုင်းစာလျှင် အထူးပင် သက်သာပေါ့ပါး လှသည်။ နံနက်ပိုင်း ကိုယ်လက်ကြံ့ခိုင်ရေး လှုပ်ရှားမှုရှိသည်။ တပ်ခွဲအဝင်အထွက် တန်းစီ၊ လူစစ်၊ ဘယ်လှည့်၊ ညာလှည့်၊ တန်းဖြုတ် အဆင့်သာလုပ်ရသည်။ ကျွန်တော်ကား ခါးလီကို ဆားထုပ်ကလေး ပြန်မပေးဖြစ်လိုက်နိုင်သည့်ကိစ္စကို အချိန်တိုင်းသတိရ တအုံနွေးနွေး တရေးရေးဖြစ်နေ၏။ တန်းစီလူစစ်ချိန်များတွင် တပ်ခွဲမှူးက ဘယ်လှည့်အမိန့်ပေးသည်ကို မကြားလိုက်၍ ညာလှည့်မိခြင်း၊ ညာလှည့်အမိန့်ပေးလျှင် ဘယ်လှည့်မိခြင်းကြောင်း နဖူးချင်းတိုက်မိ ရသည်က အကြိမ်ကြိမ်။ ရှေ့မထွက်မိဘဲ ပိတ်ရပ်နေ၍ ကျော်ခွ တွန်းတိုက်ခံရသည်က အခါခါ။ တစ်နေ့တန်းဖြုတ်ချိန်တွင် နောက်က ဝင်တိုးမိသည့် မင်းတပ်မြို့နယ်ရုံးမှ ကိုမောင်ယောက ပြော၏။

'ဟေ့ ကိုချစ်အောင် ခင်ဗျားဝတ်စုံပြည့်ဝတ်ထားပြီး ဘယ်လိုဖြစ်နေတာလဲ၊ ကျွန်တော်အကဲခတ်နေတာကြာပြီ၊ ငူငူငိုင်ငိုင်နဲ့၊ ဒီလောက်စစ်မိန့်ကျယ်ကြီး ပေးနေတာ ကြားလိုက်တဲ့ပုံတောင် မရှိဘူး၊ လူငယ်အားတက် ဖျတ်ခနဲ ဖြုတ်ခနဲ ဝုန်းခနဲဒိုင်းခနဲ လုပ်စမ်းပါဗျ၊ စစ်သင်တန်း မတက်ဖူးတဲ့လူလို ဖြစ်နေတယ်'

သူ့စကားဟုတ်နေသည်။ ကျွန်ုပ်သည်လည်း ခေသူမဟုတ်ခဲ့ အလုပ်ဝင်သင်တန်း သင်တန်းဆင်းစဉ်က သင်တန်းဆင်းတပ်ခွဲမှူး



လူရင်းဖြစ်၍ အဆောင်ပြန်ရောက်လျှင် အမှန်အတိုင်း ပြောပြ လိုက်သည်။

'ဒီလိုကွ မောင်မံယော၊ သင်တန်းလာခါနီးမှာ နွားနောက် မွေးမြူရေးဓမ္မေး စိစစ်ရေးနဲ့ စည်းရုံးရေးကိစ္စတွေပေါ့ကွာ၊ ကိုယ်နဲ့ မွေး/ကု၅ာနတာဝန်ခံဆရာကိုသက်မင်းတို့ နတ်မတောင်နားက လအိပ်တောင်ရွာကို ကွင်းဆင်းကြတယ်'

အစချီပြီး ခါးလီက တာဝန်ယူချက်ပြုတ် ကျွေးမွေးပုံ၊ တောင်ထိပ်ရွာ၏ ရှားရှားပါးပါး အထက်တန်းပညာအထိ ကျောင်းနေ ဖူးသူက အဆင်ဆန်းများတီထွင်၍ ချင်းရိုးရာအထည်အမျိုးမျိုး ရက်လုပ်ပုံ၊ သက်တံရောင်အဆင် ချင်းဝတ်ထည်ကို လက်ဆောင် ပေးပုံ၊ ဆားထုပ်ငယ်တစ်ထုပ် ပြန်မှာသည်ကို အလျင်စလိုနှင့် မေ့လျော့၍ ပြန်မပေးလိုက်ရပုံ၊ ထိုအကြောင်းများကိုသာ အချိန်နှင့် အမျှသတိရလျက် ပြန်ပြောင်းတွေးတော စိတ်မကောင်းဖြစ်ရပုံများကို ရှင်းပြလိုက်၏။

'သေချာပြီ၊ ခင်ဗျားမသိစိတ်က ဒီကောင်မလေးကို တမ်းတမ်းစွဲဖြစ်နေပြီ၊ အသိစိတ်ကလက်ခံပြီး သင်တန်းဆင်းရင် ချစ်ကြောင်းကြိုက်ကြောင်း အပြေးသွားပြောလိုက်'

'ခင်ဗျားပြောသလို မဟုတ်သေးဘူးထင်တယ်၊ ချစ်ဖို့ ကြိုက်ဖို့ဆိုတာ အတူတူအနေကြာမှ ဖြစ်တာမျိုးပါ၊ သူပေးတဲ့ တန်ဖိုးကြီးလက်ဆောင်တော့ ယူထားပြီး ဆားကလေးတစ်ထုပ် တောင် ပြန်မပေးလိုက်နိုင်တာ အမြဲတွေးတော စိတ်မကောင်းတာပါ

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူ့အဖေက ဟိုတုန်းကတော့ ချင်းမလေ့အရ ကြွယ်ပိုး ကြွယ်ဝဆို ရမှာပေါ့၊ နွားနောက်များပိုင်ရှင် ဖြစ်ခဲ့ဖူးပြီး တိုင်ပြား အိမ်ကြီးနဲ့ပဲ အခုတော့ ကျန်းမာရေးလည်းမကောင်း၊ ဘာတစ်ခုမှ မရှိတော့ဘူးဗျ၊ သူ့သမီး ခါးလီကပဲ အထည်ရက်ပြီး ကျွေးနေရတဲ့ သဘောရှိတယ်၊ မိန်းကလေးဆိုတော့ ယာခင်းကြီးတွေ မဦးစီးနိုင်ဘူးပေါ့'

'ခင်ဗျားလေသံအရ ဒီကောင်မလေးကို ခင်ဗျား သံယောဇဉ် သိပ်ကြီးနေပြီ ကိုချစ်အောင်'

'မဟုတ်သေးဘူးဗျ၊ ခင်ဗျားလည်း ဒီနယ်သား ဒီထုံးဓလေ့ သိတာပဲ၊ ကျွန်တော်က အဘွားရဲ့မောင်ဘက်က မြေးမလေးနဲ့ ပြန်လက်ထပ်ဖို့ လူကြီးတွေ ပြောဆိုညှိနှိုင်းထားပြီးသား၊ အဲဒီကောင်မလေး ခင်ဗျား သိပါတယ်။ တုံကြီးရွာက ကျွန်တော့်ဦးကြီးရဲ့ တစ်ဦးတည်းသော သမီးလေ၊ သူနာပြုဆရာမလေး မလိုင်လေးလေ'

နတ်မတောင်ဒေသ ထုံးဓလေ့။ နှမ၏သားသည် မောင်၏ သမီးနှင့် ပြန်ယူရမြဲဖြစ်သည်။ ပြောင်းပြန်လည်၍ လုံးဝမရ။ ဤသို့ဖြင့် ယောက်ခမမျိုးနွယ်နှင့် သားမက်မျိုးနွယ်ဟူ၍ ပုံသေကွဲပြား ဖြစ်တည်လာ၏။ ပြန်ယူသင့်သူများ လုံးဝမယူမနေရဟူ၍ကား မရှိပေ။ ပြန်ယူသင့်သူများတွင် ကတိစကားပြောဆိုထားပြီးမှ တစ်ယောက်ယောက်က မယူလိုဟုငြင်းဆန်ခဲ့သော **"မားလေ" ခေါ် ငြင်းဆန်ကြေး နွားနောက်ကြီး**တစ်ကောင် ပေးလျော်ရလေ၏။ သမီးအကြီးမ မပင်း မအ အချောအလှရှိပါလျက် အငယ်မကို ယူခဲ့မိချေသော အကြီးမကို



ပေးရသည့် **"ကန်း (န်) လေ" ခေါ် ကျော်လွှားကြေး** အဖြစ် နွားနောက် ငယ်တစ်ကောင် ပေးလျော်ရ၏။

'ခင်ဗျား ရှေးထုံးမလေ့တွေ ဒီခေတ်ကြီးထဲမှာ ပုံပြင်အဖြစ် ကျန်ရစ်ခဲ့ပါပြီဗျာ၊ ဒါပေမဲ့ ခင်ဗျားတို့ နတ်မတောင်နယ်သား တွေက မဟုတ်တာကိုတော့ အရိုးစွဲလိုက်နာ၊ ဟုတ်တာကိုတော့ ကိုက်ကိုက် စားစား မရှိကြဘူးဗျ၊ ခင်ဗျားလည်းငြင်းဆန်ကြေး နွားနောက် တစ်ကောင်ပေးလိုက်ပေါ့ဗျာ၊ 'သူကလည်း ခင်ဗျားလိုပဲ တခြားမှာ ချစ်သူရှိချင်ရှိနေမှာ၊ ခင်ဗျားငြင်းဆန်လိုက်လို့ကတော့ ထတောင် ကလိုက်ဦးမယ်၊ အမလေး သဘောကျလိုက်မယ့်ဖြစ်ခြင်း၊ ပညာရှိတို့ တွေးကြည့်ရင် ပြေးကြည့်တာထက် ပိုသေချာတယ်'

'ခင်ဗျားထင်သလောက်လည်း မလွယ်သေးဘူး၊ ပညာရှိရေ၊ သူကလည်း သူ့အဆင့်နဲ့သူဗျ၊ တစ်ဦးတည်းသောသမီး ပညာတတ် သူနာပြုဆရာမလေ၊ ပြန်ယူရမယ့်မိန်းကလေးက အရူး၊ အအ အပင်း အကန်း မဟုတ်ဘဲ ယောကျ်ားလေးက စတင်ငြင်းဆန်ရ ထုံးလည်း မရှိဘူးလေဗျာ'

'ထားပါ ပညာတတ်မိန်းကလေးက ပိုပြီးနားမဝေးသေးဘူး၊ ကျွန်တော်မေးတာအမှန်ဖြေ၊ အခုလောလောဆယ် ခင်ဗျားအာရုံ ထဲမှာ ထုံးဓလေ့အရ ခင်ဗျားပြန်လက်ထပ်ရမယ့် သူနာပြုဆရာမလေး မလိုင်လေးကိုပဲ အမြဲတမ်း မြင်ယောင်သတိရနေသလား၊ လအိပ် တောင်ရွာက မခါးလီကိုပဲ မြင်ယောင်သတိရနေသလား၊ ဘယ်သူ့ကို ပိုပြီးသတိရနေသလဲ၊ နှစ်ယောက်စလုံးကိုပဲလား၊ နှစ်ယောက်စလုံး ဆိုရင်တော့ ခင်ဗျားဆေးခန်းပြရမယ့်သဘော ရှိတယ်'

www.burmeseclassic.com

 www.burmeseclassic.com

'မလိုင်လေးနဲ့က တစ်မြို့တည်းနေကြပေမယ့် သူက ဆေးရုံ သူနာပြုဆရာမလေး၊ သူလည်း သူ့အလုပ်သူရှုပ်၊ ကျွန်တော်လည်း ကိုယ့်အလုပ်ကိုယ်၊ လမ်းတွေ့ရင်တောင် နှုတ်ဆက်ချိန် မရှိကြပါဘူး၊ ဒါပေမဲ့ ကိုယ့်အကြောင်းတော့ ကိုယ်သိကြပါတယ်၊ လူမှုရေးထမ်း ဆောင်ရမယ့် တာဝန်တော့ မပျက်ကွက်ကြပါဘူး၊ အခု ကျွန်တော် ပြောနေတာက စေတနာနဲ့ လက်ဆောင်ကောင်းပေးတဲ့ ရက်ကန်းသည် မလေး မခါးလီကို ဆားကလေးတစ်ထုပ်တောင် ပြန်မပေးလိုက် နိုင်တာ တစ်ချိန်လုံးအာရုံထဲရောက် အတွေးစိတ်တွေ ဖိစီးပြီးတော့ အလွဲလွဲအမှားမှား ဖြစ်နေရတာကွ'

'အဲဒါအဖြေပဲ သူငယ်ချင်း၊ နောက်ပြဿနာနောက်ရှင်း သင်တန်းဆင်းဆင်းချင်း ခါးလီဆီအမြန်သာပြေးပေတော့၊ ဟို အကြောင်းပြ ဒီအကြောင်းပြ လုပ်မနေနဲ့၊ ထုံးစံအရ ပြန်ယူရမယ့် သူတွေမှာ ယောကျ်ားလေးက စတင်ငြင်းဆန်ရထုံးမရှိဘဲ ငြင်းဆန်တဲ့ အတွက်ပဲ နွားနောက်တစ်ကောင် ငြင်းဆန်ကြေးအဖြစ်နဲ့ လျော်ကြေး ပေးရတာ မဟုတ်ဘူလား၊ ပေးလိုက်ပေါ့ကွ၊ စိတ်ကိုအပြတ်ပိုင်း ဖြတ်လိုက်'

ကိုမောင်ယော၏ အကြံပြုချက်ကြောင့်ထင်သည် ထို့ နောက်ပိုင်းကား သင်တန်းကာလ၌ အလွဲလွဲအမှားမှား မရှိတော့ ချေ။ သုံးလကြာသင်တန်းကို ပင်ပန်းခြင်းမရှိ ရွှင်လန်းခြင်းအပြည့် ဖြင့် ပြီးဆုံးသွားလေ၏။

---

## အခန်း (၁၁)

သင်တန်းပြီးဆုံး၍ ဌာနပြန်ရောက်ချိန် မိုးလယ်ကာလ ဖြစ်ခဲ့ပြီ။ နွေရက်ကပင် နွားနောက်ချေးငွေများ ထုတ်ယူခဲ့ကြပြီး ကြောင်း သိရ၏။ အလုပ်နားရက် အခန်းတွင်းမိုးအောင်းနေစဉ် ဆရာကိုသက်မင်း တက်လာ၏။

'ပြောရဦးမယ် ကိုချစ်၊ ကိုချစ်သင်တန်းတက်နေတုန်း ကိုချစ်ရဲ့အဘွားဆီ ကျွန်တော်ရောက်သွားသေးတယ်၊ ဆရာမလေး မလိုင်လေးတို့နဲ့ စံတုံရွာကအပြန် လှည့်ဝင်ကြတာ၊ စံတုံရွာကို သွားတာက မလိုင်လေးခေါ်လို့ လိုက်သွားတာ၊ အမှန်က ကျွန်တော့် အလုပ်ကိစ္စပါပဲ၊ အခန့်သင့်လို့'

မလိုင်လေးမှာ ထုံးမလေ့အရ ကျွန်တော်နှင့် ပြန်လည် ပေါင်းစည်းရမည့်သူဖြစ်၏။ လူကြီးမိဘချင်း ညီညွတ်ထားပြီးလည်း ဖြစ်သည်။ ငယ်စဉ်ကပင် အချင်းချင်းလည်း နားလည်ထားကြသည်။ တစ်ယောက်နှင့်တစ်ယောက် ငြင်းဆန်သူလည်းမရှိ၊ လောဆော်သူ လည်းမရှိကြ၊ ကိုယ့်သဘောကိုယ်ဆောင်နေကြသည်သာ ဖြစ်၏။ ထိုထိုသော အကြောင်းများကိုလည်း အပေါင်းအသင်းများထံ ဖွင့်ဟ

www.burmeseclassic.com

ပြောကြားသည့် အလှေ့အထ မရှိကြ။ ဤကား နတ်မတောင်နယ်၏ လူနေမှုဘဝပုံစံတည်း။

'စံတုံ့ရှာက အတက်အဆင်းခရီး အဝေးသား ဘာပွဲရှိလို့လဲ'

'ပြောရရင်တော့ ခင်ဗျားတော်တော်သဘောကျမယ်၊ ဆရာမလေးကို သူ့အဘွားက လူလွှတ်ခေါ်ပြီး လာပြောခိုင်းတာ၊ ဆရာမလေးမလိုင်လေးက ကျွန်တော့်ကို ပြန်ပြောပြတာပါ၊ သူ့အဘွားက ရိုးရာနတ်တင်တာ၊ အဲဒီနတ်က မကျေနပ်လို့ ပြန်သောင်းကျန်းနေတယ်ပေါ့လေ၊ အဲဒီကိစ္စသွားကြဝာယ် ဆိုပါတော့'

နတ်မတောင်ဒေသ မမာမကျန်းဖြစ်လျှင် နတ်ဝင်ပသသည့် အလေ့အထရှိသည်။ ထိုနတ်မကျေနပ်၍ ပြန်သောင်းကျန်းသည်ကို မတွေ့မမြင် မကြုံစဖူးခဲ့ပေ။

'အထူးအဆန်းပါလား၊ ခင်ဗျား အဲဒါသွားနှိမ်နင်းရတာပေါ့'

'မဟုတ်ဘူးဗျ၊ ခင်ဗျားကို ဇာတ်လမ်းအစက ပြောပြမှ လိပ်ပတ်လည်မယ်၊ ဆရာမလေး မလိုင်လေးအဘွားက ကြက်ဖို ကြက်မနဲ့တင်ရတဲ့ ရိုးရာနတ်တင်တယ်တဲ့၊ အဲဒီကစတာပဲ'

ဤဒေသ၌ ကြက်ဖိုကြက်မဖြင့် ရိုးရာနတ်တင်ခြင်းသည် အထူးအဆန်းမဟုတ်ပါ။ ကုသိုလ်ကြမ္မာကောင်းပါစေရန် ရည်သန်ပြုလုပ်သည့် ရိုးရာနတ်ကိုးခြင်းမျှဖြစ်၏။ အရွယ်ရောက် ကြက်ဖြူဖကြီးနှင့် ကြက်နက်မကြီး ဖြစ်ရလေ၏။ နတ်ဆရာသည် ပသမည့် နတ်ကိုဖိတ်ကြားပြီး လက်တစ်ဖက်တည်းဖြင့် ကြက်လည်မျိုကို



လိမ်ချိုးညှစ်သတ်ရ၏။ ကြက်အသက်ထွက်သွားသည်အထိ တောင်းပန် တိုးလျှိုးဆု တောင်းပေးသည်။ ထိုကြက်မွေးကို တစ်ခေါင်းလုံး ဝေအောင်ပန်စေပြီး၊ ထိုနတ်က ကောင်းစွာစောင့်ရှောက်ပါမည့် အကြောင်း ပြောဆိုအပ်နှံသည်။ ကြက်ကိုချက်ပြုတ်ပြီးသော် နှုတ်သီး မျက်လုံး၊ ခြေသည်း၊ အမွေးတို့ကို နတ်စာအဖြစ် ပစ်လွှင့်ကျွေး မွေးသည်။ ကျန်အသားကောင်းကိုကား လူသာလျှင်စားလေ၏။ မကျန်းမာသည့်လူမမာ ကျန်းမာစေရန် ရည်သန်ပြုလုပ်လျှင်လည်း ထိုနည်းအတိုင်းဖြစ်၏။ ခင်မင်သူကို ကြက်သားဟင်းကျွေးလိုလျှင် လည်း ထိုသူ၏ပန်းငေက်ဝယ် ကြက်လည်မျိုညှစ်သတ်ပြီး နတ်ကောင်း တို့ စောင့်ရှောက်ရန် ပြောဆိုလျက် ကြက်မွေးများကို ပန်ပေးရ၏။ လူစားရန်မဟုတ်သောအပိုင်းများကို နတ်စာပစ်၍ အသားကောင်းကို ကျွေးခြင်းဖြစ်၏။

'ဒီလိုကိုချစ်၊ ဆရာမလေး မလိုင်လေးအဘွား မမာမကျန်း ဖြစ်လို့ ကြက်ဖြူဖနဲ့၊ ကြက်နက်မနဲ့ ရိုးရာနတ်တင်ရတာ၊ နတ်တင်နေတုန်း ကြက်ဖြူဖကြီးက ထွက်ပြေးလွတ်မြောက်သွားရော၊ ရှိတဲ့ ကြက်ဖြူဖြူအသေးလေးနဲ့ အစားထိုးတင်လိုက်ရတယ်တဲ့၊ အဲဒီနတ်က သူ့ကို ကြက်ပေါက်စလေးနဲ့ တင်ရကောင်းလား စိတ်ဆိုးပြီး အဲဒီရက် ထဲမှာပဲ မလိုင်လေးအဘွား အိမ်မွေးကြက်အားလုံး လည်မျိုညှစ် သတ်ကုန်တာတဲ့၊ မလိုင်လေးအဘွားပြောတာက သူကကံရှိသေး သေးလို့ ကံနိမ့်တဲ့အချိန် သူလည်း နတ်ကလည်မျိုညှစ်သတ်မှာပဲနဲ့

 www.burmeseclassic.com

တယ်ပင်ပင် တကြောင့်ကြကြပေါ့၊ သူမသေခင် သူမှာချင်တာမှာ ရအောင် အခေါ်လွှတ်တာ၊ အမှန်က ကြက်လည်လိမ်ရောဂါကျ တာဗျ။ တိုက်ဆိုင်သွားတာ'

'ဟုတ်တာပေါ့ဗျာ၊ ဒီနယ်မှာကြက်လည်လိမ် ရောဂါ ဖြစ်ခဲ့ တယ်ဗျ၊ ပြီးတော့ ဒီနယ်ရဲ့မလေ့က အိမ်ထောင်ဖုတိုင်း ကိုယ့် အိမ်အောက်ခြံလှောင် ကြက်မွေးကြတာ၊ တစ်ခြံနဲ့တစ်ခြံဝေးတယ် လတ်တလော မကူးစက်သေးတော့ နတ်ကသူ့ကိုပဲ ကွက်လုပ်တယ်လို့ အဘွားက ထင်ပြီပေါ့ဗျာ၊ ကြက်နဲ့နတ်တင်ရင် ယည်မျိုညစ်သတ် ရတာဆိုတော့ ကြက်လည်လိမ်ရောဂါမမြင်ဖူးတဲ့ အဘွားကြီးနဲ့က ဟုတ်နေတော့တာပေါ့'

မှန်တယ် ကိုချစ်၊ ကျွန်တော် မလိုင်လေးနဲ့လိုက်သွားပြီး လုပ်စရာရှိတာချက်ချင်းလုပ်၊ ရွာသားတွေကိုလည်း နားလည်အောင် သေချာရှင်းပြ၊ အပြန်ကျမှ ကိုချစ်တို့ရွာလှည့်ဝင်ကြတာ၊ ဒါနဲ့ကိုချစ် ကိုချစ် သင်တန်းသွားပြီး တစ်လအကြာလောက်ရှိမယ်၊ လအိပ် တောင်ရွာက မခါးလီ ကျွန်တော့်ဆီ လာသွားသေးတယ်'

'ဟုတ်လား ကျွန်တော်လည်း ဆတိရပါရဲ့၊ ကျွန်တော်တို့ စီမံချက်ကွင်းဆင်းတုန်းကအပြန် ဆားပြန်ပေးလိုက်မယ်ဆိုပြီး မပေးဖြစ်လိုက်ဘူး။ သူ ဘာလာပြောတာလဲ'

'စာအုပ်လာတောင်းတာပေါ့၊ သူလိုချင်တာက သိပ္ပံနည်းကျ နွားနောက်မွေးမြူရေးစာအုပ်၊ ကျွန်တော့်မှာ ပုံနှိပ်စာအုပ်အသင့် မရှိဘူးဗျာ၊ ပြုစုထားတဲ့စာတမ်းပဲ ပေးလိုက်ရတယ်၊ တခြား မွေးမြူ ရေးစာအုပ်တွေလည်း ပေးလိုက်ပါတယ်'

'ကောင်းတယ်ဗျာ၊ နတ်မတောင်နယ်က အင်္ဂလိပ်က လုံးဝ အမှောင်ချထားခဲ့တဲ့ဒေသဗျ၊ စာသင်ကျောင်းမရှိ၊ လမ်းမရှိ၊ လွတ်လပ်ရေးမရခင်မွေးတဲ့လူမှန်သမျှ အရေးအဖတ်မတတ်ကြဘူး၊ မခါးလီက စာဖတ်တတ်တော့ သူလည်း ဖတ်မှတ်ပြန်လည်း ပြောနိုင် တာပေါ့'

'ဟုတ်တယ်ကိုချစ်၊ နွားနောက်မွေးမြူရေးကို သူအမှန် တကယ် စိတ်ဝင်စားတယ်၊ သူပိုင် နွားနောက်ခြံ တည်ထောင်ဖို့ စိတ်ကူးရှိတယ်တဲ့၊ ကိုယ်လည်း ကိုယ်တတ်နိုင်တဲ့လေနဲ့ အကြံအကျယ် အားပေးလိုက်ရတယ်၊ ရှေးတုန်းက ဒီနယ်မှာမိန်းကလေး နွားနောက် မွေးမြူနိုင်ခြင်းမရှိတဲ့ အစဉ်အလာကို တော်လှန်ပြောင်းလဲ အောင်မြင်သူဖြစ်အောင် ကြိုးစားဖို့ စသဖြင့်ပေါ့'

'ကျေးဇူးတင်တယ်ဗျာ၊ တကယ့်ကိုအားပေးကြရမှာ'

စကားပြောနေကြစဉ် လအိပ်တောင်စာရေး ကိုထန်လော အပြေးအလွှားတက်လာ၏။ ကိုသက်လည်း ကိုထန်လောကို နှုတ်ဆက် ပြန်ဆင်းသွားသည်။

'ရွာကနေ အရေးတကြီး အပြေးဆင်းလာတာ၊ မြို့ထဲ ရောက်မှ အစ်ကိုချစ်ပြန်ရောက်ပြီကြားလို့ ခဏလာပြေးတွေ့တာ၊ အခုပဲရွာကို အပြေးပြန်တက်မှာ၊ ခါးလီအဖေ ဦးထန်းအောင်

www.burmeseclassic.com

www.burmeseclassic.com

ရက်လည်က သန်ဘက်ခါလေ၊ ရက်လည်အတွက် ရွာမှာယမ်းစိမ်း ပြတ်သွားလို့ အပြေးဆင်းဝယ်ရတာ၊ အဲဒီသတင်း ဝင်ပြောတာ

'ဘယ်လို ဘယ်လို ခါးလီအဖေ ဦးထန်းအောင် ရက်လည် ဟုတ်လား'

'ဟုတ်တယ်အစ်ကို သင်္ဂြိုဟ်ပြီးတာ (၅) ရက် ရှိသေးတယ်

ချင်းမလေ့ သင်္ဂြိုဟ်ပြီးသည့်နေ့မှစတင်၍ (၇) ရက်မြောက် နေ့သည် ရက်လည်ဖြစ်သည်။ အသုဘကိစ္စ၌ ယမ်းမှုန့်သည် မ မဖြစ်လိုအပ်သည်။ အနည်းဆုံး (၄) ညကခုန်၊ အသုဘပွဲခံပြီးမှသ သင်္ဂြိုဟ်ကြရ၏။ အသုဘကာလ၌ နေ့ညသေနတ်သံ အဆက်မပြတ် မှသာ စည်သည်ဟုမှတ်ယူသည်။ လူသေလျှင် သေနတ်ပစ်ဖောက် ပုံသေသတ်မှတ်ချက်လည်းရှိ၏။ အသက်ထွက်သေဆုံးချိန်၊ အသု ချရန်အပြင်ထုတ်ချိန်၊ သင်္ဂြိုဟ်မီးညှိချိန်၊ အရိုးအိုးဂူသွင်းချိန် ရက်လည်ချိန်တို့၌ အမျိုးသားအတွက် (၆) ချက်၊ အမျိုးသမီးအတွက် (၅) ချက် ပစ်ဖောက်ရ၏။ တတ်ကျွမ်းသူကသေသူကို ကောင်းစွာ မှာကြားပစ်ဖောက်ရခြင်းဖြစ်၏။ မလေ့ရိုးရာ အရေးကြီးကိစ္စ မှတ်ယူကြ၏။

'ဝမ်းနည်းလိုက်တာကွာ၊ အစ်ကိုလာတုန်းက ချူချာတဲ့ပုံ မျိုးပဲတွေ့ခဲ့တာ၊ ဒီလောက်မြန်မယ်မထင်ဘူး၊ သူကိုယ်တိုင် ချင်းရိုးရာ အထည်ခြုံပေးပြီး၊ လက်ဆောင်ပေးခဲ့တာ မြင်ယောင်နေတုန်း အစ်ကိုလည်း ယမ်းစိမ်းထုပ် ဝယ်ပေးလိုက်ပါ့မယ်၊ မျိုးဆက်သ



ခေတ်ကျရင် လူသေကို ရက်ရှည်လများ ပွဲတော်ခံပြီး သေနတ် တဒိုင်းဒိုင်း ပစ်ဖောက်တဲ့အလုပ်ကို ဘယ်သူမှ လုပ်တော့မှာ မဟုတ် ပါဘူး၊ အစ်ကိုလည်း လိုက်လာချင်ပါရဲ့ဗျာ'

'သင်္ဂြိုဟ်ပြီးတော့မှ အစ်ကိုလာလို့ ဘာမှမထူးတော့ ဘူးလေ၊ ဒါနဲ့အစ်ကို ခါးလီလည်း နွားနောက်သားအမိတွဲ ထပ်ဝယ် သွားပြီ၊ ရွာထဲက ဦးထင်အောင်ရဲ့သမီး မြူလေးထင်နဲ့ ကိုလွှေလောတို့ ယူကြတယ်လေ၊ ဦးထင်အောင်က အကြီးအကျယ် မင်္ဂလာဆောင် ပေးတာ၊ ဝက်ကြီး (၅) ကောင်ကျွေးပြီး မင်္ဂလာစောင်တွေ အများကြီး ပေးတယ်လေ၊ အဲဒါ ခါးလီရဲ့ဝက်တွေနဲ့စောင်တွေကို ဦးထင်အောင်က နွားနောက်သားအမိတွဲနဲ့ ဖြတ်ပြီးပေးဝယ်တာ၊ ရွာအောက်ချောင်း ကြားမြေကို ခါးလီက ကိုယ်ပိုင်နွားနောက်ခြံ လုပ်ချင်တယ်ဆိုလို့ တစ်ရွာလုံးက သဘောတူပေးလိုက်ကြတယ်၊ ခြံတောင်ကာပြီးသွားပြီ'

'ဝမ်းနည်းစရာသတင်းကြားက အင်မတန် ဝမ်းသာစရာ သတင်းစကားပဲဗျာ၊ ခါးလီရဲ့နွားနောက်ထီးလေး ခိုယုန်းဟုန် အဖော် ရသွားပြီပေါ့'

'ဟုတ်တယ် ခါးလီလည်း အဖော်ရချင်ရတော့မှာအစ်ကို၊ အကြီးတို့တစ်တွေ တိုင်ပင်နေသံကြားတယ်၊ သူတို့သားအမိ ပယောက်တည်း ရေရှည်ခရီး ဘယ်လိုသွားမလဲ၊ ခါးလီအတွက်လည်း ပေးကြမှဖြစ်မယ် ပြောကြတာပဲ၊ အချိန်မရှိဘူး ပြန်မယ်အစ်ကို'

www.burmeseclassic.com

www.burmeseclassic.com



ပူလောင်ပြင်းပြခံစားလိုက်ရသည်။ အနိုင်နိုင်ဟန်ဆောင်လျက်

'ခါးလီကို ယမ်းစိမ်းနဲ့ဆားပါပေးလိုက်မယ်၊ ဆက်ဆက်ပေ
လိုက်ပါကွာ'

'ဆားမလိုဘူးအစ်ကို တစ်နွေလုံးထမ်းတင်ထားကြတာ
ယမ်းစိမ်းပဲအရေးကြီးတယ်၊ ယမ်းစိမ်းတစ်ထုပ်နဲ့ ကန့်တစ်ခဲဝယ်
ပေးလိုက်ပါအစ်ကို'

'ကောင်းပါပြီ၊ ခါးလီကို စာတိုလေး ရေးပေးလိုက်မယ်
ယမ်းစိမ်းနဲ့စာသာပေး ပေးလိုက်တော့ဗျာ'

ခါးလီဖခင် ကွယ်လွန်သွားကြောင်းကြားရ၍ အထူးဝမ်းနည်း
ကြေကွဲရပါကြောင်း၊ နွားနောက်ဝယ်ထားကြောင်းသိရ၍ အထူး
ဝမ်းသာကြောင်း၊ အခွင့်ရလျှင် ခါးလီနှင့်တွေ့ရန် ရွာသို့ လာလို
ပါကြောင်း၊ ခါးလီမြို့ပေါ် ခရီးရှိပါက ဆက်ဆက်ဝင်တွေ့စေလိုကြောင်း
သင်တန်းကာလတစ်လျှောက်လုံး ခါးလီကို သတိရနေကြောင်းများ
ရေးပြီး ကမ်းပေးလိုက်၏။

'ကဲ ခင်ဗျားလည်း ပြန်ရမယ့်ကိစ္စ ပြန်ပေဦး၊ တစ်ည
လုံးလောက်တက်ရမှာ၊ ဘယ်တော့လာဦးမလဲ လာရင် ခါးလီကို
အဖော်ညှိခေါ်လာပါလား'

'သူပဲမြို့ကိုလာဖို့ ကျွန်တော့်ကို ခဏခဏအဖော်ညှိနေတာ
ကျွန်တော့်ယာခင်း နွားနောက်ခြံကာတာ မပြီးသေးလို့ မလာဖြစ်ကြ
တာ၊ မမျှော်လင့်ဘဲ သူ့အဖေဆုံးသွားတော့ ခရီးသွားလာလို့ ဘယ်
တော့မလဲ၊ အရိုးအိုးသိမ်းပွဲ လုပ်ရဦးမှာ'



ရက်လည်ပြီးလျှင် အရိုးအိုးသိမ်းပွဲ လုပ်ရသည်။ ယောကျ်ား
သေလျှင် အရိုးစ (၆) စ၊ မိန်းမ သေလျှင် အရိုးစ (၅) စ ကောက်ရ
သည်။ အိုးငယ်၌ထည့်ပြီး ရှေးဘိုးဘွားဘီဘင်များ၏ အရိုးအိုးပေါင်း
ရှိရာဂူသို့ ပို့ရသည်။

ခါးလီတို့ ဘိုးဘွားတွေ အရိုးအိုးထားတဲ့ဂူက ရွာမှာပဲလား'

'မဟုတ်ဘူးအစ်ကို၊ ခါးလီအဖေက တခြားရွာကနေ လအိပ်
တောင်ရွာမှာ အိမ်ထောင်လာကျတာ၊ သူတို့ဘိုးဘွားတွေ အရိုးဂူ
ရှိတဲ့နေရာ ခုံအိမ်နယ်မှာ၊ အခု မင်းတပ်မြို့နယ်ထဲမှာပေါ့၊ အဝေးကြီး
သွားပို့ရမှာ'

'ဩော် ဒေသ ဟုတ်တာပေါ့ကွာ ခါးလီက မိုးပြတ်လောက်
မှပဲ ခရီးသွားလာနိုင်တော့မှာပဲ၊ ဒါနဲ့ ခင်ဗျားနောက်တစ်ခေါက်
လာရင် ခါးလီ ဘာမှာချင်သလဲ သေချာမေးလာခဲ့စမ်းပါ'

ကိုထန်လောလည်း ယမ်းစိမ်းထုပ်ကို ဆွဲယူပြုံးပြီးပြေးတက်
သွားသည်။ ခါးလီ ဆားထုပ်ကလေးမှာစဉ်က မပေးလိုက်ရ၍
တနုံ့နုံ့ဖြစ်ခဲ့ရသော်လည်း အလိုအပ်ဆုံးအချိန်တွင် ယမ်းစိမ်းထုပ်
ကလေးပေးလိုက်ရ၍ ကျေနပ်သလိုတော့ ရှိရင်၏။

'ကိုထန်လောနှင့်လမ်းခွဲပြီး အခန်းဝဲပြန်ဝင်လာခဲ့၏။
လအိပ်တောင်ရွာအတက်လမ်း နတ်မတောင်ဘက်ဆီသို့ ရော်ရမ်း
မှန်းမျှော်ကြည့်မိ၏။ တောတောင်တစ်ခုလုံး မိုးတိမ်အုပ်ဖုံးသည်း
မှောင်အုံ့မှိုင်းနေ၏။ အာရုံထဲတွင် မခါးလီကလေး၏မျက်နှာလေး

www.burmeseclassic.com

www.burmeseclassic.com



မှာလည်း ညှိုးလျော်နွမ်းလျရှိလှ၏။ ရှေ့ဆက်ရမည့် ဘဝခရီးကလည်း လအိပ်တောင်ရွာအတက်လမ်းပမာ၊ ကြမ်းတမ်းကွေ့ကောက် မတ်စောက်ပါဘိ။ တောင်စဉ်ရေမရ ဒုက္ခတွေးများကြားမှ ကိုထန်လော၏ စကားသံအချို့ နားထဲပြန်လည် ဟိုးဝင်လာကြသည်။

'ခါးလီလည်း အဖော်ရချင်ရဘော့မှာအစ်ကို၊ ဘကြီးတို့ ဟိုင်ပင်နေသံကြားတယ်၊ သူတို့သားအမိနှစ်ယောက်တည်း ရေရှည် ခရီးဘယ်လိုသွားမလဲ၊ ခါးလီအတွက်လည်း စီမံပေးကြမှဖြစ်မယ် ပြောကြတာပဲ'

နားမျက်စိအားလုံး အားစိုက်စုံမှိတ် ပိတ်ထားလိုက်မိ၏။ အာရုံထဲတွင် မခါးလီကလေး၏ မျက်တောင်ကော့ပျံများကြားမှ လင်းလက်ရောင်ခြည်များ လျှပ်ပြက်သွားသည်။ မှဲ့နက်ဝိုင်းကလေးက အကြိမ်ကြိမ်ပေါ်လာသည်။ ဖမ်းမရဘဲ အခါခါပြန်ပျောက်သွား၏။ မခါးလီသည် ကျွန်တော်မမြင်ဖူးသူတစ်ဦးနှင့်အတူ သူ၏နွားနောက်ကလေး ခိုယုန်းဟုန်ကို ပြုံးရွှင်ကြည်မြ ကိုင်တွယ်ပွတ်သပ်နေကြသည်။ အမှတ်တမဲ့ခေါင်းကို ယမ်းခါလိုက်မိ၏။ လေပူလုံးများ အရှိန်ပြင်းစွာ လွင့်ထွက်သွားကြသည်။

'ဟူး'

အတွေးလွန်ခရီးရပ်၍ သတိပြန်ကပ်လာချိန်၌ မိုးကြီး စုပ်စုပ်ချုပ်ခဲ့ပြီ၊

—— ● ——

## အခန်း (၁၂)

ဆောင်းဝင်တော့မည်။ တောင်ပေါ်ဒေသ အပွင့်လှအပင်များ ရွက်ဟောင်းကြွေချကုန်ကြပြီ။ တောင်ကြာပန်းဖေါ် မြေကပ်ပန်းအိုးတို့ တောင်လုံးခြုံ၍ငုံ့ခဲ့ပြီ။ ပန်းအုံကြားမှ ကျော်တက်ထိုးထွက်လာသည့် သဘာဝတောကြက်သွန်အပွင့်ကားကားတို့ မြေပြင်တလွှားစိုးမိုးထားကြသည်။ ဖျူဝါပြာလွင်ပန်းမြက်ပင်တို့ ဖြေပြင်အလှဆင်ခါစ။ ဤလရာသီရောက်ပြီဆိုလျှင် လအိပ်တောင်ရွာနွားနောက်များလည်း ယခင်နှစ်များကဲ့သို့ အကွပ်မဲ့စွာခြေဦးတည့်ရာ ရောက်ချင်ရာရောက်မဟုတ်တော့။ ကီလဲတောင်တန်းခြေ စည်းရိုးအရောက် နောက်ကြောင်းပြန်လှည့် ပျော်ပါးပြေးလွှား အိမ်ပြန်ကြလိမ့်မည်။ ရွာသားများလည်း သားသမီးအလား နွားနောက်များကို စောင့်စားလည်မျှော် တကြော်ကြော်ခေါ်ငင်ရှိကြမည်။ မခါးလီတစ်ယောက် နွားနောက်သားအမိကို မည့်သည့်နာမ အမည်လှလှပေးပါလိမ့်။ ဤရာသီ၌ ဖြူပြာနက်ပြောက် အမောက်ထောင်ထောင် အတောင်ကားကား တောင်ထိပ်ငှက်များသည် နွားနောက်များ၏မိတ်ရင်းဆွေစစ်ဖြစ်ကြ၏။ သွားလေရာရာ လိုက်ပါကိုက်ခဲ

www.burmeseclassic.com

တတ်သည့် ယင်ရဲမှက်ကြား မွှားနက်မွှားနီများကို သုတ်ချိ သောက်ပစ်ကြ၏။ တောင်ဆောင်းကမ်းပါးချောက်ကြားထဲရော နွားနောက်များကို မျှဲလွှားဖွေရှာ နာမည်တစ်အော် ခေါ်သံ လေ့ရှိကြ၏။ ငှက်အော်သံများကာ လူတို့မှည့်ထားသည့် နွားနော အမည်များအတိုင်း ပီပီသသကြားရတတ်၏။ နတ်မတောင်သာ ကျွန်ုပ်သည့်ထား ငှက်ငယ်များလောက်ပင် စိတ်နောက်ကိုယ် မစွမ်းသာခဲ့။ တမေ့တမြော စိတ်ကူးလွင့်မျောနေမိ၏။

'ကိုကြီးချစ်ရှင်'

'အမလေးဗျာ၊ ဟုတ်ကဲ့ခင်ဗျာ'

ရုတ်တရက် ခေါ်သံကြောင့် အလန့်တကြားထအော် ဟော့၏။ လှည့်ကြည့်လိုက်တော့ မခါးလီ၊ မလီရှင်လော နှ ကိုထန်လောတို့ဖြစ်နေ၏။

'ဟယ် ခါးလီတို့ပါလား၊ လကုန်ရက်လောက်ကျမှ လာ မယ်ထင်ထားတာ၊ ရွာမှာ အလုပ်တွေများနေကြမှာပဲလို့ အနု စိတ်ကူးနေမိတာ'

စားပွဲပေါ် ရှုပ်ပွနေသည့် စာအုပ်စက္ကူများကို အလျင်စ သိမ်းရှင်းနေရာချထားရ၏။ ရောက်မဆိုင်ဖင် ခါးလီကတန်းပြေ သည်။

'ကိုကြီးချစ်ရယ်၊ ကျွန်မရွာမှာ အမှုဖြစ်နေလို့ အကြံညာ တောင်းရအောင် ကိုကြီးချစ်ဆီ တန်းလာခဲ့တာပဲ၊ အဲဒါတိုင်ပင်



မြန်းပြီးမှ ကျွန်မတည်းခိုနေကျ အဒေါ်အိမ်ဆက်သွားမလို့၊ ကိုကြီးချစ်တစ်နေရာရာ ထွက်သွားရင် မတွေ့လိုက်ရမှာစိုးလို့ အရင် င်လာလိုက်တာ'

'ဘယ်လိုအမှုကိစ္စမျိုးလဲ ညီမလေးခါးလီ'

'ရွာမှာ ဦးလေးထင်အောင်က သူ့သမီးမြူလေးထင်နဲ့ ကိုလောလွှေကို မင်္ဂလာဆောင်ပေးတယ်လေ၊ မင်္ဂလာဆောင်ပေးဖို့ ကျွန်မရဲ့ဝက်ကြီး (၄) ကောင်နဲ့ ရိုးရာခြုံထည် အထည် (၂၀) ပေါ့၊ အဲဒါသူ့ရဲ့နွားနောက်သားအမိနဲ့ တန်ဖိုးသင့်ပြီး ဝယ်ခဲ့တယ်ရှင့်၊ ါလာတဲ့ နွားနောက်သားငယ်က အမလေးပါ၊ မနှစ်ကဆောင်း ယ်မှာ မင်္ဂလာဆောင်ကြတာဆိုတော့ တစ်နှစ်နီးနီးရှိပြီပေါ့၊ အဲဒီ ားနောက်မကြီးက ဒီနှစ်ထပ်မွေးတယ်၊ အမလေးပါပဲ'

သာမန်မင်္ဂလာဆောင်ဆိုလျှင် ဝက်တောင်းကြီးနှင့် ဝက်မ ကြီးလည်သွေးကို ရောလျက်ခြေဆေး လက်ဆေးမင်္ဂလာဆောင် ပေးရ၏။ တန်ဖိုးကြီးစောင်များကိုလည်း တစ်ပါတည်းအပ်နှင်းရ သည်။ ဦးထင်အောင်သည် ခါးလီထံမှဝယ်သည့် (၄) ကောင်နှင့် ပေါင်း၍ ဝက် (၅) ကောင်ကျွေးရသည့် မလေ့ဘာသာခမ်းနားစွာ သူ့သမီးကို မင်္ဂလာဆောင်ပေးခြင်းဖြစ်လေ၏။

ခါးလီကကောင်းတာပေါ့၊ ခါးလီမှာ နွားနောက်မသုံးကောင် အထီးတစ်ကောင်ရှိနေပြီပဲ၊ အမလေးတွေကပဲ ပွားများလာမှာ လေ'

www.burmeseclassic.com


'ဒီလို ကိုကြီးချစ်ရဲ့၊ အဲဒါဦးလေးထင်အောင်ကပြောတာ လေ၊ အခုမွေးလာတဲ့ နွားနောက်မလေးက နွားနောက်မကြီး သူ လက်ထဲရှိစဉ်ကတည်းက ဗိုက်ပါလာတာတဲ့၊ သူပေးလိုက်တုန်းက သားအမိပဲပေးလိုက်တာ၊ ဗိုက်မပါဘူး၊ မွေးလာတဲ့ နွားနောက်မလေး သူ့ကိုပြန်ပေးရမယ်၊ အတင်းတောင်းနေလို့'

ယခုလိုမှုခင်းမျိုး ကျွန်တော်မကြုံဖူးခဲ့၊ မဖြစ်နိုင်ဟုလည်း မဆိုနိုင်။ ရုတ်တရက် အကြံမပြုတတ်။

'ညီမလေးခါးလီတို့ ကိုကြီးချစ်ဆီလာကြတဲ့အတူတူ ဒီမှာ ပဲညအိပ်လိုက်ကြနော်၊ ခါးလီနဲ့လီရှင်လောက အတွင်းခန်းမှာအိပ် အစ်ကိုနဲ့ကိုထန်လောနဲ့ အပြင်ဧည့်ခန်းမှာ အိပ်ကြမယ်၊ အရင်ဆုံး တော့ ညစာစီစဉ်လိုက်ဦးမယ်၊ စားပြီးမှ အေးအေးဆေးဆေး ည ပေါက်ချင်ပေါက် တိုင်ပင်ကြတာပေါ့၊ နေ့ဘက်က ကိုကြီးချစ် တက်ရမှာနဲ့မအားတော့ဘူး'

ခါးလီနှင့် လီရှင်လောတို့ တီးတိုးတိုင်ပင်သည်။ တစ် တာ တည်းခိုညအိပ်ပြီး မိုးလင်းလျှင် အမျိုးအိမ်ကူးရန် သဘော ကြ၏။

'ကောင်းပါပြီရှင်၊ ဒီလိုမှပဲ စကားပြောချိန်ရှိတော့မှာ ကိုကြီးချစ်က တစ်ယောက်တည်းနေတာဆိုတော့ ချက်စရာဆ ရှိရဲ့လား၊ ဆန်ရှိရင်ပေး၊ ကျွန်မတို့ချက်လိုက်မယ်၊

ဟင်းကတော့ ကိုကြီးချစ်ဖို့ပါ ကျွန်မတို့အများကြီးပါ တယ်၊ လုံချိန်းရွာက ချောသားဆတ်သား နေ့တိုင်းစားတဲ့ရွာပဲ

ခါးလီနှင့်လီရှင်လော မီးဖိုထဲဝင်သွားကြသည်။ ကိုထန်လော ကို အသေအချာမေးမြန်း၏။

'ခါးလီပြောတဲ့ကိစ္စကို ရွာလူကြီး ဘကြီးအောင်လောတို့ ဘာမှမဖြေရှင်းပေးဘူးလား'

'ပြောတော့ပြောကြပါတယ်၊ ဦးထင်အောင်က ခေါင်းမာ တယ်ဗျ၊ ရှေးထုံးစဉ်လာကတော့ နွားနောက်မကြီး အပေးအယူ လုပ်ကတည်းက ဗိုက်ပါလာရင် ဘယ်လိုအပေးအအမ်းရှိမယ်ဆိုတာ သတ်မှတ်ထားကြတာပေါ့၊ အဲဒါက ဗိုက်ရှိမှန်းသိတဲ့ဟာမျိုး၊ အခု ဦးထင်အောင်နဲ့ခါးလီတို့က ဗိုက်ကိစ္စပြောဆိုမထားကြဘူး၊ ဦးထင်အောင်ပြောတာက သူ့နွားနောက်မမျိုးရိုး က မျိုးပွားမြန်တဲ့ မျိုးရိုး၊ အဲဒါကြောင့် ခါးလီလက်ထဲမအပ်ခင်ကတည်းက ဗိုက်ရှိပြီး သားတဲ့'

'အဲဒီတော့ ခါးလီကဘာပြောလဲ'

'အပေးအယူလုပ်ကြကတည်းက ဗိုက်အကြောင်းမပါဘူး၊ ဘယ်အချိန်မွေးမွေး သူ့လက်ထဲရောက်တဲ့အချိန်မွေးရင် သူ့နွား နောက်ပဲ၊ ဘာတစ်ပြားမှမပေးနိုင်ဘူးပေါ့'

'ဘကြီးတို့ ရွာလူကြီးတွေက ဘာပြောသလဲ'

'ရွာလူကြီးတွေပြောတာက နွားနောက်မကြီး သားမွေးတာ ခါးလီလက်ထဲရောက်တဲ့ကာလ တစ်နှစ်တင်းတင်းမပြည့်သေးဘူး၊ အချိန်နည်းနည်းစောတယ်ပေါ့၊ ဒါပေမဲ့ ဗိုက်ပါလာတယ် မပါလာ ဘူးဆိုတာ ဘယ်သူမှ အပ်ကျမပ်ကျမသိနိုင်ဘူး၊ အဲဒီတော့

www.burmeseclassic.com

www.burmeseclassic.com



ဦးထင်အောင်က တစ်ဝက်လျှော့ပြီး နွားနောက်သားငယ်ရဲ့ တန်ဖိုး
တစ်ဝက် တစ်ခုခုယူဖို့ ခါးလီကိုလည်း တစ်ဝက်ကြေးပေးလိုက်
ညှိကြတာပေါ့လေ'

'ခါးလီက သဘောမတူတာလား၊ နွှစ်ယောက်စလုံး
သဘောမတူကြတာလား'

'နှစ်ယောက်စလုံးလို့ပဲ ပြောရမှာပဲ၊ ဦးထင်အောင်ပြော
တာက သူ့နွားနောက်ကလေး တန်ဖိုးတစ်ဝက်သာယူရမယ်ဆို
ခါးလီက ကျမ်းသစ္စာရေသောက်ရမယ်တဲ့၊ ဒီနယ်မှာက တက
မှုခင်းကြီးတွေမှာသာ ကျမ်းသောက်ကြရတာမျိုး၊ ခါးလီတို့ကလည်
သူတို့မှာ မားမားမတ်မတ်ရပ်တည်ပေးမယ့် မျိုးဆွေယောကျ်ားလေ
မရှိတော့ အနိုင်ကျင့်တယ်ထင်ကြတာပေါ့'

နတ်မတောင်ချင်းတိုင်းရင်းသား ထုံးဓလေ့အရ မှုခ
တစ်ခု၏ အခေါင်အချုပ်အပြီးအပြတ် အမြင့်ဆုံးအဆုံးအဖြတ်
ကျမ်းသစ္စာရေသောက်ခြင်းဖြစ်သည်။ 'ကျမ်း' ဆိုသည်မှာ ပေရွက်
ထန်းဖူးတို့၌ ရေးသားထားသည့်ကျိန်လွှာဖြစ်၏။ ပါဠိ၊ မြန်မာ
ဖက်ရေးများလည်းရှိ၏။ ယခုခေတ်စက္ကူပေါ်၌ ရေးသားထားသ
လည်းရှိ၏။ ရှေးမြန်မာဘုရင်လက်ထက်ကပင် အဆက်ဆက်ထိ
သိမ်းလာသည့် ကျမ်းထုပ်များလည်းရှိ၏။ တစ်နယ်လုံး၏ အဖြ
အကဲတစ်ဦးသာ ထိန်းသိမ်းလေ့ရှိ၏။ ယင်းကျမ်းထုပ်ကို ခေါင်ရေ
ဖြင့်လောင်းချသည်။ ထိုခေါင်ရည်ထဲသို့ တောင်ပို့မြေဖျော်ရေ

အချိန်မှန်တွန်သည့် ကြက်ဖ၏ကြက်ချေး၊ ဘေးဥပဒ်ကျရောက်
စေတတ်သော သစ်အုပ်စုဟုသတ်မှတ်သည့် သစ်ပန်းနီကသစ်ပင်
အုပ်စု၊ သစ်ချွန်စ၊ သစ်ကြမ်းပင် (ချင်းအခေါ် - ဝါးဆယ်) သစ်ချွန်
ဝါးချွန်စ၊ ဓားဖျား၊ လှံဖျား၊ မြားဖျား၊ ကျားစွယ်၊ ဝံစွယ်တို့ကို ကျမ်း
ထုပ်လောင်းချသည့် ခေါင်ရည်ထဲနှစ်ရသည်။ ဘေးဆိုးအန္တရာယ်
များ၊ အသေးစိတ်ရေရွတ်တတ်သည့် နတ်ဆရာက ရှေ့က ရွတ်ဆို
ပေးရ၏။ **မမှန်စကားထွက်ခဲ့ပြားမူ၊ ဆွေသားနောင်လာ၊ ကမ္ဘာ
အဆက်၊ မျိုးဆက်တိုင်းသာ ကျိန်စာကျမ်းစူး၊ အန္တရာယ်ပူး ရောက်
ပါစေသား။ သစ္စာစကား၊ မှန်ခဲ့ပြားမူ၊ ဆွေသားနောင်လာ၊ ကမ္ဘာ
အဆက်ဆက်၊ တိုးတက်ကြီးပွား ရစေသား** ဟု ကျိန်ဆိုဆုတောင်း
ကျမ်းထုပ်ကိုကိုင်၍ ထိုခေါင်ရည်ကိုသောက်ရသည်။ ဤသည်
ကိုပင် ကျမ်းသောက်သည်ဟု ခေါ်ကြ၏။ ဓလေ့ထုံး
နောက်ဆုံးတရား အဆုံးအဖြတ်ဖြစ်၏။ ကိုထန်လော ပြောပြချက်
အရ၊ မခါးလီဘက်က မခံမရပ်နိုင်ဖြစ် မည်သေချာ၏။

'ကိုကြီးချစ်ရာ၊ ခါးလီဆိုတာ မအေလူမမာနဲ့၊ မားမား
မတ်မတ်ရပ်တည်ပေးမယ့် မိဘမောင်ဘွားလည်းမရှိနဲ့၊ ကျွန်တော်
ဝင်ပြောလည်း မျိုးနွယ်ရင်းမဟုတ်လို့ တရားမဝင်ဘူး၊ ကျမ်း
သောက်တယ်ဆိုတာက အလွယ်တကူထသောက်ရတာမျိုးမှမဟုတ်
နောက်တစ်နေ့ တောလည်အမဲလိုက်ပြီး သားကောင်ရတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘက်က အနိုင်လို့သတ်မှတ်တာ၊ ခါးလီလို မိန်းကလေးက ဘယ်လို့တောလည်အမဲလိုက်မလဲ၊ အဲဒါအစိုးရရုံးဘက်သွားစုံစမ်းမယ်ဆိုပြီး ကိုကြီးချစ်ဆီထွက်လာတာပဲ'

ပြောဆိုနေကြဆဲ၊ ခါးလီနှင့်လီရှင်လောတို့ ချက်ပြုတ်ပြင်ဆင်ပြီးနေပြီ။ အချိန်စောသေးသော်လည်း အေးအေးလူလူစကားပြောလို၍ ညစာစားလိုက်ကြသည်။ မီးဖိုဘေး ဝိုင်းထိုင်စကားဆက်ကြ၏။

'စကားဆက်ရရင် ကိုကြီးချစ်ရယ်၊ ကျွန်မက ကျမ်းလည်သောက်ရဦးမယ်၊ နွားနောက်ကလေးတန်ဖိုးတစ်ဝက်လည်း ပေးဦးမယ်ဆိုတော့ မလွန်လွန်းဘူးလားရှင်၊ ကျွန်မတစ်ယောက်တည်ပေမဲ့ မတရားအနိုင်ကျင့်ချင်လို့ မရနိုင်ပါဘူး၊ ကျွန်မစိတ်မာတ်မာမာထားတယ်ရှင့်၊ မနက်ဖြန်တစ်ရက်နေပြီး နောက်တစ်နေ့ ပြန်မှာမို့လို့၊ မပြန်ခင်လေး အဖြေတစ်ခုခုတော့ သိသွားချင်ပါတယ်

'ဦးထင်အောင် ပြောတိုင်းလည်း ရွာလူကြီးတွေက လက်မှာမှမဟုတ်ဘဲ ညီမလေးခါးလီရယ်၊ တရားကိုနတ်စောင့်ပါတယ်ပညာရှင်တွေနဲ့ တိုင်ပင်မေးမြန်းပါဦးမယ်၊ အခု ညီမလေးမှာ နွားနောက် (၄) ကောင်ဆိုတော့ ရွာအောက်ကခြံမှာ လှောင်ထားတာပဲလား'

'ဟုတ်ကဲ့ရှင့်၊ ရွာအောက်ခြံက ဘေးနှစ်ဖက်ရေချောင်းကမ်းပါးပြိုမြေလေ၊ ခြံကာစရာမလိုဘူး၊ အထက်အောက်ပဲကာ



တယ်၊ အောက်ဘက်ကာရတာ ကျဉ်းကျဉ်းလေးပါ၊ ခြံဘေးပတ်လည်မှာ ကျွန်မပြောင်းဖူးနဲ့ ကြံစိုက်ထားတယ်၊ ပြောင်းကို အဖူးပြန်ယူပြီး အပင်ရိုး၊ အရွက်အခွံနဲ့ ကြံပင်တွေ ခြံထဲပစ်ချပေးလိုက်တာပဲ၊ သူတို့ အားရပါးရလာစားရင် ကျွန်မပျော်တာပါပဲရှင်၊ ထွားလည်းထွားကြတယ်ရှင့်'

'ဟုတ်တာပေါ့ ညီမလေး၊ နွားနောက်များဟာ နွားများလိုမြေကပ်မြက်ကို ခေါင်းငုံ့ကိုက်ဖဲ့စားကြတာမျိုး မဟုတ်ဘဲ၊ မြက်ပင်ရှည်၊ သစ်ကိုင်းရွက် ပြောင်းရိုး၊ ကြံနှံမျိုး သူတို့အကြိုက်ပဲ။ နတ်မတောင်ဒေသအထက်ပိုင်းမှာ အမိကတမ်းစာ ပြောင်းဖူးပဲစိုက်ကြတာပဲ၊ အဖူးပြန်ယူပြီးရင် အရိုးအရွက်တွေက အလကားခြောက်သွေ့ပျက်စီး၊ ဘယ်သူမှ နွားနောက်စာမကျွေးကြဘူး၊ ပြောင်းဖူးပင်ရိုးတံကို ကြာရှည်ခံအောင်လုပ်ထားရင် ဘယ်လိုနည်းနဲ့မှ နွားနောက်စာ မရှားနိုင်ဘူး၊ အလျှံပယ်ပဲ'

'ဟုတ်ကဲ့ရှင့်၊ ရွာမှာတော့ ပြောင်းဖူးပင်ရိုးဝါ နွားနောက်ကျွေးတာ ကျွန်မတစ်ယောက်ပဲ ရှိသေးတယ်ရှင့်'

စကားပြောရင်း ရင်ထဲမတင်မကျရှိနေသည့် သဘောရသောအချက်ကိုမေးရ၏။

'ရွာသားတွေ ညီမလေးကိုအတုယူလာကြမှာပါ၊ ဒါနဲ့ ညီမလေး ဦးလေးဆုံးသွားတာ တစ်ရာသီတောင်လွန်ခဲ့ပြီနော်၊ ညီမလေးတို့ သားအမိနှစ်ယောက်တည်းပဲရှိမှာပေါ့'

www.burmeseclassic.com



'မဟုတ်ဘူးရှင့်၊ အဖေ အရိုးအိုးသိမ်းပြီးတာနဲ့ အစ်မကြီး မလိုင်ထန်းတို့အတူလာပြန်'နေကြတယ်လေ၊ အစ်မမှာလည်း သားလေးလွန်းမှန်တစ်ယော က်ပဲရှိတယ်၊ ကျောင်းမတက်တော့တဲ့ အတူတူ အိမ်ထောင်ချပေး‌ပြီး နွားနောက်ခြံကြည့်ခိုင်းမလို့ လုပ်တော့ ငယ်ပါသေးတယ်'

ချင်းထုံးမလေ့'အရ လက်ထပ်မည့်သူနှစ်ယောက်သည် တစ်ယောက်ယောက်၏အရွယ်မရောက် ငယ်နေခဲ့သော် တရားဝင် ကြိုတင်လက်ထပ်ထား၍ရသည်။ အရွယ်ရောက်မှ ပေါင်းသင်းရ၏။ အတူနေအတူအလုပ်လုပ်ခြင်းအားဖြင့် စီးပွားထူထောင်သွားခြင်း ဖြစ်၏။ ကိုထန်လောကာ စကားကြားဖြတ်လိုက်၏။

'ဒီလိုရှင့်လောက ခါးလီတူလေးလွန်းမှန်အတွက်လေ၊ အတူနေကြဖေ့ဘူမှာ'

လီရှင့်လောလည်း ကိုထန်လောကျောပြင်ကို ဘုမ်းခနဲတစ်ချက်ထုကာ အခန်းထဲပြေးဝင်သွားသည်။ တတ်သိပုဂ္ဂိုလ်များနှင့် ပြောဆိုမေးမြန်းတိုင်ပင်ပေးပြီးနောက်တစ်နေ့ညနေ ပြန်ဆုံကြရန် စကားပြီး'ပြတ်ကြ၏။ စကားပြတ်ချိန် ကြက်တွန်သံကြားရ၏။ သန်းခေါင်ယံ ကြက်တွန်သံဖြစ်လိမ့်မည်။

---

## အခန်း (၁၃)

ရုံးသာတက်နေရသည်။ စိတ်ထဲတွင် ခါးလီကိစ္စသာ စိုးမိုးနေသည်။ နတ်မတောင်ဒေသ၌ မှုခင်းကိစ္စမှန်သမျှ ထုံးတမ်းဓလေ့ဖြတ်ထုံးဖြင့်သာ စီရင်သည်။ ကြီးကဲသူတို့၏ ညှိနှိုင်းဆုံးဖြတ်ချက်ကို လက်ခံလေ့ရှိကြ၏။ ကြီးကျယ်သောမှုခင်းများ၌ ရပ်ရွာအကြီးအကဲတို့ မဆုံးဖြတ်မီ ကြားဝင်ဖျန်ဖြေရေးအဖွဲ့ခန့်ထားလေ့ရှိသည်။ ထိုအဖွဲ့၏ မြန်မာပြန်အဓိပ္ပာယ်မှာ **'အောင်တမန်'** ဖြစ်သည်။ **အောင်တမန်အဖွဲ့သည် ဖျန်ဖြေရေးကိစ္စ မအောင်မြင်မရှိ စေရ**သောမှုကို ခံယူကျင့်သုံးသည်။ မအောင်မြင်ခဲ့ပါက တမန်သူအဖြစ် သတ်မှတ်ခံရ၍ ဂုဏ်သိက္ခာများစွာ ကျဆင်းသည်ဟု ယူဆက်စွဲကြသည်။ နွားနောက်အပြင်းပွားမှုသည် ဤဒေသတွင် ဖြစ်လေ့ဖြစ်ထရှိသည့် မှုခင်းလည်းဖြစ်၏။ မလွှဲမရှောင်သာ ပြဿနာပါးလှစွာ တရားရုံးရောက် မှုခင်းအနည်းအကျဉ်းရှိတတ်သည်။ တရားရုံးများက လည်း ဒေသအခြေအနေအရ ချင်းဝိသေသတိုင်းရင်းဓလေ့ဥပဒေကို လက်စွဲပြုကြရသည်။ ယင်းဥပဒေကိုက ညှိနှိုင်း

www.burmeseclassic.com

www.burmeseclassic.com



ကျေအေးရေးကိုသာ ဦးတည်သည်။ မွေး/ကု တာဝန်ခံဆရာ ကိုသတ်မင်းထံ ဦးစွာ တိုင်ပင်ကြည့်ရန် စိတ်ကူးရသည်။ ရှုံ ဆင်းဆင်းချင်း အပြေးလာခဲ့၏။ အသေးစိတ်ရှင်းပြလိုက်သည်။

'ကိုသက်ရေ၊အဲဒါလေးကျွန်တော့်ကိုအကြံပေးပါဦး၊မှန်တဲ့ အတိုင်းသာဆိုရင် ဒီတောင်ထိပ်ရွာသားတွေက လိုလိုလားလား လက်ခံတတ်ကြပါတယ်၊ လွန်တဲ့လူက တောင်းပန်နဲ့ပြေလည်သွား ကြတာချည်းပါပဲ၊ အခုတော့ အမှန်မသိအငြင်းပွားနေကြတာပါ'

'ဒီမှာ ကိုချစ်၊ ကျွန်တော်ပြောပြမယ်၊ ခါးလီက နွားနောက် မကြီး ဘယ်နေ့က လက်ခံသလဲ၊ အဲဒီနွားနောက်မ နောက်ဆုံး ဘယ်နေ့မွေးခဲ့သလဲ၊ အဲဒါအဓိကပဲ၊ ခါးလီစာတတ်တာပဲဗျာ၊ ရက် အတိအကျမသိရင်တောင် လလောက်တော့သိမှာပါ၊ နွားနောက် တွေဟာ (၂၁) ရက်မှာ မြိုင်တစ်ခါပေါ်တယ်ဗျာ၊ နွားနောက်ရဲ့ ထူးခြားချက်က မြိုင်ပေါ်တဲ့လက္ခဏာ ပြလေ့မရှိဘူး၊ ပြီးတော့ မြိုင်လိုက်တာလည်း ရပ်ထဲရွာထဲ ပြန်လာတုန်း မြိုင်လိုက်လေ့ မရှိဘူး၊ နံနက်အစောကြီး တောထဲထွက်၊ မိုးကြီးချုပ်မှ အိမ်ပြန် လာကြတာလေ၊ တောထဲမြိုင်လိုက်ကြတော့ ပိုင်ရှင်တွေက မ လိုက်ရတာများတယ်၊ အရေးကြီးဆုံးက ဇီကာလပဲ၊ ဇီကာလ ပျမ်းမျှရက်ပေါင်း (၂၈၀) ရှိတယ်၊ သားမွေးပြီးရင် ရက်ပေါင်း (၄



နဲ့ (၆၀) ကြားမှာ မြိုင်ပြန်ပေါ်လေ့ရှိတယ်၊ ဒီရက်ထဲ မျိုးအောင်လေ့ ရှိတယ်၊ ဒီအချက်ကို သေချာမှတ်သားထားရင် ကိုယ်ဝန်ဆောင် နွားနောက်ကို သေချာစောင့် ရှောက်နိုင်တာပေါ့'

'ပြီးတော့ နောက်တစ်ခု ကိုသက်၊ ဒီနယ်သားတွေရဲ့ အယူ အဆလို့ ကျွန်တော်ထင်တယ်၊ မျိုးပွားမြန်တဲ့ နွားနောက်မမျိုးရိုးနဲ့ နှေးတဲ့မျိုးရိုးဆိုပြီး ရှိတယ်တဲ့၊ အဲဒီလိုကော အမှန်တကယ်ရှိရဲ့လား'

'စောစောကပြောတဲ့အတိုင်းပဲလေ၊ နွားနောက်မသားမွေး ပြီးရင် ရက်ပေါင်း (၄၀) နဲ့ (၆၀) ကြားမှာ ပထမမြိုင်ပြန်ပေါ်တယ် လေ။ ရက်ပေါင်း (၄၀) မြိုင်ပေါ်ရက်မှာ တန်းခနဲအခန့်သင့်သွား တဲ့ နွားနောက်မက ရက်ပေါင်း (၆၀) လောက်မှာ မြိုင်ပေါ်တဲ့ နွားနောက်မထက် မွေးချိန်မြန်မှာပေါ့'

'အဲ ဟုတ်သားပဲ၊ တစ်ဆိပ်ကူညီဦးဗျာ၊ ခါးလီနဲ့ရွာစာရေး ကိုထန်လောတို့ကို လာရှင်းပေးပါဦး၊ သူတို့ အဲဒါကောင်းကောင်း သိသွားရင် သေချာတွက်ချက်လို့ရမှာပါ၊ မသိလို့ ရှုပ်နေကြတဲ့ အရှုပ် ပါ၊ သိရင်ရှင်းသွားကြမှာ၊ အိမ်မှာစောင့်နေကြတယ်'

ကိုသက်နှင့် ကျွန်တော်အိမ်ပေါ်ပြန်တက်သွားကြချိန်၊ ခါးလီနှင့် ကိုထန်လောတို့အပြင် လအိပ်တောင်ရွာလူကြီးအဖွဲ့ဝင် ကြီးကီးအောင်ပါ ရောက်နေသည်။ အားရဝမ်းသာနှုတ်ဆက် ကြ။

www.burmeseclassic.com

www.burmeseclassic.com

'အတော်ပဲဗျာ၊ ကိုကြီးကီးအောင် ဘယ်အချိန်ရောက်
လဲ၊ အခန့်သင့်လိုက်တာ'

'အခုပဲ ခဏဝင်တွေ့မလို့တက်လာတာ၊ နို့ဆီနဲ့သကြ
လေး အပြေးလာဝယ်တာ၊ ညီလေးကို သတင်းထူး ဝင်ပြောမ
အခုည ရွာပြန်တက်မှာ'

'ဘာသတင်းထူးများလဲ နို့ဆီသကြားက အရေးတ
ဘာလုပ်မလို့လဲ'

'ဒီလိုညီလေးရဲ့ အစ်ကို့နွားနောက်မတစ်ကောင်လေ၊ သ
မမွေးဘဲနေတာ သုံးလေးနှစ်ရှိပြီ၊ မမွေးတော့ဘူးထင်ပြီး ရောင်း
တော့မလို့၊ အဲဒါအခု အထီးနဲ့အမ အမွှာလေးမွေးတယ်ဗျ၊ အ
လေးကထွားတယ်၊ အမလေးက သေတုံ့သေနာလေး၊ အထီး
တွန်းတွန်းထုတ်လို့ နို့မစို့ရဘူး၊ အစ်ကိုလည်း နွားနောက်မမွေးကာ
အိမ်မှာနေမှာပဲဆိုပြီး ကြိုးမချည်မိဘူး၊ အထီးလေးနဲ့အမ
တခြား နွားနောက်တွေနဲ့အတူ တောထဲပြန်ဝင်သွားကြတ
အမလေးက မလိုက်နိုင်လို့ကျန်ခဲ့တာ၊ ရှင်လိုရှင်ငြား‌ဆိုပြီး ပြော
မှုန့်နဲ့ ထမင်း ရည်ရောကျိုပြီးတိုက်တာ မနည်းလေးလန်းလာတ
အချိုတတ်လေးရအောင် နို့ဆီသကြားနည်းနည်းထည့်မလို့၊ လ
တောင် ရွာမှာတော့ နွားနောက်အမွှာမွေးတာ ရှားရှားပါးပါး၊ ဘ
ဦးအောင်လောကတော့ အတိတ်ဟောင်းနိမိတ်ကောင်းလို့ 
တာပဲ'



'ဟုတ်တာပေါ့ဗျာ၊ နွားနောက်များများမွေးလာလေ စီးပွား
တိုးတက်လေမဟုတ်ဘူးလား၊ တကယ့်အတိတ်ကောင်းနိမိတ်
ကောင်းပေါ့'

အားပါးတရ ထောက်ခံရ၏။ နွားနောက်အမွှာမွေးခြင်း
ရှိတတ်ပါ၏။ အမှန်ပင် ရှားပါးသည်။ နို့တိုက်မွေးရလောက်အောင်
ကရိကထတော့ မများတတ်။ တောနက်တောရွာ၌ တိုက်ရန်နို့
လည်းမရှိချေ။ ကိုကြီးကီးအောင်မှာ ခေတ်အမြင်ရှိသူဖြစ်၍ နို့ဆီ
သကြားထည့်တိုက်ရန် စိတ်ကူးရခြင်းဖြစ်၏။ အထူးကြိုးပမ်းရှာဖွေ
ဝယ်ခြမ်းရခြင်းလည်းဖြစ်၏။ ကိုသက်မင်းကလည်း နို့ငတ်သည့်
နွားနောက်သားငယ် မိခင်ကွဲသည့် နွားနောက်သားငယ်ပြုစု နည်း
များကို ပြောပြပေး၏။

"နို့ငတ်တဲ့နွားနောက်သားငယ်ကို ပြောင်းဖူးမှုန့်၊ ထမင်း
ဖျော်ရည်ထဲမှာ နို့ဆီသကြားနည်းနည်းလေးပဲထည့်၊ ရွာထဲမှာရနိုင်
တဲ့ ကန်စွန်းဥရည်၊ ကြံရည်တို့ကိုလည်း နည်းနည်းထည့်ပေး၊ ရွာမှာ
နေ့တိုင်းစားကြတဲ့ နှမ်းထောင်းပဲကြီးပြုတ်တောင်းကိုလည်း အစာ
ထဲထည့်ပေး၊ သန့်သန့်ရှင်းရှင်း နွေးနွေးထွေးထွေးထားပေးပါ၊
ရှင်သန်ကြီးထွားလာမှာပါ၊ ဒါနဲ့ ဦးကီးအောင်၊ ခင်ဗျားလည်း ရွာ
လူကြီးဆိုတော့ အတော်ပဲ၊ မခါးလီနဲ့ ဦးထင်အောင်တို့ နွားနောက်
သားငယ် အငြင်းပွားတဲ့ကိစ္စ ခင်ဗျားတို့ချင်း သေချာတွက်ချက်နိုင်
အောင် ကျွန်တော်ရှင်းပြလိုက်ပါ့မယ်၊ သေချာနားထောင်သွားပြီး"

ကိုကြီးကီးအောင်ကပင် စကားကြားဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီကိစ္စ ခါးလီမြို့သို့ထွက်လာတဲ့ညမှာ ဘကြီးအောင်လောက ဦးထင်အောင်ကိုခေါ်ပြောတယ်၊ ခါးလီမြို့ပေါ်သွားပြီး တိုင်လားတောလားလုပ်ရင် မြို့ပေါ်ရုံးပြင်ကနား သွားလာရနဲ့ တစ်ရွာလုံးရှက်စရာ၊ ရွာလူကြီးတွေကလည်း ဒါလေးတောင် မဖြေရှင်းနိုင်ကြဘူးလားဆိုတာဖြစ်မယ်၊ နွားနောက်မကြီးက ဝက် (၄) ကောင်နဲ့တန်ဖိုးညီတယ်၊ ပါလာတဲ့ နွားနောက်မွေးကင်းစလေးက အရက် (၂၀) သားပဲရှိသေးတယ်၊ ရိုးရာစောင်အထည် (၂၀) တန်ဖိုးမရှိဘူး နှစ်ယောက်စလုံး သဘောတူလဲလှယ်ကြတဲ့ကိစ္စ ဘယ်သူမှဘာမှ မပြောဘူး၊ ဒီလိုကိုယ့်ဘက်က တန်ဖိုးအသာရရဲ့သားနဲ့ ဇီးပါသွားမှန်းမသိ၊ မပါသွားမှန်းမသိနဲ့ မွေးလာတဲ့နွားနောက်ကလေး ပြန်မတောင်းသင့်ဘူး၊ မိန်းကလေးကို ကျမ်းတိုက်ဖို့မပြောနဲ့ သောက်ချင်ရင် ခင်ဗျားကိုယ်တိုင်သောက်လို့ ပြောလိုက်တယ်'

'အဲဒီတော့ ဦးထင်အောင်ကဘာပြောလဲ'

'ရပ်ရွာမှာ အောင်တမန်တွေ ညှိနှိုင်းပေးသလို ပြီးပြတ်ကြစမြဲပဲ၊ လူကြီးတွေညှိနှိုင်းပေးသလို သူလက်ခံမှာပါတဲ့'

ခါးလီက ရုတ်တရက်ထပြောသည်။

'ကျွန်မ၊ နဂိုအလဲအလှယ်လုပ်ကြတုန်းကတည်းက တန်ဖိုးထက်ပိုပေးခဲ့တာသိပါတယ်၊ အဲဒါလည်း ဦးထင်အောင်ကကိုလောလွေဆိမှာ သူ့သမီးအမဏ်းအတွက် နွားနောက်တွေရှိ



ရှိ တယ်၊ ရရင် ကျွန်မကို ထပ်ရောင်းပေးမယ်ပေါ့၊ အခုသူ့သမီး မင်္ဂလာဆောင်ပေးဖို့ အခက်အခဲဖြစ်နေတုန်း သာတယ်နာတယ် သဘောမထားဘဲ၊ သူ့လိုအပ်ချက်မီအောင် စောင် ဒီလောက်နဲ့ လဲပေးပါဆိုလို့ လဲပေးခဲ့တာ၊ အခုအောင်တမန်တွေ ညှိနှိုင်းပေးတာက ကျွန်မက နွားနောက်ကလေးတန်ဖိုး တစ်ဝက်ထပ်ပေးရမယ်ဆိုတော့ ဘယ်ဟုတ်ပါ့မလဲရှင်'

အမိက စကားလမ်းကြောင်းပေါ်သို့ ရောက်အောင်ပြန်ဆွဲရလေ၏။

'ခါးလီတို့ ခဏလေးနေဦးနော်၊ ခုန ကိုကြီးကီးအောင်ပြောတာ ခါးလီနွားနောက်သားအမိ ယူတုန်းကပါလာတဲ့ နွားနောက်သားငယ်လေးက ရက် (၂၀) သားပဲလို့ပြောတယ်၊ ဆရာကိုသက်မင်းက မွေးမြူရေးပညာရှင်ပါ၊ သူရှင်းပြတာ သေချာနားထောင်ကြရအောင်၊ ကိုထန်လောက သေချာရေးမှတ်ထားပါ'

ဆရာကိုသက်မင်းက နွားနောက်များ၏ မျိုးပွားခြင်းဆိုင်ရာအချက်အလက်များကို စာရွက်ပေါ်ချရေးပြလျက် အသေးစိတ်ရှင်းပြသည်။ ဆရာကိုသက်မင်း စကားဆုံးလျှင် ခါးလီ၏တောက်ပနေကျမျက်လုံးများလည်း ပိုမိုဝင်းပသွားကြသည်။ ကိုကြီးကီးအောင်လည်း ခေါင်းတညိမ့်ညိမ့်။ ဆရာကိုသက်မင်းရှင်းပြသည့် စာရွက်ကိုဆွဲယူသည်။

www.burmeseclassic.com

www.burmeseclassic.com



'အသေအချာသိရပြီပဲ၊ ဦးထင်အောင်ကိုလည်း သေချာသဘောပေါက်အောင် ရှင်းပြပြီး နောက်ထပ်ဘာတစ်ခွန်းမှမပြောဖို့ အပြတ်ဖြတ်လိုက်ပါ့မယ်၊ ပြန်ခွင့်ပြုပါဦး'

ညစာစားသွားရန် အကြိမ်ကြိမ်ပြောဆိုပါသော်လည်း သူ့နွားနောက်ကလေး၏ စားသောက်ရေးသာအရေးကြီးကြောင်း ပြောဆိုပြန်ထွက်သွား၏။ ခါးလီက ကိုသက်ကိုသိလိုသမျှ အသေးစိတ်မေးမြန်းသည်။ ကျွန်တော်နှင့် ကိုထန်လောက ညစာပြင်ဆင်နေသည့် လီရှင်လောကိုဝိုင်းကူကြ၏။ သူကားခါးလီ၏မိသားစုဝင်ဖြစ်လာမည့်အပြင် လက်ကသုံးတောင်ဝေးလည်းဖြစ်၏။ စကားစလိုက်၏။

'လီရှင်လောရေ၊ ညည်းအဒေါ်လေးခါးလီကို ဘကြီးဦးအောင်လောတို့က အိမ်ထောက်ချပေးမယ်လို့ ပြောသံကြားတယ်၊ ဘယ်သူနဲ့လဲ'

'ဘကြီးတို့က သူ့ကိုပြောတော့ပြောကြတယ်၊ အဒေါ်လေးပြောတာက သူများရှာပေးတာ မတည့်ရင်ဘယ့်နှယ်လုပ်မလဲ၊ သူ့ဟာသူရှာတဲ့လူက မကောင်းလို့ သူ့ကိုသတ်ရင်လည်း ကျေကျေနပ်နပ်ပျော်ပျော်ကြီး ခံမယ်လို့ပြောတယ်'

'အခု သူ့ဟာသူရှာပြီးပြီလား'



'အခု သူ့နွားနောက်ကလေးတွေ့ပဲ နေ့တိုင်းထွက်ရှာနေတာ တွေ့ရတာပဲ'

'မယုံဘူးဟာ - ကိုယ်တိုင်မေးကြည့်မယ်၊ နှစ်ယောက်ထဲရှိမှ'

မျက်စပစ်ပြလိုက်၏။ သဘောပေါက်ဟန်ရှိသည်။

'မေးကြည့်ပေါ့ရှင်၊ ကျွန်မကို ညစာစားပြီးရင် တစ်ညလုံးစကားပြောလို့ရတာပဲ'

ကိုသက်အပါ ညစာဝိုင်းစားလိုက်ကြသည်။ ခါးလီတို့နောက်နေ့စောစော ရွာပြန်လိုသဖြင့် တည်းခိုအိမ်ပြန်ပို့လိုက်သည်။ ညသည်မီးလုံ့ခန်းထဲထိုင်မိကြလျှင် ကိုထန်လောနှင့် လီရှင်လောတို့က ထန်းလျက်ခဲဝယ်ဆိုကာ ထထွက်သွားကြ၏။ ကာလများစွာကတွေ့လျှင်ပြောရန် အားခဲထားခဲ့သည့်စကားလုံးများကိုတဲ့တိုးပြောလိုက်ရ၏။

'ညီမလေးခါးလီကို ဘကြီးအောင်လောတို့က နေရာချထားပေးတော့မယ်လို့ ကြားတုန်းက ကိုကြီးချစ်လေ၊ တကယ်မအိပ်နိုင်မစားနိုင် ဖြစ်ခဲ့ရတယ်၊ အမှန်တကယ်ပါ ညီမလေး၊ ကိုကြီးချစ်ရဲ့ရင်ထဲ နှလုံးသားထဲမှာ ညီမလေးခါးလီအမြဲရှိနေတယ်၊ အချိန်နဲ့အမျှအမြဲ သတိရနေတယ်၊ သတိရရင်လွမ်းနေတယ်၊ ကိုကြီးချစ်

www.burmeseclassic.com



အသက်ရှင်သန်နေသရွေ့ ကိုကြီးချစ်ရင်ထဲမှာ ခါးလီအမြဲရှိနေမှာ ကိုကြီးချစ်တို့ ခါးလီတို့ ဒီတောင်ထိပ်သားတွေ အရှိအတိုင်းပဲ ပြောကြတာ ညီမလေးအသိပဲ'

ခါးလီကလည်း ရိုးရှင်းပွင့်လင်းစွာပင် ပြန်ပြောသည်။ ရှက်ရွံ့ကွယ်ဝှက်ခြင်းမရှိပါ။

'ကိုကြီးချစ်ရဲ့ရင်ထဲက စကားဆိုတာ ခါးလီတကယ်ယုံ ပါတယ်၊ ဒါပေမဲ့ ကိုကြီးချစ်ရယ် အချစ်ဟာအချစ်၊ ဘဝဟာ ဘဝပဲ ဖြစ်ကြတယ်၊ ခါးလီက တောင်ထိပ်ရွာမှာပဲ၊ တောင်ယာလုပ် နွားနောက်မွေးနဲ့ ဘဝခရီး သွားနေရတာပဲလေ၊ ကိုကြီးချစ်ကလည်း နယ်တကာလှည့်နေရတဲ့ နယ်လှည့်ဝန်ထမ်း၊ ပေါင်းစပ်လို့မရတဲ့ ဘဝမျိုးက၊ ပေါင်းစပ်လို့မရပါဘူးရှင်၊ တခြားကိစ္စတွေပဲပြောကြ အောင်နော်'

တည်ကြည်သောမျက်နှာထား၊ ရှင်းလင်းသည့်စကား ကြောင့် သူ့ရင်မှအမှန်တကယ်ထွက်လာသည့် စကားမှန်းသိရ၏။

'ညီမလေးခါးလီရဲ့ ဒဿနက နည်းနည်းစံလွဲနေတယ်လို့ ကိုကြီးချစ်ထင်တယ်၊ တကယ်ချစ်ရင် တကယ်ပေါင်းရဲကြတာ အချစ်ရဲ့စွမ်းအားပါ ညီမလေး၊ ညီမလေးပြောတဲ့အချက်တွေက အကြောင်းပြရမယ့်အချက် မဖြစ်သင့်ပါဘူး၊ တကယ်ချစ်ရင် မဖြ နိုင်တာ၊ ဘာမှမရှိပါဘူး ညီမလေးခါးလီ'



'သူများအတွက်တော့ ဟုတ်ရင်ဟုတ်မယ်ကိုကြီးချစ်၊ ခါးလီ အတွက်ကတော့ ကိုကြီးချစ်ပြောသလို မဟုတ်နိုင်ပါဘူး၊ အချစ်ဆို တာ ရင်ထဲကအချစ်၊ ဘဝဆိုတာ တကယ့်လက်တွေ့ဘဝပါ၊ ချစ်တယ်ဆိုပြီး ရေနဲ့မီးကိုပေါင်းလို့ မရပါဘူး၊ ကိုကြီးချစ်ကြည့်လေ၊ ဒီ-နတ်မတောင်နယ်မှာ ချစ်သူရည်းစားကတခြား မျိုးနွယ်ဆက် ထုံးစံနဲ့ ပြန်လက်ထပ်ရသူအများကြီး'

'ဒီထုံးဓလေ့တွေက ခေတ်ဟောင်းမှာနေခဲ့ကြပြီ ညီမလေး၊ အချစ်ကိုသာ ကိုးကွယ်ရာဆိုတာ ဒီခေတ်ရဲ့ ကြွေးကြော်သံပါ၊ ကိုကြီးချစ်ရဲ့ညီမလေးအပေါ် တွယ်တာတဲ့သံယောဇဉ်တွေကို ပစ် ပစ်ခါခါဥပက္ခာမပြုလိုက်ပါနဲ့ ညီမလေးရယ်၊ ညီမလေးခါးလီက ခေတ်ပညာတတ် ခေတ်မီအတွေးအခေါ်ရှိမယ်လို့ ကိုကြီးချစ် ယုံတယ်'

'ခါးလီ ခေတ်မီမမီတော့ မသိဘူး၊ ချစ်တာကိုတော့ သိတယ်ရှင့်၊ ခါးလီလည်း ကိုကြီးချစ်ကို အမြဲတမ်းသတိရပါတယ်၊ ခါးလီပခုံးကိုနင်းပြီး ကိုကြီးချစ် ကြီးပွားသွားမယ်ဆိုရင် အဲဒါခါးလီ က ကိုကြီးချစ်ကို ချစ်တာ၊ ခါးလီက အဲဒီအနေအထားမျိုးမှာမရှိ ဘူး၊ ခါးလီရဲ့နက်မှောင်နေတဲ့ ဘဝတွင်းထဲ ကိုကြီးချစ်ဆင်းနေရရင်၊ အဲဒါက ကိုကြီးချစ်ကိုခါးလီချစ်ရာမကျနိုင်ဘူး၊ ချစ်ရာမကျတဲ့ အဖြေထွက်မယ့်ဟာမျိုး ခါးလီဘယ်တော့မှ လက်ခံစဉ်းစားမှာ မဟုတ်ပါဘူးရှင်'

www.burmeseclassic.com

'ဒီမှာညီမလေး၊ စာရေးဆရာတွေရေးတဲ့ ဝတ္ထုဇာတ်လမ်း
စကားမျိုးတွေ ပစ်ပယ်လိုက်ပါ၊ ကိုကြီးချစ်က ရင်ထဲကစကားပြော
နေတာပါ၊ ချစ်တယ်ဆိုတာ ဘယ်လောက်ကြမ်းတမ်းတဲ့ ခရီးလမ်း
ဖြစ်နေပါစေ၊ အတူလက်တွဲလျှောက်လှမ်းကြတာမျိုးပါ၊ ဘယ်လို
ဖြစ်နေဖြစ်နေ လက်တွဲရဲတာကိုပဲ အချစ်လို့ခေါ်တာပါ ညီမလေး

'ကျွန်မက မခေါ်ဘူး ကိုကြီးချစ်'

ခါးလီကထင်ထားသည်ထက်ပင် ပွင့်လင်းပြတ်သားနေ၏
စကားစပြန်ကောက်ရန် အစရှာနေဆဲ၊ ယာခင်းသွားအိမ်ရှင်မျာ
ပြန်ဝင်လာ၍စကားပြတ်သွားရ၏။ ခါးလီအိမ်ရှေ့ထွက်သွားသဖြ
လိုက်ထွက်လိုက်ရသည်။ အိမ်ရှင်များနှင့်အတူ ထွေရာလေးပါ
စကားများကိုသာ ပြောဆိုပြန်ထွက်ခဲ့ရ၏။ တောင်ထိပ်ရွာသူတ
သည် ဘူးဆိုလျှင်ဖရုံ မသီးတတ်ကြ။ မချင့်မရဲရှိလှ၏။

—•—

## အခန်း (၁၄)

နွေဦးပေါက်ပြီ။ ရဲရဲနီသည့် တောင်ဇလပ်ပန်းများ ပန်ဆင်
ထားခဲ့သည့် ေ တာင်ထိပ်ဖျားများက ဖွေးဖွေးဖြူသည့် တောင်ဇလပ်
ဖြူများ အစာ းထိုးပန်ဆင်ခဲ့ကြပြီ။ မွှေးရနံ့ကြူသည့် တောင်ဇလပ်ဖြူ
များကြား၌ ဆောင်းလက်ကျန်သဇင် လက်တံရှည်တို့ ဖွဲကောင်း
တုန်း။ ဘောင်အောက်ချောင်းရိုးတစ်လျှောက် ပန်းမွှေးချုံတို့ရနံ့
မွှေးမွှေးကို ခရီးဝေးဝေးလွှတ်လေပြီ။ တောင်ထိပ်ရွာနှင့်
တောင် အောက်ရွာကြား ရွက်ကြွေတောတွင် အသွေးအရောင်
မြိုင်မြိုင် သစ်ခွပန်းခိုင်တို့ အလှပြိုင်ကြ၏။ အရောင်လှသစ်ခွများက
မမွှေးလှသော်လည်း သစ်ခွနီအသေးမျိုး၏ရနံ့မွှေးမှာ ရင်ကိုအေးမြ
စေလှ၏။ ရနံ့ပေါင်း စုံပေါင်းဆုံချိန် တောင်တန်းရနံ့မွှေးပျံ့ချိန်။ နေပူ
သည့်တောင်အောက်ရွာများ၌ ဥဩငှက်၏တမ်းတတေးက လွမ်းလွမ်း
ဆွေးဆွေး။ အေးမြသည့်တောင်ထိပ်ရွာတွင်မူ ယောက်ဖခွေးခေါ်
ငှက်အော်သံက တက်တက်ကြွကြွ။ ချင်းရွာသားတို့ကြားရသည့်
ယောက်ဖခွေးခေါ် ငှက်အော်သံမြန်မာပြန်ရလျှင် 'ရွှေယောက်ဖခေ

www.burmeseclassic.com

www.burmeseclassic.com

မျိုးချစို့လေ' ဟု အဓိပ္ပါယ်ထွက်သည်။ တောင်ပေါ်ယာခင်း မျိုးချချိန်လည်းဖြစ်၏။ ချစ်ခင်သူတို့အတူ မျိုးချသွားကြရန် အဖော် ညှိသံချိုလွင် အေးမြကြားရတတ်၏။ လအိပ်တောင်ရွာကလေး၏ သာမောဖွယ်စွ ဤကာလ၌ ခါးလီတို့လည်း ပျော်ရွှင်ခေါ်ငင် တောင်ယာ မျိုးချ သွားကြပေလိမ့်မည်။ စိတ်ကူးနေဆဲ ယောက်ဖ ခွေးခေါ်အော်သံ စူးစူးကြား၌ တယ်လီဖုန်းသံကြာ ဆူဆူညံညံ ထွက်လာသည်။

'ကလင် ကလင် ကလင်'

'ပြောပါ ကိုချစ်အောင်ပါ'

'ကျွန်မ မလိုင်လေးပါ ကိုချစ်၊ ညကရွာမှာ ကျွန်မအဘွား ဆုံးသွားလို့တဲ့၊ လာပြောတဲ့လူက အမျိုးရွာတွေ သတင်းပို့ သွားရမှာ၊ အဲဒါ ကိုချစ်အဆင်ပြေရင် ရွာလိုက်ပို့ပေးဦး'

'ကောင်းပြီလေ၊ ကိုယ်လည်း သွားဖို့တာဝန်ရှိတာပဲ၊ မလိုင်လေး ဘယ်အချိန်အဆင်သင့်ဖြစ်မလဲ၊ ကျွန်တော် အခုပဲခွင့် စာတင်လိုက်မယ်'

'ဟုတ်ကဲ့ရှင့်၊ ကျွန်မခွင့်တင်ပြီးပြီ၊ အသင့်ဖြစ်နေပြီ၊ ကိုချစ် ပြီးရင်သာ ထွက်လာခဲ့တော့'

ယောက္ခမ မျိုးနွယ်များ ဆုံးပါးသွားလျှင် သားမက်မျိုးနွယ် များ မပျက်မကွက်သွားရောက်ရသည်။ မလိုင်လေးကိုလိုက်ပို့ရန် တာဝန်သာမက ကိုယ်တိုင်သွားရန်လည်း တာဝန်ရှိ၏။ ကျိုးကြောင်း



တင်ပြပြီးခွင့်ပုံစံရေးဖြည့်သည်။ အိမ်ပြန်ပြီး ရိုးရာလွယ်ပလိုင်း လွယ်လျက် မလိုင်လေးထံထွက်လာခဲ့၏။

'ကိုချစ် ခွင့်ဘယ်နှရက်တင်ခဲ့လဲ'

'ခွင့်သုံးရက်ပဲ ရတယ်မလိုင်လေး၊ ထင်းရှူးပို့ရက်အထိပေါ့၊ ထင်းရှူးပို့ပေးပြီးရင် ပြန်တက်လာရမှာ မလိုင်လေးကော'

'ကျွန်မ လူစားဝင်ပေးမယ့်သူရှိရင် ဘယ်နှရက်နေနေရ တယ်၊ ရက်လည်ပြီးမှ ပြန်လာမှာ၊ ကျွန်မမရှိတုန်း ဆရာမ အေးကြည်ဖြူအလုပ်ဆင်းပေးမှာ၊ ဆရာကိုသက်မင်းကို ပစ္စည်း လေးတစ်ခုမှာထားတုန်း သူလာပေးတာနဲ့ထွက်ရအောင်'

နတ်မတောင်နယ်၌ လူသေလျှင် အနည်းဆုံး (၄) ည အသုဘခံရသည်။ နေ့ညအကအခုန်မပြတ်စေရ၊ ညဦးယံတွင် အမျိုးသားများ၏ စွမ်းရည်ပြအကများ၊ ညဥ့်လယ်တွင် အမျိုး အဆွေတို့၏ စုံတွဲအကများ၊ မိုးသောက်ယံ၌ လူပျိုအပျိုစုံတွဲ စုပေါင်း အကများဖြစ်သည်။ တတိယနေ့တွင် သားမက်မျိုးနွယ်များက ထင်းရှူးတုံးများကို သင်္ချိုင်းကုန်းသို့ပို့ကြရ၏။ ဝေးလံသောထင်းရှူး တောင်များသို့ သွားရှာရ၏။ အရေးကြီးဆုံးတာဝန်အဖြစ်မှတ်ယူ ကြ၏။ သားမက်မျိုးနွယ်များကပင် ဦးစီးသဂြိုဟ်ရသည်။ ကျွန်တော် ကား ပါဝင်သဂြိုဟ်ပေးနိုင်ခြင်းမရှိ၊ ထင်းရှူးပို့ခြင်းဖြင့် တာဝန်ကျေ ရမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အသုဘပွဲ၌ ကျွေးမွေးရန် ဆွေဆွေမျိုးမျိုးတို့က ဆိတ်ဝက် စသည်ယူဆောင်လာကြရသည်။ သမီးအရင်းယူထားသူများကမူ နွားနောက်တစ်ကောင် ဆွဲယူလာရသည်။ ဆိတ်၊ ဝက်၊ နွားနောက်ဖြင့် အသုဘကြည့်သည်ဆို၏။ ဆွေမျိုးရင်းလေ၊ အကောင်ကြီးလေဖြစ်ရ၏။ ဆရာကိုသက်မင်း အထုပ်ကလေး လာပေးပြီးသည်နှင့် ထွက်ခဲ့ကြ၏။ ခရီးအတန်ပေါက်မှ စကားပြောဖြစ်ကြသည်။

'မလိုင်လေး၊ တို့နှစ်ယောက် စံတုံရွာကိုမရောက်မီ၊ ကျွန်တော့်ရွာကလူတွေ အရင်ရောက်နှင့်ကြမယ်ထင်တယ်'

'မထင်ပါဘူးရှင်၊ သတင်းကြားပြီးမှ ဆိတ်ဝက်ပြန်ဖမ်းကြဦးမှာ၊ ကိုချစ် အမျိုးတွေက ဘာဖမ်းလာမလဲတော့မသိဘူး၊ စိတ်ညစ်ပါတယ်'

'မျိုးဆက်သစ်ခေတ်ကျရင် ဒါတွေဘယ်ရှိတော့မလဲ၊ တလောက ရွာပြန်တုန်းအဘွားက ပြောသံကြားတယ်၊ မလိုင်လေးအဘွားစိတ်မချရဘူး၊ နွားနောက်ခေါင်းဖြူလေး လွှတ်မထားကြနဲ့တဲ့ သူ့အတွက် ဒီနေရာမှသုံးဖို့ အရေးကြီးဆုံးပဲလေ'

မလိုင်လေး ငြိမ်ဆိတ်သွားသည်။ ခရီးအတော်ရောက်ကြမှ ထင်မှတ်မထားသော စကားကိုဆိုလေ၏။

'ကိုချစ်တို့ နွားနောက်တိုးချဲ့မွေးမြူရေးတွေ ကြိုးပမ်းလုပ်နေကြတာ၊ အသုဘမှာ နွားနောက်သတ်စားတာမျိုးမဖြစ်အောင်



ရှင်တားဆီးပေါ့၊ သူများကို မတားနိုင်ရင်သာရှိရမယ်၊ ကိုယ့်ကိစ္စနဲ့ဆက်နွယ်နေတာမျိုးလောက်တော့ ရှင်တားဆီးနိုင်သင့်တယ်'

မှန်ပါ၏။ ပြောသင့်ပါ၏။ လက်တွေ့တွင် ထင်သလောက်မလွယ်၊ သူနှင့် ကျွန်တော်ကား မျိုးနွယ်စဉ်လာအရ ပြန်လည်လက်ထပ်သင့်သူများ၊ နှစ်ဖက်အဘွားချင်း ပြောဆိုညှိနှိုင်းထားပြီးကြသူများ ဖြစ်၏။ ဤဆက်နွယ်မှုကြောင့်သာ ဤနွားနောက်ကိစ္စပေါ်ပေါက်လာရ၏။

'ဘွားဘွားက ရှေးရိုးအဘွားကြီးလေ၊ မလိုင်လေးတို့ရဲ့အဒေါ်ကြီးအို အကြောင်းသိတယ်မဟုတ်လား၊ ကိုယ့်မြေးဦးလေးရဲ့ ကတော်လောင်းနဲ့ ဆက်နွယ်နေတာ ဘယ်လိုတားဆီးတတ်မလဲ'

'လွယ်လွန်းလို့ ကိုချစ်ရယ်၊ မလိုင်လေးကိုမယူချင်ဘူး၊ နွားနောက်မပို့နဲ့ပြောလိုက်ရုံပဲ၊ ပို့ပြီးရင်လည်း ပြန်ဆွဲသွားဖို့မခဲယဉ်းဘူး'

'စကားကို ကပ်မပြောမနေပါနဲ့၊ နတ်မတောင်နယ်မှာ ပြန်ယူသင့်တဲ့ မိန်းကလေးကို ယောကျ်ားလေးက ငြင်းပယ်ရရိုးထုံးမရှိဘူး၊ မလိုင်လေးကပဲ ဦးကြီးတို့ကို ပြောလိုက်ပေ့၊ ကျွန်မ ကိုချစ်ကို လုံးဝမယူနိုင်ဘူး၊ နွားနောက်လာအသတ်မခံနဲ့လို့၊ မိန်းကလေးတွေ ငြင်းပယ်လို့မယူကြရတာတွေ အများကြီးရှိတယ်၊ ကျွန်တော့်အစ်ကို့ဝမ်းကွဲတုန်းကလည်း ခင်ဗျားတို့အမျိုးက ငြင်းပယ်လိုက်တာပဲလေ'

www.burmeseclassic.com

www.burmeseclassic.com

‘ငြင်းမှာပေါ့ဟဲ့၊ တခြားမှာ သူနဲ့ဖြစ်နေတဲ့ဟာက ဗိုက်ကြီးနဲ့’

ပြန်ယူသင့်သည့် မိန်းကလေးကို ငြင်းပယ်ရထုံးမရှိရသည့် အကြောင်းမှာ၊ မိန်းမအများအပြားယူခွင့်ရှိ၍ဖြစ်၏။ မိန်းကလေးကို ပြန်လည်အသိမပေးမီ ယောကျာ်းလေး၌ အခြားရည်းစားရှိနေသည်ဟု သေချာလျှင် မိန်းကလေးက ငြင်းပယ်ခွင့်ရှိကြသည်။ ယူလိုက်ပြီးမှ နောက်ထပ်မိန်းမ မယူရဟု ကန့်ကွက်ခွင့်မရှိတော့။

‘ရှင့်ပဲ အပြောကောင်း၊ ရှင်နဲ့ကျွန်မက မျိုးနွယ်ဆက်အရ ပြန်လည်လက်ထပ်သင့်သူများအဆင့်မှာပဲ ရှိကြတယ်၊ အဘွားတို့ စကားပြောထားတယ်ဆိုတာလည်း ရှေးလူတွေရဲ့ ထုံးတမ်း စဉ်လာ စကားပဲ၊ ရှင်နဲ့ကျွန်မလက်ထပ်ကြမယ့်အကြောင်း ဘယ်တုန်းကမှ ပြောဖူးကြတာမဟုတ်ဘူး၊ မပြောဖူးကြတဲ့ကိစ္စကို ကျွန်မကငြင်းပါတယ်၊ လက်ခံပါတယ်လို့ လူကြီးတွေရှေ့မှာ ဘာကိစ္စများသွားပြောနေရမှာလဲ၊ ဒီမှာ ရှင်သိဖို့ကယောကျာ်းလေးတွေက မငြင်းပယ်ဖူးဆိုတာက ကိုယ်ကြိုက်သလောက်ထပ်ယူလို့ ရတယ်လေ၊ ဒီနယ်မှာ မိန်းမသုံးလေးယောက်နဲ့လူချည်းပဲ၊ ရှင်လည်း ဒီလိုပဲ သုံးလေး ယောက် ယူထားချင်တဲ့သဘောလား’

နှစ်ယောက်တည်းနှင့် ရှုပ်နေသည့်ဇာတ်လမ်းသာ ဖြစ်သည်။ မည်သူကမျှ မည်သူ့ကိုမျှ မငြင်းပယ်။ ကိုယ်ကလည်း အဆိုမပြု၊ သူကလည်း ကိုယ့်ဆန္ဒမစူးစမ်း။ သူကတော့ သမီး

အလိမ္မာလုပ်ချင် လုပ်လေမည်လားတော့မသိတတ်။ အဖြေ မထွက်မည့်အတူတူ ပြီးစလွယ်ဖြေလိုက်ရ၏။

‘ကိုယ်တို့အချင်းချင်း ပြောလို့မပြတ်ကြမယ့်အတူတူ ဟုတ်တယ် လို့ပဲ ဖြေလိုက်တော့မယ်’

‘အမလေးကိုချစ်ရယ်၊ ဒါလား ပညာတတ်အတွေးအခေါ်၊ ရှင့်ကို ကျွန်မသနားတယ်၊ ကျွန်မက ရှင့်ဘွားဘွားပို့လိုက်တဲ့ နွားနောက်မသတ်ရအောင်လို့ အကြံပြုချင်လို့ စကားစတာ၊ ရှင် ကန့်လန့်ပြောလို့ လမ်းကြောင်းတွေလွဲကုန်ရတာ’

မထင်မှတ်သည့်စကားကြောင့် ဝမ်းမြောက်အားတက်သွား ရ၏။

‘လုပ်စမ်းပါဦး မလိုင်လေးရယ်၊ ကျေးဇူးတင်လိုက်တာ၊ နွားနောက်ကလေး အသတ်မခံရရင်ပြီးရော၊ ဒီနယ်မှာ နွားနောက် ဦးရေ လျော့မသွားတော့ဘူး’

‘အသုဘမှာ မဖြစ်မနေ အကောင်ပလောင်သတ်ကြတာ က အဲဒီကောင်ရဲ့ အသားကို သေသူရဲ့ဝိညာဉ်ဖိတ်ခေါ်ကျွေးဖို့က အဓိကပဲ၊ ဒီလိုမကျွေးလိုက်ရရင် သေသူ့ဝိညာဉ်က သူတို့အပေါ် ဘဝသက်လုံးကျေနပ်သွားမှာ မဟုတ်ဘူးဆိုတဲ့အတွေးအခေါ်နဲ့ ကျွေးကြတာ၊ သေသူရဲ့ဝိညာဉ် ကျေနပ်ပါစေဆိုတဲ့အနေနဲ့ အကောင်သတ်ကျွေးတာကိုပဲ ကျွေးသူရော အသုဘရှင်ရော ကျေနပ်နေကြတာမဟုတ်လား၊ ဒါကြောင့် ဆွေမျိုးရင်းတွေက

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်ကိုယ်ကျ လာကျွေးကြတာလေ၊ ကိုချစ်တို့လည်း ဒီလိုအမိပွာယ်မရှိ ကိုယ်တိုင်ကျွေးချင်မနေနဲ့၊ ဘယ်ဝိညာဉ်ကမှ လာစားပြီး ကျေးဇူးတင်နေမှာ မဟုတ်ဘူး၊ သေသူရဲ့အမွေအဖြစ် မွေးထားပါရစေဆိုပြီး၊ ကျွန်မအမျိုးတွေကို အရှင်တောင်းခိုင်းထားမယ်၊ ကိုချစ်တို့ပေးလိုက်ပေါ့'

အမှန်ပင် ဝမ်းမြောက်ဝမ်းသာချီးကျူးလိုက်ရ၏။

'ဒီတစ်ခါတော့ မလိုင်လေး တကယ်တော်တာပဲ၊ ဘွားဘွားက ရှေးရိုးစွဲကြီးမို့လို့ ကိုယ်တိုင်လာနိုင်ရင် တကယ်ကျွေးချင်နေမှာ၊ အခု သူမလာနိုင်ဘူးလေ၊ ကျေးဇူးကြီးလိုက်တာ မယ်မင်းကြီးမရယ်၊ သေချာစည်းဝါးရိုက်ထားပေးနော်၊ နွားနောက်ကလေးကို အရှင်အပ်လိုက်မယ်'

'တစ်ခုတော့ ဖြစ်ရတော့တာပေါ့၊ ရှင်တို့က ကျွန်မအတွက်နဲ့ နွားနောက်တစ်ကောင်ပေးထားပြီးသား ဖြစ်နေရတော့တာပေါ့လေ'

မှန်ပါ၏။ အသုဘကြည့်သတ်သည့် နွားနောက်ကိုလည်း မိန်းကလေးတန်ကြေး (အမဏ်း) ပေးသည့်စာရင်း၌ ထည့်သွင်းရေတွက်သည်။ မယူဖြစ်သော် ပြန်လည်တောင်းခံခွင့်လည်းရှိကြ၏။ ဤသည်မှာကား ဤဒေသရှိ နွားနောက်၏ ဂုဏ်ပုဒ်ဖြစ်ချေ၏။

စံတုံရွာမလိုင်လေးတို့ အိမ်ပေါ်တက်သွားကြချိန်ကား ညဦးယံကခုန်ပွဲ အစပျိုးချိန်ဖြစ်၏။ အသစ်စက်စက် မြေးလင်မယား တက်လာကြသည့်နှယ် ကြိုဆိုကြသည်။ အိမ်ထဲဝင်သွားကြလျှင်



အသုဘခေါင်းပဇာ်လည့်၌ ရိုးရာဝိုချင်းတေးသီချင်း သီဆိုငိုယိုသူများ ကြားထဲသို့ မင်ဘိုင်လေးလည်း ဝင်ရောက်ပျောက်ကွယ်သွား၏။ မလိုင်လေး၏ အဒေါ် ဒေါ်အွယ်လေးက ညစာစားရန် လက်ဆွဲလာခေါ်၏။ ထမင်းစားတန်းလန်း ရွာအပျိုတစ်သိုက်က အတူကခုန်ရန် ဝိုင်းဆွဲခေါ်သွား၏။ ညလုံးပေါက်ကခုန်ပြီး အဒေါ်ကြီး ဒေါ်အွယ်လေး အိမ် ပြန် အိပ်လိုက်ရ၏။

'ဒိုင်း ဒိုင်း ဒိုင်း'

သေနတ်သံပစ်ဖောက်သံများကြောင့် နိုးလာသည်။ ရပ်ဝေးဧည့်သည်များရောက်ရှိလာခြင်းဖြစ်၏။ ဒေါ်အွယ်လေးက ကော်ပြင်ရည်ခွက်အသင့်ကမ်း၍ စကားစလိုက်၏။

'မလိုင်လေးဘွားဘွားလည်း တူလေးနဲ့ တူမလေးကိစ္စကို ဘာမှမသိလိုက်ရဘဲ ဆုံးသွားခဲ့ပြီ၊ ဒီတစ်ညကပြီးရင် တူလေးလည်း နောက်နေ့ပြန်ရမှာ၊ နတ်မတောင်နယ်ရဲ့ ထုံးတမ်းဓလေ့အတိုင်း ရက်ချုပ်လချုပ်စကားပြောကြဖို့ အချိန်ရောက်ပြီ'

'ဟုတ်ကဲ့ အဒေါ်ကြီးပြောပါ'

'တူလေးနဲ့မလိုင်လေးက မျိုးနွယ်ဆက်အရ ပြန်လည်သက်ထပ်ရမယ့်သူတွေ၊ အမှန်ကတော့ တူလေးဘကြီးနဲ့အဖေက အဒေါ်တို့အုပ်စုနဲ့ ပြန်ယူသင့်တာပေါ့၊ ဒါပေမဲ့ တခြားယောက္ခမမျိုးနွယ်သမီးကိုပဲ ယူခဲ့ကြတယ်၊ အဲဒါ တူလေးဘွားဘွားက သူ့မျိုးနွယ်ဆက်နဲ့ ပြန်ဆက်မိအောင် မလိုင်လေးနဲ့တူလေးကို မဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင် ပြန်လက်ဆက်ပေးဖို့ အဘွားချင်းကတော့ထားခဲ့ကြတာ၊ အခုအလုပ်နဲ့အကိုင်နဲ့ အသက်အရွယ်လည်း မငယ်ကြတော့ဘူး၊ ဒီနှစ်တန်ခူးလပြည့်မကျော်မီ ယူလိုက်ကြတော့၊ လူ့အသက်လူ့စိတ်ဆိုတာ အာမခံလို့ရကောင်းတဲ့အရာ မဟုတ်ဘူး တစ်ခုတော့ရှိပါတယ်လေ၊ တန်ခူးလပြည့်ကျော်သွားတဲ့နောက်ပိုင်းလည်း အဆင်ပြေတဲ့အချိန်ယူနိုင်ကြပါတယ်၊ ဒါပေမဲ့ ရက်ချုပ်လချုပ်ဆိုတာရှိရမယ်၊ တန်ခူးလကျော်သွားပြီးရင်တော့ တစ်ယောက်ယောက်က ကိုယ်ကြိုက်သလိုလုပ်သွားတာကို ဘာမှပြောဆိုခွင့်မရှိကြတော့ဘူး၊ တူလေးဘွားဘွားက မလိုင်လေးဘွားဘွားကို ဘာတွေပေးထားခဲ့တယ်ဆိုတာတော့ အဒေါ်လည်း မစပ်စုမိပါဘူး'

'ဟုတ်ကဲ့ အဒေါ်ကြီး၊ ကျွန်တော်နားလည်ပါတယ်'

ရက်ချုပ်သတ်မှတ်ခြင်းဓလေ့ရှိတော့ရှိသည်။ ကိစ္စကြီးငယ်မရှိဘဲ သတ်မှတ်သည့်အလေ့အထမရှိတာတ်။ မလိုင်လေး၏ဘွားဘွား ကွယ်လွန်သွားခြင်းသည် ထိုသို့ရက်ချုပ်စကားပြောလာရခြင်း၏ မူလအကြောင်းထင်ပါ၏။ အထူးတလည် ပြန်လည်စောကြောခြင်း မပြု။ ထုံးဓလေ့အရှိဖြစ်၍ ခေါင်းညိမ့်လက်ခံလိုက်၏။ ထိုညမိုးအလင်းကပြီး ပြန်တက်လာခဲ့လေ၏။

---

## အခန်း (၁၅)

နတ်မတောင်တစ်ကြော၏ သာမောဖွယ်စွ နွေအလှကား ကာလမတာရှည်လှပါ။ ခံစားမဝဖြစ်ရ၍လည်း စိတ်ကထင်ရခြင်းဖြစ်၏။ ကြည့်နေရင်းကပင် တောင်တန်းတခွင် မိုးရိပ်ဆင်ခဲ့ပြန်လေပြီ။ တောင်ထိပ်တခို တိမ်မည်းညိုတို့ နေကိုဖုံးပိတ်ထားကြ၏။ မိုးဆောင် လေပြင်းရိုက်သွင်းချက်က အေးစက်နာကျင်ရှိလှ၏။ တောင်က တိမ်စုတိမ်ထုအတွင်း ပြင်းထန်ပေါက်ကွဲတတ်ပြန်သည်။ မိုးကြိုးလျှပ်စစ်၊ ထစ်ချုန်းမြည်ဟိန်း တခြိမ်းခြိမ်းရှိနေတတ် သည်။ ဤသည်ကိုပင် တောင်စောင့်နတ်မင်းအချင်းချင်းတို့ အမြောက်နှင့်ခွင်း စစ်ခင်းသည်ဟု နတ်မတောင်သားတို့ဆိုကြ၏။ တိမ်စိုင်ထုထပ် မြေတွင်ဝပ်သဖြင့် အနီးကပ်အချင်းချင်းပင် ရှင်းလင်းပီသမမြင်ရ။ မှိုင်းမှုန်အေးစက်အနေခက်လှသည့် မိုးရက်ကာလဖြစ်တော့၏။ ထို တိမ်မှိုင်းထုထဲ မိုးသည်းသည်း၌ မည်းမည်းလှုပ်လှုပ်လူတစ်ယောက် တက်လာသည်။ အသေအချာကြည့်တော့မှ ကြေးနန်းစာပို့ကိုအောင်သာတည်း။

www.burmeseclassic.com

www.burmeseclassic.com


'ကိုအောင်သာ လာပေါ့၊ ဘာအရေးပေါ်အလုပ်များပါ လာမလဲမသိဘူး၊ လက်လေး ဘာလေးမီးကင်လှည့်ဦး၊ အေးစက် နေတာပဲ'

တောင်ထိပ်ဒေသ ဆောင်းကာလက အေးစက်ရုံမျှသာ ရှိ၏။ လေလည်းငြိမ်ငြိမ် နေလည်းနွေးနွေး၊ မိုးပျိုးရက်မှ တိမ်ထူ အုပ်ဖုံး လေလုံးရိုက်ခတ် မပြတ်စိုရွဲ အေးခဲလှ၍ အလုပ်စားပွဲနား မီးဖိုငယ်များကိုယ်စီထားကြရသည်။ စာတစ်ကြောင်းရေး လက် တစ်ခါကင်။

'မကင်တော့ဘူးဗျာ၊ ဟိုဘက်ရုံးက ကြေးနန်းစာဆက်ဖို့ ရဦးမယ်'

မိုးကာအင်္ကျီအောက်စရှည်အထဲရှိ ကြေးနန်းစာအိတ်ကို ခဲယဉ်းစွာဆွဲထုတ် လက်ကမ်းပေးပြီး ပြန်ဆင်းသွား၏။ စာအိတ်ပြား ငယ်ကို အလျင်စလိုခွဲဖွင့်လိုက်သည်။

**'လူကြီးမင်းအား မင်းတပ်မြို့နယ်ရုံးသို့ ပြောင်းရွှေ့ တာဝန်ချထားပြီးဖြစ်၍ ကန ရသည့်နေ့မှစ၍ ၁၅ (၁၅) ရက်အတွင်း သတင်းပို့ အလုပ်ဝင်ရောက်ရန်။'** (ခထဥ)

မင်းတပ်မြို့နှင့် ကန်ပက်လက်မြို့မဝေးကွာပါ။ အင်္ဂလိ အစိုးရက ကန်ပက်လက်မြို့၌ ခရိုင်ဝန်ရုံးစိုက် အုပ်ချုပ်သည် နှစ်ပေါင်းများစွာ။ လွတ်လပ်ရေးရပြီး (၁၀) နှစ်ခန့်ကြာမှ မင်းတပ်မြို့ သို့ ခရိုင်ဝန်ရုံးကို ပြောင်းရွှေ့ခြင်းဖြစ်၏။ ငယ်စဉ်ကပင် ကျွန်တော် သွားလာနေကျ။ ကျွန်တော့်ဇာတိ တောင်အောက်ရွာကလေး

သည်နှစ်မြို့ကြားတွင်ရှိ၏။ နှစ်ဖက်ခရီးတာတူမျှသည်။ တွက်ကြည့် လိုက်တော့ လကုန်ရက်လစာထုတ်ပြီး ထွက်ခွာလျှင် အချိန်ကိုက် ပင်ဖြစ်၏။

ရုံးဝန်ထမ်းများက လစာထုတ်ရက်ည၌ ရိုးရာအပျော်စားပွဲ ဖြင့် နှုတ်ဆက်ပွဲလုပ်ရန် စီမံကြသည်။ တကယ့်နှုတ်ဆက်ပွဲည၌ကား ထင်မှတ်ထားသည်ထက် ခမ်းနားနေတော့၏။ အထက်အရာရှိ ဆရာစိုးက ဦးစွာအမှာစကားပြောကြားသည်။ လက်ဆောင်းရေချိုး၊ အမှတ်တစဉ်ထိုးလျက် နည်းမျိုးများစွာ မှတ်ဖွယ်ရာရာဆောင်ပုဒ်ပမာ။

**"- ဝန်ထမ်းဘဝ၊ ပြောင်းရွှေ့ရ၊ အဲဒါသဘာဝ**

**- ရောက်ရာဒေသ၊ တွေ့ဆုံရ၊ မိဘရင်းခြာ မှတ်ယူပါ**

**- မိဘပြည်သူ၊ အရေးကြုံမှု၊ ဖေးကူစောင့်ရှောက်ပါ**

**- တာဝန်ကျဘိ၊ ကိုယ်ရောက်ရှိ ဇာတိဒေသ မှတ် ယူပါ**

**- ဒေသဖွံ့ဖြိုး၊ ရပ်ရွာအကျိုး၊ သယ်ပိုး ရွက်ဆောင်ပါ**

**- ဝန်ထမ်းဘဝ၊ စည်းကမ်းကျ၊ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ" ဟူ၍ ဖြစ်၏။**

စုပေါင်းအမှတ်တရလက်ဆောင်အဖြစ် ထူထဲသည့်အနွေး အင်္ကျီတစ်ထည်ပေးကြ၏။ ကျွန်တော့်၏ ပြန်လည်နှုတ်ဆက်စကား က အားလုံးကိုသတိရနေမည်ဟူ၍သာဖြစ်ပါ၏။ နှုတ်ဆက်ညစာ အပြီး၊ စာရေးကိုထန်လောနှင့်အတူ ဝန်ထမ်းအိမ်ခန်းပြန်ခဲ့၏။ ရောက်ရောက်ချင်း ကိုထန်လောက အကြံပြု၏။

www.burmeseclassic.com

 www.burmeseclassic.com

'ကိုကြီးချစ်၊ မင်းတပ်ပြောင်းဖို့သွားရင် လအိပ်တောင်ရွာဘက်လှည့်သွားပါလား၊ ကျွန်တော်မင်းတပ်လိုက်ပို့ပေးမယ်လေ၊ ခါးလီတို့နဲ့လည်း တွေ့ရတာပေါ့၊ ခါးလီလည်း ကိုကြီးချစ်ကို မင်းတပ် လိုက်ပို့ပေးရင် ပို့ပေးမှာ'

မူလအစီအစဉ်က ရွာပြန်ဝင်အိပ်၊ အဘွားကိုကန်တော့ မင်းတပ်ဆက်သွားရန်ဖြစ်သည်။ ကိုထန်လောစကားကြောင့် ခါးလီကို အပူတလောတွေ့ချင်လာသည်။ ပြောစရာတွေက တောင်ပုံရာပုံ။ လအိပ်တောင်ရွာဘက်က လှည့်သွားမည်ဆိုလျှင် အတက်ကြမ်းကြမ်းခရီးတစ်ရက်။ မင်းတပ်သို့ တစ်ရက်တာပြင်းပြင်းပြန်ဆင်းရမည်။ ခရီးမဆက်နိုင်လျှင် နားသင့်ကနားရနိုင်သည်။ လက်ကျန်ရက်ရေတွက်ကြည့်တော့ လုံလောက်နေပါသေး၏။

'ခင်ဗျားပြောတာနဲ့ပဲ လအိပ်တောင်ရွာဘက်လှည့်သွားရကောင်းမယ်ထင်တယ်၊ ခါးလီနွားနောက်ခြံ ဝင်ကြည့်ချင်လို့၊ မင်းတပ်ရောက်အောင်တော့ သေချာလိုက်ပို့ပေးမှဖြစ်မယ်၊ အဲဒီဘက်လမ်းက ကျွန်တော်မသွားဖူးဘူး'

'စိတ်ချပါ ကိုကြီးချစ်ရာ'

အပြောင်းအရွှေ့ဖြစ်၍ အဘွားကိုတော့ ပြောဆိုသွားရမည်။ ကျွန်တော်ကား အမွေခံမြေးဦးဖြစ်၍ မိဘအုပ်ထိန်းမှုအောက်တွင် ရှိသည်မဟုတ်။ အဘွားကသာ မွေးစားထားခြင်းဖြစ်သည်။ မလိုင်လေး၏အဒေါ်ကြီး ပြောခဲ့သည့်ရက်ချုပ်လချုပ်ကိုစွလည်း အဘွားကိုပြောပြခဲ့သင့်သည်။ အဘွား၏ဆွေမျိုးများ မင်းတပ်တွင်ရှိသည်။ ပါးလိုက်သည့်အမှာအကြားကိုလည်း ယူသွားရမည်။

'ကိုထန်လော၊ ကျွန်တော်မိုးလင်းတာနဲ့ အဘွားသွားကန်တော့လိုက်မယ်၊ ညနေပြန်ရောက်မယ်၊ နောက်တစ်နေ့ လအိပ်တောင်ရွာတက်ကြတာပေါ့၊ ခင်ဗျားရုံးကို အပ်ဖို့စာရင်းတွေ အပြီးအပ်ထားနှင့်'

နောက်တစ်နေ့မိုးမလင်းမီ ရွာသို့ထွက်ခဲ့၏။ ဘွားဘွားကို ကျိုးကြောင်းပြောပြ၏။

'ဘွားဘွား၊ သား မင်းတပ်ရုံးကိုပြောင်းဖို့ မနက်ဖြန်ထွက်တော့မယ်၊ လအိပ်တောင်ရွာဘက်က လှည့်သွားမှာ၊ အဲဒါလာပြောတာ၊ ဒီမှာ နို့ဆီ၊ သကြား၊ မုန့်ထုပ်၊ တစ်ခုခု အရေးကြီးရင် ညီအောင်နိုင်ကိုလွှတ်လိုက်'

'ဟဲ့ ရွာကနေ မင်းတပ်သွားရ အနီးလေးကို ဘယ်လိုလုပ်တောင်ထိပ်ဘက် လအိပ်တောင်ရွာကို တမျှော်တခေါ် တမောတခေါ် သွားပတ်နေမှာလဲ'

'ဒီလိုအဘွားရေ၊ လုံချိန်းရွာမှာ ဦးထန်းအောင်ရဲ့သမီးငယ်လေးက ခါးလီတဲ့၊ အပျိုချောချောလေးပဲ၊ ခါးလီမှာ ကိုယ်ပိုင်နွားနောက်ခြံနဲ့၊ နွားနောက်ဝယ်ထည့်ဖို့ နိုင်ငံတော်ချေးငွေယူထားတယ်။ အမှန်တကယ်ဝယ်၊ မဝယ်သွားပြီးစစ်ဆေးရမှာ၊ အဲဒါစစ်ဆေးရင်းနဲ့ မင်းတပ်ဆက်သွားမှာ'

www.burmeseclassic.com

www.burmeseclassic.com



နွားနောက်စစ်ဆေးရန် ကျွန်တော့်တွင်တာဝန်မရှိသကဲ့သို့ တာဝန်ပေးထားရခြင်းမရှိပါ။ ခေတ်လူငယ်အတွက် ရှေးရိုးအဘွားကြီး များလောက် လိမ်ညာရလွယ်ကူသူမရှိပါ။ အဘွားက အတန်ကြာ စဉ်းစားသည်။ ထူးဆန်းအံ့ဩသလို မေးမြန်း၏။

'လအိပ်တောင်ရွာကဆို ဘယ်ဦးထန်းအောင်လဲ၊ ဟိုတုန်းက နွားတွေနွားနောက်တွေမွေးတဲ့လူလား၊ သူ့သမီးက ကိုယ်ပိုင် နွားနောက်ခြံနဲ့ ဟုတ်လား'

'ဟုတ်တယ်ဘွားဘွား၊ ဦးထန်းအောင်ကတော့ မနှစ်တုန်းက ဆုံးသွားပြီ၊ သားကိုလည်း ရိုးရာစောင်လက်ဆောင်ပေးသေးတယ်၊ သူ့သမီးခါးလီက အဲဒီနှစ်ကိုယ်ပိုင်နွားနောက် (၄) ကောင်ရှိတယ်၊ ဒီနှစ်ချေးငွေရတာနဲ့ ဘယ်နှစ်ကောင်တိုးပွားနေပြီလဲမသိဘူး၊ အဲဒါ သွားစစ်ရမှာ၊ သူ့နွားနောက်တွေကလည်း ချောချောလှလှ၊ သူကလည်း လှလှပပလေး၊ အမလေးလေး၊ အဘွားကိုမြင်စေချင်စမ်းလှတယ်'

'အင်း အင်း တယ်တော်တဲ့မိန်းကလေးပဲ၊ တောင်ထိပ် ရွာသူတွေက အလုပ်ကြိုးစားတယ်၊ ဇွဲရှိတယ်၊ နွားနောက်ကို ကိုင်တွယ်တတ်တယ်၊ ဒီတောင်အောက်ရွာသူတွေလို မဟုတ်ဘူး၊ ဒီက ဟာမတွေ နေဖင်ထိုးတောင် အိပ်ရာနိုးတာမဟုတ်ဘူး၊ အပျင်းအဖျင်း ချည်းပဲ'

'ဟုတ်တယ်ဘွားဘွား၊ အဲဒီတော်တဲ့ တောင်ထိပ်ရွာသူကို ဘွားဘွားကမြေးချွေးမတော်လိုက်ပါလား၊ ဒီတောင်အောက်ရွာက



ဘွားဘွားမျိုးရိုး မြေးမြစ် စံတုံရွာသူတွေက အပျင်းအဖျင်းအပျော့ အညံ့ဆုံးတွေ၊ သူနာပြုဆရာမလုပ်တဲ့ မလိုင်လေးကအဆိုးဆုံး၊ သူ့မိဘက မြေကြီးလက်ရက်ပြီးကျောင်းထားတာ၊ သူကရွံ့ပေလေ တိုးတောင် မခံဘူး၊ လုံချည်ရဲရဲ၊ အကျႌဖွေးဖွေး ခေါင်းဆောင်ဖြူဖြူ လက်အိတ်တစွပ်စွပ်နဲ့တွေ့နေတာပဲ'

အဘွားကိုပြောရန်ရှိ၍ တမင်လမ်းစထွင်ခြင်းဖြစ်၏။

'သူများကို အလကားနေရင်း ပြောဆိုချင်မနေနဲ့၊ ကလေးမ ကို အခုရက်ပိုင်းဘွားဘွားဆီ လွှတ်လိုက်ဦး၊ သူ့အဘွားဆုံးတုန်းက ဘာခလောက်ဆန်သလဲမသိဘူး၊ အိမ်သားတွေ ရန်ဖြစ်လိုက်ကြ တာဝုန်းဒိုင်းကျဲတဲ့၊ မြေးတို့ကိစ္စကိုတော့ ဒီနှစ်တောင်ယာမျိုးချပြီး ချိန်ကျမှ နေ့ရက်အတိအကျ ပြောရတော့မှာ'

ပြောရမည့်စကားအကွက်ဝင်လာပြီ။ မဆိုင်းမတွပြော လိုက်ရ၏။

'ဘွားဘွားပဲ မျိုးချပြီးချိန်ပြောနေ၊ မလိုင်လေးအဘွား အသုဘတုန်းက သူ့အဒေါ်ဒေါ်ကြီး ဒေါ်အွယ်လေးက သားကို ပြောလိုက်တယ်၊ တန်ခူးလပြည့်မကျော်ခင်ယူကြ၊ တန်ခူးလပြည့် သို့မှ ယောကျ်ားလေးဘက်က ရက်လာမသတ်ရင် ကိုယ်ယူချင်တာ ယူနိုင်ကြတယ်၊ ဘာမှအလျော်အစားပြောခွင့်မရှိတော့ဘူးတဲ့၊ အခုတန်ခူးလကျော်လို့ မိုးပဲကျနေပြီ'

'ဟော ဒါသူတို့ပြောစရာလား၊ ဘယ်သူ့မြေးသားကို သူတို့က မျက်စိပိုကျနေကြလို့လဲ၊ ကျချင်တိုင်းကောရမလားဟဲ့၊ ငါအသင်ပြေ

www.burmeseclassic.com

www.burmeseclassic.com



တဲ့အချိန် ငါလုပ်မှာပေါ့၊ သူတို့နဲ့ဘာမှ မပတ်သက်ဘူး၊ နင့်ယောက္ခမတွေပေးဖို့ အရေအတွက်ပြည့်အောင် အခုနွားနောက် ဖြူမ မွေးခါနီးကိုစောင့်နေရတာ'

'ဘွားဘွားက ဘာသိမှာကျလို့ မလိုင်လေးက တစ်ယောက်ယောက်နဲ့ ကြိုက်ချင်ကြိုက်နေမှာ'

'ဟဲ့ သူပြန်ယူမယ့်လူ မင်းတစ်ယောက်လုံး ငုပ်တုတ်ကြီးရှိနေတာ၊ စည်းမရှိကမ်းမရှိ ကြိုက်ချင်ရာနဲ့ကြိုက်လို့ရမလားဟဲ့၊ လူကမွေးတဲ့ဟာတွေလေ'

အဘွားသတ်မှတ်သည့် တောင်ယာမျိုးချချိန်သည် လာမည့်နွေဦးပေါက်ဖြစ်၍ တစ်နှစ်နီးနီးလိုသေးသည်။ ခေါင်ရည်ရင့်အောင်ထားချိန်၊ နွားနောက်ယဉ်အောင်ကျင့်ချိန်နှင့် ဤမျှလောက်တော့အချိန်ယူရန်လိုသည်။ ခေတ်ရွေ့မိုင်ပေါင်းများစွာပြေးနေသည့်သူ့မောင်ဘက်မြေးမ မလိုင်လေးနှင့် ရှေးရိုးအဘွားအိုတို့ မည်သို့ပြောဆိုညှိနှိုင်းတတ်ကြလေသည်တော့မသိ။ သူ့မြေးချွေးမလောင်းမှာခေတ်ပညာတတ်၍ ချင်းမလေ့ယဉ်ကျေးမှု၌ လိမ္မာလှကြောင်းအဘွားက ချီးမွမ်းခန်းဖွင့်တတ်သည်။

'ဘွားဘွား၊ သားကမနက်ဖြန်လုံချိန်းရွာတက်အိပ်ပြီးနောက်နေ့မင်းတပ်ပြန်ဆင်းမှာ၊ မလိုင်လေးနဲ့သွားတွေ့ချိန်မရှိဘူးတခြားလူကြုံနဲ့မှာလိုက်'



'ဟဲ့၊ မင်းတို့တစ်မြို့ထဲနေကြတာ မဟုတ်ဘူးလား၊ သွားတာလာတာ မင်းသူ့ကိုပြောဆိုသွားရမှာ မဟုတ်ဘူးလား၊ ဒီဆတ်ဆန်မွှေးထုပ်လေး သူစားဖို့သွားပေးထားခဲ့၊ မင်းတပ်ရောက်ရောက်ချင်းသားဦးကြီးဦးခေါ်ဂေတို့အိမ်တန်းသွား'

ဘူးခါးသီးကြီးထဲရှိ ဆတ်ဆန်မွှေးများကို ကြိုးရှုံ့အိတ်ထဲသွန်ချပြီး အဘွားကကမ်းပေး၏။

'ပြောမိတာမှားပါတယ် ဘွားဘွားရေ၊ သားသွားမယ်၊ ကန်တော့လိုက်ဦးမယ်'

ဘွားဘွားကိုဦးချကန်တော့သည်။ ဘွားဘွားကား ဗုဒ္ဓဘာသာနှင့် ကျွမ်းဝင်ခြင်းမရှိ။ ဆန္ဒရှိရာကိုသာ ပြောဆိုမှာကြားသည်။

'ကိုယ်ယူမယ့်မိန်းကလေးကို ခင်မင်ကြင်နာကြောင်းလေးလည်းပြဦး၊ ဆတ်မွှေးကို ဆက်ဆက်သွားပေး၊ မှာလိုက်တယ်လို့လည်း ဆက်ဆက်ပြော'

ရွာမှမြို့သို့ပြန်ရောက်လာချိန် နေဝင်ဖျိုးဖျရှိနေဆဲ။ မလိုင်လေးထံ ဆန်ထုပ်ပေးရင်း နှုတ်ဆက်ရင်းထွက်ခဲ့၏။

'မလိုင်လေး၊ ဘွားဘွားက လာတွေ့ပါဦးတဲ့၊ ဆတ်ကောက်ညှင်းမွှေးထုပ်ပေးလိုက်တယ်၊ ထမ်းလာရတာ ပခုံးကိုအောင့်ရော'

'ကျေးဇူးပဲကိုချစ်၊ အဘွားနေကောင်းရဲ့လား၊ ဘာတွေစွရှာသွားတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'မင်းတပ်ပြောင်းဖို့ မနက်ဖြန်အစောကြီးထွက်မှာ၊ လအိပ်တောင်ရွာဘက်က လှည့်သွားမှာ၊ တောင်ပေါ်လမ်းသွားဘူး ရအောင်လို့ပါ။ လိုက်ပို့ပေးကြမယ်ဆိုလို့'

သူ့ကိုကားကြုံရာပြော၍ ရမည်မဟုတ်၊ ခါးလီကိစ္စ လေမဟာမိရန်လည်း သတိထားရ၏။

'မြန်လှချည်လားကိုချစ်၊ နံနက်အစောကြီး ထွက်မယ်ဆိုရင် ကျွန်မလိုက်မပို့အားတော့ဘူး၊ ကျွန်မဆေးရုံညဂျူတီကျတယ်၊ အဘွားဆီ ပိတ်ရက်တစ်ရက်သွားလိုက်ပါ့မယ်၊ အဒေါ်ကြီး ဒေါ်အွယ်လေး ပြောတဲ့ကိစ္စတွေ အဘွားသိပြီးပြီလား၊ ကျွန်မ ထပ်ပြောလိုက်ရမလား၊ ကိုချစ်ဘယ်လိုသဘောရလဲ'

အဘွားမသိရသေးဟန် အသာဒိုင်လျှိုထားလိုက်သည်။

'ဘယ်လိုမှသဘောမရပါဘူး၊ အဘွားက ဒါတွေသိမှာ မဟုတ်ပါဘူး၊ ပြောစရာရှိတာသာပြောလိုက်ပါ။ အထုပ်ပြင်ရဦးမှာ၊ သွားလိုက်အုံးမယ်နော်'

'ဟုတ်ကဲ့ရှင့်'

* 

## အခန်း (၁၆)

လအိပ်တောင်ရွာရောက်သွားကြချိန် နေလုံးပြုတ်ကျရန် ဝါးတစ်ရိုက်ခန့်သာလိုတော့သည်။ ကိုထန်လောအိမ် အမောဖြေ ခဏနားပြီး ခါးလီတို့အိမ်ထွက်ခဲ့၏။ အိမ်တံခါးပိတ်လျက်ရှိ၏။ အိမ်သားအားလုံး နွားနောက်ခြံသွားနေကြကြောင်း မိုးကြီးချုပ်မှ ပြန်ရောက်တတ်ကြကြောင်း ဘေးနားဖြတ်သွားသည့် အဒေါ်ကြီး က ပြောပြ၏။ ရွာလူကြီးဘကြီး ဦးအောင်လောအိမ်ဆက်သွား လိုက်သည်။

'ဟော - မောင်ချစ်ပါလားဟေ၊ ဘာသတင်းမှ မကြားဘဲ ရောက်လာတာပါလား၊ အရေးတကြီးလုပ်ငန်းရှိပြီထင်ပါရဲ့'

'မဟုတ်ဘူးဘကြီး၊ မင်းတပ်ပြောင်းရလို့ ပြောင်းဖို့အပြီး ထွက်လာတာ၊ ကိုထန်လောက လိုက်ပို့ပေးမယ်ဆိုလို့ ဘကြီးတို့ ည်း နှုတ်ဆက်ရင်း မင်းတပ်ကိုတောင်ထိပ်လမ်းက မသွားဘူးသေး ာနဲ့ မနက်ဖြန်ဆက်ထွက်မယ်ဘကြီး'

www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ တောင်ထိပ်လမ်းအတက်ကြမ်းကို သွားဘူးနေ ရန်မလိုအပ်ပါ။ ခါးလီနှင့်တွေ့လို၍ လှည့်ပတ်လာခဲ့ခြင်းသာဖြစ်သည်။

'လအိပ်တောင်ရွာကနေ မင်းတပ်ဆင်းရတာ မခဲယဉ်းတော့ဘူး၊ ဒီနေ့တပင်တပန်း တက်လာရတာ၊ မနက်ဖြန်တစ်ရက်တော့ နားလိုက်ဦး၊ ဘကြီးတို့လည်း မောင့်ကိုမလေ့ရှိုးရာအတိုင်း စတီလောက်တော့ နှုတ်ဆက်ရသေးတာပေါ့'

နားရက်ယူမှသာ ခါးလီနှင့်စကားပြောခွင့်ကြုံတော့မည် စကားလှည့်ပတ်လက်ခံလိုက်ရသည်။

'ဘာမှအထွေအထူးတော့ မလုပ်ပါနဲ့ဘကြီး၊ နွားနောက် ခြံတွေလှည့်ပတ်ကြည့်တာနဲ့ တစ်နေကုန်သွားမှာ၊ ဘကြီးနားစေချင် ရင်လည်း တစ်ရက်နားလိုက်မယ်လေ၊ စကားပြောရတာပေါ့'

'နားမှလည်း ကောင်းကောင်းဆင်းနိုင်မှာ၊ နွားနောက်ခြံ ကြည့်မယ်ဆိုရင်တော့ ခါးလီတို့ခြံကြည့်ရတာလွယ်မယ်၊ ရွာနဲ့နီးတဲ့ ကီလဲတောင်တန်းခြံကို ကြည့်မယ်ဆိုရင် တစ်နေကုန်သွားမှာ'

'အမလေး ကိုကြီးချစ်ရယ်၊ ကျွန်မအံ့သြသွားတာပဲ၊ ဒီ ချိန် ဘယ်နည်းနဲ့မှ ကိုကြီးချစ်ဒီကိုရောက်လာလိမ့်မယ်လို့ ကျွန် ထင်မထားဘူးရှင့်'

နောက်ကျောအသံလာရာသို့ ရုတ်တရက်လှည့်ကြ မိသည်။



ခါးလီကား ချင်းအင်္ကျီပြာလွှင်လွှင်၊ ချင်းလုံချည်တိမ်နီးဆင်နှင့်ဖြစ်၏။ မမြင်တာကြာ၍လား၊ နဂိုမူရင်းပေပဲလား၊ ဖြူနုဝင်းပ ပြည့်တင်းသွယ်လျရှိနေ၏။

'ခါးလီမိုးချုပ်မှ ပြန်ရောက်မယ်လို့ အဒေါ်ကြီးတစ်ယောက်က ပြောလိုက်တယ်၊ အခုအစောကြီးပြန်ရောက်နေပါလား'

'ဟုတ်ကဲ့ရှင့်၊ အဒေါ်ကြီးဒေါ်ရှင်က ခါးလီတို့ နွားနောက်ခြံနား တောင်ယာထဲပြန်လာတာရှင့်၊ သူပြောပြလို့ ပြန်တက်လာတာ၊ ဘယ်သူတွေပါသေးလဲ၊ ဘာအရေးကြီးကိစ္စများပါလဲရှင်'

ဘကြီးက ကြားဖြတ်ဖြေလိုက်၏။

'မင်းတပ်ကို အပြီးပြောင်းဖို့ထွက်လာတာတဲ့ မခါးလီရေ၊ မနက်အစောကြီး ဆက်ထွက်မယ်ဆိုလို့ တစ်ရက်တော့နားဦးဆို ဘားထားရတယ်၊ နံနက်စောစောလေး လုံမတို့နွားနောက်ခြံကြည့်ပြီးရင် နေ့ခင်းစာလောက်စပြီး နှုတ်ဆက်ပွဲလေးလုပ်ပေးကြမယ်၊ ငံမံပေးလှည့်ဦးကွယ့်'

'ဟုတ်တာပေါ့ရှင်၊ ဒီနေ့ တပင်တပန်းကြီးတက်လာရတာ နားဦးမှဖြစ်မှာပေါ့၊ မနားဘဲ ဒီလောက်ခရီးပြင်းကြီးပြန်ဆင်းလို့ ဘယ်ဖြစ်မလဲ နာဖျားကုန်အုံးမယ်'

စေတနာငွေ့ပါသည့် စကားသံကြောင့် ရင်ထဲကြည်နူး [illegible]ိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com

'ကျွန်မကိုကြီးချစ်ကို ခဏလာခေါ်ထား၊ ရွာမှာဆိုတော့ ဘာမှလည်းမရှိကြပါဘူးရှင်၊ အစ်မ မလိုင်ထန်း တောင်ယာ ကောက်ညှင်းဆန်လေး လှော်စာပေါင်းထားတာရှိတယ်၊ အဲဒါလေး အမောပြေသောက်ရအောင်လို့၊ ဘကြီးလည်း လိုက်ခဲ့ဦးရှင့်'

'ကောင်းပ့ါလုံမ၊ မလိုင်ထန်းလက်ရာ လှော်စာဆို ချို့မွှေး လွန်းလို့ တစ်ခွက်ဝင်မြည်းပြီး ကီးအောင်ဆီဆက်ဝင်လိုက်မယ်'

ခါးလီတို့အိမ်ပေါ် တက်သွားကြချိန် မလိုင်ထန်းက ဆတ်သားခြောက်ပြုတ်ကို မောင်းဆုံပုဏ္ဍ ထောင်းထုဆဲ၊ ဘကြီးလည်း လှော်စာတစ်ခွက် ငွက်ခနဲမော့ပြန်ဆင်းသွား၏။ ခါးလီက လှော်စာ ခွက်နှင့် ဆတ်သားခြောက်ထောင်းချပေးသည်။

'ကိုကြီးချစ်၊ နွားနောက်ခြံစောစောကြည့်မယ်ဆိုရင်၊ ခြံမှာ နံနက်စောစာ ပြောင်းဖူးစေးပြုတ်သောက်လိုက်ကြတာပေ့ါ၊ ကြည့် ပြီးတာနဲ့ ပြန်တက်လာမှ နေ့ခင်းစာအတော်ကျမှာ'

တောင်ပေါ်ပြောင်းဖူးအသေးအစေးမျိုးသည် ချို့မွှေး နူးနပ်လွယ်သည်။ နတ်မတောင်နယ်သားတို့ အနှစ်သက် သရေစာတစ်မျိုးဖြစ်၏။

လှော်စာရည်စုပ်ရန် အစပျိုးကြဆဲရှိသေး၏။ ကို ကီးအောင်နှင့်အဖွဲ့ ဘကြီးနှင့်အတူပြန်တက်လာကြသည်။ ကို ကီးအောင်ကနှုတ်ဆက်သည်။

'ညီလေး မင်းတပ်ပြောင်းရတော့လည်း ညီလေးအိမ်လာ တည်းရတာပေ့ါ၊ ဒီညအစ်ကို့အိမ်မှာပဲ ညစာစားအိပ်ရမယ်နော်၊ နံနက်ခြံထဲဆင်းဖို့ ခါးလီတို့ဝင်ခေါ်လိုက်ကြ'

'ဟုတ်ကဲ့ပါရှင့်'

တောင်ပေါ်ရိုးရာလှော်စာအိုးသည် မြေအိုးငယ်သာ ဖြစ်သည်။ ပမာဏများများမဆန့်၊ လှော်စာကို အမြောက်အမြား ထုတ်လုပ်ထားခြင်းလည်း မရှိတတ်။ များလွန်းလျှင်လည်း အရသာ မမီတတ်။ မြေအိုးငယ်လှော်စာရည်လည်း မကြာမီကုန်လေ၏။ ညလည်းမှောင်လေပြီ။ နှုတ်ဆက်လူခွဲဆင်းခဲ့ကြ၏။

'ခါးလီရေ ခြံကြည့်ဖို့ စောစောလေးတော့ ဝင်ခေါ်လိုက်နော်၊ ညည်းပဲပြန်လာချက်ရမှာ'

ကိုကြီးကီးအောင် နောက်ပြန်လှည့်အော်ခဲ့၏။ ခါးလီ အသံ စူစူးပြန်ထူးသည်။

'ဟုတ်ကဲ့ပါရှင်'

ကိုကြီးကီးအောင်အိမ်က ရွာအောက်ပိုင်း၌ရှိ၍ ခြံနှင့်ပိုနီး သည်။ ထိုညကိုကြီးကီးအောင်က တောင်ပေါ်ရိုးရာ ချစ်ခင်သူတစ်ဦး ချင်းကို ဧည့်ခံနည်းဖြင့် ဧည့်ခံသည်။ ကြက်ကြီးတစ်ကောင်လုံးကို အမွေး နုတ်မီးမြှိုက်သည်။ အူ၊ အသည်းများ ထုတ်ယူသန့်ရှင်းပြီး ကြက်ဝမ်းထဲပြန်ထည့်ချုပ်သည်။ ရေနည်းနည်းချင်းဖြင့် ကြည့်ပတ်၍

www.burmeseclassic.com

www.burmeseclassic.com



နှုးအိအောင်ပြုတ်သည်။ ဧည့်သည်ကိုအကောင်လိုက် ပုံမပျက်ချထားပေးရသည်။ တစ်စချင်းဖွဲ့၍ ကုန်အောင်စားရသည်။ ကုန်မှသဘောကျသည်။ မကုန်နိုင်လျှင် ဝိုင်းကူစားပေးရန် တောင်းပန်ပြန်အပ်ရသည်။ ကျန်သရွေ့ အိမ်ရှင်ပြန်စားခွင့်ရှိသည်။ တချို့ရွာများ၌ အိမ်ရှင်များ ဧည့်ကျန်ပြန်၍ စားလေ့စားထမရှိ၊ ကျွေးသမျှအကုန်စားစေလိုသည့်သဘော၊ အကျန်ကို ကောင်းစွာသိမ်းဆည်း၍ နောက်တစ်နပ်၌ပြန်ပေါင်းကျွေးလေ့ရှိသည်။ အားခဲ၍စားပါသော်လည်း ရင်အုပ်နှစ်ခုမျှကုန်နိုင်သည်။ ခရီးပန်းခြင်း၊ လှော်စာရည်ယစ်ခြင်း၊ ဗိုက်အင့်ခြင်းကြောင့် ငိုက်မျဉ်းလာခဲ့၏။ ကိုကြီးကီးအောင်ကိုယ်တိုင်တွဲ၍ အိပ်ခန်းငယ်ထဲလိုက်ပို့လိုက်ရ၏။

'ကိုကြီးချစ်နိုးပါပြီလားရှင်'

ခေါင်းထောင်နားထောင်ကြည့်လိုက်၏။ ကိုကြီးကီးအောင်အသံပါကြားရ၏။

'ခါးလီတို့စောသားပဲ၊ မောင်ချစ်က နိုးဦးမယ်မထင်ဘူး၊ ခရီးပန်းလာတာ၊ ခဏထိုင်စောင့်လိုက်ကြပါဦး'

'နိုးပါပြီဗျ'

လူးလဲထလိုက်ရ၏။ လည်ရှည်ဘူးခါးသီး ရေဘူးကိုခဲယဉ်းစွာ ရေငုံ့သွားတိုက်မျက်နှာသစ်ရ၏။ ပြီးပြီးချင်း ခါးလီအစ်မမလိုင်ထန်းနှင့်အတူ သုံးယောက်သားခြံထဲဆင်းလာခဲ့ကြ၏။



'ဒီအချိန်က နံနက်ပိုင်းလေးပဲ နေရောင်ပြပြီး နေ့လယ်မိုးရွာချတတ်တယ်၊ အဲဒါကြောင့် စောစောလေးပဲ ဝင်ခေါ်လိုက်တာ၊ ကိုကြီးချစ်အိပ်ရေးပျက်တော့မှာပဲ၊ မမက တဲထဲပြောင်းဖူးစေးပြုတ်တုန်း ခြံထဲလှည့်ကြည့်ကြတာပေါ့ရှင်'

'အိပ်ရေးဝနေပါပြီ၊ ခြံထဲလျှောက်ကြည့်ရင်း စကားပြောကြတာပေါ့နော်'

လာရခြင်း၏ရည်ရွယ်ချက်က ခါးလီထံချစ်ကတိတောင်းရန်သာဖြစ်သည်။ အချိန်အနည်းငယ်မျှ လက်လွှတ်မခံနိုင်၊ အချိန်ကားအရှက်ကျင်းစဝိုးတဝါး၊ ဤကမ္ဘာမြေလောက၌ အရှက်ဦးမိုးလင်းစဉ် ချစ်မေတ္တာရည်စားစကားပြောသူမှာ အကျွန်ုပ်သာလျှင် ဖြစ်ပေတော့အံ့ဟု တွေးမိချေသေး၏။ နွားနောက်ခြံစပ်၌ မြေစိုက်ယာတဲရှိသည်။ ရောက်ရောက်ချင်း အစ်မမလိုင်ထန်းက နံနက်စောစောပြောင်းစေးပြုတ်ရန် အိုးခွက်လှန်သည်။ သူ့ကိုထားခဲ့၍ ချောင်းရိုးအတိုင်း ခြံထဲဆင်းခဲ့ကြ၏။

'ကိုကြီးချစ်လေ၊ ညီမလေးခါးလီကို တွေ့ချင်စကားပြောချင်လို့ တမင်တကာ ရွာဘက်ကလှည့်လာခဲ့တာ၊ မင်းတပ်ရောက်သွားပြီးရင်တော့ မြို့နယ်မတူတော့လို့ ဒီရွာကိုတော်တော်နဲ့ ရောက်နိုင်တော့မှာ မဟုတ်ဘူးလေ'

'ထင်ထားပါတယ် ကိုကြီးချစ်ရယ်၊ ကျွန်မစိတ်မကောင်းသိုက်တာ၊ လူတအား ပင်ပန်းမှာ'

www.burmeseclassic.com

www.burmeseclassic.com



စကားပြောရင်း ခရီးမနည်းတွင်ခဲ့၏။ ချောင်းငယ်အဆုံး တောင်စွယ်ကို ကွေ့ဝင်လိုက်ချိန် သစ်ပင်ဖျားများပေါ်၌ နေခြည် ရွှေရည်စက်တို့ ကျဲပက်လာခဲ့ပြီ။ တောင်တန်းငယ်တစ်ခုအကျော် ၌ ခြေတံရှည်တဲငယ်လေးလှမ်းမြင်ရသည်။

'ဟေး ဟေ'

'ခါးလီက အသံလွှင်လွှင်ပေးလိုက်လျှင် နွားနောက်အုပ်က ဝပ်ရာမှထ လည်မော့ မျှော်ကြည့်နေကြ၏။ သခင်မလေးတစ်ယောက် သခင်လေးခေါ်လာခဲ့ပြီဟု အထင်ရောက်ကြပုံရှိ၏။

'ကိုကြီးချစ်၊ ကျွန်မသားသမီးတွေ အဲဒါအားလုံးပဲ၊ အထီးက နှစ်ကောင်၊ အမခြောက်ကောင်၊ ချေးငွေနဲ့ဝယ်တဲ့ နွားနောက်မလေးက အထီးလေးပဲထပ်မွေးတယ် ကိုကြီးချစ်ရယ်၊ အမလေး မွေးစေချင် တာ'

'ဒေသသုံးက အထီးပိုတန်ဖိုးရှိတယ်လေ၊ ထုတ်စရာရှိ ရင် အထီးအရင်ထုတ်ပေါ့၊ ဒီနယ်မှာ တစ်နှစ်သားကို တစ်သိန်း ဈေး၊ သုံးနှစ်ရှိမှ အရွယ်ရောက်တယ်လို့ သတ်မှတ်တယ်၊ အရွယ် ရောက်နွားနောက်ဆိုရင် သုံးသိန်းလောက်ရှိတယ်၊ ရှစ်ကောင်ဆိုရင် (၂၄) သိန်းပေါ့၊ ညီမလေးခါးလီက နွားနောက်သခင်မလေးဖြစ်နေ ပြီပဲ'



'အရွယ်ရောက်က ခြောက်ကောင်ပဲရှိတယ်ရှင့်၊ ကျွန်မ သားသမီးတွေလိုဖြစ်နေတော့၊ ဘယ်လိုမှမထုတ်ရက်ဘူး၊ မထုတ်လို့ လည်းမဖြစ်၊ ဒါနဲ့ပဲ ငွေကြေးပြန်လှည့်ရမှာ'

စကားပြောရင်း တဲငယ်အောက်ရောက်လာကြသည်။ တဲငယ်မှာ ပြောင်းမှုန့်၊ ပဲမှုန့်၊ ဆားစသည် အသေးအမွှားထားသည့် တဲဖြစ်သည်။

'ကိုကြီးချစ်၊ တဲပေါ်ခဏနားပြီးမှ ဆားတွင်းဘက်သွားကြည့် ရအောင်၊ ကျွန်မဆားတွင်းလုပ်ပေးထားတယ်၊ ဆားတွင်းဘေးက တင်းကုပ်လည်းချဲ့ရဦးမှာရှင့်'

တဲပေါ်အရောက်အနားကပ်၍ ထိုင်လိုက်သည်။

'ညီမလေးခါးလီ၊ ကိုကြီးချစ်ညီမလေးကို အရမ်းလွမ်း တယ်၊ မခွဲနိုင်ဘူး၊ ဒီတစ်မိုးပြတ်ရင်တော့ ရိုးရာထုံးစံအတိုင်း သာတောင်းလှည့်တော့မယ်နော်'

ပြောရင်း လက်ဖဝါးနုလေးကို အသာဆုပ်ကိုင်ထားလိုက်၏။

'ကိုကြီးချစ်ကို စကားကုန်အောင်ပြောပြီးပြီပဲရှင်၊ ကိုကြီးက ကျွန်မကိုချစ်တယ်၊ ကျွန်မလည်း ကိုကြီးချစ်ကို သံယောဇဉ်ရှိတယ်၊ လွတ်လပ်သူတွေမှာ ချစ်ခွင့်ရှိကြပါတယ်၊ ကျွန်မသားသမီးတွေလို ဖြစ်နေတဲ့ နွားနောက်တွေထားခဲ့ပြီး ကိုကြီးချစ်နောက်မှာ အချိန်

www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်လေးတောင် လိုက်မနေနိုင်ဘူး၊ ကိုကြီးချစ်ရဲ့ ဝန်ထမ်းဘဝကိုစွန့်ပြီး ကျွန်မဆီလာနေဖို့ကို ကျွန်မပိုပြီးအဖြစ်မခံနိုင်ဘူး။ ဒါကြောင့် ကိုကြီးချစ်ကို ကျွန်မဘယ်တော့မှ လက်မထပ်ဘူးလို့ ဆုံးဖြတ်ထားတယ်၊ ကျွန်မချစ်တဲ့ကိုကြီးချစ်ကို ဒီတောတောင်ရဲ့ နွံထဲမှာ ကျွန်မနှစ်မထားနိုင်ဘူး'

'ဒီလိုတော့ မဖြစ်သေးဘူး ညီမလေး၊ ဒီလိုပဲ သွားတစ်လှည့် လာတစ်လှည့် နေကြလို့ဖြစ်တာပဲ၊ နွားနောက်ခြံကို ကိုယ်ကလည်း ကြည့်မယ်၊ လူယုံကောင်းကောင်းလည်း ခန့်ထားမယ်၊ မဖြစ်နိုင်တာ မရှိဘူး၊ တတယ်ချစ်ရင် တကယ်လက်ထပ်ကြရမယ်၊ အချိန်မဆွဲ ပါနဲ့ကွယ်'

'အဲဒီ သွားတစ်လှည့်လာတစ်လှည့်ကို ကျွန်မ လုံးဝလက်မခံတာ၊ ကိုကြီးချစ်ကို ကျွန်မလက်ထပ်ပြီဆိုရင် အနပ်တိုင်း ကျွန်မချက်တဲ့ထမင်းပဲ ကိုကြီးချစ်စားရမယ်၊ ရေချိုးချိန် ရေချိုးပေးရမယ်၊ ခေါင်းဖြီးချိန် ခေါင်းဖြီးပေးရမယ်၊ သဘောပြောတာနော်၊ အနားမှာ အမြဲရှိနေရမယ်နော်၊ ဘယ်သွားသွား တစ်ဖဝါးမခွာလိုက်နေရမယ်၊ ဒီလိုနေပေးနိုင်တဲ့ အခြေအနေမျိုး ကျွန်မမှာမရှိဘူး၊ ကျွန်မက မကောင်းဘူး၊ ကျွန်မမယားကောင်းပဲဖြစ်ချင်တယ်၊ လင်ယူပြီးဖြစ်သလို လွှတ်ထားတဲ့ မိန်းမမျိုးလုံးဝအဖြစ်မခံနိုင်ဘူး၊ လင်ယူပြီးကိုယ်လုပ်ချင်တာလုပ် ကိုယ်နေချင်သလိုနေတဲ့ မိန်းမမျိုးလုံးဝအဖြစ်မခံဘူး



ဒါကြောင့် လက်ထပ်ဖို့စကားကို ကြေကွဲခြင်းများစွာနဲ့ ကျွန်မငြင်းပယ်ရတာပါ'

ဆွေးနွေးပွဲက နေမြင့်ချိန်ထိရောက်လာသည်။ အဖြေကသည်တစ်ခုထဲ။ မည်သို့မျှချော့မော့ပြောဆို၍မရ။ လက်ချင်းဆုပ်ကိုင်ထားခြင်းကို တဖြည်းဖြည်းဖြေချလိုက်သည်။ နဖူးပေါ်ဝဲကျနေသည့်ဆံစကို လက်နှစ်ဖက်ဖြင့် အသာအယာသပ်တင်ပေးလိုက်သည်။ ပြောင်ရှင်းနေသည့် နဖူးပြင်ကျယ်လေးကို အရှိုက်ပြင်းပြင်း မွှေးကြူလိုက်၏။

'မရက်စက်ပါနဲ့ ခါးလီရယ်၊ ကိုကြီးချစ်ကို မသနားတော့ဘူးလားဟင်'

သူကလေး၏လက်နှစ်ဖက်အစုံက လက်မောင်းရင်းကို တင်းကျပ်စွာပြန်လည်ဆုပ်ကိုင်လာ၏။

'သနားလို့ ချစ်လွန်းလို့ ပြောနေရတာပါ ကိုကြီးချစ်ရယ်၊ ကိုကြီးချစ်မှာ ပြန်ယူရမယ့် ပညာတတ်အရာရှိ အမှုထမ်းမိန်းကလေး အမျိုးတွေ တစ်ပုံကြီးရှိတာ ကျွန်မသိတယ်၊ သူတို့ဟာ ကိုကြီးချစ် အမှန်တကယ် **ပြန်ယူရမယ့်**သူတွေပါ'

စိတ်ပျက်အားလျှော့လေသံပျော့ဖြင့် ပြောရလေတော့၏။

'ဒီခေတ်ကြီးမှာ **ပြန်ယူရမယ့်** ဆိုတဲ့စကားဟာ ခေတ်ကုန်သွားပြီ ခါးလီ၊ အမှန်တကယ်ပြန်ယူရမယ့်ဟာက ကိုယ့်ချစ်သူ ကိုယ့်ချစ်သူက ခါးလီပါ'

www.burmeseclassic.com

www.burmeseclassic.com

ခွန်အားမဲ့လေသံနှင့်အတူ ခါးလီ၏နဖူးပြင်ကျယ်လေးကို တပ်မက်မောစွာ ဒုတိယနမ်းရှိုက်လိုက်၏။ ခါးလီလည်း ကိုယ်ကို ကျုံ့၍ နောက်ဆုတ်သွားရှာသည်။ လေသံက တည်ငြိမ်လှ၏။

'ကိုကြီးချစ်နဲ့ခါးလီတို့ ပြန်ယူနိုင်ကြမယ့်အချိန်တစ်ခု ရောက်လာနိုင်ခဲ့မယ်ဆိုရင်တော့လည်း ပြန်ယူနိုင်ကြမှာပါ၊ အဲဒီ အချိန်ကတော့ ညမှာဝေးနေကြရင်လည်း နေ့မှာဆုံနိုင်ဖို့ နေ့မှာ ဝေးနေကြရင်လည်း ညဘက်တွေ့နိုင်ကြဖို့ နံနက်စာအတူမစား နိုင်ကြရင်လည်း ညစာအတူစားနိုင်ကြမယ်။ ညစာအတူမစားနိုင် ကြရင်လည်း နံနက်စာအတူစားနိုင်ကြမယ့်အချိန်မျိုးပေါ့၊ ကျွန်မ ကိုကြီးချစ်ကိုသတိရရင် ကျွန်မနွားနောက်ကလေးတွေ အတိုးချ ပြုစုကျွေးမွေးရင်း အလွမ်းဖြေရတော့မှာပေါ့၊ ကိုကြီးချစ်လည်း ကျွန်မကိုတကယ်ချစ်တယ်ဆိုရင် မင်းစိုးရာဇာအရာရှိကြီးဖြစ်အောင် ကြိုးစားပါ၊ ဒါပဲနော်၊ အချိန်မရှိကြတော့ဘူး၊ သွားလိုက်ကြရအောင်'

ခါးလီက ယတိပြတ်ပြောဆို၊ ရှေ့ကဆင်းသွားသည်။ ခွန်အားမဲ့ခြေလှမ်းများဖြင့် ခါးလီနောက်သို့ စက်ရုပ်ပမာပြန်လည် လိုက်ပါလာခဲ့၏။ အဘွားသာသိမည်ဆိုလျှင် တစ်ကွေ့တစ်ပတ် သွားချင်ဦးဟု ဆိုရှာပေလိမ့်မည်တကား။

* 

# အခန်း (၁၇)

မင်းတပ်မြို့ 'ခေါနူးရိပ်သာ' ဘေးရှိ ကမ်းပါးယံကပ်အိမ် ကလေးသည် ကျွန်တော့်၏ဝန်ထမ်းနေအိမ်ဖြစ်သည်။ ပြတင်းဝမှ အနောက်မြောက်ဘက်သိုလှမ်းမျှော်ကြည့်လျှင် နတ်မတောင်ထိပ် ကို ငွားငွားစွင့်စွင့်မြင်ရသည်။ တောင်ထိပ်၏အရှေ့တောင်ကြော သည် ဆင်နှာမောင်းအသွင် ယောလွင်ပြင်သို့နိမ့်ဆင်း၏။ တောင်ထိပ်မကြီးနှင့်ကပ်လျက် တောင်မြင့်ချွန်တစ်ခုသည် ထီးထီး မားမားတိုးထွက်နေ၏။ ထိုတောင်ထိပ်ကားမခါးလီကလေး၏ လအိပ်တောင်ရွာရှိသည့် လအိပ်တောင်ထိပ်ပေတည်း။ ရွာကလေး မှာ တစ်မိုးတွင်းလုံး တိမ်မြူအုပ်ဖုံးနေတတ်၏။ ကန်ပက်လက်မြို့ နယ်ထဲရှိ နတ်မတောင်ထိပ်ကို မင်းတပ်ဘက်မှတက်ခဲ့၍ ကန်ပက် လက်မြို့သို့ပြန်ဆင်းလျှင် လအိပ်တောင်ရွာသည် ကြားခရီးအလယ် ၌ရှိ၏။ မိုးလယ်ကာလ နှစ်ဖက်မြို့နှင့် အဆက်အသွယ် ပြတ်တောက် နေတတ်သည်။ မိုးတွင်းကာလ တောင်မြင့်မိုးက သွန်းဖြိုးလှ၏။ အဆင်းခက်ခက်အတက်ကြမ်းကြမ်း ရွာစဉ်လမ်းများ ရေစား

www.burmeseclassic.com

www.burmeseclassic.com

ပျောက်ကွယ်ဖြစ်ရ၏။ ရေမစားသည့် တောင်ပေါ်ကုန်းတန်းလည်း မြက်ကြမ်းအုပ်ဖုံးသွားလမ်းလုံးလုံးမရှိတော့။

ဤကာလ၌ မိုးကျတောင်ဖြတ်၊ အုပ်လိုက်ကိုက်ခဲ၊ နာကျင်ယားယံတတ်လှ၏။ တောကြီးမြေကျွတ်၊ တောင်ပေါ်မျှော်နီ အစိအရီအထပ်ထပ်နှင့် ခြေလှမ်းမချတတ်အောင်ပင်။ မမြင်ရသည့် မြက်ခိုကျွတ်မွှား အသေးစားတို့ နားမျက်စိထဲ ကိုက်ခဲခိုဝင်ကြကုန်၏။ ကျွတ်တွယ်ခြေထောက် ပျောက်လေရာရာ သွေးတစ်ပေါက်ပေါက် မြင်မကောင်းလောက်အောင်ဖြစ်ရ၏။ မလွှဲရှောင်သာ သွားလာရလျှင် ပင်ပန်းဒုက္ခကြီးမားလှ၏။ ခရီးမဝေးလှသော်လည်း ခါးလီပြောသလို သူလည်းနေ့စဉ်မရောက်နိုင်၊ ကိုယ်လည်းညစဉ်မရောက်တတ်။ မပေါင်းကြမှ စိတ်အေးရမည်ဟု ခါးလီဆုံးဖြတ်ချက်ချခဲ့ရခြင်းသည် ဤအကြောင်းတစ်ခုလည်း ပါလိမ့်မည်။ အတောင်ပံကလေးများ ရနိုင်ကြလျှင်တော့လည်း အကောင်းသား။ လေကိုဆန်၍ တောင်ပေါ်ပျံသန်းမခွဲတမ်း ရှိနိုင်ကြလိမ့်မည်။ လက်တွေ့ဘဝကား၊ မင်းတပ်မြို့သို့ရောက်ရှိတာဝန်ထမ်းဆောင်ခဲ့သည်မှာ တစ်မိုးပြောင်း၍တစ်ဆောင်းသစ်ခဲ့ပြန်လေပြီ။ မျက်တောင်ကော့ရှန်း၊ မျက်ဝန်းလဲ့ပြာမလေး မခါးလီနှင့်ဆုံတွေ့ရေးလည်းပို၍ ပို၍ ခရီးဝေးခဲ့ကြလေပြီ။

'ဆရာ၊ ကိုယ့်မြို့ကိုယ့်ရွာ လွမ်းနေပြီထင်တယ်၊ လအိပ်တောင်ထိပ်ဘက်ကို လှမ်းကြည့်နေတာအကြာကြီး၊ ကျွန်တော်ခေါ်နေတာ နှစ်ခါရှိပြီ၊ ခရိုင်မှူးက ကွခဲ့ပါဦးတဲ့'

ရုံးအကူမောင်ဝင်း၏ အသံကျယ်ကြီးကြောင့် အတွေးလွန်ခရီးမှ သတိရလာ၏။

'လွမ်းတယ်ရယ်လို့တော့ မဟုတ်ပါဘူးဗျာ၊ တောင်တွေ တချို့နီ တချို့ဝါနဲ့မို့လို့ ကြည့်နေတာ၊ မနီမဝါတဲ့တောင်တွေက လည်းဖြူဆွတ်နေတာပဲ'

'ဆောင်းဝင်ပြီလေ၊ အပေါ်ပိုင်းက နီနေတဲ့တောင်တွေက တောင်ဇလပ်နီတွေ ပင်လုံးကျွတ်ပွင့်လာပြီ၊ အောက်ပိုင်းဝါတဲ့တောင်နိမ့်ဘက်က နွယ်ပန်းမွှေးဝါဖေတွေ၊ အဖြူကွက်ကြီးတွေက မိုးစွေပန်းဖြူလက်ကျန်တွေပါ၊ အရွက်ဟောင်းစားရတဲ့ဟာလေ'

ချက်ချင်းထလိုက်သွား၏။ ခရိုင်မှူးအိမ်ပေါ်တက်သွားလျှင်၊ ကန်ပက်လက်မြို့နယ်ရုံးက အထက်အရာရှိဖြစ်ခဲ့သူ ဆရာစိုးအသင့်ရောက်နေ၏။ အလျင်စလို နှုတ်ဆက်လိုက်ရ၏။

'အစ်ကိုကြီးပါလား၊ ဘယ်အချိန်ရောက်နေလဲ၊ ကျွန်တော်သိတောင် မသိလိုက်ဘူး'

'အခုတင်ပဲ၊ ခရိုင်မှူးကို ကိုယ့်ညီတို့တည်ဆောက်ခဲ့တဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး လာရှင်းပြတာ ကိုယ်တိုင်လုပ်ခဲ့တဲ့ ကိုယ့်ညီဒီမှာရှိနေတာနဲ့ အတော်ပဲ'

ခရိုင်မှူး ဆရာမြင့်အခန်းထဲက ပြန်ထွက်လာသည်။

'နတ်မတောင် ဖြတ်ကျော်လမ်းအတိုင်း မင်းတပ် -ကန်ပက်လက် ကားလမ်းဖောက်ဖို့ အမှုတွဲပြည်နယ်ရုံးက လှမ်းတောင်း

www.burmeseclassic.com

 www.burmeseclassic.com

နေလို့ အခုပဲ အာရ်တီထပ်ဝင်လာတယ်၊ ကိုယ်တို့ဌာနက ကျေးလက်ဖွံ့ဖြိုးရေးရန်ပုံငွေနဲ့ ဖောက်မယ့်ကားလမ်းရယ်၊ နတ်မတောင်ထိန်းသိမ်းရေးဌာနကဖောက်မယ့် ထိန်းသိမ်းရေးကားလမ်းနဲ့ ချိတ်ဆက်မိအောင်လုပ်ဖို့ ဌာနဆိုင်ရာချင်း သွားချိတ်ရမယ်၊ ကိုယ်အခုပဲ ကန်ပက်လက်သွားမယ်၊ မင်းကကန်ပက်လက်သား၊ လုပ်လက်စ လူလည်းဖြစ်တော့ လိုက်ခဲ့ကွာ၊ ကိုယ့်ညီရဲ့ဆရာကို အစ်ကိုလှမ်းပြောပြီးပြီ'

'ဟုတ်ကဲ့ပါအစ်ကိုကြီး၊ အခန့်သင့်လိုက်တာ၊ အိမ်ကိုတစ်ခေါက်မှမရောက်တာ တစ်မိုးနဲ့တစ်ဆောင်း ရှိနေပြီ'

'အတော်ပဲဆိုရင်လည်း အဝတ်လဲစရာလေး ဘာလေးသွားယူလိုက်ဦး၊ ခရိုင်အင်ဂျင်နီယာမှူးကြီးဦးစန်း ရောက်တာနဲ့ထွက်ကြမယ်'

ရုံးသုံးမာဇဒါဂျစ်ကားနှစ်စီးဖြင့် ထွက်ခဲ့ကြသည်။ ကန်ပက်လက်ရုံး ဧည့်ရိပ်သာရောက်သွားကြချိန် မိုးကြီးချုပ်လေပြီ။ နောက်တစ်နေ့အစည်းအဝေးကို ကန်ပက်လက်မြို့နယ်ခန်းမ၌ ပြုလုပ်သည်။ ဆရာစိုးက ကန်ပက်လက်မြို့နယ်ဒေသ အခြေအနေတင်ပြပြီး မြို့နယ်ဆောက်လုပ်ရေးအင်ဂျင်နီယာက မြေပုံထောက်၍ အသေးစိတ်ရှင်းပြသည်။

'ပြည်သူ့တောင်စီကာလက နတ်မတောင်ထိပ်တက်ဖို့ကားလမ်းစတင်အကောင်အထည်ဖော်ခဲ့ကြပါတယ်၊ ၁၉၈၈ အရေးအခင်းကြောင့် လုပ်ငန်းရပ်ဆိုင်းသွားခဲ့ရတာပါ။ အဲဒီတုန်းက လမ်းအူကြောင်းက မှန်ပြုတောင်တည့်တည့် ဖြတ်တက်တဲ့အတွက် မတ်စောက်ပါတယ်၊ အခု ဖောက်လုပ်မယ့်လမ်းက တောင်ထိပ်တက်ဖို့သာမဟုတ်ဘဲ ကန်ပက်လက် - မင်းတပ်နှစ်မြို့နယ်ဆက်သွယ်ရေး တောင်ပေါ် အမြန်ကားလမ်းဖြစ်လို့ လမ်းအူကြောင်း ပြောင်းလဲရှာဖွေခဲ့ကြပါတယ်။ ဒီလမ်းကြောင်းအတိုင်းပါ၊ ကန်ပက်လက်မြို့ဟောင်းကနေ ကီးချွန်ရွာဘက်ထွက်ပြီး မှန်ပြုတောင်ကိုပတ်သွားမယ်၊ မှန်ပြုတောင်မှာလာဆုံတဲ့ ကီလဲတောင်တန်းအတိုင်း လိုက်သွားရင် လအိပ်တောင် ရွာအထက်နားက (၁၅) မိုင်တိုင်ရှိတဲ့ 'မဒီး' တောင်ကိုရောက်မယ်၊ မဒီးတောင်တန်းအတိုင်းပြန်ဆင်းရင် နတ်မတောင်ထိန်းသိမ်းရေး ကားလမ်းနဲ့ဆက်မိပါပြီ၊ တောင်ထိပ်မြေနီမြေမာသားဖြစ်တဲ့အတွက် မြေပြိုတောင်ပြို မရှိနိုင်တဲ့အပြင် ချောင်းကူးမြောင်းကူးလည်း တစ်ခုမှမရှိပါဘူး'

ခရိုင်အင်ဂျင်နီယာမှူးကြီး ဦးစန်းက ဆက်လက်ဆွေးနွေးသည်။

'ဒီနေရာတွေက ကျွန်တော်အခေါက်ခေါက်အခါခါ မြေနင်းထားပြီးသား တောင်ထိပ်မြေကြောမာတွေပါ၊ ကန်ပက်လက်ကနေ နတ်မတောင်နားအထိ မြေညီကုန်းတန်းပဲဖြစ်တယ်၊ နဂိုလှည်းလမ်းဟောင်းတိုးချဲ့သွားရုံလောက်ပဲ၊ လအိပ်တောင်ရွာ အထက်နား

www.burmeseclassic.com

ကစပြီး၊ ချီချောင်းတံတားအထိ ပို့ပြီးအားခဲရမှာ ဖြစ်ပါတယ်၊ ရန်ပုံငွေ အသေးစိတ်တွက်ချက်မှုစာရင်းတွေ တင်ပြထားပြီးဖြစ်ပါတယ်'

ထမင်းစားနားပြီး ဆိုင်ရာဌာနများ၊ ခေါင်းချင်းဆိုင်ကြသည်။ အပိုင်းလိုက်လုပ်ငန်းစတင်မည့်နေရာ၊ တာဝန်ယူမည့်လူပုဂ္ဂိုလ်စာရင်း များ ညှိနှိုင်းအတည်ပြုပြီးချိန်၌ကား ညစာစားချိန်ပင် တစ်ဖန်ပြန်၍ နီးခဲ့၏။ မိုးမလင်းမီမင်းတပ်ပြန်ကြမည်။ ရွာရှိအဘွား၏ နေထိုင် စားသောက်ရေးကြည့်ရှုလို၍ တောင်ပေါ်လမ်းက ခြေကျင်ပြန်လို ကြောင်း၊ တစ်ညအိပ်နောက်ကျ ပြန်ရောက်မည်ဖြစ်ကြောင်း၊ ခွင့်တောင်းခံခြင်းကို ခရိုင်မှူးက ရှောရှောရှူရှူ ခွင့်ပြုလိုက်လေ၏။

ရွာပြန်ရောက်ချိန် နေမြင့်ပြီ။ အဘွားကား ကိုယ်ပိုင် အိမ်ကလေး၌မနေတော့ချေ။ မပင်ပန်းစေလို၍ ညီဝမ်းကွဲအောင်နိုင် က အတင်းဆွဲခေါ်ထားရသည်ဆို၏။ ဖွေးဖွေးဖြူသော ဆံသယ်စ များ တိုပြတ်နေသည်မှအပ ကျန်းမာကြံ့ခိုင်လျက်ပင်ရှိလေသည်။

'ဘွားဘွား- နေထိုင်ကောင်းရဲ့လား၊ ကန်ပက်လက်ကနေ ပြန်လှည့်လာခဲ့တာ၊ ဒီမှာပိုက်ဆံနည်းနည်းလိုတာ အောင်နိုင်ကို ဝယ်ခိုင်းပေါ့'

'ဘွားဘွားက ပိုက်ဆံမလိုပါဘူးကွယ်၊ ရွာမှာ ဘယ်နှရက် နားဦးမလဲ၊ မလိုင်လေးနဲ့တွေ့ခဲ့ရဲ့လား'

'တွေ့ပါတယ်ဘွားဘွား၊ အဘွားနေကောင်းအောင်နေပါ၊ သူကျန်းမာပါတယ်တဲ့၊ ရွာမှာနားချိန်မရှိဘူး၊ မနက်ဖြန်ဆက်ထွက်မှာ'



မလိုင်လေးနှင့်တွေ့ဖို့ဝေး၍ လူကြီးနားကခွာရသည်မဟုတ်၊ အဘွားစိတ်ချမ်းသာအောင်ပြောလိုက်ရခြင်းဖြစ်၏။

'လူးလေးတို့ကိစ္စက တပေါင်းလထဲ သတ်မှတ်ထားတယ်၊ သူ့ကိုလည်းဘွားဘွားပြောလိုက်ပြီးပြီ၊ ရက်သတ်ခါနီးတော့ ခွင့်တွေ ဘာတွေယူရအောင် ညီအောင်နိုင်ကို လွှတ်ပြောခိုင်းလိုက်မယ်'

'အဘွားနဲ့တွေ့လိုက်ရင် မလိုင်လေးချည်းပြောနေတော့ တာပဲ၊ တပေါင်းလက မကောင်းဘူးဘွားဘွား၊ တပေါင်းလမှာ မပေါင်းရပါဘူးတဲ့၊ တပေါင်းမှာပေါင်းရင် တစ်ပေါင်းလေးပဲ ပေါင်း ရတတ်တယ်၊ ကြာကြာမပေါင်းရတတ်ဘူးတဲ့၊ နွေလတပေါင်း၊ မပေါင်းကောင်း၊ အချစ်ဟောင်းပေါ်လတ္တံ့တဲ့ ဘွားဘွား'

ပါးစပ်ကတွေ့ကရာပြောလိုက်ခြင်းဖြစ်၏။ ကျွန်တော့် စကားကို ဘွားဘွားက အရေးအရာထားခြင်းမရှိချေ။ ကျွန်တော် လည်း မလိုင်လေးနှင့်ကိစ္စ ပြောဆိုလိုလှသည်မဟုတ်။

'နင့်ကို ဘယ်သူပြောသလဲ၊ ဘယ်ဗေဒင်ဆရာက ဟောသလဲ'

'တပေါင်းလမှာ မကောင်းလှတဲ့ဂြိုဟ်နက္ခတ်တွေ ပူးယှဉ် နေကြလို့ ပူးပေါင်းဖို့အကြောင်းမပြောကောင်းဘူးတဲ့ ဘွားဘွား၊ ဗမာ ဗေဒင်ကဟောတယ်'

လျှာဖျားရှိ ကြုံရာပြောခြင်းကို အဘွားက ချက်ချင်းပယ် ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



‘ဘယ်ဟုတ်မလဲ၊ ချင်းလိုအယူက တပေါင်းလမှာပေါင်းမှ အမြဲပေါင်းရတယ်၊ တပေါင်းလဆိုတာ ပေါင်းရသောလလို့မှတ်၊ ပြောင်းပြန်မပြောနဲ့၊ ဒီအချိန်မှာဒီထက်စောလို့လည်း မရဘူး၊ စောစောကပြီးပြတ်ဖို့လည်း နင်ကကျောင်းတက်ရ၊ သင်တန်းတက်ရနဲ့၊ ကလေးမသင်တန်းတက်နေရတာကလည်း ကြာပဲကြာလွန်းလှတယ်၊ အခုအချိန်လွန်သွားတော့ ခေါင်ရင့်ချိန်၊ နွားနောက်ကလေးနို့ဖြတ်ချိန်၊ ယာလုပ်ငန်းအားချိန်ကို ကြည့်ရသေးတယ်၊ နင်စောချင်နေတိုင်းစောလို့မရဘူး’

‘မစောချင်ပါဘူးဗျာ’

မြေးအဘွားငြင်းခုံကြဆဲ ယာခင်းသွား အောင်နိုင်ပြန်ရောက်လာသည်။ အောင်နိုင်က တိုးတိုးတိတ်တိတ်ပြောပြ၏။

‘အစ်ကို၊ တစ်လောက မလိုင်လေးအဘွားကို လာကြည့်သွားသေးတယ်၊ တန်ခူးလကျော်ခဲ့ပြီ၊ ကိုချစ်လည်း သူယူချင်တာယူ၊ သူလည်းဘာမှပြောဖို့မရှိဘူးတဲ့၊ အဲဒါကိုကြီးချစ်ကိုယ်တိုင် ဝန်ခံချက်ပေးထားတယ်တဲ့၊ အဘွားကို သူပြောပြတော့ အဘွားကစိတ်တွေဆိုးလို့၊ ကြည့်ရတာ သူမူမမှန်ချင်ဘူးနဲ့တူတယ်’

‘အေးလေ - သူယူချင်တာယူချင်လို့ လာပြောတဲ့သဘောပဲ၊ ယူပေ့စေ့ပေါ့ကွာ’

‘မဟုတ်ဘူးအစ်ကို၊ အစ်ကို့ကိုရက်ချုပ်လချုပ်တွေ ပြောလိုက်တာက သူ့အဒေါ်ဒေါ်အွယ်လေးတဲ့၊ အဲဒါသူပြောခိုင်းတာနေမှာ၊ ဒီလိုတွေ ပြောရပါ့မလားဆိုပြီး၊ မနှစ်က သူ့အဘွား



အသုဘမှာ၊ သူတို့မိသားစုတွေ ရန်ဖြစ်ကြတာ အကြီးအကျယ်ပဲတဲ့၊ ဒီလိုရက်လချုပ်ချင်ရင် သူ့အဖေ၊ အစ်ကိုကြီး၊ ဦးလေးတို့က အဘွားကိုလာပြောမှ တရားဝင်တာတဲ့၊ သူအဘွားဆီလာရင် ပတ်ချွဲနှပ်ချွဲနဲ့ တစ်ခုခုတော့တစ်ခုခုပဲ’

‘ဒါတွေက မျိုးဆွေချင်းချစ်ခင်ကြောင်း ကတိသစ္စာတည်ကြည်ကြောင်းပြတဲ့စကားတွေ၊ မလိုင်လေးက သူ့ဟာသူကြိုက်ချင်ရာနဲ့ကြိုက်၊ ယူချင်သူနဲ့ယူ၊ အစ်ကိုတို့က ရှေးထုံးအတိုင်း တစ်သက်လုံးခင်ခင်မင်မင်နေသွားကြမှာပဲ၊ အဘွားနဲ့ဟိုဘက်လူကြီးတွေ အဆင်မပြေစကားများမှာကိုပဲ အစ်ကိုစိုးရိမ်တာ၊ မလိုင်လေး ဘယ်သူနဲ့ ဘယ်လိုနေနေ၊ မင်းမသိသလိုနေ’

‘ဒီလိုရှိတယ်အစ်ကို၊ သူ့ဘက်ကနာမည်မပျက်အောင် လက်မထပ်ဖြစ်ကြရင် အစ်ကို့အပြစ်ဖြစ်အောင် ထွက်ပေါက်ရှာချင်ပုံရတယ်၊ သူများတွေပြောတာဟိုမွေး/ကုဆရာဦးသက်မင်းနဲ့ တတွဲတွဲ၊ ဆောတို့ပခုက္ကူတို့ နှစ်ယောက်ထဲ ဈေးဝယ်သွားတာတွေ လုပ်တယ်လို့ ပြန်ကြားရတယ်’

‘သိပ်ကောင်းတာပေါ့ကွာ၊ လောလောဆယ် အဘွားနားကို မပေါက်ကြားစေနဲ့ဦး၊ မင်းလည်းမသိသလိုနေ၊ အားပေးအားမြှောက်တောင်လုပ်ရမှာ၊ သူတို့အနေကျုံ့မယ့်ဟာမျိုး မပြုမူမိစေနဲ့’

‘မဟုတ်သေးဘူးအစ်ကို၊ အဘွားက မလိုင်လေးအတွက် နွားနောက်ကလေးဘာလေးပေးထားတာရှိတယ်၊ စကားပြောနေရမယ်’

www.burmeseclassic.com

www.burmeseclassic.com

'အမလေး၊ အဘွားက ကြိုပေးပေးတာ၊ ပေးနိုင်လှ တစ်ကောင်နှစ်ကောင်ပေါ့ကွာ၊ ငါသိသလောက်အဘွားမှာ နွားနောက် အတော်အတန်ရှိပါသေးတယ်၊ တကယ်တော့လည်း အဘွားတို့က နွားနောက်ကိုစီးပွားဖြစ် သုံးတတ်တာလည်း မဟုတ်၊ ရှိတယ်ဆိုတဲ့ ဂုဏ်လောက်ပဲယူနေကြတာ'

'အစ်ကိုပြောလိုက်ရင် မလွယ်တာ ဘာမှမရှိဘူး၊ အဘွားက ကျွန်တော်ကို မလိုင်လေးဆီ ဒီဟာလေးသွားပေးလိုက်ဦး၊ ဟိုဟာလေး သွားပို့လိုက်အုံးနဲ့လွှတ်နေတာ၊ ပြီးတော့ ဘယ်လိုကြည့်ခဲ့၊ ဘယ်လို မေးခဲ့နဲ့၊ အဘွားလည်း သူ့ကိုသံသယရှိပုံရတယ်၊ အဲဒါကြောင့် လာမယ့်တပေါင်းလဆန်းတစ်ရက်ရက်ဆိုပြီး အဘွားက သူ့ကို ရက်ချုပ်ပေးလိုက်တာပဲ'

'အေးကွာ၊ အဘွားကမလိုင်လေးအကြောင်းမေးရင် ကောင်းပါတယ်ပဲပြော၊ အစ်ကိုကလည်းသူ့ကိုငြင်းပယ်နေတာမှ မဟုတ်ဘဲ၊ ဖူးစာရှိမှညားကြတာမျိုးပါ။ မင်းသိဖို့က အခုနေ ငါက သွားငြင်းလိုက်ရင် မလိုင်လေးက ထကမှာပဲ၊ ငါ့မှာလည်း အကြောင်းပြချက် မယ်မယ်ရရမရှိဘူး၊ အဓိက က မလိုင့်လေးမိဘ တွေအနေနဲ့ သူတို့သမီးကို ငါတို့မျိုးနွယ်က ပြန်လည်ငြင်းရက်လေခြင်းဆိုပြီး၊ ငါတို့အပေါ်မှာ တစ်သက်လုံးစိတ်မကောင်း ဖြစ်ကြမှာ၊ ဒါမျိုးအဖြစ်ခံလို့ မဖြစ်ဘူး၊ မလိုင်လေးအနေနဲ့လည်း အစ်ကို့ကို ငြင်းဆန်ဖို့ ဓလေ့ထုံးစံအရကိုက သူ့မှာအကြောင်းမရှိဖြစ်နေရတာ၊ သူမွေးတဲ့နေ့မှာပဲ ငါတို့ဘွားဘွားက သူ့ဘွားဘွားကို နွားနောက် တစ်ကောင်လက်ထဲအပ်ပြီး အပြီးစေ့စပ်ပေးလိုက်တယ်လေ၊ ဆိုရရင် နှစ်ယောက်စလုံးအခြေအနေကြည့်နေကြတာ'

ချင်းတိုင်းရင်းသားဓလေ့တွင် သားငယ်ရှိသူသည် ယောက္ခမမျိုးနွယ်တို့ သမီးမွေးဖွားလာပါက ချွေးမပေါ်လာပြီဟု ထိုနေ့မှာပင် ဝမ်းသာအားရစေ့စပ်သမှု ပြုထားတတ်ကြ၏။ မျိုးနွယ်ချစ်ခင်မှုရေချိန်မြင့်ခြင်း၊ သဘောကိုပြခြင်းလည်းဖြစ်၏။ ထိုသူငယ်တို့အရွယ်ရောက်လာသော် အမှန်တကယ်လက်ထပ်သွားကြသူများလည်းရှိ၏။ တစ်ယောက်နှင့်တစ်ယောက်လုံးဝကြည့်မရသူများလည်းရှိတတ်သည်။ ရှားတော့ရှားသည်ဆိုကြ၏။

'ဘာပဲပြောပြော၊ အဘွားပြောတဲ့ တပေါင်းလတော့ အစ်ကို သူနဲ့လက်ထပ်ရမှာပဲ'

'အရာအားလုံး အချိန်နဲ့အမျှပြောင်းလဲနေတာပါ၊ ဘယ်ပြောနိုင်မလဲ'

ညီအစ်ကိုချင်း ညဉ့်နက်သန်းခေါင်ထိ ပြောဆိုကြသည်။ မလိုင်လေးနှင့် ကိုသက်မင်းတို့၏ သတင်းကြားရခြင်းသည် အမှန်တကယ်လည်းဖြစ်နိုင်ပါ၏။ တောင်တန်းဒေသ လူနေမှုပုံစံအရ အတူယှဉ်တွဲသွားလာရခြင်းမျှသည် သာမန်ခင်မင်မှု၊ ရင်းနှီးမှုရေချိန်မြင့်ခြင်းသဘောမျှလည်း ဖြစ်သည်။ မည်သို့ဆိုစေ၊ မလိုင်လေးသည် ကျွန်တော်၏မျိုးနွယ်နှမ။ ပြန်ယူရမည့်သူပင်ဖြစ်ရာ ကျွန်တော်နှင့်

www.burmeseclassic.com

 www.burmeseclassic.com

အရင်းဆုံးပင်ဖြစ်သည်။ ကိုသက်မင်းမှာလည်း အရင်းနှီးဆုံးလုပ်ဖော်ကိုင်ဖက်။ ရန်ကုန်သားဗမာလူမျိုးဖြစ်၍ ဤတောဤတောင်တွင် ဘဝကို နှစ်မြှုပ်တာဝန်ထမ်းဆောင်သူ မလိုင်လေးမှာလည်း ဤတောဤတောင်၏ ပညာတတ် ချင်းတိုင်းရင်းသူ။ ဖြစ်နိုင်လျှင် အမှန်ပင်နီးစပ်စေချင်ပါ၏။ ယခုလိုအချိန်မျိုးတွင် ခါးလီကိုတမ်းတမ်းတတသတိတရရှိလှ၏။ မိမိအပေါ် သံယောဇဉ်ရှိသူကလေးဖြစ်ပါလျက် ရင်ခွင်နန်းတော်အရောက် မခေါ်နိုင်ခဲ့။ နှလုံးရင်ထဲနာကျင်လှိုက်လှဲရှိလှ၏။

နောက်တစ်နေ့ အရုဏ်ဦး ရောင်ခြည်မလာမီ၊ မင်းတပ်မြို့သို့ပြန်လည်ထွက်ခွာလာခဲ့သည်။

---

## အခန်း (၁၈)

တစ်ဆောင်းတွင်းလုံး မင်းတပ်မြို့ကိုခြုံ၍ ငုံထားတတ်သည့် နှင်းမြူမှုန်များ ယောလွင်ပြင်သို့ ရွေ့လျားသွားကြသည်။ ဆောင်းရက်ခွာမည့်ပုံရိပ်ပင်။ နတ်မတောင်ဝန်းကျင်တောင်ချွန်များလည်း နှင်းခိုးမြူမှုန်ခေါင်းမြီးခြုံကို အကုန်ခွာချခဲ့ကြပြီ။ လုံးကြီးပေါက်လှတောင်ပေါ် သူမတို့ ခြုံစောင်ခွာချမှ ပါးအို့ဖြူဖွေးကို အဝေးကမြင်ရသကဲ့သို့ တောင်ထိပ်ဖျားများလည်း ပီပြင်ထင်ရှားလာခဲ့၏။ မင်းတပ်မြို့မှ လအိပ်တောင်ထိပ်သို့ လှမ်းမျှော်ကြည့်လျှင် ကျေးလက်ဖွံ့ဖြိုးရေး ကားလမ်းအူကြောင်းသစ်သည် ပုရွက်ဆိတ်လမ်းသဖွယ်ကွေ့ကောက်မြင့်တက်သွားလေ၏။ လူတစ်ယောက်သည် လမ်းကြောင်း သစ်အတိုင်းပေါ် လိုက်ပျောက်လိုက် တရွေ့ရွေ့ တလှုပ်လှုပ်ဆင်းလာ၏။ ထိုခရီးသွားသည် ရောမလူဝံကြီး တစ်ကောင်နှင့်တူပေရာ ခရီးသွားရင်းစောင်ခြုံလာခြင်းဖြစ်၏။ ဤကာလဤဒေသသားတို့၏ ခရီးသွားစရိုက်ဖြစ်၏။ ကြည့်ရင်း

www.burmeseclassic.com

www.burmeseclassic.com

ကြည့်ရင်း နေရောင်လည်းပျောက်၊ လူလည်းကွယ်ပျောက်သွားခဲ့၏။ အမှောင်ဝင်ဆဲအအေးကဲချိန်ဖြစ်၍ အိမ်ထဲပြန်ဝင်၊ တံခါးပိတ်ထားလိုက်ရ၏။ မဂ္ဂဇင်းစာအုပ်ဟောင်းကို လှန်လှောနေဆဲ တံခါးခေါက်သံနှင့်အတူ အော်ခေါ်သံကြားရ၏။

'ဒေါက် ဒေါက် ဒေါက်'

'ညီလေးမောင်ချစ် ကန်ပက်လက်လုံကောက်ရွာက အစ်ကိုလောလင်းပါ'

ငယ်စဉ်က တစ်အိမ်တည်းအတူနေခဲ့ရသည့် အစ်ကို ဝမ်းကွဲလောလင်း၏ အသံဖြစ်၍အလျင်စလို တံခါးဖွင့်ပေးလိုက်ရ၏။

'အစ်ကိုပါလား၊ ဘယ်သူများလဲလို့၊ ဟိုဘက်ကမ်းမှာ လူတစ်ယောက်စောင်ကြီးခြုံပြီး ဆင်းလာတာလှမ်းမြင်ရတယ်၊ မင်းတပ်မြို့က ကန်ပက်လက်လုံကောက်ရွာလောက် မအေးပါဘူးဗျ'

အစ်ကိုလောလင်းသည် ဘကြီး၏သားငယ်ဖြစ်သည်။ ငယ်စဉ်က အဘွားအိမ်၌အတူနေကြရသည်။ နတ်မတောင်နယ် ခိတော်ရွာ၌ စာသင်ကျောင်းဖွင့်လာသောအခါ ရွာခွဲတမ်းအရ သူလည်း ကျောင်းတက်ရရှာ၏။ တောင်အောက်ရွာမှ ခိတော်ရွာသွား ကျောင်းသားတစ်စုတွင် သူကအကြီးဆုံး၊ ကျွန်တော်က အငယ်ဆုံးဖြစ်၏။ အရွယ်ကြီးနေခဲ့ပြီ။ မူလတန်းတက်ကြဆဲမှာပင်



သူ့အတွက် လုံကောက်ရွာမှမိန်းကလေးကို သူ့မိခင်က ခေါ်ယူပေးထားခဲ့၏။ လုံကောက်ရွာသည် လအိပ်တောင်ရွာနှင့် တောင်အောက်ရွာကြားတွင်ရှိပြီး တောင်အောက်ရွာ အုပ်စုပိုင်ဖြစ်သည်။ မူလတန်းပြီးဆုံး ချိန်၌ သူ့သမီးဦး ကလေးမ နေလောက ဆော့ကစားတတ်နေလေပြီ။ ဘဝပေးအခြေအနေအရ ကျောင်းမဆက်နိုင်တော့ဘဲ ယောက္ခမများရှိရာ လုံကောက်ရွာသို့ ပြောင်းနေရသည်။ တောင်တန်းဖြတ်ကျော် အဆင်းခက်ခက် အတက်ကြမ်းကြမ်း စာသင်ကျောင်းခရီးလမ်း၌ ထမ်းပိုးပို့ဆောင်ပေးခဲ့ရရှာသည့် ကျွန်တော်၏ကျေးဇူးရှင်အစ်ကို တစ်ယောက်ပင်ဖြစ်ချေ၏။

'ဘာအကြောင်းနဲ့လာရတာလဲ၊ ညီလေးကိုလူကြုံမှာလိုက်ရင်ရသားပဲ'

'ညီလေးရေ၊ အစ်ကို့ယောက္ခမတွေက တကယ့်ရှေးရိုးအဘိုးအဘွားကြီးတွေဆိုတော့ ခက်တော့တာပဲ၊ တောင်တက်တောင်ဆင်း သွားလာရတာ ဒုက္ခများလိုက်တာ၊ ကုန်းဆင်းနားရောက်လာမှ လေစိုင်အေးကြီးက ဆောင့်တိုးလို့ စောင်ထုတ်ခြုံလာတာ၊ အစ်ကို့ယောက်ခမကြီး ဒေါ်လိုင်ဟုန်လေ၊ မာတာလည်းမဟုတ်၊ မမာတာလည်းမဟုတ်နဲ့ ညှောင်ညှောင်ဖြစ်နေတာကြာပြီ၊ အနယ်နယ်အရပ်ရပ်က ရိုးရာဗေဒင်ဆရာတွေက "ပွဲ" လုပ်မှဖြစ်မယ်လို့ ဟောကြလို့၊ အဲဒီကိစ္စလာရတာ'

www.burmeseclassic.com

www.burmeseclassic.com



ဤဒေသ၏အယူအစွဲဖြစ်၏။ အဆင်မပြေမှုများပြားခြင်း ကျန်းမာရေးမကောင်းခြင်းများ ရှိလာလျှင်နည်းမျိုးစုံသော ရိုးရာဗေဒင်များကို လှည့်ပတ်တွက်ချက်တတ်ကြသည်။ ဗေဒင်ဆရာများထံမှ လုပ်ရမည့်ပွဲ၏ အဆင့်အတန်းများ အဟောထွက်လာတတ်သည်။ ထိုအဆင့်အတန်းအတိုင်း ပွဲလုပ်လျှင်နတ်ဆိုးပယောဂကင်းပ၍ နောင်ရေး အေးချမ်းသည်ဟုယူစွဲကြ၏။

'ဘာပွဲမျိုးလုပ်ရမလဲ၊ မီးလှုံနားနေဦး၊ ညစာလေးဘာလေး လုပ်လိုက်ဦးမယ်'

'ပွဲကတော့ ညီလေးသိတဲ့အတိုင်း လူနဲ့နတ်ကိုတစ်ပေါင်းတည်း ကျွေးတဲ့အလှူမျိုးဆိုတော့ ကျောက်ပြင်ချီပွဲပေါ့၊ ညစာကတော့ ထမင်းရှိရင်ရပြီ၊ အစ်ကိုဆတ်သားခြောက်ပါလာတယ်'

**'ကျောက်ပြင်ချီပွဲ' အသေးစားသည်ပင် (၇) ရက်ကျင်းပရသည်။** အနည်းဆုံး နွားနောက်ကြီးတစ်ကောင်မှသည် တတ်နိုင် သလောက်အများအပြား အသုံးပြုသည်။ **အဆင့်အမြင့်ဆုံး ကျောက်ပြင်ချီပွဲကြီးက (၂၁) ရက်ကြာပွဲဖြစ်သည်။** လူနတ်အပေါင်းကို တစ်ချိန်တည်းဖိတ်ခေါ်ကျွေးမွေးရသည့် အလှူဒါနပွဲကြီးဖြစ်၏။ ပွဲတော်ရက်တွင် မျိုးနွယ်အလိုက် ရာဇဝင်ခင်းကျင်းသည့် တေးသီချင်းများသီဆိုခြင်း၊ ပွဲရှင်အား မေတ္တာပို့သသော ဆုတောင်းပတ္ထနာတေးဆိုခြင်း၊ ငယ်ရွယ်သူတို့ မေတ္တာအရေး တုံ့လှယ်တေးဖွဲ့ကသီဆိုခြင်းသည် ပွဲ၏ပုံသဏ္ဌာန်ခြင်းသည်။ အနှစ်သာရကား လူနှင့်နတ်ကိုကျွေးမွေးခြင်းဒါနပွဲကြီးဖြစ်၏။ ပွဲတော်အထိမ်းအမှတ် ရောမသဘာဝကျောက်ပြားကြီးများကို ဝိုင်းချီလာပြီး ဂူကြီးပုံစံစိုက်ထူရ၏။ ထိုသို့**ရောမကျောက်ပြင်ကျောက်ပြားကြီးများ စိုက်ထူရခြင်းကိုစွဲ၍ ကျောက်ပြင်ချီပွဲခေါ်ကြ၏။** မျိုးနွယ်အကြီးအကဲ၏ အကြီးဆုံးကျောက်ပြားဂူကို နောင်သောမျိုးနွယ်ဆက်များက သေသောအရိုးအိုးထားရှိရာ နေရာအဖြစ် အသုံးပြုသည်။ ထိုအယူအစွဲကြောင့် ထိုပွဲမျိုးလိုအပ်နေခြင်းဖြစ်၏။

'ကျောက်ပြင်ချီပွဲတော့ ဟုတ်ပါပြီ။ ကျွဲ၊ နွား၊ နွားနောက် ဘယ်နှကောင်နဲ့လုပ်မှာလဲ၊ နွားနောက်တိုးပွားအောင် မွေးမြူနေတဲ့ခေတ်ဆိုတာ အစ်ကိုသိတယ်မဟုတ်လား'

'ကျန်းမာရေးအတွက် မလွှဲမရှောင်သာ စတိလုပ်ရတဲ့သဘောပါ၊ နွားနောက်အထီးအမစုံကွဲနှစ်ကောင်တည်းနဲ့ပါ'

'ဘာကျန်းမာရေးလဲ၊ နွားနောက်သတ်တာနဲ့ ကျန်းမာရောသား၊ နေမကောင်းရင် အဲဒီနွားနောက်ကို ရောင်းချငွေဖော်ပြီးဆေးကုပါလားလို့၊ အစ်ကိုတို့နွားနောက်သတ်ချင်တိုင်း သတ်လို့ရဘူးလေ၊ နွားလည်းနွားသတ်မိန့်ယူရသလို၊ အခုနွားနောက်လည်းအမိန့်ယူဖို့သတ်မှတ်ထားပြီလေ။ မြို့နယ်လူကြီးတွေက အစ်ကိုတို့ကိုပြောရဲ့မဟုတ်ဘူးလား'

www.burmeseclassic.com



'ဟုတ်လားညီလေး၊ အဲဒါကြောင့် ညီလေးဆီလာရတာ နွားနောက်နဲ့ပွဲလုပ်မယ့်အကြောင်း ကန်ပက်လက်မြို့နယ်ရုံးကို အခွင့်သွားခံပါတယ်၊ ပွဲလုပ်မယ့် ကျွဲ၊ နွား၊ နွားနောက်က သတ်မှတ်တဲ့အသက်ပြည့်မှတဲ့၊ အဲဒါတောင် နွားနောက်ကို မြို့နယ်ကခွင့်မပြုနိုင်ဘူး၊ ထောက်ခံစာပဲရမယ်တဲ့၊ အဲဒီထောက်ခံစာရဖို့ ဆရာဦးသက်မင်းကိုလာစစ်ခိုင်းတယ်၊ အစ်ကို့ယောက္ခမကြီးကလည်း အလှူကျောက်ပြင်ချီပွဲမလုပ်ရသရွေ့ စားမဝင်အိပ်မပျော်ဖြစ်နေတာ ရှေးရိုးရာလည်းဖြစ်နေတယ်လေ ညီလေးရာ'

'ဘာရှေးရိုးရာလဲ၊ ခင်ဗျားရှေးရိုးရာနဲ့တော့ ခက်တော့တာပဲ နတ်မတောင်နယ်သားတွေ လူစာနတ်စာကျွေး၊ ကျောက်ပြင်ချီပွဲလုပ်မှ ကံကောင်းမယ်လို့ယုံကြည်နေတာကိုက၊ ကိုလိုနီခေတ်မှာ စာသင်ကြားခွင့်မရတဲ့ အမှောင်ခန်းထဲ အထားခံခဲ့ကြရလို့၊ ဆရာကိုသက်မင်းကလည်း နွားနောက်သတ်ဖို့လွယ်လွယ်ကူကူ ထောက်ခံပေးလိုက်တာပဲလား'

'သေချာလာစစ်ဆေးပါတယ်၊ ပွဲလုပ်မယ့်ကိုယ်ပိုင်နွားနောက်မကြီးက အိုလွန်းလို့သေခါနီးနေပါပြီ။ ထတောင်မထနိုင်တော့ဘူး နွားနောက်ထီးကတော့ လအိပ်ပေါင်ရှာက မခါးလီကလေးဟာ နွားနောက်မအငယ်နဲ့ ပြောင်းဖူးဆယ်တင်းထပ်ဆောင်းလဲရတာ အဲဒီနွားနောက်ထီးကလည်း ချိုရင်းမှာပိုးထိုးနေလို့ ရေရှည်ထားဖို့ မသင့်ဘူးတဲ့၊ ဆရာဦးသက်မင်းက စစ်ဆေးပေးပြီးမှမြို့နယ်က ထောက်ခံချက်ပေးလို့ ညီလေးဆီလာရတာ၊ အဲဒါညီလေးက ခရိုင်ရုံးကိုပြောဆိုပေးဖို့၊ တခြားလူလွှတ်ရင် မပီမပြင်ဖြစ်မှာစိုးလို့ အစ်ကိုကိုယ်တိုင်လာရတာ'



နွားနောက်နှစ်ကောင်သုံးဆိုလျှင် ကျောက်ပြင်ချီပွဲများ၏ အသေးဆုံးပွဲဖြစ်သည်။ (၇) ရက်ကျင်းပရမည်။ ပထမနေ့သည် **'ရေသွယ်နေ့'** ဖြစ်သည်။ ရှေးအခါက ပွဲမရှိဘဲ ရွာထဲရေသွယ်ခွင့်မရှိကြ။ နတ်စာမကျွေးဘဲ ရေသွယ်လျှင်နတ်တို့ ညှဉ်းဆဲမည်ကိုကြောက်၍ဖြစ်မည်။ ဒုတိယနေ့ကို **'လူနတ်စုံညီနေ့'** ခေါ်၏။ ဆွေမျိုးအားလုံး အစုံရောက်ရပြီး နတ်များအားလုံးကိုလည်း ဖိတ်ကြားထားရ၏။ ထိုနေ့ ဝက်ကြီးဝက်ငယ်ဖြင့် စတင်ကျွေးမွေးသည်။ တတိယနေ့သည် **'နွားနောက်လှူနေ့'** မည်၏။ ထိုနေ့ နတ်ဂိုင်တွင် နွားနောက်ကို အထူးနတ်တိုင်၌ချည်သတ်ပြီး လူနတ်အားလုံးကျွေးသည်။ စတုတ္ထနေ့က **'ကျောက်ပြင်ချီနေ့'** ဖြစ်၏။ ရောမကျောက်ပြားကြီးများပေါ်တွင် ပွဲရှင်ကိုစီးနင်းကခုန်လိုက်ပါစေလျက် သတ်မှတ်နေရာသို့ ပို့ဆောင်ကာဂူကြီးအသွင် စိုက်ထူရသည်။ ပဉ္စမနေ့သည် လူစာနတ်စာနောက်ဆုံးကျွေးမွေးသည့် **'အစာပိတ်နေ့'** ဖြစ်သည်။ နို့စို့ကလေးပါမကျန် လူအကုန်နတ်အစုံ ထပ်မံကျွေးမွေးသည်။ အိမ်မွေးတိရစ္ဆာန်နှင့် ကျေးငှက်ပါမကျန်စေရ။ ဆဋ္ဌမနေ့ကို

www.burmeseclassic.com

www.burmeseclassic.com

‘ညှော်ပြန်နေ့’ ခေါ်သည်။ ညှော်လမ်းပြန်၍ နတ်ပြန်ပို့ပွဲလုပ်ရ၏။ သတ္တမနေ့ကား ‘ဆုတောင်းနေ့’ တည်း။ ပွဲမစမီကြိုတင်၍ ဝက်ပေါင်ဆိတ်ပေါင်ပေးအပ် ဖိတ်ကြားထားခဲ့သူများသည် ထိုနေ့၌ ကြက်ဝက်များယူဆောင် လာပြီး ပြန်လည်ကျွေးမွေး၊ ဦးဆောင်ဆုတောင်းပေးကြသည်။ ဤကားကျောက်ပြင်ချီပွဲမြင်ကွင်းတည်း။

‘ရိုးကိန္ဒကိုပြောပေးစမ်းပါလို့ ရတာမဟုတ်ဘူး၊ ကျွန်တော်က ဒီလိုနွားနောက်သတ်ပွဲလုပ်တာကို လုံးဝအားမပေးဘူး၊ အလကားဖြုန်းတီးတဲ့ဓလေ့တွေ’

‘အေးမလေးညီလေးရာ၊ ဒါလေးပြောပေးရမှာ အပန်းကြီးမနေစမ်းပါနဲ့၊ ညီလေးစာတတ်ပြီးအမှုထမ်းဖြစ်အောင် အစ်ကိုကခိတော်ရွာတောင်တက်လမ်းကြီးမှာ ပခုံးလည်းမာ ကျောလည်းနာအောင် ထမ်းပိုးခဲ့ရတာပါကွာ၊ ညီလေးကို ထမ်းပိုးရလွန်းလို့ အခုတောင်အလုပ်ကြမ်းလုပ်ရင် ပခုံးအောင့်ပြန်ပေါ်တုန်း’

ကြာလျှင်ညီအစ်ကိုချင်း စကားများဖွယ်ရာရှိ၍ စကားဖြတ်ရသည်။

‘ကဲ ကောင်းပါပြီ၊ ညစာစားလိုက်တော့၊ နံနက်စောစောပြန်သွားကြမယ်၊ အစ်ကို့ထောက်ခံစာတွေပေးထား’

ညစာစားပြီးစကားဆက်ပြောကြသည်။ ပြောသမျှအကြောင်းများက မခါးလီနှင့်မကင်းလွတ်။ မခါးလီ၏နွားနောက်မွေးမြူရေးဖြစ်ထွန်းပုံ၊ သူ့သမီးမနေလောလည်း မခါးလီကိုအားကျကာ



နွားနောက်မတစ်ကောင် ကိုယ်တိုင်ရှာကြံဝယ်ထားပုံ၊ သမီးကိုအားပေးလိုသဖြင့် သူပိုင်နွားနောက်ထီးတစ်ကောင်ကို သမီးနေလောအားအမွေပေးလိုက်ပုံများ ပြောပြလေ၏။ အစ်ကိုလောလင်းကားကျောင်းနေဘူးသူဖြစ်၍ ခေတ်အမြင်ရှိလာခြင်းဖြစ်၏။

‘အစ်ကိုက၊ ခေတ်မီတယ်လို့ပြောရမယ်၊ ဟိုတုန်းက သမီးဆိုရင် ဘာတစ်ခုမှ အမွေမပေးကြဘူးလေ၊ ရိုးရာသုံးထဲမှ အမိကကျွတဲ့နွားနောက်ကို အမွေပေးတယ်ဆိုတော့ အစ်ကို့ကို ညီလေးကအထူးပဲဂုဏ်ပြုချီးကျူးလိုက်ပါတယ်’

‘ဟုတ်တယ်ညီလေး၊ ဟိုတုန်းက ထုံးဓလေ့အရ သမီးကိုအမွေမပေးကြရပေမယ့်၊ အမွေမရတဲ့သမီးက လုပ်ကျွေးနေရတဲ့မိဘတွေအများကြီးပါ၊ ခေတ်မမီတဲ့ ထုံးစံတွေတဖြည်းဖြည်းထွက်ခွာနေကြပါပြီ၊ ဒါနဲ့ညီလေးနဲ့မလိုင်လေးက ဘယ်တော့လက်ထပ်ကြမှာလဲ၊ သိပ်လည်း အချိန်ဆွဲမနေပါနဲ့ကွာ၊ အခုခေတ်က ကမ္ဘာပြားပြီး လူဝင်လူထွက်သိပ်များလာပြီကွ’

‘အေး ကမ္ဘာပြားမှန်း အစ်ကိုသိတယ်မဟုတ်လား၊ ဒီကိစ္စက ညီလေးခေါင်းထဲ သိပ်မရှိဘူး၊ လအိပ်တောင်ရွာကမခါးလီကလေးကိုတော့ အလိုချင်သား၊ သူ့မှာ နွားနောက်များများရှိလို့လိုချင်တာ မဟုတ်ပါဘူး၊ တကယ်ကြိုက်လို့လိုချင်တာပါ၊ သူက လက်မခံဘူးဖြစ်နေတယ်’

www.burmeseclassic.com

www.burmeseclassic.com

'မဟုတ်ကဟုတ်က ပြောမနေနဲ့၊ မလိုင်လေး ဘယ်နား သွားထားမလဲ၊ မလိုင်လေးကလည်း ပညာတက်၊ မိန်းမနှစ်ယောက် အပေါင်းခံချင်မှာ မဟုတ်ဘူး၊ တလောကပဲ မခါးလီဆီ နွားနောက် ကိစ္စသွားရသေးတယ်၊ ကိုကြီးကီးအောင်ရဲ့မိန်းမဘက်က တူလေးနဲ့ ပေးစားဖို့ပြောကြတာ၊ သူ့မှာချစ်သူရှိပြီးပြီ၊ မယူနိုင်ဘူးလို့ငြင်းလွှတ် လိုက်တယ်တဲ့'

ညီအစ်ကိုနှစ်ယောက်စောင်ခြုံထဲဝင် မိုးလင်းနီးပါး စကား ပြောကြသည်။ မည်သို့ဆိုစေ ခါးလီနှင့်ပတ်သက်၍ ရင်ထဲက မျှော်လင့်ချက်တို့ လင်းလက်နေဆဲရှိနေ၏။ ခါးလီကား ရိုးရှင်း ပွင့်လင်းသူကလေးဖြစ်ကြောင်း ကျွန်တော်အသိဆုံးဖြစ်သည်။ ဆုံတွေ့နိုင်ရေး ကြံစည်တွေးတောရင်း အိပ်ပျော်သွားခဲ့ရလေ၏။

နောက်တစ်နေ့နံနက်ပိုင်းမှာပင် အစ်ကိုလောလင်းလည်း ခရိုင်မှူးထံမှ ရုံးအမိန့်စာရရှိသွား၏။ လမ်းခရီးကြားဆွေမျိုးရွာ ဝင်ရန်ရှိ၍ ထိုနေ့ပြန်ထွက်ခွာသည်။ မင်းတပ်မြို့အထွက် ကန်ပက်လက်လမ်းခွဲအထိ ပြန်လိုက်ပို့သည်။

'အစ်ကိုလုပ်တာနဲ့ညီလေးလည်း နွားနောက်သတ်ဖို့ အလိုတူအလိုပါဖြစ်ရပြီ၊ ဘယ်ရွာက ဘယ်သူတွေဒီနှစ်မှာပွဲလုပ် မယ် ကြားသေးသလဲ'

'ဒီဘက်ခေတ်မှာ၊ ကျန်းမာရေးအတွက် နွားနောက်သတ် လှူတဲ့ပွဲမရှိတော့သလောက်ပါပဲ၊ လအိပ်တောင်ရွာက မခါးလီက်



အားကျပြီး မိန်းကလေးအတော်များများ ကိုယ်ပိုင်နွားနောက် မွေးလာကြပြီ၊ နိုင်ငံတော်က နွားနောက်မွေးဖို့ ငွေချေးပေးတဲ့ အကျိုးကျေးဇူးလည်းတအားပေါ့ကွာ၊ ဒါနဲ့ညီလေး အစ်ကို့ ယောက္ခမတွေ ပွဲလုပ်မှာက လဆန်းရက်၊ ပွဲတော်ကိုပြန်လာခဲ့ ဦးလေ၊ အစ်ကိုရက်အတိအကျမှာလိုက်မယ်'

'ရှေးထုံးအရ ပွဲတော်လာရဖို့တာဝန်တော့ရှိတယ်ပေါ့လေ၊ ညီလေးက ဝန်ထမ်းဆိုတော့ ဘယ်လာအားပါ့မလဲ၊ သူတို့နားလည် ပေးမှာပါ'

'ညီလေးညကပြောတော့ လအိပ်တောင်ရွာသူ မခါးလီကို သဘောကျတယ်ဆို၊ ဒါမျိုးက ပွဲတော်မှာအပြန်အလှန် ရိုးရာသီချင်း ဆိုပြီး နားဖောက်ရတာမျိုး၊ သီချင်းဆိုပြီး အပေးအယူတည့်ရင် အခန်းထဲဝင်သွားကြတာပဲ၊ ဒါအခွင့်အရေးပဲ'

'ကျွန်တော်စကားပြောတတ်ကတည်းက၊ အစ်ကိုပဲ ကုန်းပိုး ပြီး စာသင်ကျောင်းပို့ခဲ့ရတယ်လေ၊ ကျောင်းစာသင်နေရတော့ ရိုးရာသီချင်းမှ မဆိုတတ်တော့တာပဲ'

'ကိုယ်ကိုယ်တိုင်ဆိုနေမှ မဟုတ်ပါဘူး၊ အငှားဆိုခိုင်းလို့ ရတယ်၊ ကိုကြီးကီးအောင်ကို အငှားဆိုခိုင်းလိုက်ရင် ကိစ္စပြတ်ပြီ၊ ပွဲတော်ကိုပြန်လာစေချင်လို့ပြောနေတာ'

www.burmeseclassic.com

www.burmeseclassic.com



'ဟိုတုန်းက ကိုယောင်ထန်းက လူငှားလွှတ်သလိုဖြစ်နေပါဦးမယ်၊ ဒီကြားထဲက မခါးလီတစ်ယောက် မင်းတပ်လာဖို့ရှိရင် ညီလေးဆီမှာလာတည်းဖို့ ဆက်ဆက်ပြောပေးလိုက်စမ်းပါ'

'အေးပါ တော်ကြာ မလိုင်လေးသိရင် ပြဿနာတက်နေဦးမယ်နော်'

'တော်စမ်းပါကွာ၊ ကဲ သွားတော့အစ်ကို၊ ညီလေးလည်း ရုံးပြန်ဝင်ရမှာ'

အစ်ကိုလောလင်း ရယ်မောနှုတ်ဆက်ထွက်ခွာသွားသည်။ ရိုးရာပွဲတော်များသည် ငယ်ရွယ်သူတို့၏ ချစ်မေတ္တာတေး သီကြွေးတုံ့လှယ်ရာပွဲဖြစ်၏။ မခါးလီကလေးတစ်ယောက် ပွဲတော်ညတွင် မည်သူနှင့်အတွဲကျ၍ တေးအလှသီဆိုလေမည်မသိနိုင်။ ကျွန်တော်ကတော့ ရိုးရာတေးကို တတ်ကျွမ်းသီဆိုနိုင်ခြင်းမရှိတော့ပြီ။ သီချင်းမဆိုတတ်၍ မိန်းမမရနိုင်သူ တောင်အောက်ရွာသား တစ်ယောက်မျှမရှိသေးဟု ဘကြီးကတော့အားပေးတတ်၏။ ယခုလိုကာလမျိုးတွင် မခါးလီကလေးကို မြင်ယောင်သတိရ ရင်ဝယ်ကျွမ်းမျှ လွမ်းလိုက်လှပါ၏။

—— * ——

# အခန်း (၁၉)

ပေ (၄၀၀၀) ကျော်သာမြင့်သည့် မင်းတပ်မြို့၏နွေရက်များက သာယာနွေးထွေးရှိ၏။ ခရိုင်ရုံးစိုက်ရာမြို့ဖြစ်၍ အထက်လူကြီး များ မပြတ်ရောက်ချိန်လည်းဖြစ်၏။ မြားမြောင်လှသည့် ကျေးလက် လုပ်ငန်းများကို ခုလိုရာသီ၌ အပြတ်ဖြတ်ရသည်။ မရပ်မနားသွားလာ လှုပ်ရှားနေရချိန်ဖြစ်၏။ တာဝန်ကျကျေးရွာမှ မြို့ပြန်အရောက် အထက်အရာရှိဆရာမြင့်ထံ ဦးစွာသတင်းပို့ဝင်ခဲ့၏။

'အတောက်ပဲလာဟေ့၊ ဟားခါးမှာ တို့ပြည်နယ်မှူး အသစ်ရောက်နေတယ်ကွ၊ ညီလေးဒီမှာရှိတယ်ဆိုလို့ မေးနေသေးတယ်၊ နာမည်က ဦးကိုမောင်တဲ့ ညီလေးတို့အပတ်စဉ်က ဆရာလို့ပြောတယ်'

ချက်ချင်းသတိရသည်။ ဝမ်းပန်းတသာဖြစ်မိ၏။ ဆရာဦးကိုမောင်သည် တပ်ခွဲသင်တန်းမှူးဖြစ်သည်။ သင်တန်းသားဘဝက စာစောင်ကိစ္စအတူလုပ်ကိုင်ကြရာမှ ဆရာတပည့်ရင်းဖြစ်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်အစ်ကို၊ ကျွန်တော်တို့သင်တန်းအပတ်စဉ်က သင်တန်းမှူးပဲ၊ ပြည်နယ်ကိုရုံးကိစ္စနဲ့သွားစရာရှိရင် ကျွန်တော်သွားချင်တယ်၊ တွေ့ရအောင်လို့'

'တွေ့ရမယ်မပူနဲ့ကိုယ့်ညီ၊ သူ မနက်ဖြန် ထွက်လာမှာတဲ့၊ လူသစ်ဆိုတော့ ကိုယ့်ခရိုင်၊ မြို့နယ်တွေ ဒီခရင်လိုက်ကြည့်တဲ့သဘောပါ၊ မနက်ဖြန် ဂန့်ဂေါဆင်းအိပ်မယ်၊ နောက်တစ်နေ့၊ နေ့လယ်စာ ပြင်ထားရမယ်၊ လောလောဆယ် ခေါ်နူးရိပ်သာပြင်ဆင်တာ သွားကြီးကြပ်လိုက်ပါဦး'

ရိပ်သာထွက်ခဲ့သည်။ အထူးဧည့်ခန်းတွင် ထားမည်ဖြစ်၍ အထူးပြင်ဆင်ဖွယ်တော့မရှိ။ အသုံးအဆောင်များ အသစ်လဲရုံမျှရှိ၏။ စားရိပ်သာစားပွဲကုလားထိုင်များကိုမူ ရိပ်သာဝန်ထမ်းများဖြင့် သေချာပွတ်တိုက်စေရ၏။

'အစ်ကို၊ အစ်ကို့အိမ် ဧည့်သည်ရောက်နေတယ်၊ အစ်ကိုမရှိရင် သူတို့အမျိုးအိမ်တည်းဖို့ ဆက်သွားမလို့တဲ့၊ ရိပ်သာမှာရှိတယ်၊ သွားခေါ်ပေးမယ်ဆိုပြီး လာခေါ်တာ'

'သူများ အလုပ်များနေတာ၊ ဆက်သွားခိုင်းလိုက်တာ မဟုတ်ဘူး'

ပြန်သာပြောလိုက်ရသည်။ ရေပိုက်ပြင်မောင်ခင်ကား တောင်အောက်ဆင်းသွားလေပြီ။ နောက်ဖေးပေါက်က ထွက်ပြီး နေအိမ်ကုန်းပေါ် ပြန်တက်လာခဲ့၏။



'ဟယ် ညီမလေးခါးလီတို့ ကိုကြီးကီးအောင်တို့ပါလား၊ ဝမ်းသာလိုက်တာ၊ စောင့်နေတာကြာပြီထင်တယ်၊ အားနာလိုက်တာ'

ဝမ်းသာအယ်လဲနှုတ်ဆက်လိုက်ရသည်။ ခါးလီ၊ လီရှင်လော၊ ကိုကြီးကီးအောင်နှင့် စာရေးကိုထန်လောတို့ဖြစ်၏။

'ဒီအချိန်က ကိုကြီးချစ်တို့ ရွာတွေသွားနေတတ်တဲ့အချိန်လေ၊ ရှိ မရှိအရင်ဝင်ကြည့်တာ'

'ဟုတ်တယ် ညီမလေး၊ ဒီနေ့ပဲပြန်ရောက်တာ၊ ပြည်နယ်လူကြီးက သန်ဘက်ခါနံနက်ရောက်မှာ၊ တည်းခိုရိပ်သာ ခဏသွားကြည့်တာပါ၊ အားလုံးဒီမှာအိပ် ဒီမှာစားကြမယ်နော်၊ ဆွေမျိုးတွေအိမ် နောက်နေ့မှသွားကြတာပေါ့'

ခါးလီနှင့် လီရှင်လောကို အခန်းလွတ်၌ နေရာချထားပေးလိုက်သည်။ ဆန်အိုးထဲ ဆန်တစ်စေ့မျှမရှိ။ ညစာချက်ရန် ဆန်ပြေးဝယ်ရလေ၏။ ပြန်ရောက်တော့ ခါးလီကပါလာသည့် တောင်ယာဆန်မွှေးရေဆေးနေပြီ၊ ကိုကြီးကီးအောင်လည်း ပါလာသည့် ဆတ်သားလှီးဖြတ်နေသည်။ ခါးလီကအပြုံးမျက်နှာဖြင့်ပြော၏။

'ကျွန်မတို့ တောင်ယာဆန်ပါလာပါတယ် ကိုကြီးချစ်ရယ်၊ ဘာလို့ဆန်ထွက်ဝယ်နေရလဲ'

'ခရီးသွားနေရလို့ ညီမလေးခါးလီရေ၊ ဘာမှအသင့်မရှိဘူး'

'တစ်ယောက်တည်းသမား ဒီလိုပဲရှိတော့မပေါ့ရှင်'

သူတို့အဖွဲ့က အချက်အပြုတ်မြန်သည်။ စားသောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



လရောင်အောက် ဝရန်တာထွက်ထိုင်ကြသည်။ ခါးလီက အိန္ဒိယချည်ရောင်စုံအဝယ်လာခြင်းဖြစ်ပြီး ကိုကြီးကီးအောင်နှင့် ကိုထန်လောက နွားနောက်အရောင်းအဝယ်ကိစ္စဖြစ်သည်။ စကားပြောကောင်းနေကြဆဲ တယ်လီဖုန်းသံမြည်လာသည်။ ဒေါ်သတကြီး ဆောင့်ဆွဲလိုက်၏။

'ဘယ်သူလဲ၊ ဘာကိစ္စလဲကွ'

'အသံမာလှချည်လားဟ၊ ကိုယ်ပါဆရာမြင့်ပါ။ ပြည်နယ်မှူးကိုတင်ပြမယ့်အစီရင်ခံစာထဲမှာ ဒီနေ့ ကိုယ့်ညီတို့သွားခဲ့တဲ့ လုပ်ငန်းပြီးစီးမှုအခြေအနေ ထည့်ရေးချင်လို့ အခုလာခဲ့ကွာ'

'ဟုတ်ကဲ့ပါခင်ဗျာ'

လေသံလျှော့ချ ရုံးသို့ထွက်ခဲ့ရ၏။ လုပ်ငန်းပြီးချိန်၌ ညဉ့်နက်ခဲ့ပြီ။ ခရီးပန်းလာသည့် ခါးလီတို့အဖွဲ့ အိပ်မောကျနေပြီ။ နောက်တစ်နေ့ ကျွန်တော်အိပ်ရာနိုးချိန် ခါးလီနှင့်လီရှင်လောတို့ ချက်ပြုတ်နေပြီ၊ ကိုကြီးကီးအောင်နှင့် ကိုထန်လောတို့ မင်းတပ်အောက်နားကျေးတော်ရွာသို့ ထွက်သွားကြပြီ။ ပြည်နယ်မှူးကိုတင်ပြရမည့် အစီရင်ခံစာချက်ချင်းပြီး လုပ်ရမည့်ဖြစ်၍ အနည်းငယ်မျှပင်မအားလပ်တော့။

'တိုက်တိုက်ဆိုင်ဆိုင်ပဲ ညီမလေးခါးလီရေ၊ လူကြီးလာဖို့ကိစ္စ တစ်နေကုန်ရုံးမှာလုပ်ရမယ်၊ နေ့လယ်ထမင်းစားချိန်ကျမှ ညီမလေးဝယ်မယ့်ချည်လိုက်ဝယ်ရအောင်'

'ကိုကြီးချစ် လုပ်စရာရှိတာလုပ်ပါရှင်၊ ချည်ဝယ်တာကိုကြီးချစ်အရောင်ကြည့်တာမှာမှ မဟုတ်ဘဲ၊ ကျွန်မဘဲထွက်ဝယ်လိုက်ပါ့မယ်၊ နေ့လည်စာပဲ အတူပြန်စားကြတာပေါ့ရှင်'

ရုံးသွားမည့်သူနှင့် ဈေးဝယ်မည့်သူတို့ ပြိုင်တူပင်ထွက်ခဲ့ကြသည်။ နေ့လယ်စာချိန်ပြန်ရောက်တော့ ခါးလီက အဆင်သင့်ပြင်ဆင်ခူးခပ်ထားနှင့်ပြီ။ သုံးယောက်သာရှိသည့် ထမင်းဝိုင်းအတွက်ဟင်းခွက်များလှပါချေ၏။

'ဘုန်းကြီးဝိုင်းကျနေတာပဲ ညီမလေးရေ၊ စကားပြောရင်းစားကြတာပေါ့၊ ကိုကြီးချစ်ညဘက် အပြန်နည်းနည်းနောက်ကျမယ်'

ထမင်းဝိုင်းထိုင်၍ မကြာမီ လီရှင်လောထသွား၏။ ဈေးထဲမှန့်များ အဝစားထားကြောင်းဆို၏။ စကားပြောချိန်ရအောင် ဖန်တီးသွားခြင်းလည်းဖြစ်၏။ နံနက်မိုးမလင်းမီ ပြန်ကြရမည်ဖြစ်၍ အချိန်ပေးဟန်ရှိသည်။ သတိရသောအချက်ကို ပြန်လည်တူးဆွစကားစရ၏။

'ညီမလေးခါးလီက ကိုကြီးချစ်ကိုပြောဖူးတယ်နော်၊ ညစာနံနက်စာအနပ်တိုင်း ခါးလီချက်တာကိုပဲ ကိုကြီးချစ်စားရမယ်တဲ့၊ အခု ခါးလီချက်တဲ့ ညစာနံနက်စာအနပ်တိုင်း ကိုကြီးချစ်စားရပြီ၊ ဒီလိုဘဝမျိုးမှာပဲ အမြဲတမ်းနေကြဖို့ သင့်ပါပြီ၊ ညီမလေးခါးလီရယ်'

နှုတ်ခမ်းကိုစေ့၍ ပြုံးရှာသည်။ တစ်စုံတစ်ရာပြန်ပြောရန်စဉ်းစားဟန်ရှိသည်။ ကိုယ့်အိမ်လာတည်းခိုသည့် ဧည့်သည်ကို

www.burmeseclassic.com



အားမနာလှှာမကျိုး၊ ထမင်းစားခိုန်ပင်မရှောင်၊ ရည်းစားစကားပြော တဲ့ အကောင်ပေပဲဟု မှတ်ချက်ချနေသည်လားတော့မသိ။ ထိုသူမျိုး မှာလည်း အမှန်တကယ် အကျွန်ုပ်တစ်ယောက်သာရှိပေတော့အံ့၊ မတတ်သာပြီ။

'ကိုကြီးချစ်က ညီမလေးခါးလီကို စကားပြောတာ နှစ်နှစ် တောင်ရှိလာပြီ၊ ဘာပဲဖြစ်ဖြစ်၊ ခါးလီဆုံးဖြတ်ချက်ကို ပြင်ပေးမှဖြစ် မယ်'

အတန်ကြာမှ ခါးလီအသံပြန်ထွက်လာသည်။

'ကိုကြီးချစ်က ခါးလီပြောခဲ့ဖူးတာ မှတ်မိနေသေးတာကိုးရှင့်၊ အင်း ခါးလီကတော့ ကိုယ်သိချင်တာလေးကိုပဲ မေးရတော့မှာပဲ၊ ကိုကြီးချစ်က ခါးလီကို လက်မထပ်ရရင် ဘယ်မိန်းကလေးကိုမှ လက်မထပ်တော့ဘူးလား၊ အမှန်အတိုင်းလေး ဖြေပေးပါလားရှင်'

ရုတ်တရက်အဖြေမထွက်တတ်။ ပါးစပ်ကလေးတဟဟ လုပ်၍ ခါးလီအဖြေစောင့်သည်။ မျက်စိရှေ့၌ ပြောင်လိမ်ပြောင်စား လည်း မသင့်သေး၊ အမှန်ပြောလိုက်ရ၏။

'အမှန်အတိုင်းပဲပြောပါ့မယ် ညီမလေးခါးလီ၊ ညီမလေး လက်ထပ်သွားခဲ့ပြီဆိုရင်တော့ ကိုကြီးချစ်လည်းတစ်ယောက် ယောက်နဲ့ လက်ထပ်ဖြစ်မှာပါ'

'ကောင်းပါပြီရှင်၊ သည်တစ်ခါ ခါးလီရွာကိုပြန်ရောက်ရင် ဘကြီးဦးအောင်လောတို့ ပြောပြောနေတဲ့ ရွာမှာတစ်ယောက်ယောက်



နဲ့ လက်ထပ်ဖို့ကိစ္စ စဉ်းစားရတော့မယ်၊ ဒါမှလည်း ကိုကြီးချစ်လည်း တည်ငြိမ်အေးချမ်းတဲ့ဘဝလေးမှာ လက်တွဲဖော်နဲ့အတူ နေဖြစ်တော့ မှာပဲ၊ ခါးလီတကူးတကလာပြီး ကိုကြီးချစ်စိတ်နှလုံးမသာယာမယ့် စကားမျိုးလာပြောရတာ ဝမ်းနည်းမဆုံးပါဘူးရှင်'

ခါးလီမျက်နှာအလွှဲ မျက်ရည်တစ်စက် လွင့်ထွက်သွား သည်။ ကျွန်တော်လက်ထဲက ဇွန်းလည်းပြုတ်ကျသွား၏။ ထမင်း ဝိုင်းကား မည်သူနှင့်မျှ မဆိုင်သလို၊ တို့ထိမည့်သူမရှိတော့။ ကိုကြီး ကီးအောင်တို့နှင့်အတူ ညစာကိုပျော်ပျော်ပါးပါး ဝိုင်းခွဲ့စားကြမည် ဟု အနိုင်နိုင်ဟန်ဆောင်ပြောဆိုထွက်ခဲ့ရ၏။ အမှောင်ပျိုးမှ ရုံးက ပြန်ထွက်ခဲ့ရ၏။ ကိုကြီးကီးအောင်တို့ ပြန်မရောက်သေး။ လီရှင်လော က မီးဖိုချောင်ထဲကုပ်နေသည်။ လက်မလျှော့ရေး သတိပေးသည် ထင်ရ၏။ ခါးလီအနားကပ်ထိုင်လိုက်သည်။ လက်ကလေးနှစ်ဖက် ကို ဆွဲယူလိုက်၏။

'ခါးလီလက်ချောင်းလေးတွေ နုအိနေတာပဲ၊ အလုပ်ကြမ်း ဒီလောက်လုပ်ရတာ ဘာဖြစ်လို့ ဒီလောက်နုညက်နေရတာလဲ၊ သိပ်ချစ်စရာကောင်းတာပဲ'

'ကျွန်မတို့တောင်ထိပ်ရွာမှာ အလုပ်ဆင်းရင်ဖြုတ်ကိုက်၊ ကျွတ်ကိုက် အမြဲရှိတယ်လေ၊ အိပ်ရာဝင်ခါနီးတိုင်း ခြေလက်ရေနွေး စိမ်တဲ့အကျင့်ရှိတယ်၊ အခုတော့ ကျွန်မနွားနောက်ကြိုးကိုင်ရမှာမို့ လို့ အရင်လိုမနုတော့ဘူးရှင့်'

www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်ပါရဲ့၊ မေးဖို့တောင်မေ့နေတယ်၊ အခု နွားနောက် ဘယ်နှကောင်ရှိနေပြီလဲ ညီမလေး'

'အသေးလေးတွေပါ အကောင်နှစ်ဆယ်ရှင့်၊ ဒီနှစ်အထီး ပေါက်စလေးနှစ်ကောင်နဲ့ နွားနောက်မကြီးနဲ့လဲထားတယ်၊ အခု ဇီးရှိနေပြီ'

'ဝမ်းသာလိုက်တာ၊ ကိုကြီးချစ်အလုပ်ထွက်ပြီး ညီမလေး ခါးလီ နွားနောက်တွေကိုပဲ လာကျောင်းနေတော့မယ်၊ ဒါမှပဲ အတူ နေရာတော့မှာပဲ'

'ခါးလီခင်ပွန်းက သဘောတူမယ်မထင်ပါဘူးရှင်၊ နံနက်က ပြောပြီးပြီလေ'

ကိုင်ထားသည့် လက်ချောင်းလေးများ ပြန်လွှတ်ပေးလိုက်သည်။

'ထားပါတော့၊ တကယ်လို့လက်ထပ်ရင် ဘယ်တော့လောက် မှန်းထားလဲ၊ ညီမလေး'

'ကျွန်မ ဘယ်သူနဲ့မှ ရက်ချုပ်လချုပ် စကားပြောမထားပါဘူးရှင်'

သူက ကိုယ့်အကြောင်းသိနေသည်။ ပြောလေဝေးလေဖြစ် နေ၏။ စကားပြောနေကြဆဲ ကိုကြီးကီးအောင်တို့ ပြန်တက်လာကြ သည်။ ညစာစားခဲ့ကြပြီဆို၏။ ထိုညစာလည်း ဖြစ်သလိုပြီးစီးသွား ပြန်၏။ အစောကြီးထပြန်ကြမည်ဖြစ်၍ အိပ်ရာစောစောဝင်သွား



ကြသည်။ နံနက်စောစော ခါးလီတို့အပြန်ကို အတော်ဝေးဝေး လိုက်ပို့သည်။ ပြန်ခိုင်းကြမှ ခေါင်းငိုက်စိုက်ချ ပြန်လှည့်ခဲ့၏။ စိတ်နှလုံးရှုပ်ထွေးလျက် ဤဝန်ထမ်းအိမ်ကလေး၌ပင် နေချင်စိတ် မရှိတော့။ အတွေးက လွင့်ချင်ရာလွင့် ဝေးချင်ရာဝေးဖြစ်နေသည်။

ပြည်နယ်မှူးဆရာမောင်က နေ့လယ်စာသုံးဆောင်ပြီး အစည်းအဝေးလုပ်သည်။ အစည်းအဝေးပြီးချိန် မိုးချုပ်ခဲ့ပြီ။ မိုးလင်း လျှင် ကန်ပက်လက်သို့ ဆက်လက်ထွက်ခွာမည်ဖြစ်၏။ ထိုည ဆရာအိပ်ရာမဝင်မီအထိ အနားမှာနေသည်။

'တပည့်ကြည့်ရတာ ငူငူငိုင်ငိုင်နဲ့ အရင်လို တက်တက်ကြွ ကြွမရှိပါလား၊ ဘာအခက်အခဲများရှိလဲ'

စိတ်ရှုပ်ထွေးကြားမှ ပေါ်လာသည့်စကားကို ပြောလိုက် ရ၏။

'ဘာအခက်အခဲမှ မရှိပါဘူး ဆရာ၊ မင်းတပ်နဲ့ကန်ပက်လက် နှစ်မြို့စလုံးက တပည့်ရဲ့ဇာတိမြို့လိုဖြစ်နေတာ၊ တပည့်ရဲ့ဝန်ထမ်း သက်အားလုံး ဒီချင်းပြည်နယ်တောင်ပိုင်းမှာပဲ ဖြစ်နေတယ်၊ ချင်းတောင်၊ တောင်ပိုင်းနဲ့မြောက်ပိုင်းက အချင်းချင်းပေမယ့် ခရီးဝေးခေါင်လွန်းလို့ အနေအထားတစ်မျိုးစီဖြစ်နေကြတယ်၊ ဖြစ်နိုင်ရင် ချင်းပြည်နယ်မြောက်ပိုင်းဒေသမှာလည်း နေဖူးချင် သေးတယ်ဆရာ၊ ဆရာနဲ့နီးနီးနားနား၊ ဟားခါးပြည်နယ်ရုံးကို ပြောင်းလို့ရရင် ပြောင်းချင်ပါတယ်ဆရာ'

www.burmeseclassic.com

www.burmeseclassic.com

'မင်း ဒီရာထူးနဲ့မင်းတပ်ရုံးမှာ ဘယ်လောက်ကြာပြီလဲ'

'ဝန်ထမ်းတာဝန်ကာလကတော့ တစ်နှစ်ခွဲလောက် ရှိပါသေးတယ်ဆရာ'

'အတော်ပဲဟ၊ ပြည်နယ်ရုံးမှာလည်း အခုလူလိုနေတာပဲ၊ မင်း တကယ်ပြောင်းချင်ရင် စာတင်လိုက်ကွာ၊ မင်းရဲ့ခရိုင်မှူးက ထောက်ခံပေးရင် ပြောင်းမိန့်ထုတ်ပေးလိုက်မယ်'

'ဟုတ်ကဲ့ပါဆရာ'

ထိုညဆရာ့အခန်းဘေးမှာပင် စောင့်အိပ်သည်။ လင်းကြက်တွန်သည်နှင့် ကော်ဖီ၊ မုန့် နံနက်စောစော အသင့်ပြင်ပေးထားလိုက်သည်။ ဆရာပြည်နယ်မှူးလည်း ကော်ဖီသောက်ပြီးသည်နှင့် ကန်ပက်လက်မြို့သို့ ဆက်လက်ထွက်ခွာသွားလေ၏။

---

## အခန်း (၂၀)

ပေ (၆၀၀၀) ကျော်ပေါ်ရှိ ဟားခါးမြို့သည် ကန်ပက်လက်မြို့ ဟောင်းလောက် အမြင့်ပေမကွာပါ။ မြေပြင်အနေအထားက ကွာသည်။ ဟားခါးမြို့၏ နေထွက်ရာရပ်ဝန်းကို 'ရှုန်း' တောင်တန်းကြီးက ပိတ်ဆီးထားသည်။ နေဝင်အရပ်ဘက်၌လည်း 'တီမစ်' တောင်ရိုးက စီးမိုးထား၏။ တောင်ထိပ်နှစ်ဖက်မှ အပြိုင်ပြေးဆင်းခဲ့သည့် လေစိုင်အေးတို့ မြို့ထဲ၌လုံးထွေးတိုက်ခတ် ရပ်တံ့သည်ဟူ၍မရှိချေ။ အေးစက်သော ချင်းတောင်မြို့ရွာများ၏ ထိပ်တင်ဘုရင်အအေးဆုံးမြို့ပင်ဖြစ်တော့၏။ နွေရက်များကား ကန်ပက်လက်မြို့ကဲ့သို့ပင် သာမောဖွယ်စွ လှပသည်။ တောင်ကြားပုန်းဟားခါးမြို့ကိုပိတ်ဖုံးထားသည့် ဟိမ်လုံးမြူနှင်းများ ရှင်းလင်းသွားချိန်ဖြစ်၍ လင်းလက်လာသည် ထင်ရ၏။

နွေတစ်ခေါက်ရောက်ခဲ့ပြန်ပြီ။ ယခုလို နွေရက်များသည် မြို့တော်ဟားခါးလက်အောက်ခံ၊ ခရိုင်မြို့နယ်တာဝန်ခံများ

www.burmeseclassic.com

www.burmeseclassic.com

ကူးကလန့်ခတ် လုပ်ငန်းမပြတ်ဆက်စပ်ကြရသည်။ ပြောလက်စ တယ်လီဖုန်းကိုချရင်း ဆရာမောင်ကလှမ်းပြောသည်။

'မောင်ချစ်ရေ၊ ကန်ပက်လက်-မင်းတပ်တောင်ပေါ် ကားလမ်းသစ်ဖွင့်ပွဲ၊ လူကြီးပေးတဲ့ရက်က တို့မှန်းထားတာထက်စောနေတယ်၊ လမ်းဖွင့်ပွဲပြီးတာနဲ့ နွားနောက်တိုးချဲ့မွေးမြူရေးလုပ်ငန်းဆက်ကြည့်မယ်၊ ခရိုင်မှူးလည်း မွမ်းမံသင်တန်းရောက်နေတယ်၊ မင်း ကန်ပက်လက်ကို တစ်ပတ်ကြိုသွားလိုက်ကွာ၊ မင်းရဲ့ဇာတိနယ်မြေမို့လို့ ကြိုလွှတ်တာ၊ လုပ်ကိုင်ရမယ့်ဟာ ငါအသေးစိတ်မှာလိုက်မယ်'

ဆရာက အသေးစိတ်မှာကြားသည်။ မြို့အတွက်လမ်းထိပ်မုခ်ဦးဘေး၌ တိုင်းရင်းသားရိုးရာ အကစင်၊ အထူးဧည့်သည်များတက်ရောက်လာသူများ နေရာချထားပေးရေး၊ ဖဲကြိုးဗန်းကိုင်တို့၏ ဝတ်စားဆင်ယင်မှုက အစပါသည်။

'အရေးကြီးတာတစ်ခု ဖွင့်ပွဲအခမ်းအနားကအပြန် လူကြီးတွေ မွေးမြူရေးနွားနောက်ခြံတစ်ခု ဝင်စစ်မယ်၊ ကိုယ်သိသလောက် နွားနောက်မွေးတဲ့ရွာတွေက ကားလမ်းနဲ့ဝေးတယ်၊ ဒါပေမဲ့ အနီးဆုံးတစ်ခြံ၊ တကယ်ဖြစ်မြောက်တဲ့ခြံနဲ့ လူကြီးဝင်ထွက်လွယ်မယ့်နေရာမျိုး၊ ကားလမ်းကနေ ဝင်လမ်းဝင်္ဂက်လမ်းကောင်းအောင်လုပ်ထားဖို့ မြို့နယ်တာဝန်ရှိတဲ့လူတွေနဲ့ တိုင်ပင်ဝိုင်းကူလိုက်ကွာ



ညနေ (၄) နာရီတိုင်း ဖုန်းသတင်းပြန်ပို့၊ နံနက်ထွက်မှ မောင်ရင်အချိန်တစ်ပတ်ရလိမ့်မယ်'

အားရဝမ်းသာပြေးထွက်လာခဲ့သည်။ ကန်ပက်လက်ရောက်တော့ ဆရာစိုးက အားရွှင်ပျနူတ်ဆက်၏။

'ဒီမှာတစ်ယောက် တည်း ဗျာများနေတာကွ၊ လူလိုနေတဲ့အချိန် ကိုယ့်ညီရောက်လာတာ တအားပဲကွာ၊ ကိုယ့်ညီက ပြည်နယ်မှူးကိုယ်စားလာတာဆိုတော့ ကြောက်ရမှာပေါ့၊ ဘာများ အမိကမှာလိုက်ပါသလဲ၊ နာခံဖို့အသင့်ပါပဲ'

'ပြည်နယ်မှူးကိုယ်စား မဟုတ်ပါဘူးဗျာ၊ ဒေသခံမို့လို့ အစ်ကိုကိုကူနိုင်အောင် လွှတ်လိုက်တာ၊ ခရိုင်မှူးမရှိတုန်းမို့ သွားကူပါဦးတဲ့၊ အစီအစဉ်ကတော့ စီမံချက်အတိုင်းပါပဲ၊ ဘာတွေပြီးပြီလဲဆိုတာ ညနေ (၄) နာရီတိုင်း ကျွန်တော်ဖုန်းသတင်းပြန်ပို့ရမယ်၊ လူကြီး ဝင်ကြည့်မယ့် နွားနောက်ခြံကိစ္စပဲ အစ်ကိုနဲ့ညှိပြီး အသေးစိတ်ပြန် ပြောဖို့ရှိမှာပါ'

'ခရိုင်မှူးတာဝန်နဲ့ပါဆိုတော့ ပိုကြောက်ရပြီ၊ အစ်ကိုက ခရိုင်မှူးလည်းကြောက်ရတယ်ဟ၊ ဘာပဲပြောပြော၊ ကိုယ့်ညီပြောမှ ကိုယ့်ညီနယ်သားတွေက သွက်သွက်လက်လက်ရှိတာ၊ နံနက်က ပြည်နယ်မှူးလှမ်းပြောတာက အခမ်းအနားပြီးတာနဲ့ အဲဒီလမ်းသစ်

www.burmeseclassic.com

အတိုင်း လူကြီးဆက်ထွက်မယ်၊ မင်းတပ်ညပြန်အိပ်မယ်၊ အပြန်ကို ကားလမ်းဘေးနွားနောက်ခြံဝင်ကြည့်မှာ'

'အစ်ကို ဘယ်နေရာတွေ ရွေးထားလဲ'

'ကားလမ်းဘေး နွားနောက်မွေးတဲ့ရွာက ကီးချန်နဲ့ လအိပ်တောင်ရွာပဲရှိတယ်၊ ကီးချန်နွားနောက်ခြံက လူကြီးကိုပြရလောက်အောင်မရှိဘူး၊ လအိပ်တောင်ရွာ မခါးလီခြံကိုပဲပြရမှာပဲ၊ အကောင်ရေတော့မများဘူး၊ အကောင်တွေက လှတယ်ဝတယ်၊ ခြံအနေအထားကောင်းတယ်၊ ခြံပတ်လည် နွားနောက်အစားအစာပင်တွေ စိုက်ထားတာ အားရစရာကောင်းတယ်၊ ဒါပေမဲ့ ကားလမ်းက ရွာထဲမဖြတ်ဘူး၊ ရွာထိပ်မှာပဲဖြတ်သွားတာ၊ ရွာထိပ်ကားရပ်၊ ရွာအောက်ဆင်းရမယ်၊ လူသွားလမ်း ပြင်ထားဖို့လိုမယ်၊ နံနက်ကို ကိုယ့်ညီနဲ့ကိုသက်မင်း ကိုယ့်ကားနဲ့သွားကြည့်လိုက်ကြပါလား၊ ပိုင်ရှင်ကောင်မလေးလည်း တစ်ခါတည်း ခေါ်လာခဲ့ကွာ၊ ပြောဆိုထားရအောင်'

ခါးလီနှင့်တွေ့ရဦးမည်။

ချစ်မေတ္တာအရေး လမ်းဝေးနေကြသော်လည်း တာဝန်အရေးဆွေးနွေးကြရပေဦးမည်။ ထိုည ကိုသက်ထံသွားအိပ်လိုက်



သည်။ မလိုင်လေးနှင့်ခါးလီကိစ္စ မဟာမိရန်သတိထားရ၏။ သူ့အရှိန်နှင့်လိမ့်နေမည်ကို လမ်းမချော်စေလို၊ လိမ့်မလိမ့်လည်း အမှန်တကယ်မသိပါ။ စောစီးစွာ ရုံးကားဖြင့်ထွက်ခဲ့ကြသည်။ အပြီးသတ်ခါစထင်းရှူးတော မြေနီလမ်းကချောမွတ်လှသည်။ ကားမောင်းထွက်ချိန်အတိအကျမှတ်သားလာခဲ့သည်။ လအိပ်တောင်ရွာထိပ်ရောက်သွားချိန်အထိ (၄၅) မိနစ်တိတိသာကြာသည်။ ရွာကလေးကားအိပ်ရာနိုးစရှိသေး၏။ ခါးလီအိမ်ပေါ် တန်းတက်သွားကြသည်။

'ဘုရားရေ - ကိုကြီးချစ်တို့ ဆရာသက်တို့ပါလား၊ တစ်တိုင်းတစ်ပြည်က လူတွေရောက်မှ အိပ်ရာထရတာ ရှက်ပါသေးရဲ့ရှင်၊ အိပ်ကောင်းနေလို့ ကားသံတောင်မကြားမိဘူး၊ ကိုကြီးချစ် ဘယ်အချိန်ပြန်ရောက်နေတာလဲရှင့်'

'မနေ့ကနံနက်ကပဲညီမလေး၊ လာမယ့် (၁၅) ရက်နေ့ ကား လမ်းသစ်ဖွင့်ပွဲရှိတယ်လေ၊ လာတဲ့လူကြီးတွေက ညီမလေးနွားနောက်ခြံကိုလာကြည့်မှာ၊ ပြင်ဆင်ထားဖို့ မှာချင်ပြောချင်တာရှိလို့ ညီမလေးကို မြို့နယ်လူကြီးက အခေါ်ခိုင်းလိုက်တာ၊ ကိုကြီးချစ်တို့လည်း လူသွားလမ်း ဘယ်လိုလေးပြင်ရင် ကောင်းမလဲလာကြည့်ရင်းပေါ့၊ ညီမလေးကိုတော့ ပြောစရာပြောပြီးရင် ကားနဲ့ပြန်ပို့ပေး လိုက်မယ်တဲ့'

www.burmeseclassic.com

www.burmeseclassic.com

'လူကြီးခေါ်တာသွားရမှာပေါ့ရှင်၊ ကားနဲ့ဆို အသက်ရှူ တစ်အောင့်ပဲကြာတာ၊ အခု ခြေကျင်သွားလည်း အရင်လိုမပင်ပန်းတော့ပါဘူး၊ လီရှင်လောရေ ဆတ်သားခြောက် ထောင်းလိုက်ပါဦး၊ ဆတ်မွေးကောက်ညှင်းပေါင်းလိုက်မယ်၊ ကိုကြီးချစ်တို့ သုံးမိနစ်ပဲစောင့်'

ခါးလီကား တီဗွီထဲကကြော်ငြာမယ်နှင့်ပင် တူသေးတော့၏။ အမှန်ပင် သုံးမိနစ်သာကြာသည်ထင်ရ၏။ စားပြီးခြံထဲဆင်းခဲ့ကြသည်။ ဤခြံ၏တဲကလေးပေါ်၌ တူနှစ်ကိုယ်ထိုင်ခဲ့ကြဖူးသည်ကို သတိရသည်။ ခါးလီလည်း သတိရမည်ထင်မိ၏။ ခြံအရောက် နွားနောက်များက ခြံတံခါးနား စုပြုံရောက်ရှိနေကြ၏။ ဒွေးရည်နေခြည်အောက်၌ ဖြူနက်ပြောက်ကျားနွားနောက်များက မော်ဒန်ပန်းချီအလား ခန့်ညားလှပပါပေ၏။

'မခါးလီ၊ ကန်ပက်လက်ကအပြန် ကျွန်တော့်ဆီက ဆီဆေးတွေယူသွားလှည့်နော်၊ နွားနောက်တွေကို ကြီးစဉ်ငယ်လိုက် နံပါတ်ရေးပေးထား၊ နာမည်ပါရေးနိုင်ရင် ပိုကောင်းမယ်'

ခါးလီလည်း ဆရာကိုသက်မင်းထံမှ အကြံကောင်းရသွား၍ ဝမ်းသာသွားရှာ၏။



'ကျေးဇူးဆောင်လိုက်တာဆရာရယ်၊ ဟုတ်တယ်၊ သူတို့ကိုယ်ပိုင်နံပါတ်တွေတော့ ရေးပေးထားရမယ်၊ နာမည်တွေလည်း မီသလောက်ရေး ထားလိုက်မယ်ရှင့်'

လူဆင်းလမ်းတစ်လျှောက် ခြေလှမ်းဖြင့်မှတ်လာခဲ့ကြ၏။ အပြန်၌ ပြုပြင်ရမည့်နေရာများကို အသေးစိတ် မှတ်သားလာခဲ့သည်။ ရွာထဲပြန်တက်လာကြချိန် ဘကြီးဦးအောင်လော ထွက်မျှော်နေလေ၏။ ကျိုး ကြောင်းရှင်းပြလိုက်သည်။

'ဝမ်းသာလိုက်တာကွာ၊ ဘကြီးတို့ရွာကို မြို့နယ်လူကြီးကလွဲလို့ ဘယ် သူမှရောက်ဖူးတာ မဟုတ်ဘူး၊ အခုနိုင်ငံတော်လူကြီးတွေလာမယ်ဆိုတော့ သိပ်ဝမ်းသာစရာပေါ့၊ ခါးလီ နွားနောက်ခြံနဲ့ရွာကြားလမ်းပြင်ရတာ လွယ်ပါတယ်၊ အောက်ပိုင်းချောက်ရိုးကို တုံးရှည်တွေချထားပေးလိုက်မယ်၊ အပေါ်ပိုင်း လှေခါးထစ်လမ်းဟောင်းကို ပြုပြင်လိုက်ပါ့မယ်၊ မတ်တဲ့နေရာမှာ ကြိမ်လုံးရှည်ကြီးတွေ တန်းထားပေးလိုက်မယ်၊ ဘကြီးလည်း လမ်းဖွင့်ပွဲလာတက်ရမှာဆိုတော့ လုပ်စရာရှိတာ ဒီနေ့လုပ်လိုက်မယ်'

ခါးလီက ဝမ်းသာအားရ ကျေးဇူးတင်ရှာသည်။

'ကျေးဇူးတင်လိုက်တာ ဘကြီးရယ်၊ ကျွန်မအလုပ်လုပ်တဲ့သူတွေအခ ပေးပါ့မယ်ရှင်'

www.burmeseclassic.com

www.burmeseclassic.com

'ကိုယ့်ရွာကိစ္စ အခမပေးကောင်းဘူး၊ ဆတ်မွေးပေါင် တော့ ကျွေးကောင်းပါတယ်'

လမ်းပြုပြင်ထားရမည့်အချက်များကို ဘကြီးအားအသေးစိတ် မှာကြားသည်။ ဘကြီးကလည်း ခါးလီနှင့်လီရှင်းလာတို့ မြို့ပေါ်၌ အချိန်ဖြုန်းမနေကြရန်မှာသည်။ အဆင်းလမ်း၌ ကားကိုကိုယ်တိုင် ပြန်မောင်းလာခဲ့သည်။ တကယ့်အသက်ရှူတစ်ချောင်းသာကြား သည်ထင်ရ၏။

---

# အခန်း (၂၁)

ဆရာစိုးက ခါးလီဂ်ကို အသေးစိတ်မှာကြားသည်။

'မခါးလီရေ လူကြီးလာရင် ဘာအခက်အခဲရှိသလဲ မေးတတ် တယ်၊ မခါးလီတို့ နွားနောက်မွေးမြူရေးလုပ်ငန်းမှာ တကယ်အခက် အခဲရှိပြီး လုပ်ပေးနိုင်မယ့်အခြေအနေမျိုးရှိရင် တင်ပြလိုက်ပါ။ မြို့နယ်လူကြီးတွေက ဘာလုပ်ပေးသလဲ မေးကောင်းမေးမယ်၊ တို့က ဘာမှကြီးကြီးကျယ်ကျယ်လုပ်မပေးနိုင်ပေမယ့် ခြံမြေညှိနှိုင်းပေးတာ၊ ဆေးဝါးနဲ့ဝန်ထမ်းစေလွှတ်ပေးတာတွေ ရှိပါတယ်၊ အဓိကပြောချင် တာက၊ နောက်ထပ်တိုးချဲ့မွေးမြူရေး ဘယ်လိုအစီအစဉ်ရှိသလဲ မေးရင်တော့ သေချာကျနပြောစေချင်ပါတယ်၊ အမှန်တကယ် နွားနောက်ကောင်ရေ တိုးပွားလာစေချင်ပါတယ်၊ အခု မခါးလီမှာ ရှိတာ (၄၀) ကောင်နော်၊ လာမယ့်နှစ် ဘယ်လောက်ထပ်ထည့် နိုင်မလဲ'

'ဟုတ်ကဲ့ရှင့်၊ အခု ကျွန်မအထီးလေးတွေထုတ်၊ အမပြန်ဝယ် ထည့်နဲ့သွားနေတာ၊ (၄၀) ကောင်ဆိုပေမယ့်၊ အရွယ်ရောက်က (၃၅) ကောင်ပဲရှိပါတယ်၊ ဒီနှစ်အထီး အလတ်နှစ်ကောင်နဲ့ သားအမိတွဲ

www.burmeseclassic.com

www.burmeseclassic.com



လဲထားတာရှိတယ်၊ ရွာအောက်ခြံက မြေကြီးမကျဉ်းပေမယ့် သီးနှံစိုက်ပျိုးမြေသိပ်မရှိဘူး၊ ဒီပြောင်းဖူး၊ လူး ဆတ်ကိုပဲ လူဝမ်းစာ နွားနောက်ဝမ်းစာစိုက်ရတာ၊ မိုးဦးကျရင် ဒီသားအမိအတွဲကိုလည်း 'ကီလဲ' တောင်တန်း၊ ရွာဘုံခြံထဲမှာ တစ်ခြံသွားထားဖို့ ဘကြီး ဦးအောင်လောတို့နဲ့ တိုင်ပင်ထားတယ်ရှင့်'

'ကောင်းပါတယ် မခါးလီ၊ နွားနောက်ခြံတစ်ခြံ တိုးချဲ့မယ် သာတင်ပြလိုက်ပါ၊ တို့ကလည်း တစ်ခြံတိုးစာရင်းမှတ်ထားပါမယ်'

'ဟုတ်ကဲ့ရှင့်၊ အခု ကျွန်မခြံမှာ ကောင်ရေစုစုပေါင်း တိုးမလာပေမယ့် အရွယ်ရောက်စာရင်းတော့ တိုးသွားတာပေါ့၊ ဆရာဦးသက်မင်းတို့ကိုလည်း စာရင်းပေးထားပြီးပါပြီရှင့်'

'ဒါနဲ့ခါးလီရေ၊ လူကြီးရောက်မယ့်ရက်က ကပ်နေပြီ၊ တို့မြို့မှာလည်း ဆောက်လုပ်ရေးကားနဲ့ ဒီရုံးကားပဲရှိတယ်၊ ကားကို ပခုက္ကူဈေးဝယ်ခဏ လွှတ်ထားတယ်၊ ညပြန်ရောက်မှာပါ၊ မခါးလီ ဒီတစ်ညအိပ်လိုက်ပါ၊ ညီလေးကိုချစ်အောင်က မခါးလီကိုပြန်ပို့ရင်းနဲ့ ခြံဝင်လမ်းပြင်ထားတာလေး တစ်ချက်သွားကြည့်ပေးလိုက်ပါဦး၊ ဒီကားတစ်စီးပဲ မနေမနားခိုင်းနေရတော့၊ စောနိုင်သမျှစောအောင် ပြန်ဆင်းပေးခဲ့ပါ'

ကျွန်တော်တို့နှစ်ယောက်အတွက် ဆရာစိုးက အပြီးအပြတ် သတ်မှတ်ပေးလိုက်ခြင်းဖြစ်၏။

'ဟုတ်ကဲ့ပါရှင့်၊ ကားကြုံတော့လည်း ကျွန်မသယ်သွားချင်တာလေး များများသယ်သွားနိုင်တာပေါ့ရှင်၊ ကျေးဇူးတင်ပါတယ်၊



ခွင့်ပြုပါဦးရှင်၊ ကိုကြီးချစ်ရုံးအလုပ်ပြီးရင်၊ ကျွန်မအဒေါ်အိမ် ခဏလေးလာပေးခဲ့ဦးရှင့်'

ခါးလီက ရုံးခန်းမှပြန်အထွက် နှုတ်ဆက်ရင်း ဖိတ်ကြားသွားခြင်းဖြစ်၏။

'ဟုတ်ကဲ့၊ ညီမလေးခါးလီ၊ လေးနာရီထိုး ဖုန်းဆက်ပြီးရင် လာခဲ့ပါ့မယ်'

ချက်ချင်းကတိပေးလိုက်သည်။ ယခင်က ဆွတ်ကျင်လွမ်းမောတမ်းတဖွယ် ဆက်ဆံရေးမျိုးရှိခဲ့ဖူးသည်။ မည်သို့ဆိုစေ သူမနှစ်သက်လက်မခံလိုသော စကားကိုဖြင့် အထူးတလည်မပြောကြားတော့ပြီ။ တစ်ဘဝလုံးစာ စိတ်တုံးတုံးချ၍ သူဆုံးဖြတ်ခဲ့ပြီးသောကိစ္စကို အတင်းအကျပ်မတောင်းဆိုသင့်တော့။ သူ့ဘက်က မခံမရပ်နိုင်ဖြစ်လေသော် လုပ်ငန်းကိစ္စဆက်ဆံရေးလည်း မပြေမပြစ်ဖြစ်ရာ၏။ တာဝန်တစ်ရပ်ကို ပြည့်ဝအောင်မြင်စွာ ထမ်းရွက်နိုင်ရေးအတွက် ကိုယ်ရေးကိုယ်တာမရောထွေးအပ်။ ချစ်မေတ္တာရေးအတွေးဝင်ခွင့်မပြုတော့ပြီ။ တွေးတောငေးမောရင်း နံရံကပ်နာရီလက်တံကို စူးစိုက်ကြည့်နေ၏။ နာရီလက်တံကလည်း နှေးကွေးလွန်းလှပါဘိ။ လေးနာရီထိုးသည်နှင့် ချင်းပြည်နယ်ရုံးသို့ စက်ချင်းချိတ်ဖုန်းခေါ်သည်။ တိုက်ရိုက်ဖုန်းမရှိသေး။ အခန်းစောင့်ကိုမောင်ကိုက ဖုန်းလာကိုင်သည်။ ဆရာမရောက်သေးဆို၍ ကြေးနန်းပုံစံဖြင့် အော်လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



**'မုခ်ဦးဆောက်ပြီး၊ မဏ္ဍပ်ဆောက်ပြီးလအိပ်တောင်ရွာ မခါးလီ၏မွေးမြူရေး နွားနောက်ခြံပြသရန် စီစဉ်ထား၊ ခြံအဝင်လမ်း ပြင်ဆင်ပြီးအားလုံးအသင့်ဖြစ်'**

ကမန်းကတန်းဖုန်းဆက်ပြီး ခါးလီထံထွက်ခဲ့သည်။ အိမ်ဝ အရောက် အဒေါ်ကြီးနှင့် လီရှင်လောတို့ ထွက်အလာနှင့်ဆုံသည်။

'အစ်ကိုကြီးချစ်၊ အဒေါ်လေးခါးလီ မီးဖိုဆောင်ထဲစောင့် နေတယ်၊ သူဘာဝယ်မလို့ဆိုလားပဲ၊ ကိုကြီးချစ်ကိုမေးပြီးမှဝယ်ရမှာ တဲ့၊ ကျွန်မတို့ ဂေါ်ရခါးသီးကောက်သွားမှာ'

ခေါင်းညိမ့်ပြလျက် အိမ်ပေါ်တက်ခဲ့၏။ အိမ်မကိုဖြတ်၍ သီးခြားမီးဖိုဆောင်ထဲ ဝင်ရခြင်းဖြစ်၏။ ခါးလီက စာအုပ်ပါးကလေး ဖတ်နေ၏။

'ဘာစာအုပ်ဖတ်နေတာလဲ ညီမလေး'

'ဘာစာအုပ်မှ မဟုတ်ပါဘူးရှင်'

ဖတ်သည့်စာကို သိစေချင်ပုံမပေါ်။ စာအုပ်ကြားထဲ လျှပ်တစ်ပြတ်ထိုးထည့်လိုက်၏။ တစ်စုံတစ်ယောက်ပေးသည့် ရည်းစားစာပင်ဖြစ်လေသလား။ အတွေးဝင်မိသည်နှင့် မထင်မှတ် ဘဲ ရုတ်တရက်ဆွဲယူလိုက်မိ၏။ စာအုပ်နာမည်က

**'သားဆက်ခြား ကျန်းမာရေး ပညာပေး စာစောင်'**

'အဟဲဟဲ - ကိုကြီးချစ်က ညီမလေးခါးလီ ရည်းစားစာ ဖတ်နေတယ်မှတ်လို့ ဆောရီးနော်'

ပြောဆိုပြန်ကမ်းပေးလိုက်၏။



'အမျိုးသမီးရေးရာသင်တန်းလာတက်တုန်းက ပေးတဲ့ စာစောင်ပါ၊ လက်ကိုင်အိတ်ထဲပါလာလို့ လှန်ကြည့်မိတာပါ ကိုကြီးချစ်ရယ်၊ သူများကို အထင်သေးတတ်တဲ့စိတ်ကလေးမျိုး ထား တတ်တာ မကောင်းပါဘူးရှင်၊ ကိုကြီးချစ်အနေနဲ့ပြောတာပါ'

'မဟုတ်ပါဘူး ညီမလေးခါးလီ၊ ကိုကြီးချစ်က အပျော်ပြော တာနော်၊ ဒါနဲ့ခါးလီက နွားနောက် (၄၀) ကောင်တောင်ရှိနေပြီ နော်၊ ကိုကြီးချစ် လအိပ်တောင်ရွာကို နွားနောက်မွေးမြူရေး ချေးငွေကိစ္စ လာတာသုံးနှစ်သာသာပဲရှိသေးတာ'

'အားလုံး အကြီးအသေးပေါင်းမှ အဲဒီလောက်ရှိတာပါ ကိုကြီးချစ်ရယ်၊ ကိုကြီးချစ် မင်းတပ်မှာနေတုန်းက ကျွန်မတစ်ခေါက် ရောက်သေးတယ်လေ၊ အဲဒီတုန်းက အကောင် (၂၀) ကျော်ရှိနေ ပြီ၊ နွားနောက်ဆိုတာ တစ်နှစ်တစ်သားမွေးတယ်ဆိုတော့ သေချာ ထိန်းသိမ်းရင် တစ်နှစ်ကို အရေအတွက် နှစ်ဆတိုးသဘောမှန်း လို့ရတာပေါ့'

'ဟုတ်ပါရဲ့၊ ကိုကြီးချစ်လည်း ဘွားဘွားက သီးသန့်အမွေ ပေးထားတဲ့ နွားနောက်ကလေး လေးငါး ကောင်လောက်ရှိတယ်၊ အဲ ဟို ပြီးတော့ ကိုကြီးချစ်မိန်းမယူရင် မိန်းကလေးအမဏ်း ယောက္ခမ တွေပေးဖို့ ထားထားတာလည်းရှိတယ်၊ ဘယ်နှကောင်မှန်းတော့ မသိဘူး၊ ထုံးစံဆိုပေမယ့် ကိုကြီးချစ်ကတော့ မိန်းကလေးကို နွားနောက်နဲ့လဲယူတာမျိုး မလုပ်ဘူးလို့ ဆုံးဖြတ်ထားတယ်၊ အဲဒီထဲ ကတော့ ညီအောင်နိုင်ကိုလည်း ခွဲပေးရမှာပေါ့၊ အောင်နိုင်ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကောင်ကလည်း တစ်ချိန်လုံးတောလည် အမဲလိုက်နဲ့ နွားနောက်ကို ဆားမှန်မှန်ကျွေးဖော်တောင် ရတာမဟုတ်ဘူး၊ ကိုကြီးချစ် နွားနောက်တွေ ညီမလေးခါးလီရဲ့ နွားနောက်ခြံထဲ လာပေါင်းထည့်ထားရရင်ကောင်းမယ်ထင်တယ်'

'တကယ် အဟုတ်လာထား၊ ကျွန်မကြည့်ပေးမယ်၊ တကယ်ပြောတာရှင့်'

'ဒါနဲ့ညီမလေး၊ ဆရာစိုးက ဒီကားတစ်စီးတည်းပဲ မရပ်မနားခိုင်းနေရတာ၊ ညီမလေးကို ပြန်ပို့ဖို့ အစောကြီးဝင်ခေါ်မယ်နော်၊ မိုးလင်းတာနဲ့ ရွာကိုရောက်သွားကြမှာ၊ နွားနောက်ခြံထဲ သွားမယ့်လမ်း ကြည့်ပြီးရင် ချက်ချင်းပြန်လှည့်လာခဲ့မယ်၊ ရွာမှာမနားတော့ဘူး၊ ဆရာစိုး ပူနေမှာစိုးလို့'

တစ်မြို့လုံးသုံး ဂျစ်ကားတစ်စီးသာရှိသည်။ တစ်နေရာကြန့်ကြာနေ၍မဖြစ်။ ခရီးစဉ်အတိုင်း ကြိုပြောထားခြင်းဖြစ်၏။

'ခါးလီက ကိုကြီးချစ်ကိုဆွဲမထားပါဘူး၊ အဆင်းကို ကားပြန်မောင်းလာချိန် တစ်အောင့်ပဲကြာတာ၊ နံနက်စာလေးတော့ ချက်ကျွေးလိုက်ပါရစေဦး ကိုကြီးချစ်ရယ်၊ နောက်လည်း အလွယ်တကူတွေ့ကြရမှာမှ မဟုတ်တာ'

ခါးလီ၏မျက်နှာထားနှင့်လေသံကြောင့် နင့်ခနဲဖြစ်မိရ၏။ တစ်ချိန်ကသူပြောခဲ့ဖူးသည့်စကားကိုလည်း လျှပ်တစ်ပြက်သတိရသည်။ မဆိုင်းမတွပြန်ဖော်လိုက်မိ၏။



'ညီမလေးခါးလီပြောဖူးတယ်နော်၊ ညစာအတူ မစားနိုင်ကြရင်လည်း နံနက်စာအတူစားနိုင်ကြမယ်၊ နံနက်စာအတူမစားနိုင်ကြရင်လည်း ညစာအတူစားနိုင်ကြမယ့် အခြေအနေမျိုးရောက်ရင် ပြန်ယူကြမယ်ဆိုတာလေ၊ အခု တစ်မြို့တစ်ရွာနေကြမယ့်မနက်စာညစာ အတူစားနိုင်ကြပြီ၊ ညဘက် နွားနောက်ခြံမကြည့်နိုင်ရင်လည်း မနက်ဘက်ပြန်ကြည့်နိုင်ကြပြီ၊ လဒအိပ်တောင်ရွာကိုကားမောင်းချိန်က နာရီဝက်၊ တစ်နာရီပဲညီမလေးရယ်၊ ညီမလေးနံနက်စာချက်ကျွေး မယ်ဆိုရင် ညီမလေးစကားမှန်ကန်ကြောင်း၊ သက်သေခံအနေနဲ့ စားကိုစားခဲ့မှာ'

ခါးလီ၏ချစ်စဖွယ်အပြုံးနှင့်အတူ လေသံကတိုးတိမ်စွာထွက်လာသည်။

'ကိုကြီးချစ်က ခါးလီပြောခဲ့သမျှ အကုန်မှတ်ထားနေတော့တာကိုး၊ ခါးလီလည်း ဘာနဲ့ဘာတွေပြောထားမိမှန်း မသိတော့ပါဘူးရှင်'

စကားလိုရင်း အတင်းနင်း၍ ပြန်ဆက်လိုက်၏။

'ကိုကြီးချစ်နွားနောက်တွေကို ညီမလေးခြံထဲထားဖို့ ညီမလေးသဘောတူလက်ခံပြီးပြီနော်၊ နွားနောက်ပိုင်ရှင်ဖြစ်တဲ့ ကိုကြီးချစ်ကိုလည်း ညီမလေးရဲ့အိမ်သားစာရင်းထဲမှာ လက်ခံသင့်ပါတယ် ညီမလေးခါးလီရယ်'

ခါးလီက မျက်နက်ဝန်းကလေးပင့်၍ မော့ကြည့်သည်။ အေးဆေးတည်ငြိမ်သည့် စကားလုံးများက အဆက်မပြတ်။

www.burmeseclassic.com

www.burmeseclassic.com



'ပြောရတော့မှာပေါ့ ကိုကြီးချစ်ရယ်၊ ခါးလီတို့ နတ်မတောင် ထိပ်ပေါ်မှာ ဒါမျိုးတွေဖြစ်လာလိမ့်မယ်လို့ ယောင်လို့တောင် အိပ်မက်မမက်ဘူး၊ လအိပ်တောင်ရွာထိပ်ကို ကားလမ်းရောက် လာတာ ဒီနွေဦးကတည်းကပဲ ကျွန်မရွာကို ဆောက်လုပ်ရေးကားနဲ့ ပထမဆုံးပြန်လိုက်လာတဲ့နေ့ကပေါ့၊ ကားပေါ်ကလည်းဆင်းလိုက် ရော၊ ကိုကြီးချစ်ကို သတိရပြီးခါးလီတကယ်ငိုမိတယ်'

'ဘယ်လိုကြောင့်လဲ ညီမလေးရဲ့'

'ပြောရရင် ဝမ်းနည်းတာလား၊ ဝမ်းသာတာလား မပြော တတ်တော့ဘူး၊ ဝမ်းသာလွန်းလို့နေမှာပါ၊ အရင်က ကိုကြီးချစ်ပြော ခဲ့တာတွေ ခါးလီလက်မခံခဲ့ရတဲ့အကြောင်းကပဲ ပြန်စရအောင်၊ ခါးလီက ဒီတောင်ထိပ်ရွာမှာပဲ တောင်ယာလုပ် နွားနောက်မွေးနဲ့ ဘဝကို သွားတော့မှာလေ၊ အချိန်တိုင်းမှာ ကိုကြီးချစ်အနား နေမ ပေးနိုင်တာလည်းပါတယ်၊ ပြီးတော့ ကိုကြီးချစ်မှာ ချင်းဓလေ့ထုံး တမ်းအရ ပြန်ယူရမယ့်မိန်းနွယ် နှမလေးတွေဖြစ်တဲ့ သူနာပြုဆရာမလေး မလိုင်လေး၊ ကျောင်းဆရာမလေးမနွယ်လေးတို့က ကိုကြီးချစ်နဲ့ အသင့်တင့်ဆုံး တကယ်ပြန်အယူသင့်ဆုံးသူတွေပါ၊ သူနာပြု ဆရာမလေးမလိုင်လေးဆိုရင် ကျွန်မသိရသလောက်တော့ ကိုကြီးချစ် နဲ့ နှစ်ဖက်မိဘတွေပြန်လည်ပြောဆို စေ့စပ်ပြီးသား၊ ပညာတတ် ချင်းလည်းဖြစ်ကြတယ်၊ အရိပ်အောက်မှာလုပ်ရတဲ့ လခစားဝန်ထမ်း ချင်းလည်းဖြစ်ကြတယ်၊ သူတို့နဲ့ဆိုရင် ကိုကြီးချစ်ဘဝမှာ နေနဲ့လ ရွှေနဲ့မြ တင့်တယ်ကြမယ်လို့ ခါးလီခံစားမိတယ်၊ ကိုကြီးချစ်အတွက်



ပိုပြီး တင့်တယ်ကောင်းမွန်မယ့် အရေးတွေးပြီး ကိုကြီးချစ်ဆန္ဒကို ကျွန်မလက်မခံခဲ့တာပါ၊ ခါးလီက တောင်သူမိလက္ခ၊ အတန်းပညာ မရှိဘာမရှိ၊ ကိုကြီးချစ်သိတဲ့အတိုင်းပဲလေ၊ ဒါပေမဲ့ ကိုကြီးချစ်၊ ခါးလီရဲ့နှလုံးသားထဲက သဘောထားကို ပွင့်ပွင့်လင်းလင်း ဖွင့်ဟ ထားခဲ့ပြီးသားပါ၊ ဟုတ်ပါတယ် ကိုကြီးချစ်၊ ကိုကြီးချစ်နွားနောက်တွေ ကို ခါးလီခြံထဲမှာ ခါးလီနွားနောက်တွေနဲ့အတူ မွေးထားပေးမယ် လို့ ပြောခဲ့ပါတယ်ရှင်'

ခါးလီခမျာ ရှည်ရှည်ဝေးဝေးပြောလိုက်ရ၍ ထင်၏။ ရင်အုံကလေးက နိမ့်တုံမြင့်တုံဖြစ်နေရှာ၏။ မျှော်လင့်မထားသော စကားကြောင့် အသက်ရှူခဏ ရပ်သွားရသည်ထင်မိ၏။ ရုတ်တရက် စကားမဆိုတတ်ဘဲ လက်ဖဝါးနုကလေးကို ဆွဲယူဆုပ်ကိုင်ထား လိုက်၏။

'ကိုကြီးချစ်ကိုလည်း ခါးလီရဲ့အိမ်သားအဖြစ် လက်ခံလိုက် ပြီလို့ မှတ်ယူထားလိုက်တော့မယ်နော်'

မြတ်နိုးဖွယ်ရာမျက်ဝန်းပြာကို စူးစိုက်ကြည့်ရင်း ထပ်မံ တောင်းခံလိုက်ရ၏။ ခါးလီ၏ရွှန်းလက်သောအကြည့်နှင့်အတူ ပြန်လည်ဖြေကြားသံက တိုးညင်းချိုသာရှိလှ၏။

'ကိုကြီးချစ်ရဲ့ အဆုံးအဖြတ်ပါပဲရှင်'

မျက်လုံးချင်းဆုံ ငြိမ်ဆိတ်သွားကြသည်။ မျက်တော်မခတ် စတမ်း၊ မျက်လုံးချင်းစူးစိုက်ကြည့်နေမိကြ၏။ ကြည့်ရင်းကြည့်ရင်း မျက်လုံးချင်းလည်း တိုးဝင်ပူးကပ်ပေါင်းစပ်သွားကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်သံစည်းချက်တို့ အတိုင်အဖောက်အလိုက်ညီညီ ရှိနေကြသည်မှာ မည်မျှကြာသည်မသိနိုင်။ ခါးလီ၏အသံက ကြားရရုံမျှသာ တိုးတိတ်ညင်သာထွက်လာသည်။

'ကိုကြီးချစ် ခါးလီကို တကယ်ချစ်ပါရဲ့လားရှင်'

အသက်ရှူခွင့်အချိန်ပေးရန် မဆိုစလောက်ခွာပေးလိုက်၏။

'သိပ်ချစ်တာပဲ ညီမလေးခါးလီရယ်၊ ညီမလေး သဘောထားပြောင်းလဲလာလိမ့်မယ်လို့ မျှော်လင့်မထားခဲ့ဘူး၊ ကိုကြီးချစ်အရမ်းပျော်တာပဲသိလား၊ နံနက်ဖြန် မနက်ရွာကိုရောက်သွားကြရင် ညီမလေးမိဘများနဲ့ တရားဝင်ပြောဆိုပေးဖို့ ဘကြီးဦးအောင်လောတို့၊ ကိုကြီးကီးအောင်ဘို့နဲ့ ပြောဆိုစီစဉ်ခိုင်းလိုက်တော့မယ်နော်'

'မစောလွန်းဘူးလားရှင်ရယ်'

'မစောဘူးညီမလေး၊ ကိုကြီးချစ်က ကားလမ်းဖွင့်ပွဲလာတဲ့ လူကြီးတွေနဲ့အတူ ပြန်လိုက်သွားရဦးမှာလေ၊ ရုံးတစ်ခေါက်ပြန်ရောက်ပြီးမှ အပြီးအစီးစီစဉ်နိုင်တော့မှာ'

'အင်းပါ၊ လူကြီးတွေ နွားနောက်ခြံလာကြည့်ချိန်၊ အိမ်ထောင်ဦးစီးခြံပိုင်ရှင် ကိုယ်တိုင်ရှိမနေသင့်ဘူးလားရှင်'

ခါးလီက သဘောထားအမှန်ကို အပြတ်အသတ် ကြေညာလိုက်ခြင်းဖြစ်၏။ လမ်းဖွင့်ပွဲရက်ကပ်နေပြီ။ အချိန်မရှိတော့။ လက်ကျန်ရက် တွက်ချက်ရင်း အကြံတစ်ချက်လင်းလက်သွား၏။

'ဟုတ်တာပေါ့ ညီမလေး၊ လူကြီးတွေနွားနောက်ခြံလာကြည့်တဲ့အချိန် နှစ်ယောက်အတူ ထွက်ကြိုကြမယ်နော်၊ အခု



အချိန်ရတုန်းလေး ကိုကြီးချစ်ရဲ့အမျိုး သူနာပြုဆရာမလေး မလိုင်လေးဆီ ခဏသွားလိုက်ရအောင်၊ ပြောစရာရှိလို့'

ခါးလီက လက်ကမ်းပေးသည်။ အလိုက်သင့်ဆွဲထူလိုက်၏။ မီးဖိုချောင်မှ အိမ်မကိုဖြတ်အထွက် ကုန်စုံဆိုင်သွားမည့်အကြောင်း ကလေးနှစ်ယောက်ကိုမှာခဲ့၏။ လက်ချင်းချိတ်လျက် ဆရာမလေးမလိုင်လေးအိမ်ပေါ် တက်သွားကြသည်။ မလိုင်လေးနှင့် ကိုသက်မင်းတို့ စာတစ်ထပ်ကို ခေါင်းချင်းဆိုင်၍ သဲကြီးမဲကြီးဖတ်နေကြသည်မှာ လောကကြီးကိုလုံးလုံးလျားလျား မေ့လျော့ထားကြ၏။ အသံကျယ်ပေး၍ နှုတ်ဆက်လိုက်ရ၏။

'ဘာစာများလဲဟ၊ ဒီလောက်သဲကြီးမဲကြီးဖတ်နေကြတာ'

အသံကြားမှ ခေါင်းချင်းခွာရင်း အပြိုင်နှုတ်ဆက်ကြသည်။

'ကိုချစ် ရောက်နေတာကြာပြီ၊ အခုမှ ကျွန်မဆီလာတာပေါ့လေ'

'ကိုချစ်ရေ လူကြီးကိုတင်ပြဖို့ နွားနောက်စာရင်း အချက်အလက်တွေ ဆရာမလေးမလိုင်လေး ကွန်ပျူတာစာစီပေးထားတာ ပြန်စစ်နေကြတာ'

'ရောက်ရောက်ချင်း လအိပ်တောင်ရွာကို အရင်ပြေးရတယ် မလိုင်လေးရဲ့၊ ကိုသက်လည်းပါတယ်လေ၊ အခု မလိုင်လေးနဲ့တိုင်ပင်စရာလေးတစ်ခုရှိလို့လာခဲ့တာပါ'

'ကျွန်မလည်း ကိုချစ်နဲ့တိုင်ပင်စရာရှိလို့ ကိုချစ်အားမယ့်အချိန်ကို ချောင်းနေတာ'

www.burmeseclassic.com

www.burmeseclassic.com



'တို့မောင်နှမ ကောင်းရာကောင်းကြောင်း တိုင်ပင်ကြရမှာပေါ့၊ အခု ဒီမှာရှိနေတဲ့လူအားလုံး လျှို့ဝှက်အားနာရမယ့် လူတစ်ယောက်မှမပါဘူး၊ ဩော်-မလိုင်လေးရေ သူကတော့ လအိမ်တောင်ရွာက နွားနောက်ခြံပိုင်ရှင် မခါးလီပါ၊ မလိုင်လေးက ဒီကျောင်းထွက်မဟုတ်တော့ သိမှာမဟုတ်ဘူး၊ သူကတော့ မလိုင်လေးကိုသိပါတယ်'

ခါးလီနှင့်မိတ်ဆက်ပေးလိုက်သည်။ မလိုင်လေးက ခါးလီကို ပြေးဖက်နှုတ်ဆက်လေ၏။

'ဟယ် - ဒါ ညီမလေးခါးလီလား၊ ကိုသက်ပြောပြလို့ သိနေတာကြာပြီ၊ အခုမှပဲမြင်ရတော့တယ်၊ ညီမလေးက အရမ်းကိုတော်တာပဲတဲ့၊ လူကလည်း အရမ်းလှတာပဲ တကယ်'

'ကျေးဇူးတင်ပါတယ်မမ'

ခါးလီ၏ပြန်နှုတ်ဆက်သံက တည်ငြိမ်သည်။ ခါးလီကို လွှတ်ပေးလိုက်ပြီး ကိုသက်အနီးကပ်ထိုင်လိုက်၏။

'မလိုင်လေး ကိုချစ်ကို တိုင်ပင်ချင်တာ ဘာများပါလဲ၊ အရင်ပြောပါအုံး၊ ပြီးမှ ကိုချစ်ပြောမယ်လေ'

'အထွေအထူးတော့ မဟုတ်ပါဘူး ကိုချစ်ရယ်၊ တလောက ကျွန်မ အဘွားဆီသွားတယ်၊ စကားကြုံလို့အဘွားကိုစတာ၊ ကိုချစ်လည်း ဟိုမြို့နေဒီမြို့နေနဲ့ ကျွန်မကိုလာတောင်းကြတာ နားပူလွန်းလို့ အဘွားနဲ့ပဲ လာနေချင်လိုက်တယ်ပြောတာ၊ အဘွားက ပြန်ပြောတယ်လေ၊ နင်ဒီလောက်လင်ယူချင်နေရင်လည်း ယူချင်တဲ့



လူနဲ့ယူ၊ နင်သည်းသည်းလှုပ်ကြိုက်နေတာက ဘယ်သူလဲ၊ နင့်ကိုယ်စား နင့်အစ်ကိုချစ်အတွက် တစ်ယောက်လာပို့လှည့်တဲ့'

မလိုင်လေးစကားအမှန်အကန်ဖြစ်သည်။ ချင်းထုံးဓလေ့၌ ပြန်ယူသင့်သူများ စေ့စပ်ထားပြီးပါလျက် အကြောင်းမညီညွတ်ခဲ့သော် မိန်းကလေး၏ အစ်မ၊ ညီမစသည်ဖြင့် ပြန်လည်အစား ထိုးလက်ဆက်စည်းလုံးညီညွတ်ရမြဲဖြစ်သည်။ အားပါးတရပြောလိုက်ရ၏။

'ဟန်ကျလိုက်တာ မလိုင်လေးရေ၊ အဘွားဆီ မလိုင်လေးကိုယ်စားသွားပို့ပေးရမယ့် မိန်းကလေးကို ဒီမှာ ကိုချစ်ခေါ်လာခဲ့ပြီ၊ အမြန်ဆုံးသာ သွားပို့ပေးလိုက်ပေတော့၊ ဒါနဲ့အဘွားက နင့်လူဘယ်မှာလဲမေးရင် ဘယ်သူ့ကိုလက်ညှိုးထိုးပြမလဲ'

'အင်း၊ အဘွားက နင့်လူလာပြဆိုရင်တော့လည်း ကျွန်မကိုသက်ကိုပဲ အကူအညီတောင်းခေါ်သွားရမှာပဲ၊ ကိုသက် ကူညီမယ်မဟုတ်လားဟင်'

'အကူအညီတောင်းမနေနဲ့ ဟောဒီလို ဟောဒီလို တုတ်နဲ့သာရိုက်ပြီး ဆွဲခေါ်လာခဲ့'

ကိုသက်၏ကျောပြင်ကို နမူနာရိုက်ပြရင်းပြောလိုက်ရ၏။ ခါးလီ၏ရယ်သံလေးက ချိုချိုလွင်လွင်။ သူတို့နှစ်ယောက်၏အပြုံးမြမြက ဝင်းဝင်းပပ။ အစီအစဉ်ကို ချက်ချင်းချပြလိုက်၏။

'ကိုချစ်က ခါးလီကိုပြန်ပို့ရင်း ခြံဝင်လမ်းသွားကြည့်ဖို့ နံနက်အစောကြီး ကားနဲ့တက်မှာ၊ ဒီလိုလုပ်ကြရအောင်၊ နံနက်အစောကြီး

www.burmeseclassic.com

www.burmeseclassic.com



မုန်ပြတောင်အထိ ကားနဲ့တက်သွားကြမယ်၊ မုန်ပြတောင်ကနေ အဘွားရှိတဲ့တောင်အောက်ရွာကို ခြေကျင်နာရီဝက်လောက်ဆင်းရမယ်၊ အဘွားကိုပြစရာရှိတာ သွားပြပြီးရင် လမ်းခွဲကြတာပေ့ါ'

ကိုသက်မင်းက လုပ်ငန်းတာဝန်ဆောင်ရွက်ရန် ခရီးစဉ်အတူလိုက်ပါမည်ဆို၏။

'ဒီလိုလုပ်ပါကိုချစ်၊ လူကြီးတွေ နွားနောက်ခြံကြည့်ဖို့ကသုံးရက်ပဲလိုတော့တယ်၊ နောက်ဆုံးအခြေအနေ ကျွန်တော်သွားကြည့်ထားဖို့ရှိတယ်၊ ခါးလီ နွားနောက်နံပါတ်တွေရေးဖို့ရှိတာလည်း လူကြီးပြကောင်းအောင် ကိုယ်တိုင်သေသေသပ်သပ် ရေးပေးလိုက်ချင်တယ်၊ သူကိုယ်တိုင် တိရစ္ဆာန်ကိုယ်ပေါ်မှာ ဆေးရေးအတွေ့အကြုံမရှိတော့ မညီညာမှာစိုးလို့ အဘွားကိုသွားတွေ့ပြီးရင် တို့နှစ်ယောက်လည်း လအိပ်တောင်ရွာကို အတူလိုက်ခဲ့ကြမယ်လေ'

'ကောင်းလှပေကြောင်းပါခင်ဗျာ'

---

## အခန်း (၂၂)

ကန်ပက်လက်မြို့သစ်မှ နံနက်စောစောပြေးတက်လာသည့် မာဇဒါဂျစ်ကားသည် ကန်ပက်လက်မြို့ဟောင်းကို ကွေ့ပတ်လိုက်သည်နှင့် မုန်ပြတောင်ထိပ်ပေါ် ရောက်သွားသည်။ တောင်ထိပ်ပေါ်၌ ရောင်နီသမ်းစရှိသေး၏။ မော်တော်ကားကို လမ်းဘေးထိုးထားပြီး အဘွားရှိရာတောင်အောက်ရွာကလေးသို့ ပြေးဆင်းခဲ့ကြ၏။ ရွာထိပ်ကုန်းတန်းရွှေရောင်လွှမ်းချိန် အဘွားအိမ်ပေါ်တက်သွားကြ၏။

'ဘွားဘွားရေ၊ သားတို့ လအိပ်တောင်ရွာကိုသွားဖို့ မော်တော်ကားနဲ့ လာကြတာ၊ ကားကိုတောင်ထိပ်မှာ ထားခဲ့ပြီး အဘွားကိုခဏဝင်တွေ့ကြတာပါ၊ သားနဲ့မလိုင်လေးက ဘွားဘွားကို ပြောစရာရှိလို့၊ စောစောစီးစီး အောင်နိုင်ဘယ်သွားနေလဲ'

'ဪ ဪ - လူလေး ပြန်ရောက်နေတယ်ကြားလို့ အောင်နိုင်နဲ့အခေါ် လွှတ်ခိုင်းတော့မလို့၊ အင်း အင်း - ဒီလိုဆုံခဲ့ပါဘိ၊ ဘွားဘွားလည်း ပြောစရာရှိတာနဲ့အတော်ပဲ၊ အောင်နိုင်

www.burmeseclassic.com

www.burmeseclassic.com

'ချေ' ရလို့ သွားထမ်းနေတယ်၊ တက်လာတော့မှာ၊ လအိပ်တောင်ရွာကို ဘာလုပ်သွားကြမှာလဲ'

ဘွားဘွားရှေ့သို့ ခါးလီကို ပခုံးဖက်ဆွဲခေါ်ပြ လိုက်သည်။

'ဘွားဘွား၊ ဒီညီမလေးက လအိပ်တောင်ရွာ ဦးထန်းအောင်ရဲ့သမီးလေး လီလီထန်း၊ ခါးလီလို့ပဲခေါ်ကြတယ်၊ ဘွားဘွားကိုသားပြောပြဖူးတယ်လေ။ သူကလေးက နွားနောက်အကောင်တစ်ရာနီးပါးခြံလှောင်မွေးထားတယ် အဘွားရဲ့၊ သူ့နွားနောက်ခြံကိုနိုင်ငံတော်လူကြီးတွေက သွားကြည့်ကြမှာမို့လို့၊ သားတို့ကကြိုတင်ပြင်ဆင်ရအောင်လို့ သွားကြတာ၊ အဲဒါသွားရင်းနဲ့ ဘွားဘွားကိုပြောစရာရှိလို့ဝင်လာကြတာ၊ ပြောပြီးရင်ချက်ချင်း ဆက်သွားကြမှာ၊ လုပ်စရာအများကြီး'

ဘွားဘွားက တုန်ယင်သောလက်များဖြင့် ခါးလီလက်ကလေးကို ချစ်နိုးလှစွာဆွဲကိုင်သည်။

'သိပ်ကော်တဲ့သမီးလေးပဲ၊ ဦးထန်းအောင်ဆိုတာ ဘွားဘွားတို့မိတ်ဆွေအရင်းကြီးပေါ့'

မလိုင်လေးလည်း ခါးလီနားသို့ ရုတ်တရက်တိုးကပ်သွားလေ၏။

'ဘွားဘွား၊ မခါးလီက သမီးမလိုင်လေးရဲ့ညီမလေးလေ၊ ဘွားဘွားရဲ့မြေးချွေးမအတွက် သမီးမလိုင်လေးရဲ့ကိုယ်စား လာပို့ပေးတာ၊ သဘောကျရဲ့မဟုတ်လား ဘွားဘွား'



ခါးလီ ခေါင်းငုံ့ထားသည်။ မျက်လုံးအားလုံးက အဘွားကိုစိုက်ကြည့်နေကြ၏။ အတန်ကြာမှ ဘွားဘွားအသံထွက်လာသည်။ ဘွားဘွား၏အသံက ပကတိအတိုင်း ရိုးရှင်းကြည်လင်နေ၏။

'ဟဲ့ - နင့်မောင်သဘောကျဖို့ပဲ အရေးကြီးတာ၊ ဘွားဘွားက သဘောမကျစရာ ဘာရှိမှာလဲ၊ ဒါနဲ့နေစမ်းပါဦး၊ နင့်ကို နားပူနားဆာ လာလာတောင်းနေတာက ဘယ်သူလဲ၊ နင်သည်းသည်းလှုပ်ကြိုက်နေတာက ဘယ်ရွာကလဲ၊ ဘယ်နယ်အမျိုးလဲ'

မလိုင်လေးက ဆရာကိုသက်မင်းလက်ကို ဆွဲကိုင်ပြလျက်အလျင်စလိုပြောရှာ၏။

'သူပါ ဘွားဘွား၊ နာမည်က ကိုသက်မင်းပါ၊ ဇာတိရန်ကုန်က၊ ရန်ကုန်နယ်ကအမျိုးလေ ဘွားဘွား'

ဘွားဘွားကလည်း ကိုသက်မင်း၏လက်တစ်ဖက်ကို ဆွဲယူဆုပ်ကိုင်လိုက်၏။ အပြုံးချိုချိုအသံ အေးအေး ခေါင်းတညိတ်ညိတ်ပြောရှာသည်။

'ကောင်းတာပေါ့ကွယ်၊ ညည်းတို့ခေတ်နဲ့ညည်းတို့ကောင်းကြပါတယ်လေ၊ အင်း - ဘွားဘွားလည်း ဗမာမြေးသမက်ကလေးနဲ့ စကားပြောချင်သေးတော့ ညည်းက စကားပြန်ကြီးပေါ့ကွယ်'

စကားပြောဆိုနေကြဆဲ အောင်နိုင်ချေထမ်း၍ ပြန်တက်လာသည်။ အခြေအနေထူးခြားကြောင်း သတိထားမိပုံရသည်။ မျက်စိမှိတ်ခေါင်းညိတ်ပြလျက် တိုးတိုးကပ်ပြောလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

'ဟော့ ညီလေးအောင်နိုင်၊ အစ်ကိုနဲ့မလိုင်လေး အဘွားဆီမှာ စာရင်းလာရှင်းသွားကြပြီးပြီ၊ ဒီ-မျက်တောင်ကော့ကော့၊ မျက်ဝန်းလှလှ၊ မှည့်နက်ဝိုင်းကလေးနဲ့မိန်းကလေးက လဒိုပ်တောင်ရွာက မခါးလီတဲ့၊ အဲဒါ နင့်မရီးလောင်းပဲ၊ ချေနှလုံးသားကို မြန်မြန်လေး သိမ်းသန့်ကြော်လိုက်စမ်း၊ ထုံးစံအတိုင်း ခွဲရတာပေါ့၊ အစ်ကိုတို့လည်း အဲဒါပဲ နှံနက်စောစောစားပြီး လဒိုပ်တောင်ရွာ ဆက်တက်ကြမယ်၊ ခြံဝင်လမ်းကြည့်ပြီးရင် ကန်ပက်လက်ချက်ချင်းပြန်ဆင်းမှာ'

ချင်းတိုင်းရင်းသားတို့ လက်ထပ်ပြီးစဉ်အလျှင်ဦးဆုံးရသည့် တောကောင်နှလုံးသားကို အသစ်စက်စက်အိမ်ရှင်မအား ဦးစွာခွဲ့ကျွေးရသည့် ထုံးခလေ့ကို ပုံစံယူထားခြင်းမျှဖြစ်၏။

'ကံကောင်းလိုက်တာ၊ ဒီကောင်မလေးလာတဲ့နေ့ ချေရတာကိုပြောတာပါ၊ ဒီကောင်မလေးက ဒီနယ်မှာတော့ နာမည်ကြီးကလေးပဲ မြို့နယ်ကလူကြီးတွေတောင် သူ့နွားနောက်ခြံသွားကြည့်ရတယ်၊ သူ့ကို ရည်းစားစကားပြောတဲ့လူတွေကို ဟားပစ်တယ်လို့ကြားရတယ်'

'ဟုတ်မှာပေါ့၊ သူ့အတွက် အစ်ကိုရှိနေမှပဲ၊ နောက်ဆိုရင် မင်းအဲဒီမှာ နွားနောက်ခြံစောင့်သွားလုပ်၊ သူက နွားနောက်ရာချီရှိတယ်၊ မင်းက တစ်ကောင်တောင်ရှိတာမဟုတ်ဘူး'

ညီအစ်ကိုချင်း တီးတိုးစကားကို ခါးလီကြားပုံရသည်။ လက်သည်းချွန်လေးဖြင့် ထိုးဆိတ်သတိပေး၏။

'ချင်းစကားပုံထဲကလို 'ယောက်ဖလည်းရောက်၊ နွားနောက်ပျောက်' ဖြစ်နေပါဦးမယ်၊ ကျွန်တော်က ခြံစောင့် အလုပ်နဲ့ မကိုက်ပါဘူး'

ညီလုပ်သူက ရယ်ကျဲကျဲပြန်ပြောသည်။ ဤနယ်တွင် ယောက်ဖများသည် နှမတန်ကြေး (အမဏ်း) အတွက် နွားနောက်ကိုမရ၊ အရဆွဲသွားတတ်ကြသဖြင့် လုံးလုံးလျားလျား ပျောက်ကွယ်သွားရလေတော့ရာ ဤစကားပုံဖြစ်တည်လာကြခြင်းဖြစ်၏။ ညီအောင်နိုင်က အလျှင်စလိုချက်ပြုတ်ရင်း တိုးတိုးကပ်ပြောလေ၏။

'ဘွားဘွားက ကျန်းမာရေးတော့ကောင်းပါတယ်၊ ဒါပေမဲ့ အခုခဏခဏမေ့ချင်တယ်၊ မလိုင်လေးရည်းစားရှိတယ်ကြားတော့၊ ငါ့မြေးကို မကြိုက်နိုင်ရင် လုံးဝမယူစေနဲ့တဲ့၊ သူပေးထားတဲ့ နွားနောက်တွေကလည်း သူ့အမျိုးတွေပေးတာဖြစ်လို့ ပြန်တောင်းမနေကြနဲ့တဲ့၊ သူပေးထားတာ ၄-၅ ကောင်ရှိတယ်တဲ့၊ အမှန်တော့ နှစ်ကောင်တည်းရှိတာပါ'

'အေး နောက်တစ်ခါအစပြန်ဖော်ရင် မြစ်တွေအတွက်ကျွေးပြီးသားစာရင်းထဲ မှတ်ထားလိုက်လို့ပြောလိုက်၊ အခု သူကျေနပ်သွားပြီပဲ'

'ထားပါတော့ အစ်ကိုနဲ့မခါးလီတို့ ဘယ်တော့ယူကြမလဲ'

'ဒီနေ့ ရွာရောက်သွားတာနဲ့တောင်းမှာ၊ မီးစိမ်းပြရင်

www.burmeseclassic.com


တရားရုံးလက်မှတ်ထိုးလက်ထပ်မှာ၊ ချင်းမင်္ဂလာဆောင်လို ကြက်သတ်လိုက်၊ ဝက်သတ်လိုက် ခေါင်းသောက်လိုက် မလုပ်ဘူး။ သူကလည်း သူ့နွားနောက်ခြံက မခွာနိုင်ဘူး၊ ကားလမ်းလည်း ပေါက်နေပြီဆိုတော့ သွားလိုက်လာလိုက်နေကြမှာ'

'အရင်က လမ်းအူကြောင်း ရှာကြတုန်းကတော့ ဒီတောင်အောင်ရွာက ဖြတ်သွားမလိုလို့နဲ့၊ မော်တော်ကားလမ်းက တောင်ထိပ်ရွာကို ဖြတ်သွားတော့ တောင်ထိပ်ရွာတွေ ကံကောင်းသွားတာပေါ့၊ အစ်ကိုက တောင်အောက်ရွာသားဆိုတော့ တောင်အောက်ရွာလည်း ကံကောင်းတာပါပဲ၊ နိုင်ငံတော်က အစ်ကိုနဲ့ ခါးလီအတွက် ကားလမ်းကြီးဖောက်ပေးလိုက်တော့တာပေါ့လေ အဟဲဟဲ'

'မှန်တာပေါ့ကွာ၊ လမ်းဆိုတာ ချောင်းကြီးချောင်းငယ် မရှိတဲ့နေရာက ဖောက်ရလို့ တောင်ပေါ်ပတ်သွားတာပေါ့၊ ချေ နှလုံးသားကြော်ရနေပြီ၊ အသင့်ပြင်ပြီး၊ အဘွားအရင်ခွံ့ချင်တဲ့လူ ခွံ့ရအောင်ပေးလိုက်တော့၊ တို့လည်းမနက်စောစာတစ်ခါလည်း စားလိုက်ကြတော့မယ်'

အဘွားက ခါးလီလက်ကလေးကိုကိုင်၍ ဦးစွာခွံ့သည်။ ခွံ့ကျွေးခြင်းဟူသည် အနည်းဆုံးသုံးလုတ်စားရ၏။ ခါးလီသုံးလုတ် စားပြီးမှ ကျန်လူများကို အဘွားကဆက်ခွံ့၏။ ချေသည်းကြော် ဆတ်ဝါပြုတ်ဖြင့် နံနက်စောစာလည်း ပြီးစီးသွား၏။ စားသောက်ပြီးအတွဲနှစ်တွဲတို့ အဘွားကိုရှိခိုးဦးချ ကန်တော့ကြသည်။ အဘွားက ဗမာစကားမတတ်ရှာ။ သားမြေးများကဲ့သို့ ဗုဒ္ဓဘာသာနှင့် နီးစပ်ခဲ့ရသူမဟုတ်။ ဆရာကိုသက်မင်းအတွက် အဆင်ပြေစေရန်ပြောလိုက်ရ၏။

'ဘွားဘွား၊ ဘွားရဲ့ ဗမာမြေးသမက်ကလေးက ရှိခိုးဦးချကန်တော့နေတယ်လေ၊ သာမုခေါ်ပြီး ကျန်းမာ ချမ်းသာပါစေလို့ ပြောရတယ်'

'ဘွားဘွားက အသံထွက်မပြောတတ်လို့သာ၊ ဗမာမြေးလေးရော ချင်းမြေးမလေးရောပါ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အသက်ရှည်ကြပါစေ၊ ဘုန်းကြီးကြပါစေလို့ ရင်ထဲက အမြဲဆုတောင်းပေးပြီးသား'

မော်တော်ကားထားခဲ့ရာ မှန်ပြတောင်ထိပ်သို့ အတွဲကိုယ်စီတို့ လက်ချင်းဆွဲလျက်ပြန်တက်လာခဲ့ကြ၏။ ကားရှေ့ခန်း၌ ကျွန်တော်နှင့်ခါးလီ၊ နောက်ခန်း၌ လီရှင်လောကတစ်ဖက်၊ မလိုင်လေးနှင့်ကိုသက်မင်းက တစ်ဖက်။ ထူးခနဲ ကားမောင်းအထွက် ခါးလီပခုံးကိုဆွဲဖက်လိုက်သည်။ ကားနောက်ကြည့်မှန်၌ အလားတူဖက်လျက်သားရှိသူနှစ်ဦးကို လျှပ်တစ်ပြက်မြင်လိုက်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

မိနစ်အနည်းငယ်အတွင်း လအိပ်တောင်ရွာထိပ်ရောက်လာကြသည်။ နေရောင်ဖြာစ တောင်ထိပ်တခို၊ နှင်းရည်စိုတို့ လေကိုနို့၍ ဝေ့ဝဲနေကြသည်မှာ မိုးဖွဲ့ပမာရှိနေ၏။ နှင်းရည်ထုတဲ၊ မိုးဖွဲ့ဖွဲ့ကို၊ နေခြည်ရဲရဲ၊ ကြဲအပက်၌၊ သက်တံမျဉ်းကွေး၊ ရောင်စုံပြေးလျက်၊ ရွာအောက်မြက်ခင်း၊ နွားနောက်ခြံအတွင်း၊ ထိုးဆင်းဝပ်စင်းသွားလေ၏။ လအိပ်တောင်ရွာသားတို့အဆို မြေပြင်တောင်တန်း၊ သက်တံနမ်းချိန်ဖြစ်တော့၏။ သက်တံအနမ်း၊ ရောင်စုံသမ်းယှက်၊ တောင်တန်းထက်၌၊ ဖြူနက်ပြောက်ကျား၊ နွားနောက်များ၏ လှုပ်ရှားသွားလား ပုံရိပ်မှာလည်း၊ လက်ရာမြောက်စွ၊ နတ်ပန်းချီအလှ၊ ချစ်သူစုံတွဲတို့လည်း သက်တံရောင်စဉ် မြေပြင်နမ်းသည့် တောင်တန်းမြင့်နတ်ပန်းချီ အတွင်း ပြေးဆင်းသွားကြလေတော့၏။

ကိုနိုင်း(ချင်းတောင်)

www.burmeseclassic.com